www.burmeseclassic.com




www.burmeseclassic.com

APRIL

No. 123 2015


ဒဂုန်ရွှေမျှား

ကာကာရိဋ္ဌ်၏နောင်တ ၆

မွန်စိယာချင်းအောင်

ကျွဲ မင်း နုပါသေးတယ် ၃၆

ဆွေမြင့်

ချစ်နှင်းဆီလှလှလေးတစ်စည်း ၄၆

မင်းမြင့်နိုင်(ဘူးသီးတောင်)

သေချင်တဲ့ကျား ၆၃

မောင်ညိုမှိုင်း(သန်လျင်)

မြွေသားဟင်း ရောင်းစားသူ ကိုဇင့်နဲ့ ၇၆

မြတ်သက်ကျော်

ငါးများခြင်းမှရသော အောင်မြင်ခြင်းအတွေးများ ၉၈

တွင်းကြီးသားတင်ဝင်းဦး

ဟင်းစားမပေး၊ ပိုက်ချက်မပြု ၁၁၁

မျိုးသစ်

ဖျက်မရတဲ့အသွေးကွက် ၁၃၀

ဇေယျမင်းသျှင်

[illegible] ၁၄၆

ဇလွန်ကျော်ဦး

[illegible] ၁၇၉

ထောင်မှူးကြီးသိန်းဝင်း

[illegible] ၁၉၅

နေဝန်းနီ

[illegible] ရှိတယ် ၂၀၆

ပန်းတာနော်နောင်လတ်

[illegible] ၂၃၉

စိုး(မှူဆယ်)

[illegible] ၂၅၂

ကောရာဂ်

[illegible] ၂၆၆




www.burmeseclassic.com

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com




အယ်ဒီတာချုပ်
ကိုမြင့်ထွန်း (Quality)
တာဝန်ခံအယ်ဒီတာ
[illegible] (၀၄ [illegible])
အုပ်ချုပ်မှုအယ်ဒီတာ
မသင်းမာရွှေ
အယ်ဒီတာအဖွဲ့
ဉာဏ်လင်းထက်
ရုံးအဖွဲ့
[illegible]
[illegible]

ထုတ်ဝေသူ
ဦးမြင့်ထွန်း (မြ-[illegible])Quality Publishing House
အမှတ် – [illegible] (၂၁)လွှာ [illegible]
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်[illegible]
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
မျက်နှာဖုံးဒီဇိုင်း
ဉာဏ်လင်းထက်
အတွင်းသရုပ်ဖော်
[illegible]
[illegible]
ကွန်ပျူတာနှင့် ဖောင်
Quality

ပုံနှိပ်သူ
[illegible]
[illegible]
[illegible] ရန်ကုန်မြို့
[illegible]
[illegible]
အုပ်ရေ – ၅၀၀
တန်ဖိုး – ၁၅၀၀
စာတည်းအဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း
အမှတ် – [illegible] (၂၁)လွှာ [illegible] ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်


# NEXT MONTH PREVIEW



**ချွန်းပြန် ဦးဘိုးတော်**

ဒဂုန်ရွှေမျှား



**လူ့ကံ၊ စားပြကံ**

မောင်ညိုမှိုင်း(သန်လျင်)



**လမ်းပေါ်မှာ**

ဇေယျမင်းသျှင်


www.burmeseclassic.com

ကျွန်ုပ်မှာ ထောင်အတွင်း၌ ရှိနေစဉ် ကျွန်ုပ်နှင့် သိကျွမ်းသမျှ ထောင်သားတို့၏ မျိုးရိုးဇာတိကိုလည်းကောင်း၊ အကျင့်စာရိတ္တနှင့် ရာဇဝင်ကိုလည်းကောင်း မေးမြန်းစုံစမ်းလေ့ရှိသည့်အတိုင်း တစ်နေ့တွင် ထောင်၌ ဒိုးမှုနှင့်ရောက်သော မောင်ပေါ်လွင်ဆိုသူတစ်ယောက်နှင့် အတော်ပင် ရင်းရင်းနှီးနှီး ဖြစ်ခဲ့လေသည်။



# တာကာရိုင်ငါ နောင်တ

ဒဂုန်ရွှေမျှား



ဒိုးမှုနှင့် ထောင်ကျနေသူတစ်ယောက်
ထောင်မှ လွတ်လာသောအခါ ဆိုးဝါးလှသည့်
ရွာသားဝ ကံကြမ္မာအဖြစ်ဆိုးအခါ၊ ကြီးမားသည့်
ပြဿနာကြီးများဖြစ်ကြ။

www.burmeseclassic.com

မောင်ပေါ်လွင်မှာ အသက်(၂၅)နှစ်ခန့်သာရှိသေး၍ မျက်နှာ၌ ကျောက်ပေါက်မာ သက်သက်ရှိလျက် မျက်စိတစ်ဖက်ပျက်နေသည့်မှတစ်ပါး ရုပ်ရည်သနားကမားရှိပြီးလျှင် အလွန်ဖျတ်လတ်၍ သွက်လက်သော အမူအရာလည်း ရှိလေသည်။

ထောင်သားဟောင်းများသည် ထောင်တွင်းသို့ ရောက်လာသူမှန်သမျှ ထောင်သားသစ်များအား ထုံးစံအတိုင်း နာမည်အမျိုးမျိုး ပေးတတ်ကြ၏။

ဥပမာ - အလွန်ဝသောသူတစ်ယောက်အား "ဝက်ကြီး" ဟူ၍လည်းကောင်း၊ အလွန်ပိန်သူတစ်ယောက်အား "ပိန်သေး" သို့မဟုတ် "ဝါးဖောင်ရိုး" ဟူ၍လည်းကောင်း၊ ခြေဆာသူတစ်ယောက်အား "ဖယ်လိမ်" ဟူ၍လည်းကောင်း၊ မျက်စိစောင်းသူတစ်ယောက်အား "ငစွေ" ဟူ၍လည်းကောင်း ပေးတတ်ကြရာ မောင်ပေါ်လွင်ကိုမူ မျက်စိတစ်ဖက်ပျက်နေခြင်းကြောင့် "တာကာ ရိုင်း" ဟူ၍ အမည်ပေးခဲ့လေသည်။

မောင်ပေါ်လွင်မှာ ခိုးရာတွင် အလွန်ကျင်လည်ရုံမျှမက ခါးပိုက်နှိုက်ရာ၌လည်း နာမည်ရခဲ့သူတစ်ယောက်ဖြစ်၏။ သို့ဖြစ်၍ ကျွန်ုပ်လည်း သူ ခိုးပုံ၊ နှိုက်ပုံတို့ကို တတ်နိုင်သမျှ မေးမြန်းစုံစမ်းလျက်ရှိလေ၏။

မောင်ပေါ်လွင်မှာ သူခိုးတစ်ယောက်၊ ခါးပိုက်နှိုက်တစ်ယောက်ပင် ဖြစ်လင့်ကစား လူကြီးများအား ရိုသေခြင်း၊ ပွင့်ပွင့်လင်းလင်းရှိခြင်း၊ စကားကို ရိုသာစွာ ပြောတတ်ခြင်း များရှိသဖြင့် ကျွန်ုပ်မှာ မောင်ပေါ်လွင်အပေါ်တွင် တူတစ်ယောက်ကဲ့သို့လည်းကောင်း၊ ညီတစ်ယောက်ကဲ့သို့လည်းကောင်း သဘောထားခဲ့၏။

မောင်ပေါ်လွင်ကလည်း ကျွန်ုပ်အပေါ်တွင် ဦးကြီးအရင်း၊ အစ်ကိုအရင်းကဲ့သို့ ချစ်ခင်လေးစားလေသည်။

တစ်နေ့သော တနင်္ဂနွေနေ့ ည၌ ကျွန်ုပ်တို့ နှစ်ယောက်သည် ညစာကို အမဲသားဟင်းနှင့် မြိန်ယှက်စွာ စားပြီးနောက် ထိုည၌အဖို့သောက်ရန် သိုးသန့်ထားသော ဆေးပြင်းလိပ်တိုကလေးနှစ်ခုကို အစောင့်များ မမြင်အောင် ဓါးခတ်ဖြင့် လျှို့ဝှက်စွာ မီးညှိပြီးလျှင် မီးရောင်ကို လက်ဝါးဖြင့်အုပ်ကာ သောက်လျက်ရှိကြ၏။

တစ်ဖွာ နှစ်ဖွာလောက် ဖွာလိုက်ရလျှင်ပင် နတ်ပြည်သို့ ရောက်သွားသကဲ့သို့ ထင်မိ၏။ ကျွန်ုပ်မှာ ထောင်ဥပဒေများကို ရိုသေသူတစ်ယောက်ဖြစ်ကြောင်းနှင့် ထောင်အရာရှိအားလုံးပင် သိပြီးဖြစ်သော်လည်း ဆေးလိပ်သောက်ခြင်း၊ ဆေးငုံခြင်းများကိုမူ မစွန့်လွှတ်နိုင်သေးဘဲ တိတ်တဆိတ် ဖောက်ဖျက်ခြင်းရှိလေသည်။

ကျွန်ုပ်က မောင်ပေါ်လွင်အား -

"ဘယ့်နယ်လဲ - မောင်ပေါ်လွင်ရဲ့ ခိုးမှုနဲ့ မောင်ပေါ်လွင် ကျတယ်ဆိုတာ ဦးလေးဖြင့် ယုံတောင်မယုံပါဘူး"

"ဘာဖြစ်လို့လဲ - ဦးလေး"

"မင့်ရုပ်ရည်ကြည့်ရတာ သူခိုးရုပ်မှ မပေါက်ဘဲကွယ်"

"ကျွန်တော်အမှန်လည်း ခိုးမိတယ် - ဦးလေးရယ်။ ပြီးတော့ - ခိုးကြောင်းလည်း တရားသူကြီးရှေ့မှာ ဖြောင့်ချက်ပေးတယ်၊ ဒီတော့ - အမှန်ပေါ့ ဦးလေးရဲ့"

"ဒါကို ပြောတာ မဟုတ်ပါဘူးကွယ်၊ မင်းဟာ ဘယ်နည်းနဲ့မှ သူခိုး တစ်ယောက်တော့ မဟုတ်နိုင်ပါဘူး"

"မျိုးရိုးတော့ မဟုတ်ဘူးပေါ့ - ဦးလေးရယ်၊ ဒါပေမဲ့ - ကျွန်တော်အသက် (၁၄)နှစ်လောက် ရှင်လူထွက်ချိန်မှာ ဆေးကောင်း၊ ဝါးကောင်းရပြီး ဒီဘက်ကို လိုက်စားမိခဲ့တယ် ခင်ဗျာ"

"အခုဖြစ်ရတာက ဘယ်လိုဖြစ်ရတာလဲကွယ့်၊ ပြောစမ်းပါဦး"

"ဒီမြို့မှာ ကျွန်တော့်ရဲ့ဦးလေးတစ်ယောက်ရှိတယ် - ဦးလေးရဲ့၊ သူက လူကုံထံတစ်ယောက်ပဲ၊ နို့ပေမဲ့ - ပိုက်ဆံကို အင်မတန်စစ်စီတဲ့ လူတစ်ယောက်၊ မလှူရက်၊ မစားရက်၊ မသောက်ရက် ဆိုပါတော့၊ တိုတိုပြောရရင် နောက်ဆုံး သူ့အိမ်ဝင်ခိုးတာ ဖမ်းမိတာပါပဲ - ဦးလေးရယ်၊ ဒါပေမဲ့ - မိပုံတော့ အတော်ဆန်းတယ် - ဦးလေးရေ့"

www.burmeseclassic.com

"ပြောစမ်းပါဦး"

"ကျွန်တော် သူခိုးဆိုပေမယ့် သူများလို သာမန်သူခိုးမျိုးမဟုတ်ဘူး၊ တွေ့ကရာလည်းမခိုးဘူး။ တွေ့ကရာလည်းမယူဘူး။ ငွေလောက်ပဲယူတယ်၊ အထည်တို့၊ လက်ဝတ်လက်စားတို့ဆိုရင် ရှေ့ကလွှဲပြီး ကိုင်တောင်မကြည့်ဘူး၊ သူများလို "အောက်စောင့်" တို့ ဘာတို့လည်း မထားဘူး။ တစ်ယောက်တည်းကြံတာပဲ၊ ဒီတော့ - ဘယ်တော့မှမမိဘူးပေါ့ - ဦးလေးရယ်"

"အင်း - ပြောပါဦး - မောင်ပေါ်လွင်"

"ပြီးတော့ - ငွေဘယ်လောက်ခန့်မှန်းခြေရှိတယ်၊ ရနိုင်တယ်၊ မရနိုင်ဘူးဆိုတာ သေချာမှခိုးတယ် - ဦးလေးရဲ့"

"သေချာပေါက်မှ ကိုင်တယ်ဆိုပါတော့"

"ဒါပေါ့ - ဦးလေးရယ်၊ ပြီးတော့ - အိမ်တစ်အိမ်ဝင်မယ်ဆိုရင် သူခိုးဆိုတာ အရမ်းမဝင်ရဘူး - ဦးလေးရဲ့၊ ငွေရှိတယ်ဆိုတာ သေချာပြီးတဲ့နောက် စဉ်းစားစရာအချက်တွေလည်း အများကြီးရှိသေးတယ်"

"ဆိုစမ်းပါဦး"

"ငွေကို ဘယ်မှာထားတယ်၊ အိမ်သားတွေထဲမှာ ယောကျ်ား ဘယ်နှယောက်ရှိတယ်၊ ဘယ်သူဟာ ခုခံနိုင်တယ်၊ အဲဒီလူက ဘယ်အနားအိပ်တယ်၊ ဘာလက်နက်ရှိတယ်ဆိုတာ ပထမ စုံစမ်းရသေးတယ်။ ဒီနောက် ဒီတို့စွ တွေ စုံစမ်းပြီးတဲ့အခါ ဘယ်အပေါက်က ထွက်ရမယ်ဆိုတာ အရေးကြီးတယ်၊

ဘာဖြစ်လို့လဲဆိုတော့ - ဘယ်လောက်ပဲ ပစ္စည်းကို ယူလို့ရရ ထွက်ပေါက်တ တျပ်နေရင် ဖမ်းမိမယ်မဟုတ်လား။ ဒီတော့ - လက်လျှော့တန်လျှော့လိုက်ရတယ်၊ ဒို့ပြင် - တံခါးဖွင့်တာတို့၊ သော့တူလုပ်တာတို့ဆိုတာတော့ ဉာဏ်ထုတ်ရတဲ့အလုပ်တွေပါပဲ - ဦးလေးရယ်။ သိပ်ပြီး မခဲယဉ်းလှပါဘူး၊ အခု - ကျွန်တော်ပြောတာတွေဟာ သူခိုးရဲ့ကျင့်ရိုးကျင့်စဉ်တွေပေါ့"

"ဖမ်းမိပုံ ဆန်းတယ်ဆိုတာ ပြောစမ်းပါဦးကွယ့်"

"ဒီလို - ဦးလေးရဲ့၊ သူ့ဆီကို ပထမ ကျွန်တော်ကသွားပြီး ငွေတစ်ရာချေးတယ်။ သူက ကျွန်တော့်ကို အဖက်လုပ်ပြီး စကားတောင် မပြောဘူး၊ ဒါနဲ့ သည့်လောက်မပေးချင်လှတဲ့ပစ္စည်း ငါခိုးယူမယ်ဆိုပြီး ကလဲ့စားချေတဲ့သဘောနဲ့ ခိုးတာပါပဲ - ဦးလေးရယ်၊ ငွေကို သူဘယ်မှာထားတတ်သလဲဆိုတော့ သူစာရေးတဲ့စားပွဲက လက်ယာဘက်အံဆွဲထဲမှာ ထားတတ်တယ်။

သူ့မိန်းမနဲ့ သမီးများရဲ့လက်ဝတ်လက်စားတွေကတော့ အခန်းထဲမှာ ထားတယ်၊ ဒီတော့ - လက်ဝတ်လက်စားကို အယူရကျပ်တယ်၊ အခန်းထဲ ရောက်အောင်ဝင်ပြီး ယူနိုင်တောင် အိပ်ရာသုံးလေးခုကျော့ပြီး ပြေးရမယ်၊ ဒီတော့ - ကျွန်တော်လည်း စိတ်ကူးမထည့်မိဘူး။ ကျွန်တော်ကြံစည်တာက အိမ်ရှေ့ခန်း သူစာရေးတဲ့ စားပွဲလက်ယာအံဆွဲပဲ၊ ဒါနဲ့ - သူတို့အိမ်အနေအထားသိပြီးတဲ့နောက် အိမ်ရှေ့တံခါးကဝင်ဖို့ စိတ်ကို ဆုံးဖြတ်လိုက်တယ် ဦးလေးရဲ့၊

ဘာဖြစ်လို့လဲဆိုတော့ - ဒီတံခါးဟာ အလွယ်ဆုံးလည်း ဖွင့်နိုင်မယ်၊ လူအိပ်တဲ့ နေရာနဲ့ အဝေးဆုံးဖြစ်တယ်၊ ပြေးပေါက်ကလည်း အကောင်းဆုံးဖြစ်တယ်၊ ဒါနဲ့ - သူ လစေထုတ်လာတယ်ဆိုတာ သတင်းရတဲ့ညမှာပဲ ကြံစည်တော့တာပဲ၊ တံခါးကလည်း အတွင်းကထိုးတာဖြစ်ပေမယ့် အပြင်ကနေပြီး အမေရိကန်လွှန်ပူနဲ့ နှစ်ချက်လောက်လှည့်လိုက်ရင် သုံးလက်မပတ်လည် အပေါက်တစ်ပေါက်တော့ လွယ်လွယ်ကလေး ပေါက်သွားနိုင်တာပေါ့"

"အင်း - ပြောပါဦး"

"ဒါပေမဲ့ - တံခါးကို လွှန်ပူနဲ့ အပြင်ကဖောက်တဲ့အခါ တည့်တည့်ဖောက်မိဖို့လိုတယ်၊ ဒါကတော့ - အတွင်းကကန့်လန့်ထိုးတဲ့နေရာကိုမှန်းနိုင်အောင် အပြင်ကတံခါးမှာ အိမ်အလည်သွားတုန်းက ထုံးကလေးတို့ခဲ့ရတယ်၊ ဒါနဲ့ လွှန်ပူနဲ့ဖောက်ပြီး လက်ဝင်သာတဲ့အခါအထဲက ကန့်လန့်ကို အသံမကြား

www.burmeseclassic.com

အောင် ဆွဲနတ်တာပေါ့ – ဦးလေးရယ်၊ သည့်နောက်တော့ လက်နိပ်ဓာတ်မီးကလေးကို လက်ဝါးနဲ့အသာအုပ်၊ စားပွဲအံဆွဲကို ဖွင့်တာပါပဲ၊

ကျွန်တော့်မှာပါတဲ့ သော့တွဲနဲ့ စမ်းလိုက်ရင် တစ်ချောင်းမတန် တစ်ချောင်းတော့ တန်တာပဲ၊ ဒါပေမဲ့ – မိချင်တော့ ဘယ်လိုဖြစ်လာသလဲဆိုရင် ကျွန်တော်က အင်မတန်သေချာတဲ့ လူတစ်ယောက်ဖြစ်လေတော့ ငွေကိုယူပြီး အံဆွဲကိုပြန်ပိတ်တာကို – ဦးလေးရဲ့ အဲဒီလိုပြန်လည်းပိတ်ရော အဘိုးကြီးလည်း အိပ်ရာကနိုးပြီး အိမ်ရှေ့ဧည့်ခန်းဓာတ်မီးဟာ ပွင့်လာပါလေရော၊ ဒီတော့ – တစ်ခါတည်း တံခါးပေါက်ရှိရာ ကျွန်တော် ပြေးတော့တာပါပဲ ဦးလေးရယ်၊ နို့ပေမဲ့ – ကျွန်တော် မပြေးနိုင်တော့ဘူး ခင်ဗျ၊ တစ်ယောက်ယောက်က ကျွန်တော့်ကို နောက်က ဆောင့်ဆွဲလိုက်သလို စားပွဲနားမှာ ကျွန်တော်တစ်ခါတည်း မှိုင်းခနဲ လဲကျသွားတယ်”

“နောက်ကနေပြီး ရိုက်လိုက်လို့လား”

“ဘယ်ဟုတ်မလဲ – ဦးလေးရယ်၊ အံဆွဲပြန်ပိတ်လိုက်တဲ့အခါမှာ ကျွန်တော့်လုံချည်စဟာ အမှတ်တမဲ့ အထဲညပ်ပါသွားတာကိုး ဗျ၊ ဖြစ်ရပုံများ ရယ်စရာတောင် ကောင်းသေးတယ်”

“ဒီတော့ – ကျွန်တော်လည်း ခါးထဲက ဓားမြှောင်ကို တစ်ခါတည်း ဆွဲထုတ်လိုက်မိတယ်၊ ဒါပေမဲ့ – မရတော့ပါဘူး၊ နောက်ကျသွားပြီ၊ အိပ်ခန်းထဲက လူနှစ်ယောက်ထွက်လာပြီး ကျွန်တော့်ကို ဝိုင်းဖိထားရုံမကဘူး အဘိုးကြီးကပါ ကျွန်တော့်လက်ကို တအားနင်းထားလေတော့ နောက်ဆုံး အမိခံလိုက်ရတာပါပဲ – ဦးလေးရယ်”

“အင်း – ခိုးတဲ့အလုပ်ဆိုတော့ တစ်နေ့မမိ၊ တစ်နေ့မိဆိုတာလိုပေါ့ကွယ်”

“ဒါပေမဲ့ – ကျွန်တော်အံ့ဩတာက ကျွန်တော်ဟာ အင်မတန်သတိကောင်းပါလျက်နဲ့ အခုလိုဖြစ်ရတာဟာ တစ်ခုခု အကြောင်းရှိရမယ်လို့ ကျွန်တော် တွေးမိတယ် – ဦးလေး”

“မောင်ပေါ်လွင်က ဘယ်လိုထင်လို့လဲ”



“အမှန်တော့ – ကျွန်တော်တို့ဦးလေးဟာ ကျွန်တော်တို့ မိဘများအပေါ်မှာ ကျေးဇူးရှိတယ် ခင်ဗျ၊ ဒီတော့ – ကျွန်တော်က ကျေးဇူးရှင်တစ်ယောက်ကို ပြစ်မှားမိလို့လား မပြောတတ်ဘူး”

“ဒါတော့ – မှန်ချင်မှန်မှာပေါ့ – မောင်ပေါ်လွင်၊ ကျေးဇူးရှင်ကိုပြစ်မှားရင် ဒုက္ခတော့ ရောက်တတ်တာမျိုးပဲ”

ထို့နောက် မောင်ပေါ်လွင်လည်း ရန်ကုန်ခါးပိုက်နှိုက်များအကြောင်း၊ မည်သို့မည်ပုံနှိုက်ယူ၍ မည်ကဲ့သို့ဝေစုခွဲရကြောင်း၊ ခါးပိုက်နှိုက်ခြင်းအတတ်မှာ သူခိုးအလုပ်ထက်ပင် စွန့်စားရကြောင်း၊ မျက်စိလျှင်ရုံမျှမက၊ လက်ကလည်းလည်၍သွက်လက်ဖျတ်လတ်ရန်လိုကြောင်းများကို ပြောပြလျက်ရှိရာ ကျွန်ုပ်တို့လည်း အတော်ညဉ့်နက်မှ အိပ်ပျော်သွားကြ၏။

ဤသည်တို့ကား မောင်ပေါ်လွင်ကပြောပြသမျှ ကျွန်ုပ်သိရသော အကြောင်းအရာများ ဖြစ်လေသည်။

ၓပိၓ

နောက် (၁၀) လခန့်ကြာသောအခါ မောင်ပေါ်လွင်သည် ထောင်မှထွက်သွား၍ ကျွန်ုပ်လည်း သူထွက်သွားပြီး နောက် (၆) လခန့်ကြာမှ ထွက်ခဲ့ရ၏။ အချိန်သည် တဖြည်းဖြည်း ကုန်လွန်၍သွားလေရာ ကျွန်ုပ်မှာ လူဆိုးသူဆိုးများ ထောင်သားများကို တွေ့ရဖန်များသဖြင့် မောင်ပေါ်လွင်၏အကြောင်းကို သတိမေ့လျော့သွားခဲ့လေ၏။

နောက် (၅) နှစ်ခန့်ကြာ၍ ကျွန်ုပ်လည်း ရန်ကုန်ထောင်အတွင်း၌ ရှိနေစဉ် တစ်နေ့ရာ၌ လူသတ်မှုနှင့် တရားခံတစ်ယောက်သည် ထောင်တွင်းသို့ ရောက်လာ၍ သွားရောက်ကြည့်ရှုရာ ၎င်းမှာ အခြားသူမဟုတ် ပေါ်လွင်ခေါ် “ကာကာရိုင့်” ဖြစ်ကြောင်း တွေ့ရလေသည်၊ ပထမ၌ ကျွန်ုပ်မှာ ၎င်းအား




www.burmeseclassic.com

www.burmeseclassic.com

မမှတ်မိသကဲ့သို့ရှိနေသော်လည်း အကျဉ်းသားသည် ကျွန်ုပ်အား လေးစားသော အမူအရာဖြင့် -

"ဦးလေး - ကျွန်တော့်ကိုမမှတ်မိတော့ဘူးလား။ ကျွန်တော် ကာကာရိန်လေ"

ဟု နှုတ်ဆက်လိုက်သောအခါမှ ကျွန်ုပ်မှာ လွန်ခဲ့သော (၅)နှစ်ခန့်က (......) ထောင်တွင် တွေ့ခဲ့သော အဖြစ်အပျက်များကို သွား၍သတိရမိတော့၏။



အမေ့မှာ သားတစ်ယောက်ရှိတယ်ဆိုတာ ကျွန်တော်ဖြင့် အခုမှ သိရတယ် - အမေ။ ပြီးတော့ - ဒီပန်းချီကားကိုလည်း ကျွန်တော်ဟာ ဆေးကျောင်းသားဆိုပေမယ့် ပန်းချီဘက်ကို ပိုပြီးဝါသနာထုံတယ် - အမေရဲ့။ ကိုယ်တိုင်လည်း ပန်းချီကားတွေကို ဆွဲတယ်။ ဒီတော့ - တစ်ဆိတ် ကျွန်တော် မကြည့်ရဘူးလား - အမေ။



"ကာကာရိန်" ၏လူသတ်မှုမှာ စစ်ဆေးရာတွင် ရက်ပေါင်း (၂၀)ခန့်မျှ သာကြာ၍စီရင်ချက်ချမှတ်လိုက်သောနေ့ညတွင် ကျွန်ုပ်သည် သူနှင့်စကားပြောရန်အချိန်မှာ နာရီဝက်ခန့်ရရှိခဲ့သည့်အတိုင်း သူ၏အမှုဖြစ်ပျက်ပုံဇာတ်လမ်းကို အောက်ပါအတိုင်း ပြောပြလေသည်။

ရန်ကုန်မြို့ လမ်း(၄၀) အထက်လမ်းတွင် တိုက်ရှေ့မှ တစ်ဆစ်ချိုးလှေကားဖြင့် တက်သွားရသော တိုက်တစ်လုံးရှိရာ ထိုတိုက်၏ အပေါ်ဆုံးထပ်အခန်းတစ်ခန်းတွင်အသက်(၇၁)နှစ်ခန့်ရှိကောင်းစွာ ကျန်းမာဟန်မရှိသော မိန်းမကြီးတစ်ယောက်သည် အသက်(၂၅)နှစ်ခန့်ရှိ ရုပ်ရည်သားနားသော လူရွယ်တစ်ယောက်နှင့် စကားစမြည်ပြောဆိုလျက်ရှိ၏။ မိန်းမကြီးမှာ တစ်ယောက်အိပ်ခုတင်တစ်လုံးပေါ်တွင် လျောင်းကာ ထိုလူရွယ်အား ညှိုးငယ်သော မျက်လုံးများဖြင့် ကြည့်လျက်ရှိ၏။

ဝတ်ကောင်းစားလှဖြင့် ရှိနေသောလူရွယ်သည် ခုတင်အနီးရှိ ကုလားထိုင်ဟောင်းတစ်လုံးပေါ်တွင် ထိုင်ကာ ဟောင်းနွမ်းသော အိမ်ထောင်ပရိဘောဂများကိုကြည့်ရင်း တစ်စုံတစ်ရာကို စဉ်းစားလျက်ရှိလေသည်။ ထိုလူရွယ်၏အမည်မှာ မောင်တင်ဟန်ဖြစ်၍ ဆရာဝန်စာမေးပွဲကိုဝင်ရန် ပြင်ဆင်လျက်ရှိ သော ဆေးကျောင်းသားတစ်ယောက်ဖြစ်၏။

ထိုအခါက ဆရာဝန်ကြီးသည် ဆေးကျောင်းသားများအား လက်တွေ့သင်ခန်းစာရစေရန် ကျောင်းသားတစ်ဦးလျှင် လူနာတစ်ယောက်စီ ခွဲဝေ၍ ကြည့်ရှုစေ၏။ သို့ဖြင့်လည်း မောင်တင်ဟန်မှာ လမ်း(၄၀)မှ ပန်းနာရောဂါစွဲကပ်လျက်ရှိသော ဒေါ်သိုင်းချုံထံ လာရောက်ပြီးလျှင် လူနာမည် မည်သို့ရှိနေသည်ကို နေ့စဉ်ဒိုင်ယာရီရေးမှတ်၍ ဆရာဝန်ကြီးထံ ပို့ရ၏။

ဆရာဝန်ကြီးအမိန့်အတိုင်း ဆေးများတိုက်ရ၏။ မောင်တင်ဟန်သည် နေ့စဉ်လာရောက်ရန် ဝတ္တရားရှိသည့်အတိုင်း ဒေါ်သိုင်းချုံထံသို့ ထိုနေ့က လာရောက်ခဲ့ခြင်းဖြစ်လေသည်။

www.burmeseclassic.com

မိန်းမကြီး၏ ရုပ်လက္ခဏာကိုလည်းကောင်း၊ ပေါင်းနှံမ်းသော်လည်း အမျိုးအစားကောင်းသော အိမ်ထောင်ပရိဘောဂ အနည်းငယ်နှင့် အဝတ်အစားများကိုလည်းကောင်း ကြည့်ရှုခြင်းအားဖြင့် ဒေါ်သိုင်းချုံမှာ အလွန်ဆင်းရဲရှာသော်လည်း ဆင်းရဲသောအမျိုးအစားထဲက မဟုတ်ဘဲ တစ်ကြိမ်က ချမ်းသာခဲ့ဖူး၍ မျိုးကောင်းဆွေကောင်းထဲမှဖြစ်ရမည်ဟု မောင်တင်ဟန် ယုံကြည်မိ၏။

စကားပြောသောအခါများ၌လည်း ဒေါ်သိုင်းချုံသည် မောင်တင်ဟန်အား "လူကလေး" ဟု ခေါ်လေ့ရှိသည်၊ ဒေါ်သိုင်းချုံသည် မောင်တင်ဟန်ရောက်လာတိုင်း တတ်နိုင်သမျှ အစားအသောက်ကလေးများနှင့် ဧည့်ခံရှာလေရာ ဆင်းရဲသော်လည်း စေတနာ သဒ္ဓါတရား ထက်သန်သူဖြစ်ကြောင်း သိရ၏။

"လူကလေး - နေပူမယ်၊ စောစောပြန်လေ"

"ကိစ္စမရှိပါဘူး - အမေ၊ ဒီကနေ့ တော်တော်သက်သာရဲ့မဟုတ်လား"

"သက်သာပါတယ် - သားရယ်"

"အမေဟာ ကျွန်တော့်အပေါ်မှာ တကယ့်သားတစ်ယောက်လိုပဲနော်၊ ကျွန်တော့်စိတ်ထင်ဖြင့် အမေ့မှာ အရင်က သားရှိဖူးတယ်ထင်တယ်"

"ရှိတာပေါ့ကွယ်၊ လူကလေးတွေးတာ မလွဲပါဘူး"

"ဒါဖြင့် - အခု သူဘယ်မှာလဲ - အမေ"

"မရှိတော့ဘူးကွယ့်"

"သေသွားပြီလား"

"အေး - သေပြီပြောပါတော့ကွယ်၊ အမေ့အတွက်တော့ သေပါပြီ၊ ငယ်ငယ်ကတော့ သားတစ်ယောက်ဆိုပြီး ဆိုသလောက် ချစ်ခဲ့မိတယ်၊ အဖေရော၊ အမေရော၊ ဆွေမျိုးညာတိတွေကရော ဝိုင်းပြီးချစ်ကြတာပေါ့၊ ခြော်သား - သား - အမေ့မျက်စိထဲမှာတော့ ငယ်ငယ်တုန်းကရုပ်ကိုပဲမြင်နေတယ်၊ ဟိုကတ္တီပါအနက်အုပ်ထားတဲ့ ရုပ်ပုံပေါ့ - လူကလေးရယ်"



ဒေါ်သိုင်းချုံသည် စင်ပေါ်တွင်တင်ထားသော ကတ္တီပါအနက်ဖြင့် ဖုံးထားသည့် အရုပ်ကားပေါင်တစ်ခုကို လက်ညှိုးထိုး၍ ပြလေ၏၊ မောင်တင်ဟန်သည် ထိုအခါမှ ကတ္တီပါအနက်ဖြင့် အုပ်ထားသော ပန်းချီကားကို သတိပြုမိလေသည်၊

"အမေ့မှာ သားတစ်ယောက်ရှိတယ်ဆိုတာ ကျွန်တော်ဖြင့် အခုမှ သိရတယ် - အမေ၊ ပြီးတော့ - ဒီပန်းချီကားကိုလည်း ကျွန်တော်ဟာ ဆေးကျောင်းသားဆိုပေမယ့် ပန်းချီဘက်ကို ပိုပြီးဝါသနာထုံတယ် - အမေရဲ့၊ ကိုယ်တိုင်လည်း ပန်းချီကားတွေကို ဆွဲတယ်၊ ဒီတော့ - တစ်ဆိတ် ကျွန်တော် မကြည့်ရဘူးလား - အမေ"

ဒေါ်သိုင်းချုံ၏အဖြေမှာ အလွန်လေးကန်၍ စိတ်ပါဝင်စားဟန်လက္ခဏာ မရှိချေ၊

"အမေတော့ - ဒီရုပ်ပုံကို ကြည့်တောင် မကြည့်ချင်တော့ပါဘူး - လူကလေးရယ်၊ နို့ပေမဲ့ - လူကလေးကတော့ အမေ့ကို ဆေးဝါးကုသပြီး ပြုစုစောင့်ရှောက်တဲ့ ကျေးဇူးရှိတဲ့အတွက် ကြည့်ဖို့ခွင့်ပြုပါတယ်"

မောင်တင်ဟန်သည် စင်ပေါ်တွင်တင်ထားသော ကားပေါင်ကို ဆွဲယူပြီးလျှင် အပေါ်မှဖုံးထားသော ကတ္တီပါအဝတ်ကို တဖြည်းဖြည်းလှပ်လေရာ အတွင်း၌ ရွှေပေါင်ဖြင့်ကျက်ထားသည့် ရွက်ဖျင်ပေါ်တွင် ဆီဆေးဖြင့် ခြယ်လှယ်ရေးဆွဲထားသောပုံတစ်ပုံကိုမြင်ရလေ၏၊ ရုပ်ပုံမှာ (၇) နှစ်သားအရွယ်ရှိ ကလေးတစ်ယောက်သည် မာလကာပင်တစ်ပင် နောက်မှ ထွက်လာကာ လက်တစ်ဖက်ဖြင့် မာလကာသီးတစ်လုံးကို ကိုက်စားရင်း နိုးကြောင်နိုးဂုတ် မျက်လုံးများဖြင့် ကြည့်နေပုံဖြစ်လေသည်၊ အရုပ်ကား၏အောက်တွင် အောက်ပါအတိုင်း ကမ္ပည်းထိုးထား၏၊

"ဘအုံး - မာလကာသီး သူခိုး၊ အသက် (၇) နှစ်"

အခန်းတွင်း၌ ကားတစ်ခဏမျှ ငြိမ်သက်လျက်ရှိ၏၊ ဆေးကျောင်းသား မောင်တင်ဟန်သည် ပန်းချီကား၏အနုပညာကို အကဲခတ်ကာ ရုပ်ပုံ၏အချိုး



www.burmeseclassic.com

www.burmeseclassic.com

အစားကျခြင်း၊ အရောင်သွင်းပုံ၏ သဘာဝကျခြင်း၊ လက်ရာကောင်းခြင်း စသည်တို့ကို အံ့ဩ၍မဆုံးနိုင်အောင်ရှိလေ၏။ လူမမာမိန်းမကြီးမှာမူ ရှေးဟောင်းနှောင်းဖြစ်များကို ပြန်ပြောင်းစဉ်းစားဟန်ဖြင့် တွေဝေလျက်ရှိလေသည်။

"သိပ်ကောင်းတာပဲ – အမေရယ်၊ သိပ်ပြီး သဘာဝကျတဲ့ကားပါပဲအမေရယ်၊ သည့်လောက်ကောင်းတဲ့လက်ရာကိုကျွန်တော်ဖြင့်တစ်ခါမှမြင်ဖူးဘူး၊ တကယ့်အဖိုးတန်ကားဆိုတာ အမေမသိဘူးလားဟင်၊ ၂၀ဝ၀၊ ၃၀ဝ၀ အနည်းဆုံးတန်တယ် – အမေ၊ ၅၀ဝ၀ တန် – အမေ"

မိန်းမကြီးသည် ပြုံး၍သာ နေလေသည်၊

"အင်း – လူကလေးက ဒီလိုပြောတော့ အမေတို့ ငယ်ငယ်တုန်းက အခါကောင်း အချိန်ကောင်းတွေ တွေ့ခဲ့ရတာ သွားပြီး အမှတ်ရတယ်ကွယ်၊ ရုပ်ပုံထဲက ကလေးသာမဟုတ်ဘူး၊ ဒီရုပ်ပုံကိုရေးတဲ့လူကိုပါသွားပြီး အမေ သတိရမိတယ်၊ တခြားသူ ဟုတ်ပါရိုးလား – မောင်ရယ်၊ ရေးတဲ့ပန်းချီဆရာက အမေ့ရဲ့ခင်ပွန်းပေါ့၊ ဒီဟာ – သူ့ရဲ့ နောက်ဆုံးလက်ရာပဲ၊ ကောင်းတယ်ဆိုတာကတော့ ငွေရဲ့တန်ဖိုးနဲ့ ဆွဲတာမဟုတ်ဘဲ မေတ္တာကိုတန်ဖိုးထားပြီး ဆွဲတဲ့ကားကိုး မောင်ရဲ့၊ ဒီတော့ – အမေတစ်သက်လုံး ချမ်းသာလောက်အောင် ငွေကိုပုံပေးပေးမယ့် အမေ မရောင်းနိုင်ဘူး"

ထိုစကားသည် မောင်တင်ဟန်၏ မျှော်လင့်ချက်များကို ဟန့်တားလိုက်သကဲ့သို့ ရှိလေသည်၊

"ဝယ်မလို့မေးတာ မဟုတ်ပါဘူး – အမေရဲ့၊ ကျွန်တော်က ဒီကားကို ကူးယူချင်တယ်၊ ကျွန်တော် – အခုဆွဲနေတဲ့ ဆွဲလက်စအရုပ်ကားကို ဒီပန်းချီကြည့်ပြီး အသက်သွင်းပေးချင်တယ်၊ ကျွန်တော်ကို ကူးခွင့်ပြုမယ်ဟုတ်လား အမေ"

"နောက်တော့ – လူအများမြင်အောင် ပြပွဲကို တင်ဖို့ဆိုပါတော့"

"ဟုတ်တယ် – အမေ၊ ပြပွဲကိုတော့ တင်မှာအမှန်ပဲ၊ ဒါပေမဲ့ – ပုံစံကတခြားပါ၊ တကယ်လို့ ကလေးမျက်နှာကို ကြည့်တဲ့လူတွေက မှတ်မိတယ်



ထားဦး၊ အမေရဲ့ဂုဏ်သိက္ခာကို မထိခိုက်ပါဘူး၊ ဒီ့ပြင်လည်း ဒီကားကိုငှားတဲ့အတွက် အမေလိုချင်သလောက် တောင်းပါ – အမေ၊ ကျွန်တော် မငြင်းပါဘူး၊ ပေးပါ့မယ်၊ ပြီးတော့ – ကျွန်တော့်လက်ထဲမှာရှိနေသမျှ ကျွန်တော့်အသက်နဲ့လဲပြီး စောင့်ရှောက်ထားပါမယ်"

သို့သော် မောင်တင်ဟန်သည် သူ့စကားမဆုံးမီ မိန်းမကြီး၏ မျက်နှာထားကို မြင်ရသဖြင့် မည်ကဲ့သို့ဖြေဆိုမည်ကို သိနှင့်လေပြီ၊

"ဒီဟာတော့ အမေ မလိုက်လျောနိုင်ဘူး – လူကလေးရယ်၊ ဒီပန်းချီကားကို အမေ့မျက်စိအောက်က အပျောက်မခံနိုင်ဘူး"

"စဉ်းစားပါဦး – အမေ၊ ကိစ္စကလည်း ငွေရမယ့် ..."

စကားမဆုံးမီ –

"ငွေ – ငွေ – ဘာငွေလဲ၊ ငွေဆိုတာရှိလည်းရှိဖူးပါပြီ၊ နောက်ထပ်လည်း မလိုချင်တော့ပါဘူး၊ ငွေဟာ တခြားလူ အပေါ်မှာသာ တန်ဖိုးရှိမယ်၊ အမေ့အပေါ်မှာတော့ ဘာမှတန်ဖိုးမရှိဘူး – မောင်ရေ့"

"ဒါဖြင့်လည်း အမေ့မျက်စိအောက်မှာပဲ ပုံကြမ်းကူးယူပါရစေခင်ဗျာ"

"ဒီလိုကူးဖို့လည်း အခွင့်မပြုနိုင်ဘူး – လူကလေးရယ်၊ အခု – မင်းကိုပြတာတောင် အမေလွန်လှပြီ၊ ဒီကတ္တီပါကြီး ဖုံးထားတဲ့အောက်မှာ ဘာမှမရှိသလိုပဲ အောက်မေ့လိုက်ပေတော့"

သို့ပြောဆိုပြီးနောက် မိန်းမကြီးသည် ပန်းချီကားကို ကတ္တီပါအဖုံးနှင့် အုပ်လိုက်လေ၏၊

"ကျွန်တော်ဟာ ဆေးအတတ်ကို ဝါသနာပါလှလို့ သင်နေတာ မဟုတ်ပါဘူး – အမေ၊ ကျွန်တော်က ပန်းချီပညာမှာသာ ဝါသနာထုံတာပါ၊ ကျွန်တော်ရဲ့အသက်ဟာ အနုပညာထဲမှာသာ နေပါတယ်၊ ဒီကားကိုကြည့်ပြီး ဆွဲရရင် ကျွန်တော်ရဲ့ ဘဝခရီးအောင်မြင်မှုဟာ အတွက်အထိပ်ရောက်တာနဲ့ အတူတူပါပဲ၊ ပြီးတော့ – အမေကိုယ်တိုင် ပန်းချီဆရာတစ်ယောက်ရဲ့မိန်းမကြီးမို့ ကျွန်တော်ရဲ့ဆန္ဒကို ကျွန်တော်ရဲ့အသည်းနှလုံးထိအောင် အမေ သိနိုင်ပါလိမ့်မယ်၊ ဒီလောက်တောင် တောင်းပန်တာ ခွင့်ပြုပါတော့ – အမေ"

www.burmeseclassic.com

www.burmeseclassic.com

မိန်းမကြီးသည်များစွာ တုန်လှုပ်သွားဟန်ဖြင့် မျက်ရည်များစို့၍လာလေ၏၊ သို့သော် ပြောပြီးစကားများကို မပြင်တော့ချေ၊ သို့နှင့် နောက်ဆုံးတွင် မောင်တင်ဟန်လည်း လက်လျှော့ကာ ပြန်သွားရလေ၏၊ သို့သော် အိမ်ရှေ့လှေကားမှ ဆင်းသောအခါ၌ကား မောင်တင်ဟန်သည် -

"ဘာပဲဖြစ်ဖြစ် - ဒီကားကိုတော့ ငါရအောင်ယူမယ်"

ဟု တီးတိုးရွတ်ဆိုသွားလေသည်၊

နောက်တစ်နေ့၌လည်း သူ၏တောင်းဆိုချက်များမှာ အချည်းနှီးဖြစ်ခဲ့၏၊ သို့နှင့် အချိန်ကုန်ခဲ့ရာ နောက်တစ်နေ့တွင် မောင်တင်ဟန်သည် သူငယ်ချင်းတစ်ယောက်နှင့်အတူ လွှတ်တော်လမ်း(ယခု ဆိပ်ကမ်းသာလမ်း)ထိပ်၊ ဖရေဇာလမ်း(ယခု အနော်ရထာလမ်း) ဘက်ရှိ ဟိုတယ်ဆိုင်တစ်ဆိုင်တွင် နေ့လယ်စာ စားလျက်ရှိရာ ဖရေဇာလမ်းပေါ်တွင် ခါးပိုက်နှိုက်တစ်ယောက်ကို ပုလိပ်များ ဖမ်းမိသွားသဖြင့် ထိုအကြောင်းမှစ၍ စကားစပ်မိလျက် သူငယ်ချင်းဖြစ်သူက -

"ဒါထက် - စကားမစပ် ဒီဟိုတယ်မှာ ဘဏ္ဍာစိုးလုပ်တဲ့ သောင်းကြိုင်ဆိုတဲ့အကောင်ဟာ အရင်က သူခိုးဗျ၊ ကျုပ်သိတယ်၊ ဒါပေမဲ့ - အခုတော့ မလုပ်တော့ပါဘူး၊ ကောင်းကောင်းမွန်မွန် လုပ်ကိုင်စားနေပါပြီ"

"ဟုတ်လား - ဘယ်သူလဲ"

"ကျုပ်တို့စားပွဲကိုလာပြီး ဘာစားကြမလဲလို့မေးတဲ့ ခေါင်းတုံးဆံတောက်နဲ့လူပေါ့၊ သူက ဒီဟိုတယ်မှာ ဘဏ္ဍာစိုးလုပ်နေတယ်၊ ခါးပိုက်နှိုက်တဲ့နေရာများတော့ တကယ်လျင်တဲ့ လူတစ်ယောက်ဗျာ၊ ကျုပ် ခတ်သိဗျ၊ အခုတော့ မလုပ်တော့ပါဘူး၊ ဒါပေမဲ့ - အပျော်လုပ်ပြစမ်းပါဆိုပြီး ဘရန်ဒီတစ်ခွက်လောက်တိုက်လိုက်ရင် ဘယ်သူ့အိတ်ထဲက ပိုက်ဆံအိတ်ကိုနှိုက်ပြရမလဲ ပြမယ်၊ ဘယ်သူ့အိတ်မှာထိုးထားတဲ့ ဖောင်တိန်ကို လိုချင်သလဲ ယူပြမယ်၊ အဲဒီလောက် လျင်တဲ့အကောင်ဗျာ"



"ဒါဖြင့် - ကျုပ်နဲ့ မိတ်ဖွဲ့ပေးစမ်းဗျို့"

"ကောင်းပြီ - ကျုပ် ခေါ်လိုက်မယ်"

ထို့နောက် မောင်တင်ဟန်၏ သူငယ်ချင်းသည် သောင်းကြိုင်နှင့် မောင်တင်ဟန်တို့အား မိတ်ဆွေဖွဲ့ပေးပြီးနောက် ဟိုတယ်မှ ရှေးဦးစွာ ထွက်သွားလေ၏၊ မောင်တင်ဟန်သည် သောင်းကြိုင်အတွက် ဘရန်ဒီတစ်ခွက် မှာပြီးလျှင် ဘိစတိတ် အကြော်စုံတို့နှင့် မြည်းစေလျက် -

"ဒါဖြင့် - ကိုသောင်းကြိုင်ဟာ မြို့ပေါ်က သူခိုးတွေ ခါးပိုက်နှိုက်တွေကို ကောင်းကောင်းသိမှာပေါ့"

"သိပါတယ် - ဆရာက ဘာကိုလိုချင်လို့လဲ"

"ကျုပ်ဖွင့်ပြောတော့မယ် - ကိုသောင်းကြိုင်၊ ကျုပ်မှာ ကိစ္စကလေးတစ်ခု ရှိနေတယ်ဗျ၊ ဒါကြောင့် - သင့်တော်မယ့်လူတစ်ယောက်ကို ခင်ဗျားက ညွှန်စေချင်တယ်ဗျာ"

"ဓားပြတိုက်ရမယ့်ကိစ္စလား - ဆရာရဲ့"

"ဟာ - မဟုတ်တာပဲ၊ ကျုပ်လိုချင်တာက ခိုးရမယ့်အလုပ်ကို နိုင်နိုင်နင်းနင်းလုပ်မယ့်လူတစ်ယောက်လိုချင်တာဗျ၊ ကိုင်းလေ - ခင်ဗျားကိုတော့ကျုပ်ဖွင့်ပြောတော့မယ်၊ ဒီလိုဗျာ - ကျုပ် မိတ်ဆွေတစ်ယောက်မှာ အင်မတန်ကောင်းတဲ့ ပန်းချီကားတစ်ချပ်ရှိနေတယ်ဗျ၊ အဲဒါကို ကျုပ်က ကူးယူချင်တယ်၊ ဒီမိန်းမကြီးက ရောင်းလည်းမရောင်းဘူး၊ ငှားလည်းမငှားဘူး၊ ဒီတော့ ကျုပ်ကို တနင်္ဂနွေတစ်ပတ်လောက်ဖြစ်စေ၊ နှစ်ပတ်လောက်ဖြစ်စေ ဒီပန်းချီကားကို ခိုးပေးစေချင်တယ်၊ နောက်တော့ - ကျုပ် ပြန်ထားမှာပဲ"

"ဒါဖြင့်လည်း ကောင်းသားပဲ၊ ဒီကားကိုတော့ ဆရာ တစ်ခါတည်း လစ်မသွားဘူး မဟုတ်လား၊ ကျွန်တော်တို့က အသင်းနဲ့ - ဆရာရဲ့၊ ကျွန်တော်တို့အသင်းက သစ္စာရှိတယ်၊ မဟုတ်တာလည်း မလုပ်ဘူး၊ ကျွန်တော့်အထက်ဆိုရင်တော့ ဆရာ ငွေဘယ်လောက်ပဲပေးပေး မလုပ်တော့ဘူး၊ ပြီးတော့တစ်ခုရှိသေးတယ်၊ မကောင်းတဲ့ရည်ရွယ်ချက်နဲ့သာ ဆရာယူမယ်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ကို မိတ်ဖွဲ့တာ ဆရာမှားပြီ၊ ဆရာ့ကို ဘယ်သူ့ဆီကိုမှ မညွှန်ပြ
နိုင်ဘူး"

"ဒီအတွက်တော့ မစိုးရိမ်ပါနဲ့ဗျာ၊ ဥစ္စာရှင်ကိုယ်တိုင်က သည်လောက်
တန်ဖိုးထားတဲ့ပစ္စည်းကိုကျုပ်တလည်းအပိုင်မယူချင်ပါဘူး၊ ကျုပ်က လက်
ရာကို ကူးယူရုံပဲ ယူချင်ပါတယ်၊ ဒီပြင်တော့ ဘာမှမလုပ်ဘူး၊ ဒါကြောင့်
ဒီအလုပ်ကို သစ္စာရှိရှိ ကတိတည်တည်နဲ့ ရိုးသားစွာလုပ်ပေးနိုင်တဲ့ လူတစ်
ယောက်ကို ကျုပ်လိုချင်တာပါ"

"ဒီလိုဆိုရင်တော့ ရှိပါတယ် - ဆရာ၊ ကာကာရိန့်ဆိုတဲ့အကောင်ဟာ
ဒီအလုပ်မျိုးမှာ ဂျင်ပေါ့၊ ပြီးတော့ - ဆရာပြောတဲ့အတိုင်း အလုပ်က လွယ်ရဲ့
နော်၊ ဘာမှ ဒုက္ခတော့ မရောက်တန်ရာပါဘူး"

"ဘာအနှောင့်အယှက်မှ မရှိပါဘူးဗျာ၊ စိတ်ချပါ၊ လုပ်ရမယ့် အလုပ်က
လည်း လွယ်လိုက်တာ လွန်ပါရော၊ အခန်းမှာ မိန်းမကြီးတစ်ယောက်တည်း
နေတာဗျ၊ ပြီးတော့ - ကောင်းကောင်းလည်း မမာဘူး၊ တံခါးကလည်း မလုံ့
တလုံနဲ့ လက်တစ်ဖက်နဲ့ တွန်းဖွင့်ပြီးတောင် ဝင်နိုင်ပါတယ်"

"ကိုင်း - ဒါဖြင့် ဒီနေ့ညနေ (၅) နာရီတိတိမှာ ပန်းဆိုးတန်း ဒီဘက်ထောင့်
က ဆရာစောင့်ပေတော့၊ ကျွန်တော် ဆက်ဆက်လာခဲ့မယ်"

ထိုနေ့ ညနေ၌ ဘောင်းကြိုင်သည် ဆေးကျောင်းသားမောင်တင်ဟန်
အား ကျောက်မြောင်းရပ်ရှိ အလွန်ရှောင်ကျသော နေရာတစ်ခုသို့ ခေါ်သွား
ပြီးလျှင် လူတစ်ယောက်နှင့် တွေ့ဆုံမိတ်ဖွဲ့ပေးလေရာ ထိုသူမှာ "ကာကာရိန့်"
ဆိုသူပင် ဖြစ်လေသည်၊ ဘောင်းကြိုင်ပြန်သွားသောအခါ မောင်တင်ဟန်က
လက်ဖက်ရည်ဖိုးဟုဆိုကာ ငွေစက္ကူ (၁၀) တန်သုံးချပ် ဘောင်းကြိုင်၏အိတ်
ထဲသို့ ထည့်လိုက်သေး၏။

မောင်တင်ဟန်သည် ကာကာရိန့်၏မျက်နှာကို တစ်ချက်မျှ လှမ်း၍ကြည့်
လိုက်ပြီးနောက် -

"ငါ - ဒီမျက်နှာမျိုးကို မြင်ဖူးပါတယ်၊ ဘယ်မှာမြင်ဖူးပါလိမ့်မလဲ"

ဟု အတန်ကြာ စဉ်းစားလျက်ရှိ၏၊ သို့သော် စဉ်းစား၍မရသဖြင့် နောက်
ဆုံး လက်လျှော့လိုက်ရလေသည်၊ မောင်တင်ဟန်က ကာကာရိန့်အား မိတ်ဖွဲ့
စကားပြောကြားပြီးနောက် မည်သည့်လမ်း၊ မည်သည့်နေရာ၊ မည်သည့်
လှေကားမှ တက်ရမည့်အကြောင်း၊ အခန်းရှင်မှာ ကောင်းစွာ မကျန်းမာသော
မိန်းမကြီးတစ်ယောက်ဖြစ်၍ ပန်းချီကားကို သူ၏အိပ်ရာခေါင်းရင်းရှိ စင်
ပေါ်တွင် ကတ္တီပါဖုံးအုပ်ထားကြောင်း၊ ထိုကားကိုယူပြီးလျှင် ထိုနေရာတွင်
ကန့်သတ်သည့် ရက်အတွင်း၌ ဆက်ဆက်ပြန်ပေးပါမည်ဆိုသော စာတစ်
စောင်ကို ထားခဲ့ရမည်ဖြစ်ကြောင်း၊ တံခါးမှာ ပျက်နေသဖြင့် ကန့်လန့်ကို
အပြင်မှ လွယ်လင့်တကူ နုတ်ယူနိုင်ကြောင်းဖြင့် စိတ်ရှည်လက်ရှည် ပြော
ပြလျက်ရှိလေ၏၊ ကာကာရိန့်က မောင်တင်ဟန် စကားကို နားထောင်ပြီး
နောက် -

"ဥစ္စာရှင်က မိန်းမကြီး ဟုတ်စ"

"ဟုတ်ပါတယ် - ပြီးတော့လည်း ကောင်းကောင်း မမာရှာပါဘူး"

"ငှားရင် မရဘူးလား - ဆရာ၊ မိန်းမကြီးလည်း ဖြစ်ပြန်၊ ဆင်းလည်း
ဆင်းရဲပြန်တော့ ငွေပေးရင် ငှားမှာပေါ့ - ဆရာရဲ့၊ ခက်တာက တကယ်လို့
မိန်းမကြီးက အော်မယ်၊ ခုခံမယ်ဆိုရင် ကျွန်တော်က စိတ်မြန်မြန်နဲ့ ထင်မိ
ထင်ရာ လုပ်မိမှာစိုးတယ် - ဆရာ"

"ဒီလိုဗျာ - ခင်ဗျာ့ဆီကို ကျုပ်လာတာဟာ နောက်ဆုံး မတတ်နိုင်တဲ့
အဆုံးကျမှ လာတာပဲ၊ ငှားဖို့ဆိုတာတော့ - ဒီပန်းချီကားကို ဘယ်နည်းနဲ့မှ
မငှားဘူး၊ ငှားဖို့နေနေသာသာ သူ့မျက်စိအောက်မှာတောင် ကူးဖို့အခွင့်
မပြုဘူးဗျ၊ ဒါပေမဲ့ - ကျုပ်က အကြမ်းပတမ်းလုပ်တာတော့ သဘောမတူနိုင်
ဘူးဗျို့၊ ဘယ်နည်းနဲ့မှ နာအောင် ကျင်အောင်တော့ မလုပ်ပါနဲ့ဗျာ၊ ဒီတော့
ခင်ဗျား စိတ်ခင်ဗျား နိုင်မနိုင်ကို မလုပ်ခင် စဉ်းစားစမ်းပါဦး"

တစ်ခဏမျှ စဉ်းစားပြီးနောက် -

"ကိုင်းဗျာ - လုပ်မယ်၊ ခင်ဗျား ဘယ်လောက်ပေးမလဲ"

www.burmeseclassic.com

"သုံးရာဗျာ - တော်လောက်ပြီမဟုတ်လား"

"တော်ပါပြီ - ခင်ဗျားလိပ်စာရယ်၊ အရုပ်ကားနေရာမှာ ထားပစ်ရမယ့် တရယ်သာ ကျူပ်ကို ပေးပေတော့။ ဒီကနေ့ (၂)နာရီထိုးမှာ အရုပ်ကားကို ခင်ဗျားလက်ထဲအပ်မယ်၊ ခင်ဗျားအိမ်ကနေပြီး ငွေနဲ့သာ အဆင်သင့် စောင့်နေပေတော့"

"စိတ်ချပါဗျာ၊ ကျူပ် စောင့်နေပါ့မယ်။ ရော့ - စရန် တစ်ရာယူသွား"

ဦးဝိဝ်

အထက်ပါ ပုံဝတ္ထုကလေးကဲ့သို့ အကြောင်းများကို ပြောပြပြီးနောက် ကာကာရိဋ္ဌက ဆက်လက်၍ -

"ဒါနဲ့ - ကျွန်တော်လည်း ဒီမိန်းမကြီး အခန်းရောက်အောင် ဘယ်က တက်ရတယ်၊ လှေကားဟာ ဘယ်နေရာရှိတယ်၊ အလယ်ထပ်မှာ ဘယ်သူနေ တယ်၊ အောက်ဆုံးထပ်မှာ ဘယ်သူရှိတယ်၊ နိုဗို့မှောင်ရိပ်က ဘယ်မှာရှိတယ် ဆိုတဲ့အကြောင်းတွေကိုမေရေစုတွင်းကျူသူ့ဆီကမေးပြီးည(၁၁)နာရီကျော် ကျော်မှာ လမ်း(၄၀)ထဲကိုဝင်ပြီး အသွားအပြန် ဒီတိုက်ကို လျှောက်ကြည့် တယ်။

ကြည့်ပြီး (၁၂)နာရီလည်းထိုးလို့ လူခြေလည်းတိတ်ရော ဒီတိုက်နဲ့ မျက် နှာချင်းဆိုင် ပြင်နေတဲ့ တိုက်ပျက်တစ်လုံးအောက်ကို ဝင်ပြီးကပ်တယ်။ တစ် နာရီလည်းထိုးရော သူပြောတဲ့လှေကားအတိုင်း တိုက်ပေါ်ကို တက်ပါလေ ရော - ဦးလေးရယ်။ ဒီလိုရှင်းရှင်းလင်းလင်းတက်ရတဲ့လှေကားမပြောနဲ့ အင် မတန်ရှုပ်တဲ့ (၅)ထပ်တိုက်လှေကားကြီးတွေတောင် တက်လာသေးတာ ဒီလှေကားလောက် ဘာအရေးကြီးသလဲ"

"ဒါနဲ့ - အပေါ်ဆုံးထပ်ရောက်တော့ မိန်းမကြီးအခန်းက ဘာသံမှ မကြား ရဘူး ခင်ဗျ။ ဒါနဲ့ - ကျွန်တော်လည်း မှောင်ရိပ်ခိုပြီး တံခါးဆီကို တဖြည်းဖြည်း တပ်သွားတော့ - လား - လား - တံခါးဟာ အထဲက ကန့်လန့်မထိုးဘူး ခင်ဗျ။ သော့ချိတ်ကလေးနဲ့ အတွင်းက ချိတ်ရုံပဲ ချိတ်ထားတာတွေ့ရတယ်။ တံခါး

တ ချောင်ပြီး တစ်လက်မလောက် ဟ,နေတော့ အထူးဖွင့်နေစရာ မလိုတော့ ပါဘူး ခင်ဗျ။ လက်ညှိုးကလေးနဲ့ အပြင်ဘက်ကနေပြီး အသာမ,လိုက်ရုံနဲ့ ပွင့်သွားတော့တာပါပဲ။ နောက် - ကျွန်တော်လည်း တံခါးနားကပ်ပြီး သူနိုး ထုံးစံအတိုင်း အိမ်ထဲကလူ အိပ်,မအိပ် နားထောင်တာကိုး ခင်ဗျ။ အသက် မှန်မှန်ပြင်းပြင်းရှူပြီး နေသံကြားရတော့ အခန်းထဲမှာ လူအိပ်မောကျနေပြီ ဆိုတာ သိရတာပါပဲ"

"ဒါနဲ့ - ကျွန်တော်လည်း အခန်းထဲ ခြေဖျားထောက် ဝင်တာကိုးခင်ဗျ။ ခုတင်ပေါ်မှာ မိန်းမကြီးတစ်ယောက် ဟိုဘက်လှည့်ပြီး အိပ်နေတာရယ်၊ သူ့ ခေါင်းရင်းက စင်ပေါ်မှာ အဝတ်နက်တစ်ခုနဲ့အုပ်ထားတဲ့ အရုပ်ကားဆိုတာ ရယ် မြင်ရတာပါပဲ ခင်ဗျာ"

"မြင်ရတယ်ဆိုတာက ဒီလို - ဦးလေးရယ်၊ လကလေးကလည်း သန်း ခေါင်လောက် ထွက်အလာ တိုက်နံဘေးပြတင်းပေါက်ပေါက လေဝင်ပေါက် မှန်က ဝင်ပြီးလာတဲ့ မလင်းတလင်း အရောင်ကလေးနဲ့ မြင်ရတာပေါ့ ဦးလေး ရယ်၊ ပြီးတော့ - ကျွန်တော့်မျက်စိကလည်း မှောင်ထဲမှာ သူများထက် ပိုမြင် နိုင်တယ်။ ဒီအကြောင်းလည်း ဦးလေးကို ပြောရဦးမှာပေါ့၊ နောက် - ကျွန် တော်လည်း အရုပ်ကားရှိတဲ့နေရာရောက်အောင် ခြေဖျားထောက်သွား၊ အရုပ်ကားယူ၊ ကျွန်တော့်အိတ်ထဲက စာကလေးနှိုက်ပြီး အရုပ်ကားထားတဲ့ နေရာ ချထားခဲ့တာပေါ့ - ဦးလေးရယ်"

"အင်း - အသက်တဖျားလုပ်ရတဲ့အလုပ်ပဲဟေ့။ ဦးလေးဖြင့် သုံးရာမက သုံးထောင်ပဲရရ မလုပ်ဝံ့ပါဘူးကွယ်၊ လူတွေအိပ်နေတဲ့ အိပ်ခန်းထဲ ဝင်ရုံနဲ့ ဦးလေးဖြင့် ရင်တုန်လှပြီ"

"ကျွန်တော်ကတော့ အစရှိနေပြီကိုး - ဦးလေးရဲ့ နည်းနည်းကလေးမှ မကြောက်တော့ဘူး။ မိန်းမတစ်ယောက်အိပ်နေတာ မပြောနဲ့၊ ယောက်ျားဆြို (၁၀)ယောက် အိပ်နေပါစေ - ကျွန်တော် ဝင်ဝံ့ပါတယ်"

"ကိုင်း - ဆက်စမ်းပါဦး"

www.burmeseclassic.com

www.burmeseclassic.com

"ဒါနဲ့ – စင်ပေါ်မှာ စာရွက်ခေါက်ကလေး ချထားခဲ့ပြီးနောက်ကိုလည်း တစ်လှမ်းပြန်ဆုတ်လိုက်ရော မိန်းမကြီးဟာ အိပ်ရာက တစ်ခါတည်း လန့်နိုးပြီး အိပ်ရာပေါ်မှာ ငုတ်တုတ်ထိုင်နေရက်သား ဖြစ်နေပြီကိုးခင်ဗျ။ ကျွန်တော်လည်း အခန်းအလယ်လောက်ရောက်လာရော မိန်းမကြီးဟာ ကျွန်တော့်အပေါ် ခုန်အုပ်လိုက်ပြီး အရုပ်ကားကို တစ်ခါတည်း လုတာပါပဲ ခင်ဗျာ။ ပါးစပ်ကလည်း –

"ငါ့ပန်းချီကားပေး – သူခိုး – သူခိုး"

ဆိုပြီး အော်တော့တာပါပဲ ခင်ဗျာ။ ဒီတော့ ကျွန်တော်က –

"လွှတ် – လွှတ် – အမယ်ကြီး – မားထိုးခံချင်လား – လွှတ်စမ်း"

ဆိုပြီး ရုန်း၊ သူကလည်း အော်ပေါ့ခင်ဗျာ။ ဒီတော့ – ကျွန်တော်လည်း စိတ်ထွက်လာပြီး ကိုင်း – သေပေတော့ဆိုပြီး ခါးထဲက မားမြှောင်ဆွဲနုတ်ပြီး တစ်ချက်တည်း ရင်ဝကို စိုက်လိုက်တာ မိန်းမကြီးလည်း ကြမ်းပြင်ပေါ် လဲကျသွားတာပါပဲ။ အဲဒီလိုလဲလို့ ကားပေါင်ပေါ်အုပ်ထားတဲ့ အဝတ်ပြုတ်ကျသွားတော့ ကျွန်တော်လည်း အိတ်ထဲပါလာတဲ့ လက်နှိပ်ဓာတ်မီးအငယ်စားကလေးနှင့် အရုပ်ကားကို ထိုးကြည့်လိုက်တဲ့အခါ ပန်းချီကားကိုလည်း မြင်ရရော တစ်မိနစ်အတွင်း ကျွန်တော့်ဘဝဟာ စိတ်ထဲမှာ အလိုလိုပြောင်းသွားပြီး ဟိုငယ်ငယ်က အဖြစ်တွေဟာ မျက်စိထဲ တစ်ခါတည်းပေါ်လာတော့တာပါပဲ ဦးလေးရယ်။ ကားအောက်က ရေးထားတဲ့ စာကို မြင်လိုက်ပြန်တော့ –

"အင်း – ဘအုံး – ဘအုံး – ချွေးထွက်မိုက်တဲ့ – ဘအုံး – နင်တော့ အမှားကြီးမှားပြီ"

ဆိုပြီး မေမေ့ကို တစ်ခါတည်း ပွေ့ယူလိုက်မိတယ်။

"ဩော် – ဒီမိန်းမကြီးက မင်းအမေလား"

"ကျွန်တော့်အမေပေါ့ – ဦးလေးရယ်၊ ရုပ်ပုံကားက အဖေဟာ ကျွန်တော် (၇) နှစ်သားအရွယ်က ကျွန်တော့်ကို ပုံတူဆွဲထားတဲ့ကားပဲ။ ဘအုံးဆိုတာက ကျွန်တော့်ငယ်နာမည်ပေါ့ – ဦးလေးရဲ့"



"ဖြစ်မှဖြစ်ရ – မောင်ပေါ်လွင်ရယ်၊ တိုက်ဆိုင်မှ တိုက်ဆိုင်တတ်လွန်းလှတယ်ကွယ်"

"ကျေးဇူးရှင်အစစ်ကို ဖြစ်မှားမိလို့လည်း သန်ဘက်ခါ မနက်ကို ကြိုးစင်တက်ရတော့မှာပဲ – ဦးလေးရဲ့၊ တစ်ခါကလည်း ကျွန်တော့် ဦးလေးအရင်းအိမ်ဝင်ခိုးမိလို့ မမိတန်ဘဲနဲ့မိရပြီး ထောင်တစ်နှစ်ကျခဲ့တာ ဦးလေးသိပြီးသားပဲ၊ အဲဒါနဲ့ – အမေ့ကိုပွေ့ထားတဲ့အချိန်မှာပဲ အောက်ထပ်က တက်လာတဲ့လူသံတွေရော၊ ခြေသံတွေရော ကြားရပြီး ချက်ချင်းလိုပဲ ကျွန်တော့်ကို ဝိုင်းဖမ်းကြတာပါပဲ – ဦးလေးရယ်၊ ကျွန်တော်လည်း စကားရှည်မှာစိုးတာနဲ့ တစ်ခွန်းမှ ပြန်မပြောဘူး၊ ပစ္စည်းခိုးရအောင်လာရင်း လူနိုးတာနဲ့ မားနဲ့ ထိုးသတ်မိတဲ့အကြောင်း တည့်တည့်ကြီး ဝန်ခံလိုက်တယ်၊ ကျွန်တော့်အမေလည်း ကျွန်တော့်လက်ပေါ်မှာပဲ အသက်ပျောက်သွားရှာတယ်၊ သေတဲ့မိန်းမကြီးဟာ သူခိုးတစ်ယောက်ရဲ့အမေပါကလားဆိုပြီး ကျွန်တော့်အတွက်နဲ့ သေတဲ့လူရဲ့ ဂုဏ်ကို ထိခိုက်မှာစိုးတာနဲ့ ကျွန်တော့်အမေပါရယ်လို့ ကျွန်တော် အစစ်မခံခဲ့ဘူး ခင်ဗျ"

"အင်း – မောင်ပေါ်လွင့်အမှုက စဉ်းစားကြည့်လေ၊ တကယ်ကြေကွဲစရာကောင်းလေပါကလား – မောင်ပေါ်လွင်ရယ်"

"ကိုယ့်အမေရင်းကို ကိုယ်မသိလို့ မားနဲ့ထိုးသတ်မိတယ် – ထားဦးလေ၊ သေပြီးတဲ့နောက် အမေရယ်လို့တောင် ဖွင့်ပြီးမပိုင့်တဲ့ဘဝမျိုးပဲ – ဦးလေးရဲ့၊ ဒီအမှုကို ကျွန်တော် ကျိတ်မှိတ်ပြီးခံခဲ့တာ သန်ဘက်ခါ မနက်ကျရင်တော့ ဝဋ်ကျွတ်ပါပြီ – ဦးလေးရယ်"

"အင်း – တရားနဲ့သာ ဖြေပါတော့ – မောင်ပေါ်လွင်၊ လွန်မိတဲ့ကိစ္စကို နောင်တရနေလို့ ကိုယ့်မှာသာ အကုသိုလ်ပွားတော့မှာပဲ"

"ပြီးတော့ – အခုလို ကြိုးပေးခံရပြီး ကြိုးနဲ့သေရတာဟာ ကျွန်တော့်စိတ်ထဲမှာတော့ တစ်မျိုးဝမ်းသာတယ် – ဦးလေးရေ့၊ ကြိုးစင်ပေါ်တက်ရတာ နည်းနည်းတလေးမှ ကျွန်တော်ဖြင့်မကြောက်ဘူး"

www.burmeseclassic.com

"ဘာဖြစ်လို့လဲ"

"လည်ပင်းမှာကြိုးတပ်ပြီးသေရတာဟာ အသေဆိုးသေရတဲ့ အထဲမှာ အသက်သာဆုံးသေခြင်းပေါ့ - ဦးလေးရဲ့၊ ကျွန်တော်ကြီးရင် အသေဆိုးနဲ့ သေရလိမ့်မယ်လို့ ဗေဒင်က ဟောဖူးတယ်၊ ဒါကြောင့် - ဓားနဲ့သေရမှာ၊ သေနတ်နဲ့ သေရမှာ၊ အဆိပ်သောက်သေရမှာများ ကျွန်တော်ဖြင့် သိပ် ကြောက်တာပဲ"

"အတူတူပဲနေပါလိမ့်မယ် ထင်ပါရဲ့ကွယ်"

"မဟုတ်ဘူး - ဦးလေး၊ ဝေဒနာခံစားရတဲ့နေရာမှာ ဒါဟာ အသက်သာ ဆုံးနဲ့ အမြန်ဆုံးနည်းပဲ၊ အလွန်ဆုံးခံရလှရင် နှစ်မိနစ်ပေါ့ - ဦးလေးရယ်၊ ဒါထက် - ကျွန်တော် ဘာကြောင့် သူခိုးဖြစ်လာတဲ့အကြောင်း စကားဆက် ရဦးမယ်၊ အချိန်ရှိပါသေးရဲ့နော်"

"အင်း - ငါးမိနစ်လောက်တော့ ကျန်ပါသေးတယ်၊ ထောင်မြှာတာ မလာသေးပါဘူး"

"ကျွန်တော့်ကို ဘာဖြစ်လို့ ကာကာရိုင်ရိုလို့ ခေါ်ကြသလဲ - ဦးလေး"

"မင်းကလဲကွယ် - အသိသားနဲ့ မေးနေရသေးသလား၊ မင်းမျက်စိ တစ် ဖက်လပ်နေလို့ပေါ့ကွယ့်"

မောင်ပေါ်လွင်သည် သူ၏မျက်နှာကို လမ်းကြားတွင် ထွန်းထားသော မီးအိမ်အလင်းရောင်ဘက်သို့ လှည့်ပြီးလျှင် လက်ဝဲဘက်မျက်လုံးကို လက် နှစ်ဖက်ဖြင့် ဖြဲပြီးနောက် -

"ဟောဒီဘက်မျက်လုံးကို ဦးလေး သေသေချာချာ ကြည့်စမ်း - ဘာမြင် ရသလဲ"

ကျွန်ုပ်လည်း သေချာစွာကြည့်ရှုရာ အပေါ်မှ မျက်ခွံမှာ စေ့လုမတတ် ပိတ်၍နေသော်လည်း အောက်၌မူ အနက်လုံးကလေးတစ်လုံးကို တွေ့မြင်ရ လေ၏၊ ၎င်းမှာ လူ၏မျက်လုံးလောက် မကြီးသော်လည်း နက်ပြောင်၍ အရောင်တောက်ပြီးလျှင် မျက်ဆံကဲ့သို့ အဖြူကြောင်းကလေးတစ်ခုသည် အထက်နှင့်အောက် ထောင်လျက်ရှိလေသည်၊

# ၁၁

ကြောင်က သေတာ ကြာပြီနဲ့တူပါတယ်—ဦးလေးရယ်။
ခေါင်းခွံနဲ့ အရိုးလောက်ပဲ ကျန်ပါတော့တယ်။ ဒါနဲ့—ဆရာကြီးက
ကြောင်သေကောင်ကို တောင်ဝှေးနဲ့ချိတ်ဆွဲပြီး အပြင်ထုတ်လိုက်တော့
ခေါင်းခွံက မျက်လုံးအိမ်ထဲမှာ မျက်လုံးတစ်ဖက် အကောင်းအတိုင်း
မျက်တောင်ခတ်နေတာ ကျွန်တော်မြင်ရတယ်။



"ဘာမြင်ရသလဲ - ဦးလေး"

"မင့်ဥစ္စာ မျက်စိမှမပျက်ဘဲ၊ မျက်လုံးကလေးက အကောင်းလိုမြင်ရ တယ်"

"အကောင်းတော့အကောင်းပေါ့ - ဦးလေးရဲ့၊ နို့ပေမဲ့ - လူ့မျက်လုံးတော့ မဟုတ်ဘူး"

"မင်းပြောတာ ငါ ကောင်းကောင်း နားမလည်သေးပါဘူးကွယ်"

"လူ့မျက်လုံးမဟုတ်ဘူး - ဦးလေးရဲ့ ကြောင်မျက်လုံး တပ်ထားတာ"

"ဘာကွယ့်"

www.burmeseclassic.com

www.burmeseclassic.com

"ကျောက်ပေါက်ပြီး ကျွန်တော့်မျက်လုံး ပျက်သွားတုန်းက ကျွန်တော့်ကိုဆေးကုတဲ့ ဆရာကြီးက ကြောင်တစ်ကောင်ရဲ့မျက်လုံးကို တပ်ပေးခဲ့တယ်"

"မဟုတ်နိုင်တာကွယ်"

"ဟုတ်တာပေါ့ - ဦးလေးရယ်။ ကျွန်တော်ကျောက်ပေါက်တုန်းက လားရှိုးနားက ရွာတစ်ရွာမှာ ကျွန်တော်ရောက်နေတယ်။ ကျွန်တော့်ကိုဆေးကုတာက ရှမ်းဆရာကြီးနဲ့ တူပါတယ်။ ဒါနဲ့ - ကျွန်တော့်မျက်လုံးထဲ ကျောက်ဝင်ပေါက်ပြီး မျက်လုံးပျက်သွားတဲ့ နောက်တစ်နေ့မှာပဲ ...

"မင်းကို ငါ မျက်လုံးအသစ် ငါထည့်ပေးမယ်"

ဆိုပြီး ကျွန်တော့်ကို ရွာကအတော်ဝေးတဲ့ တောစပ်တစ်ခုခေါ်သွား ဦးလေးရဲ့။ အဲဒီတောထဲရောက်တော့ နဘူးချုံတစ်ချုံအောက်မှာ သူက လက်ညှိုးထိုးပြလို့ကြည့်လိုက်တော့ ကြောင်သေတစ်ကောင်မြင်ရတယ်။ ကြောင်က သေတာကြာပြီနဲ့တူပါတယ် - ဦးလေးရယ်၊ ခေါင်းခွံနဲ့ အရိုးလောက်ပဲကျန်ပါတော့တယ်။ ဒါနဲ့ - ဆရာကြီးက ကြောင်သေကောင်ကို တောင်ဝှေးနဲ့ချိတ်ဆွဲပြီး အပြင်ထုတ်လိုက်တော့ ခေါင်းခွံက မျက်လုံးအိမ်ထဲမှာ မျက်လုံးတစ်ဖက် အကောင်းအတိုင်း မျက်တောင်ခတ်နေတာ ကျွန်တော်မြင်ရတယ်။

ဒီတော့ - ဆရာကြီးလည်း သူ့အိတ်ထဲမှာပါတဲ့ ဆေးပုလင်းထဲက ဆေးရည်ကို အဲဒီကြောင်မျက်လုံးအိမ်ထဲ လောင်းထည့်လိုက်ပြီး တစ်ခါတည်း မျက်လုံးကို ဓားနဲ့ ကော်ထုတ်ယူတာပါပဲ။ ဒီနောက် - အိမ်ကျတော့ ဒီကြောင်မျက်လုံးကို ဆေးရည်စိမ်ပြီး ကျွန်တော့်မျက်လုံး ပေါက်သွားတဲ့နေရာမှာ အစားသွင်းပေးလိုက်တာကိုး - ဦးလေးရဲ့"

"တယ်လည်း ထူးဆန်းပါကလား - မောင်ပေါ်လွင်"

"ဟုတ်ကဲ့ - ကျွန်တော်တော့ ကိုယ်တွေ့ပဲ - ဦးလေးရေ"

"အဲဒီလို အစားသွင်းလို့ဖြစ်ကဲ့လားကွယ့်။ အနေရ မခက်ဘူးလား"



"ပထမတော့ အောင့်သက်သက်နဲ့ အတော်အနေရ ကျပ်တာပေါ့ ဦးလေးရယ်၊ ဒါပေမဲ့ - သူဆေးထည့်ပေးပြီး ကျွန်တော့် မျက်လုံးတစ်ဖက်ကို အဝတ်နဲ့ (၇)ရက် စည်းပေးတာ။ နောက်တော့ - ဘာမှမဖြစ်တော့ပါဘူး"

"အင်း - ဒါလည်းကြောင်ဦးခေါင်းမှာရှိတဲ့ အမြုတေပေါ့ကွယ်။ အမြုတေဆိုတာ ဆင်မှာရှိတယ်၊ ဝက်မှာရှိတယ်၊ နဂါးမှာရှိတယ်၊ လူမှာရှိတယ်၊ ချိုးမှာရှိတယ်၊ ကြောင်မှာရှိတယ် - အမျိုးမျိုးပေါ့။ နေပါဦး - ဒါက ဘယ်လိုစွမ်းသလဲ မောင်ပေါ်လွင်ရဲ့"

"ဆရာကြီး ပြောလိုက်တာကတော့ ဒီကြောင်မျက်လုံးရှိနေသမျှ မင်းတော့ ထမင်းမငတ်နိုင်ပါဘူးကွယ်၊ မင်းလိမ္မာသလိုသာ ကြည့်သုံးပေရော့လို့ ပြောခဲ့တာပဲ။ ဒီအခါတုန်းက ကျွန်တော်က အသက် (၁၄)နှစ်ပဲရှိသေးတယ်၊ ဒါနဲ့ - ကျွန်တော်လည်း ဘာမှနားမလည်ဘူး၊ အမှတ်တမဲ့ နေခဲ့တာ နောက်တစ်လလောက်ကြာတော့ ထူးခြားတာတစ်ခုက ည (၁၂)နာရီလောက်ဆိုရင် ကျွန်တော်ဟာ မအိပ်ချင်ဘူး - ဦးလေးရေ၊ လျှောက်လည်ချင်တာပဲ။

ဒါနဲ့ - ကျွန်တော်နေတဲ့ ဘုန်းကြီးကျောင်းက တိတ်တိတ်ခိုးထွက်၊ ဝင်းထရံကျော်တက်၊ ရွာထဲလျှောက်လည်၊ ဝင်ချင်တဲ့အိမ်ဝင်၊ မီးဖိုဆောင်ဝင်၊ ထမင်းခိုးစား၊ ဟင်းခိုးစားပေါ့ - ဦးလေးရယ်။ ဥယျာဉ်တို့၊ ခြံတို့ဆိုတာလည်း ဝင်ချင်တဲ့ခြံဝင်ပြီး သစ်သီးမျိုးစုံ ခိုးစားတာပဲ။ ပြီးတော့ - ဘယ်လို အတားအဆီးမျိုးမှလည်း မကြောက်ဘူး၊ ဝင်းထရံလည်း တက်တာပဲ၊ သစ်ပင်လည်း တက်တာပဲ၊ အိမ်လည်းတက်တာပဲ။ ဒီလိုနဲ့ တေပေလာခဲ့တာ ဒီက စပြီး ကျွန်တော်လည်း သူခိုးဖြစ်မှန်းမသိ ဖြစ်လာတော့တာပါပဲ ခင်ဗျာ။ ခက်တာတ ညကျရင် ဒီလိုမလုပ်ဘဲ မနေနိုင်သလိုပဲ - ဦးလေးရဲ့၊ အဲဒါ - ထူးခြားတာပဲ"

"ဒီမျက်လုံးက မြင်ကော မြင်ရဲ့လား"

"နေ့ခင်းတော့ တောင်းတောင်း မမြင်ရပါဘူး - ဦးလေးရေ။ ဒါပေမဲ့ ညဥ့်မှောင်ထဲကျရင် ဘာပဲဖြစ်ဖြစ် မှန်မှန်တော့မြင်ရတယ် ဦးလေးရဲ့"

www.burmeseclassic.com

"ကိုင်း - မောင်ပေါ်လွင် - ဦးလေးကို နောက်ဆုံး ဘာများမှာခဲ့ချင်သေးသလဲ၊ ဦးလေး မင့်အတွက် ဘာဆောင်ရွက်ပေးရမလဲ"

"တစ်ခုတော့ လုပ်ပေးစေချင်တယ် - ဦးလေးရယ်၊ ကျွန်တော်တို့ သူခိုးခါးပိုက်နှိုက်ဂိုဏ်းမှာ အရင်က လူကြီးလုပ်ဖူးတဲ့ ကိုသောင်းကြိုင်ဆိုတာ ရှိတယ်၊ အခုတော့ - ဒီအလုပ်ကို သူ မလုပ်တော့ဘူး၊ ဖရေဇာလမ်းဘက်က လွှစ္စလမ်းထိပ်ဟိုတယ်မှာ ဘဏ္ဍာစိုးလုပ်နေတယ်၊ ခေါင်းတုံးဆံတောက်နဲ့ လူဝဝ၊ အဲဒီလူက ကျွန်တော့် လက်ဝဲဘက်မျက်လုံးအိမ်ထဲမှာ ကြောင်အမြုတေရှိတယ်ဆိုတာ သိတယ်၊

တော်တော့လူဆိုရင် ကျွန်တော့်ကိုသတ်ပြီး မျက်လုံးဖောက်ယူတာ ကြာလှပြီ၊ သူက ဒီပစ္စည်းကို လိုချင်နေတယ် - ဦးလေးရဲ့၊ ဒီတော့ - သူက ကျွန်တော့်ဆရာလည်းဖြစ်ပြန်၊ သူ့ကျေးဇူးလည်း ကျွန်တော့်အပေါ်မှာ ရှိပြန်ဆိုတော့ မပေးရင် မကောင်းဘူး၊ သေပြီးတဲ့နောက်မှ နှမြောနေရင် ရှိုင်းရာကျမယ်၊ ဒီပစ္စည်းကိုလည်း သူ့လက်ထဲ မရောက်စေချင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဒီလူလက်ထဲ ဒီပစ္စည်းရောက်သွားရင် ကျွန်တော့်လိုပဲ မကောင်းမှုတွေ လျှောက်ပြီး သူလုပ်နေဦးမယ်"

"ကျွန်တော်တော့ နောင်တရပြီ - ဦးလေး၊ ကျွန်တော် တစ်ယောက်သာ အမိုက်ခံမယ်၊ တခြားလူတစ်ယောက်ဟာ ကျွန်တော့်ပယောဂနဲ့ ကျွန်တော့်လို မဖြစ်စေချင်ဘူး"

"ဒီလိုဆိုရင် - ဦးလေးလည်း သဘောကျတာပေါ့ကွယ်၊ သူ့ကို မောင်ပေါ်လွင်က စကားဘယ်လိုလွှန်နေလို့လဲ"

"ကျွန်တော့်ကို စီရင်ချက်ချပြီး အယူခံဦးမလားလို့မေးတော့ ကျွန်တော်က မခံတော့ဘူးလို့ပြောလိုက်တယ် - ဦးလေးရဲ့"

"ခံပါဦးလားကွယ်၊ တကယ်လို့ အထက်အစိုးရက သနားရင် ..."

(စကားမဆုံးမီ) - "မထူးတော့ပါဘူး - ဦးလေးရယ်၊ ကျွန်တော်ဟာ လောကကြီးမှာ နေဖို့လည်း မတော်ဘူး၊ နေလည်းနေချင်စိတ် မရှိတော့ဘူး၊



သေဖို့ စိတ်နှလုံးကို တုံးတုံးချပြီးပါပြီ၊ ဒီတော့ - ကျွန်တော်အယူမခံတော့ဆိုတဲ့အကြောင်းလည်း သူသိရော အလောင်းကို သူသဂြိုဟ်ပါရစေလို့ တောင်းပန်တော့ ကျွန်တော်က သဘောတူလိုက်ရတယ်၊ "ဒီယုန်မြင်လို့ ဒီချုံထွင်" တာပေါ့ - ဦးလေးရယ်"

"ဒီတော့ - ဦးလေးကို ဘယ်လိုလုပ်စေချင်သလဲ"

"ကျွန်တော့်စကားတလည်း သူ့အပေါ်လွှန်နေပြီကိုး - ဦးလေးရဲ့၊ ဒီတော့ ကျွန်တော့်အလောင်းကို သူရတောင် ဒီကြောင်မျက်လုံး သူ့လက်ထဲမရောက်အောင် ဦးလေးက ဆောင်ရွက်ပေးစေချင်ပါတယ် - ဦးလေးရယ်"

"မင့်အလောင်း သူ့လက်ထဲမအပ်ခင် အမြုတေကို ဦးလေးက ထုတ်ယူထားလိုက်စေချင်တယ် ဆိုပါတော့"

"ဟုတ်ပါတယ် - ဦးလေးရယ် - ဒီအတိုင်းပါပဲ၊ ဟော - ဦးလေးကို ခေါ်ရအောင် ထောင်ပြာတာ လာနေပြီ၊ ပြီးတော့ - မှာခဲ့ပါရစေလို့ - ဦးလေးရယ်၊ ဦးလေးထောင်က လွတ်သွားတဲ့အခါမှာလည်း ကျွန်တော့်အတွက် သပိတ်သွတ်ပြီး အမျှအတန်းဝေပါနော်"

"စိတ်ချပါ - မောင်ပေါ်လွင်၊ ဒီအတွက်တော့ ဦးလေးတာဝန်ထားပါ၊ ကိုင်း - စိတ်ချပေတော့၊ ဒီအမြုတေ သူ့လက်ထဲ မရောက်အောင် ဦးလေး ကြည့်ပြီး စီမံလိုက်မယ်"

ထိုအချိန်၌ ကျွန်ုပ်တို့အနီးသို့ ထောင်ပြာတာ ရောက်လာပြီဖြစ်၍ ကျွန်ုပ်လည်း မောင်ပေါ်လွင်အား နှုတ်ဆက်ပြီးနောက် လှုချင်းခွဲကြလေ၏၊

ဝိုင်

နောက်တစ်ရက်မျှ ကြာသောအခါ မောင်ပေါ်လွင်သည် ကြိုးစင်သို့ ရဲရဲဝံ့ဝံ့ တက်၍ အသေခံသွားလေ၏၊



www.burmeseclassic.com

www.burmeseclassic.com

မောင်ပေါ်လွင်ကား သေခါနီးတွင် နောင်တ တရားကောင်းစွာရသွား၏။ သူ၏ဆရာ သောင်းကြိုင်ဆိုသူသည် သူမှာထားခဲ့သည့်အတိုင်း မောင်ပေါ်လွင်၏အလောင်းကို လာရောက်တောင်းဆိုတော့၏။ သို့သော် ကျွန်ုပ်အကြံ က ဦးခဲ့လေပြီ။

မောင်ပေါ်လွင်အား ကြိုးမပေးမီညက ကျွန်ုပ်သည် နှစ်ကြီးသမား "ဖိုးကြွက်" ဆိုသူနှင့် မောင်ပေါ်လွင်၏လက်ဝဲဘက်မျက်လုံးကိုရအောင် လျှို့ ဝှက်စွာ ကြိုတင်၍ ကြံစည်ရတော့၏။ ကြိုးပေးပြီး အလောင်းများကို ကြိုးစင်၏အောက် လိုက်ခေါင်းကလေးအတွင်းသို့ဝင်၍ လက်တွန်းလှည်းကလေးဖြင့် ထုံးစံအတိုင်း ကောက်ယူရ၏။ ဖိုးကြွက်မှာ ထိုအလုပ်ကို လုပ်ရသူဖြစ်၍ ကျွန်ုပ်လည်း ဖိုးကြွက်အား ငွေ (၁၀) ပေးရလေသည်။ ဖိုးကြွက်ကား အမြုတေ၏တန်ဖိုးကို နားလည်သူမဟုတ်ပေ။

လှူသေကောင်ကို ထုတ်ယူလာပြီးနောက် ဆရာဝန်က သေကြောင်း စမ်းသပ်ပြီးသောအခါ အလောင်းကို ခေါင်းထဲသို့ထည့်ရန် ထောင်သားများ အားလွှဲအပ်လိုက်၏။ ထိုအခါဖိုးကြွက်သည်အခြားထောင်သားတစ်ယောက် ၏ အကူအညီဖြင့် အလောင်းကို ခေါင်းထဲသို့ထည့်ရလေရာ သူသည် စည် ပတ်သံချောင်းကိုလုပ်ထားသော လက်လေးသစ်ခန့်ရှိ ဓားငယ်ကလေးဖြင့် မောင်ပေါ်လွင်၏အလောင်းမှ လက်ဝဲဘက်မျက်လုံးကို ကော်ထုတ်ပြီးလျှင် ခါးပိုက်ထောင်ထဲတွင်ထည့်၍ယူခဲ့၏။ ထို့နောက်မှ ရေဖြင့်ဆေးကြောပြီးလျှင် ကျွန်ုပ်အား ပေးအပ်လေသည်။

အမြုတေကလေးမှာ ဇီးစေ့ခန့်ရှိ၍ အလယ်၌ အရည်ကြည်ရှိပြီးလျှင် ကန့်လန့်ဖြတ်အမြှေးကလေးတစ်ခုလည်းရှိလေသည်။ ကျွန်ုပ်မှာ သေခါနီး မှာကြားသော လူတစ်ယောက်၏အလိုဆန္ဒကို ဖြည့်ဆည်းလိုက်ရသဖြင့် တောင်းစွာ ကျေနပ်လျက်ရှိတော့၏။

ဤအမြုတေသာ တခြားသူတစ်ယောက်၏လက်ထဲသို့ ရောက်သွား တ ထိုသူသည် မိမိကဲ့သို့ မကောင်းမှုဒုစရိုက်များကို ပြုလုပ်တော့မည် ဖြစ်၍ မိမိပါပယောဂ မကင်းရှိပေတော့မည်ဟူသော မောင်ပေါ်လွင်၏ နောက်ဆုံး စကားများကား အဖိုးတန်လှပေ၏။ ထိုစကားများကို ကျွန်ုပ်သည် ယခုတိုင် ကြားယောင်လျက်ရှိသေး၏။

ကြိုးပေးခံရသူပေါင်း များစွာတွေ့ခဲ့ဖူးသည့်အနက် မောင်ပေါ်လွင်ကဲ့သို့ သေခါနီးတွင် နောင်တတရားရသွားသူများ ရှားပါးလှ၏။ မောင်ပေါ်လွင်မှာ နဂိုဇာတိအားဖြင့် လူကောင်းတစ်ယောက်ဖြစ်ပါလျက် အမှတ်မထင် "ကြောင်အမြုတေ" ကိုရခဲ့သောကြောင့် နိုးချင်ဝှက်ချင်စိတ်များပေါ်ပေါက်ခဲ့ ၏။ ဤအထဲတွင် လူဆိုးဂိုဏ်းနှင့် ပေါင်းမိသောအခါ နစ်ပေါင်းများစွာ ကွဲကွာ ၍နေသော မိခင်အရင်းကိုပင် သတ်မိသည်အထိ မှားယွင်းခဲ့လေသည်။ သို့ သော် သေခါနီးတွင် နောင်တတရားရခဲ့သည့်ပြင် သူပြောခဲ့သော စကားများ သည်လည်း အဖိုးတန်လှ၍ ကျွန်ုပ်ရိုးကျူးမိ၏။

သို့နှင့် ကျွန်ုပ်လည်း တစ်ညတွင် ထောင်အတွင်း လုံခြုံသောနေရာတစ် ခု၌ တွင်းတစ်တွင်း ခပ်နက်နက်တူးပြီးလျှင် မောင်ပေါ်လွင်၏ လက်ဝဲဘက် မျက်လုံးဖြစ်သော ကြောင်အမြုတေကလေးကို အစတုံး မြှုပ်နှံလိုက်လေ သတည်း။

❖ [illegible]



www.burmeseclassic.com

www.burmeseclassic.com



အလှပကို
မတ်မောခံမင်မီရာမှ လှပါ
အရောင်းစားခံရာမှ
လည်ပတ်လွန်းသော
မိန်းမတစ်ယောက်၏
ဇာတ်လမ်း . .

**သင်၏ခါးပတ်** ရှည်လျားခြင်းသည် သင်၏အသက်တိုတောင်းတော့မည့်လက္ခဏာ ဖြစ်သည်။

ထိုစကားအရဆိုလျှင် ကျွဲ၏အသက်ယုသပါရမှာမကြာမီလွှတ်ရတော့မည့်အခြေအနေသို့ဆိုက်ရောက်နေပေပြီ။ အရပ်ကလေးပေကျော်ရုံသာ ရှိသည်။ ၎င်းကျွဲ၏ဝမ်းဗိုက်ကို ပေကြိုးဖြင့် ရစ်ပတ်တိုင်းတာကြည့်လျှင် ခြောက်ပေကျော်ကျော် ရှိမည်။

ထိုသရောကာလတွင် ကျွဲမှာ လူနှင့်မတူ။ မီးသွေးမှုန့်တွေလိမ်းကျံထားသော ဖိုးဝရုပ်နှင့်သာ တကယ့်တကယ် နစ်ကယ့်နစ်ကယ် တူနေပါတော့သည်။ ထိုကျွဲဝဖြိုးသလောက် သူ့အဖေက ပိန်ခြောက်၏။ ကျွဲ၏အဖေ ဦးငဝဲ အဘယ်မျှ ပိန်ခြောက်ပါသနည်းဟူမူ ဘယ်ဟာရင်ဘတ်၊ ဘယ်ဟာကျောဟု ခွဲခြား၍မရသည်အထိ ပိန်ကပ်၏။

ဦးငဝဲနှင့် ကျွဲတို့သည် သားအဖြစ်စေကာမူ ... အချင်းချင်းစကားမပြောကြပေ။ တည့်တည့်ပြောရလျှင် သားအဖချင်း မခေါ်

www.burmeseclassic.com

www.burmeseclassic.com

# ၆၆

ထိုအချိန်တွင် အိမ်ရှေ့သို့ ကားတစ်စီးလာရပ်၏။ ကားပေါ်မှ ဆင်းလာသူများမှာ ကျွဲ၏ယောက္ခမ သူကြီးမင်း ဦးငရဲ ဖြစ်၏။ ထိုသူမှာလည်း မကဲကို ချောင်းနေသူဖြစ်ပေမယ့် သမီး မအေးရွှေ ပါလာသဖြင့် ဟန်လုပ်နေရသည်။ ကဲမမကား ဝမ်းသာနေသည်။ ကြောင်သူတော် ကြက်သူခိုးကြီးကို ရင်ကွဲ ပက်လက်ဖြစ်အောင် လုပ်ခွင့် ကြုံကြုံဖန်ဖန် ကြုံနေမှကိုး။



ကြ၊ မခေါ်ရသည့်အကြောင်းရင်းမှာလည်း ကျွဲ မျက်နှာသစ် သောအခါ နှီးခွမ်းပေဟုဟက် အသံတွေ ရှည်စွာ ထွက်လာလေ့ရှိကာ ထိုသို့ နှီးခွမ်းပီးဝမ်းအသံ ထွက်လာတိုင်း ဦးငဲက "ဟဲ့ခွေး - ဒီခွေးဟာ" ဟု ငေါက်ငမ်းလေ့ရှိသောကြောင့်တည်း။

"ကျုပ်မှ ခွေးမဟုတ်တာပဲ"

"အေးလေ - မင်းဟာ ခွေးမဟုတ်ကြောင်းကို မင်းအဖေနဲ့တကွ အရပ်ကပါသိအောင် လေးဖက်ထောက်ပြီး အူပြလိုက်ကွာ"

ပျော်စေ၊ ပြက်စေ ကလက်စေဟု နောက်ကြ၊ ပြောင်ကြပေသည့် ကျွဲရယ်မောနိုင်၊ မာန်မာနတွေ ဖုံးအုပ်နေ၏။ ကျွဲမှာ မာန်မာနတွေ တက်ကြွားကြွားကြွဖြစ်အောင် အရှေ့ဘက် ငါးအိမ်ကျော်ရှိ ဖောင်ရိုးမှုံတက်က မြှောက်ပေးနေခြင်းဖြစ်ပေသည်။



ကျွဲမှာ သားတစ်ယောက်ရှိသည်၊ အမည်သညာခေါ်စရာကား ပြဲဟု၍ ပေတည်း။ လူလျောင်၊ လူသရော်ဖြစ်သော ထိုသားသည် တစ်နေ့သောအခါ "ကဲမမ - မမကဲ" အမည်ရှိသော မိန်းမတစ်ယောက်ကို ခေါ်ဆောင်လာသည်။ အသက်မှာ ကျွဲနှင့် မတိမ်းမယိမ်းဖြစ်သည်၊ ကျွဲလို အသံပြာပေမင့် မကဲသည် ကျွဲလို သို့ကား နားမထိုင်းပေ၊

ကျွဲသည်တီဗီကိုအသံအကျယ်ကြီးဖွင့်သဖြင့် ဘေးရှိလူတွေက နားကို လက်ဝါးဖြင့်ပိတ်ထားကြ၏၊ "ဒါဟာ သူ့ကိုသရော်တာပေါ့" ဆိုပြီးစိတ်ကောက်နေသဖြင့် ဝိုင်းဝန်းချော့ကြရ၏။ သူ့ဇနီး မငွေမှာ စာမတတ်ပေ၊ ရိုးလည်းရိုး၊ အလည်းအသည်၊ ဒါကိုမကဲက သိသည်၊ အိမ်ထောင်ခုနစ်ဆက်ရှိကာ ထိုင်း၊ မလေးရှား၊ စင်္ကာပူတို့သို့ နှံ့စပ်ကျွမ်းကျင်စွာ ရောက်ဖူးသောမကဲသည် ကျွဲကို ကျကျနန ကစားတော့သည်၊

"အစ်ကိုဖို့ - ထိုင်းဒူးရင်းသီး တစ်သောင်းပေးရတယ် - အစ်ကို၊ အစ်ကို ကြိုက်တတ်မှန်းသိလို့ ဝယ်လာတာ"

ပန်းအိုင်က အညာသား ဒူးရင်းသီးကြိုက်သည်ကို မကဲ သိ၏၊ နမြောဖို့ တလွဲလို့ ဘာမျှမသိသော မငွေနှင့် မကွာလား။

"အစ်ကိုဖို့ - တညင်းသီးဆားစိမ်တွေ - အစ်ကိုကြိုက်တတ်မှန်းသိလို့ ဝယ်လာရပေမယ့် အာဟာရတန်ဖိုးက လုံးဝမရှိဘူးနော်"

ပြောတတ်လိုက်တာဟု ကျွဲ မရိုးမရွဖြစ်ရသည်၊ တရားဝင်မယားကြီး မငွေသည် စေတနာရှိရှင်ရှိမှာ ဖြစ်ပေသည်၊ မကဲလိုကား မပြောတတ်၊ ယခု အပြောကလေးကြောင့် မရိုးမရွဖြစ်ဟန်ကို မကဲ သိ၏၊ သိသောကြောင့် ကျွဲ ချောင့်မရဲဖြစ်အောင် လုပ်လိုက်သောအခါ ကျွဲမျော စိန်လက်စွပ်ပဲ ပြေးဝယ်ရမလိုလို၊ ယင်လုံအိမ်သာထဲ ဒိုင်ဗင်ထိုးဆင်းရမလိုလို ဖြစ်သွားရှာလေသတည်း။

"ဟင်းနော် - မကဲနဲ့နော်၊ မငွေ ရိပ်မိသွားမယ်"

ကျွဲကား သူ့ကိုယ်သူ အလွန်ပါးနပ် လည်ဝယ်သူ ထင်၏၊ သူ့မယားနှင့် သမီးနှင့် လာနေသော အမျိုးနှစ်ယောက်ကို အလွန်နသူများ၊ အလွန်အသူများဟု ထင်သဖြင့် သတိပေး၏။

www.burmeseclassic.com

"မကဲကို သတိထားကြနော်"

ဤသို့ပြောထားပါက မငွေသည် မိမိနှင့်မကဲအား မယုံသင်္ကာဖြစ်မှု ရှိတော့မည်မဟုတ်ဟု ငကြွ တွက်သည်။

"လူကုန်ကူးတဲ့အလုပ်မလုပ်ဘူးမပြောနိုင်ဘူးနော်၊ ဒါကြောင့် - မကဲကို ကြပ်ကြပ်သတိထားကြ"

ကိုယ့်ကိုယ်ကိုယ်လည်းလူပြီထင်သောငကြွသည်စင်စစ်အားဖြင့်မလည်ပါ၊ အကြောင်းမူ - သူက တစ်လကိုးထောင်ဖြင့် ငှားထားသော မိန်းကလေး တစ်ယောက်မှာ မကဲကို မွေးစားအမေအဖြစ် မှတ်ယူနေသူဖြစ်၏၊ မကဲတို့ ကလည်းနှုတ်သွက်သည်၊စိတ်ထဲကပါသလား၊မပါဘူးလားမသိ၊ပါးစပ်ကမူ "သမီး - သမီး"ဖြင့် တစ်သမီးတည်း သမီးနေ၏၊

နှုတ်ကောင်းတော့ပြည်စိုး၊နှုတ်ချိုသူ့ကျွန်ဖြစ်ပါး ဟူသောစကားများသည် မကဲအတွက် မှန်၏၊ သူက သမီးဟု အမျှော်ခေါ်သောကောင်မလေးက ယုံသည်၊ "အမေ့ကို လူကုန်ကူးသူလို့ ဦးငကြွကြီးက ပြောနေတယ်နော်"ဟု သတင်းပေးသည်၊

မကဲသည် လူလိမ္မာမဟုတ်ချေ၊

လူလိမ္မာမဟုတ်သောကြောင့်သာ သည်အသက်အရွယ်ကလေးဖြင့် အိမ်ထောင်ခုနစ်ဆက် ပြောင်းခဲ့ခြင်းဖြစ်၏၊ သို့ရာတွင် လူလိမ္မာ့အမျက် အပြင်မထွက်နှင့်ဆိုစကားနှင့်ညီစွာ မကဲ ပြုံးနေခဲ့သည်၊

"ဟဲ - ဟဲ - ဟဲ - ငါတော့ ဘဝင်မြင့်သွားပြီ"

ပါးစပ်က ရယ်သွမ်းသွေးပေသည့် မျက်လုံးနှစ်လုံးကမူ အတေးအမှတ် ထားသူတို့၏ဖြစ်တတ်မြဲသင်္ကေတအဖြစ် တောက်ပြောင်ဝင်းပသွားခဲ့သည်၊ ထို့ကြောင့် ကဲမသည် ငကြွကို ရေးကာထက်တိုးပြီး ပူးကပ်၏၊ ငကြွမှာ ငါ့ကို ကျနေပြီအထင်ဖြင့် အကွက်ကို ချောင်းနေခဲ့ရာ တစ်နေ့သောအခါ ငကြွ အတွက် အကွက်ဆိုက်လေ၏၊

ငကြွမှာ ဆန်သုံးလေးမျိုးအပြင် ဆန်ကွဲပါရောင်းသူဖြစ်၏၊ ငကြွအတွက် အကွက်ဆိုက်သောနေရာမှာ ဆန်အိတ်များကြားတွင်ဖြစ်သည်၊ ပေါင်လယ် အထိတိုသော ဘောင်းဘီတိုဖြင့် မြူဆွယ်နေခဲ့သောမကဲသည်မီးဖိုထဲ၌ မငွေ အလုပ်များနေချိန်ကိုရွေးပြီး ထဘီရင်လျားဖြင့်လာသည်၊ သနင့်တကို ကွဲ အောင်မပြောနိုင်စေကာမူ ငကြွသည် မကဲကို ဆန်အိတ်ကြား၌ ပွေ့ဖက်၏၊

"အစ်ကို - သည်လိုမလုပ်နဲ့လေ၊မိကဲဟာအညာလွယ်တဲ့အမျော်မယား လုပ်မစားဘူးရှင့်"

အသံပြာပြာကလေးဖြင့် ရင်လျားကို ပြင်ဝတ်ရင်း မျက်စောင်းချိုချို ကလေးထိုး၏၊ ငကြွ အသည်းခိုက်၏၊ မကဲကလည်း မိမိပစ်သောမြား၊ အဘယ်မျှတာသွားကြောင်း သိသူဖြစ်၏၊

"အစ်ကို - မိကဲကို ဘယ်လောက်ချစ်သလဲ ဟင်"

"အများကြီး - အားကြီး - တအားကြီး"

"မငွေနဲ့မိကဲ - ဘယ်သူ့ကိုပိုချစ်"

"မေးရက်ပလေတယ် - ကဲကဲရယ်"

ထိုအချိန်တွင် အိမ်ရှေ့သို့ကားတစ်စီးလာရပ်၏၊ ကားပေါ်မှ ဆင်းလာသူ များမှာ ငကြွ၏ယောက္ခမ သူကြီးမင်း ဦးငရဲ ဖြစ်၏၊ ထိုသူမှာလည်း မကဲကို ချောင်းနေသူဖြစ်ပေမယ့် သမီး မအေးရွှေ ပါလာသဖြင့် ဟန်လုပ်နေရသည်၊ ကဲမကားဝမ်းသာနေသည်၊ ကြောင်သူတော်ကြက်သူခိုးကြီးကို ရင်ကွဲပက် လက်ဖြစ်အောင်လုပ်ခွင့် ကြုံကြုံဖန်ဖန် ကြုံနေမှုကိုး၊

"အာ - အဖေတို့၊ ညီမလေးတို့ - လာကြ - လာကြ"

ငကြွသည် ကဲမကို ဆန်အိတ်များကြားတွင် ထားခဲ့ကာ ဧည့်ဝတ်ပြု သည်၊ ဧည့်သည်များကို ဧည့်ခန်းတွင် ထားခဲ့ပြီး ဆန်အိတ်များဘေးသို့ ရုတ် တရက် ရောက်လာသည်၊

"တော်တော်ကြာမှ တွေ့ကြမယ်နော်"

ငကြွက မိုးကြောင်မိုးဂုဏ် လာတွေ့ပေမယ့် ကဲမက ဆန်အိတ်ကြားမှ ထွက်လာ၏၊ ဧည့်ခန်းတွင် ကိုယ်ယောင်ပြ၏၊

"သူကြီးမင်း - ကျန်းခန်းသာလို့ မာရဲ့နော်"

"ဟာ - ကဲမ"

www.burmeseclassic.com

ကဲ့မမသည် ဦးငရဲကို ပြန်လည်နှုတ်မဆက်ဘဲ ထွက်လာခဲ့သည်။ ဦးငရဲမှာ မကျေမနပ်ဖြစ်ကျန်ခဲ့သည်။ သူတ သူ့သမက်ထက် စောစီးစွာဦးစွာ မိကဲကို ရှူဦးကပ်ထားသူဖြစ်၏။ တိတ်ဆိတ်ငြိမ်သက်နေသော အိမ်ရှေ့ခန်း ဆန်အိတ်တွေကြားမှ သူ့သားမက် ထွက်လာသည်။ ထိုနေရာတွင် မိကဲ ရှိနေသည်။ ဦးငရဲသည် နည်းနည်းမျှ သဘောမကျ။

ဦးငရဲ ခိုးလို့ခုလုဖြစ်နေစဉ် ကြွေ့မှာ မိကဲထံ ရောက်နေပြီ။ မိကဲမှာ အိမ်ပေါ်တွင် အဖေ၊ အမေနှင့် ညီမနှစ်ယောက် ရှိနေသဖြင့် ကြွေ့ကို လမ်းပေါ်သို့ ခေါ်ခဲ့ရတော့သည်။

"အစ်ကို - ဘယ်လိုဖြစ်လာတာတုံး"

"မနေနိုင်၊ မထိုင်နိုင်ဆိုတာ ကိုယ့်ကိုရည်ရွယ်တဲ့စကားလုံး ထင်ပါရဲ့"

"ဂလိုဆိုလဲ မိကဲကို ခိုးပြေးပေါ့"

"ဟုတ်ပြီ၊ ဒါဖြင့် - အဝတ်အစားနဲ့ ငွေဆယ်သိန်းလောက်"

ကြွေ့က လူရှင်းခွဲရန် ဟန်ပြင်ပေမယ့် မိကဲက ဆွဲထားသည်။

"ငွေကြေးအဝတ်အစား မိကဲ တာဝန်ထားပါ - အစ်ကို၊ မိကဲအဖို့ အစ်ကိုသာပဓာန၊ အစ်ကိုသာ အဓိကပါ၊ လာ - သွားကြစို့"

လမ်းထဲက လူတွေ၏ရှေ့မှာပင် မိကဲသည် ကြွေ့၏လက်ကိုဆွဲလျက် လမ်းထိပ်သို့ သွက်သွက်လာသည်။ အခန့်သင့်ရောက်လာသော တက္ကစီတစ်စင်းကို တား၏။ မရပေ၊ သို့ကြောင့် တက္ကစီ သေချာပေါက်ရနိုင်သောနေရာသို့ မိကဲနှင့်ကြွေ့တို့ ဆိုက်ကားဖြင့် သွားကြသည်။ ဘတ်စ်ကားဖြင့် ဥဒဟို သွားနေသော လမ်းမကြီးတွင်ကား တိုင်စီ မရှားပါ။

မိကဲသည် ဟိုတယ်တစ်ခုသို့ တိုင်စီကို အမောင်းခိုင်း၏။ တိုင်စီသည် ဟိုတယ်တစ်ခုသို့ မောင်းကားမောင်း၏။ ဟိုတယ်ရှေ့တွင် မရပ်ဘဲ နောက်သို့ မောင်းလာ၏။ ဟိုတယ်နောက်ပိုင်းတွင် တိုက်တွေရှိရာ ကုလားထိုင်စားပွဲနှင့် လူလေးငါးယောက်ရှိသော တိုက်တစ်လုံးရှေ့တွင် တိုင်စီရပ်သည်။

"အစ်ကို - ဆင်းမယ်"

မိကဲက အဆင်းခိုင်းသဖြင့် ကြွေ့ဆင်းသည်။ မိကဲ ညွှန်ပြသော ကုလားထိုင်တစ်လုံးတွင် ကြွေ့ ဝင်ထိုင်သည်။ မိကဲကား "ခဏနော်" ဆိုကာ ပျောက်



ကွယ်သွားသည်။ နေရေးထိုင်ရေးတွေ သွားရောက်စီစဉ်နေခြင်းဖြစ်မည်တု ကြွေ့ တွေးနေစဉ် လူတစ်ယောက် ရောက်လာပြီး ကြွေ့ရှေ့၌ ရပ်၏။

"ငါ့နောက် လိုက်ခဲ့"

ကြွေ့သဘောမကျ၊ ဘယ်လိုကြီးပါလိမ့်ဟု ခံစားရပေသည့် ထိုသူခေါ်ရာသို့ လိုက်လာ၏။ ပန်းကန်အမျိုးမျိုး စုပုံထားသောနေရာအရောက်မှ ရှေ့မှ သွားနေသူ ရပ်တန့်၏။

"သည်ပန်းကန်တွေ ဆေးပါ၊ ကွဲရင် လျော်ရမယ်၊ မလျော်နိုင်ရင် အရိုက်ခံရမယ်"

"မင်းက ငါ့ကို ဘာကောင်မှတ်လဲ"

တဆတ်ဆတ် တုန်ယင်သောအသံဖြင့် ကြွေ့ မေး၏။ ကြွေ့ကို ပန်းကန်များရှိရာသို့ ခေါ်လာသူနှင့် ရွယ်တူလူနှစ်ယောက် ရုတ်တရက် ရောက်လာသည်။

"ပန်းကန်တွေကို စုထိမဆေးရသေးပါကလား"

"အခုပဲ အဆေးခိုင်းနေပါတယ် - ဆရာ၊ အဲဒါ - ပေကတ်ကတ်လုပ်နေလို့"

ပန်းကန်တွေအကြောင်း မေးမြန်းပြောဆိုသူသည် ကြွေ့ဘက်သို့ လှည့်လိုက်သည်။

"အူကြောင်ကြောင်မလုပ်နဲ့၊ မင့်ကို ကဲ့မမဆီမှာ ငါးထောင်ပေးပြီး ဝယ်ထားလိုက်တာ"

ကြွေ့မှာ ဟိုက်ခနဲ ခံစားလိုက်ရသည်။ မိမိရှေ့ရှိ လူသုံးယောက်ကို တိုက်ခိုက်ပြီး ထွက်ပြေးလိုသည်။ သို့သော် မလွယ်၊ ကြွေ့မှာ ဆတ်ဆတ်တုန်ရုံသာမက အသက်ရှူရပ်လုလု ခံစားရ၏။ သူ့ကို အကျိုးအကြောင်း ရှင်းပြသူကပင် ဆက်လက်၍ပြော၏။

"မင့်ကို ငါတို့က ငါးထောင်ပေးပြီး ဝယ်ထားတယ်၊ ထပ်ဆင့်ပြီး ရောင်းစားတာ မခံချင်ရင် (၁၀)သိန်းနဲ့ရွေးပါ၊ ကဲ - မင်းဖုန်းနံပါတ်ပြော"

ကြွေ့သည် မိကဲကို အထင်သေးခဲ့သည်၊ နာကြည်းစိတ်ဖြင့် အံကြိတ်လိုက်စဉ် ထိုသူက ဆက်ပြော၏။



www.burmeseclassic.com

www.burmeseclassic.com

"မင်းဖုန်းနံပါတ်ကို ခင်းမပြောလည်းသိတယ်၊ ငါ့သား၊ ငါ့သမီးလို့ အတ္တကြီးကြီးနဲ့ ခေါ်တာတွေ၊ မင်းတို့ကို ငါပြောမယ် အစချီပြီး မင်းစကားပြောတာတွေကိုပါ ငါတို့က သိထားတယ်"

ထိုသူက သူ၏ဘောင်းဘီအိတ်ထဲမှ တယ်လီဖုန်း မဟားတရားကြီးတစ်လုံးကို ထုတ်သည်၊ ကျွဲ၏ဖုန်းနံပါတ်ကို ဆက်သည်၊ ထို့နောက် တယ်လီဖုန်း ကို ကျွဲထံ လှမ်းပေးသည်၊

"ပဒိုင်းသီးအလုံးတစ်ရာဟိုတယ်ရဲ့ အနောက်ဘက်ဘေးမှာရှိတဲ့လမ်းကလေးအတိုင်း ငွေဆယ့်ငါးသိန်းယူပြီး လမ်းဆုံးအောင် ဝင်လာခဲ့လို့ပြော၊ ဒီ့ပြင် အပိုမပြောနဲ့"

ကျွဲသည် ဖုန်းကို လှမ်းယူရင်း - "မင်းတို့ပြောတော့ ဆယ်သိန်းဆို" ဟု မေးသည်၊

"ငွေရောက်မလာခင် ကြားကာလမှာ ပန်းကန်ဆေးရင်းနဲ့ ပန်းကန်ဘယ်နှလုံးကွဲသလဲ၊ အဲဒါလျော်ဖို့ပါ မှာလိုက်တာလေ"

"ဩ - ငါက ပန်းကန်ဆေးရဦးမယ် - ဟုတ်လား"

"တစ်နာရီအတွင်း ငွေရောက်လာရင်း မဆေးရဘူး၊ တစ်နာရီက တစ်မိနစ်စွန်းသွားရင် ဆေးရပြီ၊ ဟော့ကောင် - မင်းဟာ ဘဏ်မှာ ငွေထားလေ့မရှိတာကအစ ငါတို့သိတယ်၊ အပိုတွေပြောမနေနဲ့"

သို့ကမို့ကြောင့် ကျွဲမှာ ဖုန်းလက်ခံစကားပြောသူ သမီးကို မငွေထံ လွှဲပေးဖို့ ပြောရသည်၊ မအေးငွေ၏လက်ထဲသို့ ဖုန်းရောက်လျှင်ရောက်ချင်း "ငွေ (၁၅) သိန်းယူပြီး ပဒိုင်းသီးအလုံးတစ်ရာဟိုတယ်ရဲ့အနောက်ဘက်ဘေးက လမ်းကလေးထဲကို ဝင်ခဲ့ပါ" သုံးခါပြောအပြီး၌ ဖုန်းပြန်ပေးလိုက်သည်၊

ကျွဲထံမှ တယ်လီဖုန်းကို လက်ခံရရှိသူသည် အပိုဟူ၍ တစ်လုံးတစ်ပါဒမျှမပြောသော ကျွဲကို များစွာသဘောကျသွား၏၊ သူသည် ကျွဲအနားတွင် ကြာကြာမနေပေ၊ ကျွဲကို ကောင်းစွာမြင်နိုင်သောနေရာသို့ ဆုတ်ပြီးနေရင်း နာရီကို ကြည့်နေသည်၊

ကျွဲ ကံကောင်း၏၊

တစ်နာရီမကြာမီ မငွေသည် ၎င်း၏မောင်ကိုခေါ်ကာ တိုင်စီတစ်စင်းဖြင့် ရောက်လာသည်၊ ငွေ (၁၅) သိန်း ပေးသည်၊ ကျွဲကိုစောင့်ကြည့်နေသူသည် ချောင်ထဲမှ ထွက်လာသည်၊ ငွေဆယ်သိန်းကို လက်ခံယူပြီး ငါးသိန်းကို ပြန်ပေးသည်၊ ထို့နောက် ပျောက်ကွယ်သွားသည်၊

ကျွဲသည် မငွေတို့မောင်နှမ ငှားလာသော တိုင်စီဖြင့်ပင် အိမ်သို့ ပြန်လိုက်လာ၏၊ သူ့မိန်းမကရော၊ သူ့ယောက်ဖကပါ - "ဘာဖြစ်တာလဲ၊ ဘာတွေလဲ" တစ်ခွန်း မမေးပေ၊ သူကလည်း ပါးစပ်ကို ပိတ်ထား၏၊

အိမ်သို့ရောက်မဆိုက်ပင် သားငပြကြ အထုပ်တစ်ထုပ် ဆီးပေး၏၊

"အန်တီကဲမမ - လာပေးသွားတာ"

ထိုအထုပ်ကို မငွေ ဖောက်သည်၊ ငွေတွေနှင့် စာတစ်စောင်၊

ငွေတွေကို မငွေ ရေတွက်ကြည့်သည်၊ ဆယ်သိန်း၊ စာကို ကျွဲ ယူလာသည်၊ အိမ်သာအနီးရှိ စားပွဲသို့ရောက်မှ ဖောက်ဖတ်သည်၊

"မောင်လေးကျွဲ
မင်း နပါသေးတယ်
ကဲမမ"

ပွန်ဒီမောင်ကျင်ဆောင်



www.burmeseclassic.com

www.burmeseclassic.com




လူ့ရွာရေး
မောက်မြင့်လျက်ရှိသော
သစ္စာမဲ့လင်တစ်ယောက်ကို
ဆက်လက်ဆက်ဆံ
ပေါင်းသင်းလိုတော့သည့်
သစ္စာရှိမိန်းမတစ်ယောက်၏
အကြောင်း . .

**အကယ်၍သာ** ကိုကိုတင်သည်အခြားသောအမျိုးသမီးတစ်ယောက်နှင့် လက်ထပ်ပေါင်းသင်းခဲ့ပါမူ မိချိုအနေနှင့် ယခုကဲ့သို့ စိတ်ညစ်စရာ ဖြစ်လိမ့်မည်မဟုတ်ပါချေ။

ယခုအခါတွင် ကိုကိုတင်နှင့် မိချိုတို့၏အိမ်ထောင်သက်သည် (၇)နှစ်တင်းတင်း ပြည့်ခဲ့လေပြီ။ မိချို၏စိတ်ရင်းအတိုင်းပြောရပါမူ ကိုကိုတင်၏တစ်ကိုယ်လုံးကို အပိုင်းပိုင်း အစိတ်စိတ်ဖြတ်တောက်၍ သူ့အဆက်ကလေးများထံသို့ "ပါဆယ်" ထုပ်များအနေဖြင့် ပို့လိုက်ချင်သည်။

မည်သို့ပင်ဖြစ်စေ၊ ထိုမျှလောက်သောအိမ်ထောင်သက်(၇)နှစ်အတွင်း ကိုကိုတင်သည် မိချိုနှင့် မကြာခဏ စကားပြောအပေါက်အလမ်းမတည့်၍ ခွန်းကြီးခွန်းငယ်၊ ကတောက်ကဆစကားများရခြင်းမှအပ တစ်ယောက်နှင့်တစ်ယောက် ကိုယ်ထိသတ်ရောက် မဖြစ်စဘူး။ ကုန်ကုန်ပြောရလျှင် ကိုကိုတင်သည် မိချိုအား ဆဲရေးတိုင်းထွာခြင်းပင်လျှင် မပြုခဲ့ဘူးပါချေ။

www.burmeseclassic.com

www.burmeseclassic.com

သို့ရာတွင် ကိုကိုတင်သည် အလွန်တရာ ပညာသားပါသည်၊ မိချို၏ အသားကို လက်ဖျားနှင့်ပင် မတို့မထိပဲနှင့် မိချို၏ အသည်းနှလုံးကို ဒဏ်ရာ အနာတရဖြစ်စေသည်၊ မိချိုတို့ အပေါင်းအသင်းများ ဝိုင်းမိကြပလားဆိုမှ ဖြင့် –

"ချိုက အရမ်းမြတ်နိုးစရာကောင်းတာ၊ အိမ်ထောင်ထိန်းသိမ်းမှုမှာ အင်မတန်ကျွမ်းကျင်တယ်၊ အနေအထိုင်လည်းအတော့်ကိုကျစ်လျစ်တယ်၊ သိပ် ... သိမ်မွေ့တဲ့ဇနီးကောင်း"

ဟူ၍ ထုတ်ဖော်ချီးကျူးလေ့ရှိသည်၊ ထို့ကြောင့် အများအမြင်တွင် ကိုကိုတင်သည် သူ့ဇနီး မိချိုအပေါ်တွင် အလွန်အမင်း ချစ်မြတ်နိုးသူ ဟူ၍ကောက်ချက်ချပေလိမ့်မည်၊ ကိုကိုတင်လို ဥပမိရုပ်သားနားခန့်ပြန့်၍မယားအပေါ်တွင် ကြင်နာတတ်သူကိုရရှိထားသောမိချိုသည်အထူးတလည်ကုသိုလ်ကောင်း သောကြောင့်ဟု သတ်မှတ်ကြသည်၊

စင်စစ်အားဖြင့်၊ ကိုကိုတင်လို လူစားသည် မုသားအရာတွင် ကေရာဇ် ဖြစ်ကြောင်း၊ လိမ်လည်လှည့်ဖျားသောအတတ်ပညာတွေ သရဖူဆောင်း ထားသူဖြစ်ကြောင်း မိချိုတစ်ယောက်သာလျှင် အသိဆုံးဖြစ်သည်၊

ထို့ကြောင့် မိချိုသည် ခံရဖန်များလာသောအခါ ထုထားပေသား ရလာသည်၊ ဝဋ်ကြွေးရှိသမျှ ခါးစီး၍ခံမည်၊ အခါအခွင့်သင့်မည့်နေ့ (သို့မဟုတ်) ဝဋ်ကြွေးကုန်ဆုံးမည့်နေ့ကို စောင့်စားနေရသည်မှာ ကြာမြင့်လှချေပြီ၊

မိချိုသည် အိပ်ခန်းတွင်းရှိ မှန်တင်ခုံရှေ့မှ ထိုင်ခုံတွင်ထိုင်ကာ ဆံပင်ကို ဝက်မှင်ဘီးဖြင့် ဖီးသင်နေရာမှ မှန်ထဲတွင် ထင်ဟပ်နေသော ကိုကိုတင်အား ဖျတ်ခနဲ တစ်ချက်ကြည့်လိုက်သည်၊ အိပ်ခန်းထဲတွင် မာကျူရီမီးလုံး ထွန်းထားသည်၊

ကိုကိုတင်၏အသွင်သဏ္ဌာန်သည်နေ့အလင်းရောင်အောက်၌ဖြစ်စေ၊ ညအမီးရောင်ထဲတွင်ဖြစ်စေ တင့်တယ်ခံ့ညားသော ဥပမိရုပ်ရည်ကို ပိုင်ဆိုင်နေဆဲဖြစ်သည်၊ အသက်အားဖြင့် (၃၅)နှစ်ကျော်သည့်တိုင် လူပျိုလူရွယ် တစ်ယောက်ပမာ လန်းဆန်းနုပျိုနေဆဲပင်၊



မိချိုနှင့် လက်ထပ်ခဲ့သည့်အချိန်က ကိုကိုတင်၏အသက်မှာ (၂၆)နှစ်မျှ သာဖြစ်သည်၊ ယခုအခါ အိမ်ထောင်သက်(၉)နှစ် ကြာမြင့်ခဲ့သည့်တိုင် အောင် သူ၏ရုပ်ရည်နှင့် သူ၏ကိုယ်လုံးကိုယ်ပေါက်မှာ အပြောင်းအလဲမရှိ၊ ပကတိ တင့်တယ်ပြေပြစ်နေဆဲဖြစ်သည်၊ ပြောင်းလဲသည်က မိချိုသာ လျှင် ...၊

လက်မထပ်မီက တင်းရင်းပြည့်ဖြိုးခဲ့သော မိချို၏အသားစိုင်များသည် တစ်စတစ်စ လျော့ရဲပျော့တွဲစ ဖြစ်လာချေပြီ၊ ယခင်က တောက်ပရွှန်းဝင့်သော မိချို၏ မျက်လုံးအစုံသည်ပင်လျှင် မှေးမှိန်စ ပြုလာပါပကော၊

စင်စစ်အားဖြင့် သူမ၏အသက်သည် ယခုအခါတွင် (၂၆)နှစ်မျှသာ ရှိသေးသည်၊ သို့ရာတွင် စိတ်ပင်ပန်းသဖြင့် ကိုယ်ခန္ဓာလည်း နွမ်းရလေပြီ တည်း၊

"မင်း – တစ်ညလုံး အဲဒီ့မှန်တင်ခုံရှေ့မှာထိုင်ပြီး မထတန်း ခေါင်းဖီးနေ တော့မှာလား – ချို"

ကိုကိုတင်၏အသံကို မိချိုက မကြားမလိုကြားသလိုဖြင့် မသိကျိုးကျင် ပြုကာ ဆံကေသာအဖျားပိုင်းကို ဖဲပြားကြိုးဖြင့် ရစ်ပတ်စည်းနှောင်နေလေ သည်၊

"ချိုတို့လို အမျိုးသမီးတွေရဲ့ဘဝသက်တမ်းတစ်လျှောက်လုံးမှာ အချိန် ကာလ လေးပုံ၊ တစ်ပုံဟာ အလှပြင်ဖို့ သက်သက်မဲ့ အချိန်ဖြုန်းခဲ့ကြတယ်"

မိချိုသည် ကိုကိုတင်၏မှတ်ချက်နှင့်ပတ်သက်၍ တစ်စုံတစ်ရာ တုံ့ပြန် နှုတ်လှန်ထိုးရန် နှုတ်ခမ်းကို ပြင်လိုက်သေးသည်၊ သို့ရာတွင် ချက်ချင်းပင် သူမ၏နှုတ်ဖျားမှ ထွက်လာတော့မည့်စကားလုံးများကို ပြန်လည်မျိုသိပ် လိုက်ရပေသည်၊

မိချိုသည် ခေါင်းဖီးခြင်းကိစ္စပြီးစီးသောအခါ၌ အခန်းမီးခလုတ်ကို ပိတ် သည်၊ ထို့နောက် ခုတင်ခေါင်းရင်းဘက်ရှိ စာကြည့်မီးအုပ်ဆောင်းလေး၏ ခလုတ်ဖွင့်သည်၊ ပြီးလျှင် – အိပ်ရာပေါ်တွင် ခေါင်းအုံးတစ်လုံးကိုသာ ယှက် ကျောမှီလိုက်သည်၊



www.burmeseclassic.com

www.burmeseclassic.com

လျှို့ဝှက်သည်းဖို့မဂ္ဂဇင်းထဲမှ နေ့လယ်က ဖတ်လက်စဝတ္ထုတိုတစ်ပုဒ်ကို ဆက်လက်ဖတ်ရှုရန် စာမျက်နှာတချို့ကို လှန်လိုက်လေသည်။ သူမသည် အိမ်ထောင်ရှင်မတစ်ယောက် ဖြစ်လာခဲ့ပြီးသည့်နောက်တွင် အချစ်ဇာတ်လမ်းဝတ္ထုများကို စိတ်မဝင်စားတော့ပါချေ။ အထူးသဖြင့် လျှို့ဝှက်သည်းဖိုနှင့် မှုခင်းဇာတ်လမ်းများကိုသာ ဖတ်လေ့ရှိသည်။

"ချို - အဲဒီစာအုပ်ကိုသာ မဆုံးမချင်း ဖတ်နေရင်တော့ မီးလင်းနေတာနဲ့ ကိုကိုတင် အိပ်လို့ရမှာမဟုတ်တော့ဘူး"

ကိုကိုတင်က ညည်းတွားသည်။

မိချိုတွင် ပြန်လည်ချေပနိုင်သောအချက်ရှိသည်။

"နေ့ခင်းကြောင်တောင် ကိုကိုတင့်အဆက်ကောင်မလေးတွေနဲ့ဖက်ပြီး အိပ်နိုင်သေးတာပဲ - ရှင်ရယ်။ အခုလိုမီးလင်းတစ်ပွင့် ထွန်းထားတာနဲ့ မအိပ်နိုင်စရာ မရှိပါဘူး"

ဟူသောစကားကို မိချိုက ရင်ထဲမှာသာ ပြောလိုက်သည်။

ထိုနောက် ကိုကိုတင်၏စကားလုံးများကို ပမာမပြု၊ အမှုမထားပါတော့ချေ။ ဖတ်လက်စ ဝတ္ထုတိုထဲတွင်သာ စိတ်ပါဝင်စားစွာဖြင့် သဲသဲမဲမဲ ဆက်လက်ဖတ်ရှုနေလိုက်သည်။ ဇာတ်လမ်းနှင့် အရေးအသားကလည်း သူမကို ဆွဲဆောင်နိုင်လွန်းသည်။ ဝတ္ထုဇာတ်လမ်းတွင်းရှိ နေရာတစ်နေရာသို့ ဇာတ်ကောင်တို့နှင့်အတူ မိမိချိုသည်လည်း ရောက်ရှိသွားသည်။

ထို့ကြောင့် ကိုကိုတင်၏ညည်းတွားသံ၊ အပြစ်တင်သံများကို လုံးလုံးလျားလျား မကြားရပါတော့ချေ။

❦

ရဲအရာရှိဦးအောင်ဒင်သည် ကားမောင်းလာစဉ် သူ၏လက်ပတ်နာရီကို ဖျတ်ခနဲ တစ်ချက်ငုံ့ကြည့်လိုက်ပါသည်။ နာရီလက်တံနှင့် ဂဏန်းများကို မီးစုန်းသုတ်ထားသောကြောင့် အမှောင်တွင်း၌ဖြစ်လင့်ကစား ထင်ရှားစွာ မြင်ရသည်။

သန်းခေါင်ကျော်၍ နာရီပြန် နှစ်ချက်တိတိ။



သူသည် သိပ်သည်းနေသော အမှောင်ထုအတွင်း၌ ကားလမ်းမကြီးကို ကားရှေ့မီးရောင်ဖြင့် ထိုးလျက် မောင်းနေသည်။ ထိုအခိုက်အတန့်တွင် မည်းနက်သောမိုးကောင်းကင်မှ မိုးရွာချလာသည်။

မိုးစက်မိုးပေါက်များသည် ကားမီးရောင်တန်းရှေ့မှ ငွေချည်မျှင်များပမာ ဖြတ်သန်းလျက် ကားလမ်းမပေါ်သို့ ဝဲပျံကျနေလေသည်။

ဦးအောင်ဒင်သည် တာဝန်ဝတ္တရားကြောင့်သာလျှင် ယခုလို မှောင်မည်းတိတ်ဆိတ်သော သန်းခေါင်ကျော်အခါသမယတွင် တစ်ယောက်တည်းကားမောင်းသွားရခြင်းဖြစ်သည်။ သူ့ဆန္ဒအမှန်အတိုင်းဆိုရသော် ယခုလို မိုးတစိမ့်စိမ့်ကာလ၌ မွေ့ရာထူထူထဲထဲပေါ်တွင် သူ၏ချစ်ဇနီးနှင့်ဖက်၍ နွေးနွေးထွေးထွေး နေလိုသည်။

ထို့ကြောင့် သူသည် ငိုက်မြည်းနေသောမျက်လုံးတစ်စုံပေါ်သို့ ဖုံးအုပ်လုနီးပါး လေးလံလာသောမျက်ခွံများကို အတင်းအားခဲလျက် ပြန်လည်ထိန်းသိမ်းနေရသည်။

ထိုအချိန်တွင် လမ်းဘေးအစပ် တစ်နေရာတွင် ဖြူဖြူသဏ္ဍာန်တစ်ခု လဲလျောင်းလျက်သား မြင်လိုက်ရသည်။ ထိုအခါ သူ၏ အိပ်ချင်စိတ်သည် အဝေးကမ္ဘာတစ်နေရာသို့ ပြေးထွက်ပျောက်ကွယ်သွားလေသည်။

သူ မောင်းလာသောကားကို ထိုဖြူဖြူသဏ္ဍာန်အနီးတွင် ရောက်ရှိရပ်တန့်လိုက်သည်။ ကားတံခါးဖွင့်လိုက်ပြီးနောက် ကားပေါ်မှ ဆင်းလိုက်သည်။ ကားရှေ့မီးတန်းနှစ်သွယ်၏ အလင်းရောင်ထဲတွင် လမ်းဘေး၌ လဲကျနေသောအသွင်သဏ္ဍာန်ကို ထင်ထင်ရှားရှား မြင်လိုက်ရသောအခါ သူ၏မျက်လုံးတစ်စုံက ပကတိပြူးကျယ်သွားလေသည်။

အဝတ်အစားမရှိ၊ အမျိုးသမီးတစ်ယောက်၏ မိမွေးတိုင်း၊ ဖမွေးတိုင်း ခန္ဓာကိုယ်တစ်ခုမျှသာ ဖြစ်သည်။ သူမ၏မျက်နှာတစ်ပြင်လုံးတွင်လည်း သွေးချင်းချင်းရဲနေလေသည်။ မျက်နှာတစ်ခုလုံးကို ထက်မြသောဓားဖြင့် မွှန်းထားသောကြောင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေသည်။

❦

www.burmeseclassic.com

"မီးပိတ်လိုက်ပါတော့ကွာ၊ မင်း - အခုလို ညလုံးပေါက်မီးထွန်းပြီး စာဖတ်လွန်းလို့ဆောင်လိုက်ရတဲ့မီတာခကလည်းသောင်းဂဏန်းကျော်နေပြီ၊ သိပ်အပြောရခက်တဲ့မိန်းမ"

ကိုကိုတင်၏ညည်းတွားသံသည် ယခုအခါတွင်ကြိမ်းမောင်းဖြစ်တင်သံဖြစ်လာလေပြီ။ ထို့ကြောင့်မိရျှိသည်ဆောင့်ကြီးအောင့်ကြီးဖြင့် မီးခလုတ်ကိုပိတ်ပစ်လိုက်ရသည်။

ခေါင်းအုံးကို အိပ်ရာပေါ်တွင် နေသားတကျထား၍ ဦးခေါင်းနှင့်ထိကပ်ကာ မျက်လုံးစုံမှိတ်လိုက်ရသော်လည်း မိရျှိ၏ဦးနှောက်ထဲတွင် အတွေးများဖြာဝေလျက် စိတ်လှုပ်ရှားနေဆဲပင်။

ထိုအလောင်းသည် မည်သူ့အလောင်းဖြစ်သနည်း။

ဘာကြောင့်ဝတ်လစ်စားလစ်ဖြစ်နေသနည်း။ မျက်နှာတစ်ခုလုံးကို ဓားဖြင့် မွှန်းထားသည်မှာ မည်သို့သောအကြောင်းကြောင့်နည်း ... စသည်ဖြင့် အမျှင်မပြတ် တွေးနေမိသည်။

နောက်ဆုံးတွင်မိရျှိသည်ဝတ္ထုအတ်လမ်းကိုဆက်လက်ဖတ်ရှုလိုသောဆန္ဒပြင်းပြလာမှုကြောင့် စိတ်ကိုမထိန်းသိမ်းနိုင်တော့ချေ။ ကိုကိုတင်ဘက်သို့လှည့်ကြည့်လိုက်သည်။ မည်သည့်အချိန်က အိပ်ပျော်သွားမှန်းမသိလိုက်ရဘဲ ယခုအခါတွင် ကိုကိုတင်သည် တရှူးရှူး တခေါ်ခေါ်ဖြင့် အိပ်မောကျနေလေပြီ။

ထို့ကြောင့် မီးခလုတ်ကို ပြန်ဖွင့်လိုက်သည်။

သို့ရာတွင် မီးပျက်နေလေပြီ။ ထိုသို့သောဖြစ်ရပ်မျိုးသည် မိရျှိတို့ရပ်ကွက်တွင် မကြာခဏ ဖြစ်လေ့ဖြစ်ထရှိသောကြောင့် ရိုးနေလေပြီ၊

မိရျှိသည်အိပ်ရာပေါ်မှထ၍ခုတင်ထက်မှဆင်းသည်။ မီးပျက်သည့်အခါမျိုးတွင် အသုံးပြုရန် အသင့်ဆောင်ထားသော ဖယောင်းတိုင်ကို မှန်တင်ခုံအံဆွဲထဲမှ စမ်းတဝါးဝါး ထုတ်ယူလိုက်ရသည်။ သို့ရာတွင် ဂက်စ်မီးခြစ်သည် မည်သည့်နေရာတွင် ထားမိသည်ကို မမှတ်မိတော့ပါချေ။



မည်သို့ပင်ဖြစ်စေ ...မိရျှိ၏ဦးနှောက်ထဲတွင် ရုတ်တရက် ပေါ်လာသည်မှာ ကိုကိုတင်၏ ဝတ်လက်စ တိုက်ပုံအင်္ကျီအိတ်ထဲတွင် "ရှန်ဆွန်"အမျိုးအစား ဂက်စ်လိုက်တာတစ်ခု ရှိသည်။ ကိုကိုတင်သည် စီးကရက်သောက်တတ်သူဖြစ်သည့်အလျောက် ထိုဂက်စ်လိုက်တာ အဖိုးတန်မီးခြစ်တစ်လုံးကို အစဉ်သဖြင့် သူ၏တိုက်ပုံအင်္ကျီအိတ်ထဲတွင် ဆောင်ထားလေ့ရှိကြောင်း သတိရလိုက်သည်။

ထို့ကြောင့် ကုတ်အင်္ကျီချိတ်ဖြင့် ချိတ်ထားသော ကိုကိုတင်၏ တိုက်ပုံအင်္ကျီအိတ်ထဲမှ ဂက်စ်လိုက်တာကို နှိုက်ယူလိုက်သည်။ ထိုအခါ ဓာတ်ငွေ့မီးခြစ်နှင့်အတူ စာရွက်ခေါက်ကလေးတစ်ခုကို မမျှော်လင့်ဘဲ ရရှိလိုက်လေသည်၊

အမျိုးသမီးဖနီးမယားတိုင်း၏စပ်စုလိုသောအကျင့်စရိုက်မျိုးရှိနေသော မိရျှိသည် ဖယောင်းတိုင်ကို ထွန်းညှိပြီးချိန်တွင် ဖတ်လက်စဝတ္ထုတိုကို ဖတ်ရှုရမည့်အစား ထိုစာရွက်ခေါက်လေးကိုသာ ရှေးဦးစွာဖြန့်၍ဖတ်လိုက်မိလေတော့သည်။ စာထဲတွင် -

ကိုကိုလင် ...

အချိန်မရလို့ ... ဆူးနင်းဆီ ... တိုတိုပဲ ရေးလိုက်တယ်၊ ခွင့်လွှတ်နော်၊ ဆူးနင်းဆီရဲ့မွေးနေ့လက်ဆောင်အဖြစ် ကိုကိုလင် ဝယ်ပေးတဲ့ပလက်တီနမ်ကြိုးအတွက် ကျေးဇူးကုဋေပါပဲရှင်။ ဒါပေမဲ့ - ဆူးနင်းဆီ အခုလိုမျိုး ကိုကိုလင်နဲ့ မပိုင်ဝက်မွေးဘဝမှာ မနေချင်တော့ဘူးကွယ်။ လွတ်လွတ်လပ်လပ် စိတ်တိုင်းကျ အပျော်လေးတွေနဲ့ မွေ့လျော်ရအောင်နော်။ နောက်တစ်ခါတွေ့တော့မှ ကိုကိုလင်ကိုပေးဖို့ အကြင်နာလေးတွေ စုထားတယ်၊ စုဘူးလေးနဲ့ ပြည့်နေတယ် - သိလား"

ထိုစာကို ဖတ်ပြီးသည်နှင့်တစ်ပြိုင်နက် မိမိရျှိတစ်ကိုယ်လုံးတွင် ဒေါသရှိန်များ တရှိန်းရှိန်း ဆူဝေကာ ကတုန်ကယင် ဖြစ်လာသည်၊ ထိုဆူးနင်းဆီဆိုသော အမျိုးသမီး၏မွေးနေ့လက်ဆောင်အဖြစ် ပလက်တီနမ်ဆွဲကြိုးတစ်ကုံး ရက်ရက်ရောရော ဝယ်ပေးခဲ့သော ကိုကိုတင်သည် ...

www.burmeseclassic.com

မကြာသေးမီက မီးဖွင့်၍ဝတ္ထုဖတ်နေသော မိမိကိုမီတာတေစ်သောင်း ကျော်ကျသည် ... ဟူ၍ အပြစ်တင်ခဲ့သေးသည်။ ရှုးနှင်းဆီဆိုသောအမျိုး သမီးအတွက် သိန်းဂဏန်းမက တန်ဖိုးကြီးသောဆွဲကြိုးကိုမူ နှမြောတွန့်တို ခြင်းမရှိ။ မီလျှံနာကြီးတစ်ယောက်ပမာ ကြည်ဖြူစွာ ရက်ရောခဲ့သည်။

ထို့ကြောင့် မိချို၏ရင်တွင်း၌ မည်သို့သော လက်တုံ့ပြန်မှုကိုမဆို ပြုလုပ် ရန် သန္နိဋ္ဌာန်ချလိုက်မိသည်။

စင်စစ်အားဖြင့် ကိုကိုတင်၏ စီးပွားရေးလုပ်ငန်းတစ်ခုလုံးတွင် အရင်း အနှီးအဖြစ် မြှုပ်နှံထားသော ငွေကြေးထုထည်များသည် မိမိချို၏ ဖခင် ဦးမင်းချိုသည် ကွယ်လွန်ခါနီးအချိန်တွင် မိတဆိုးသမီးလေးအတွက် အမွေ ပေးခဲ့သော ငွေကြေးများသာဖြစ်သည်။

မိမိချိုရရှိထားသော စည်းစိမ်ပုံပေါ်တွင် ကိုကိုတင်က အဆင်သင့် တက် ထိုင်ကာ မိမိချို၏ငွေများဖြင့် အလေလိုက် သုံးဖြုန်းနေသည်။ ဒါကို မိချိုက နားလည်သဘောပေါက်လာချေပြီ။ နာကြည်းခြင်းမက နာကြည်းလာရသော မိချိုသည် ကိုကိုတင်အပေါ်တွင် ယောကျာ်းပိုင်းလုံးတစ်ယောက်မျှသာဖြစ် ကြောင်း တိတိပပ နားလည်သဘောပေါက်လာမိသည်။

ထိုအခါမှန်တင်ခုံ အံဆွဲထဲတွင် ကျည်အပြည့်ထိုးထားသော ကိုကိုတင် ၏ပစ္စတိုသေနတ်ကိုထုတ်ယူကာ အိပ်မောကျနေသော ကိုကိုတင်၏နားထင် နှင့် သေနတ်ပြောင်းဝတေ့၍ မောင်းဖြုတ်လိုက်ချင်သည်။ သို့ရာတွင် မိမိချို သည် ကိုကိုတင်၏ဇီဝိန်ကို ကိုယ်တိုင်ကိုယ်ကျ ချွေပစ်ရဲသောသတ္တိ မရှိပါ ချေ။

ထို့ကြောင့် ... ကိုကိုတင်၏လက်မှ လွတ်မြောက်နိုင်မည့်နည်းလမ်းတစ် ခုခုကို ရှာဖွေရန် စဉ်းစားရင်းနှင့်ပင် သူမသည် မိုးလင်းခါနီးမှာပင် အိပ်ပျော် ခဲ့ရလေသည်။



မိမိချို နိုးလာသောအခါ ကိုကိုတင်သည် အိပ်ရာထဲတွင် မရှိတော့။ သူ့ဘာသာ ဘရိတ်ဖတ်စ် ပြင်ဆင်စားသောက်ပြီး ကားဖြင့် အလုပ်သွားခဲ့ပြီ ဖြစ်ကြောင်း သိလိုက်ရသည်။

အိပ်ခန်းရှေ့တံခါး၏အပြင်ဘက်မှ လျှပ်စစ်လူခေါ်ခေါင်းလောင်း နှိပ်လိုက် သံကြောင့် မိချိုက တံခါးဖွင့်ကြည့်သည်။ နေ့စဉ် နံနက်တိုင်း နို့ပုလင်း လာပို့ နေကျလူငယ်လေး ဖြစ်သည်။ ထို့ကြောင့် မိချိုသည် နို့ပုလင်းအလွတ်ကို သူငယ်လေးအား ပြန်ပေး၍ ယနေ့လာပို့သော နို့ပုလင်းအသစ်ကို လှမ်းယူ လိုက်သည်။

နွားနို့ကျိုသောကိစ္စ၊ ထမင်းဟင်းချက်သောကိစ္စနှင့် အိမ်၏ဝေယျာဝစ္စ များ ဆောင်ရွက်ပြီးသောအခါ မိချိုသည် ဝိုက်ခန်းရှေ့ပန်းခြံတွင်းရှိ ပန်းပင် လေးများကို ရေပန်းစရားဖြင့် ရေလောင်းနေသည်။

ထိုအချိန်တွင် တစ်ဖက်တိုက်ခန်းလွတ်သို့ လူစိမ်းတစ်ယောက် ပြောင်း ရွှေ့ရောက်ရှိလာသည်ကို သတိပြုမိလိုက်သည်။ ထိုသူသည် ပစ္စည်းပစ္စယ ဟူ၍ များများစားစား ပါပုံမရ၊ တက္ကစီကားပေါ်မှ ဆင်းလာသော သူ့လက်ထဲ တွင် လက်ဆွဲသားရေသေတ္တာကြီးနှစ်လုံးသာပါသည်။ တိုက်ခန်းပိုင်ရှင်အဖိုး ကြီးက ထိုသူနေမည့် တိုက်ခန်းအတွက် သော့ဖွင့်ပေးသည်။

မိချိုသည် နှင်းဆီပင်တို့အောက်ခြေတွင် ပေါက်ရောက်နေသော မြက် ပင်အချို့နှင့် အလေ့ကျ အသုံးမဝင်သော အပင်ငယ်များကို နုတ်ပယ်၍ ပေါင်း သင်နေသည်။ လူစိမ်းသည် ပြဒါးသုတ်ထားသော နေကာမျက်မှန်တပ်ထား သည်။ ထိုမျက်မှန်နောက်မှ မျက်လုံးအစုံဖြင့် မိချိုကို စူးစူးရဲရဲ တစ်ချက်ကြည့် လိုက်သည်။ ထိုသူက သက္ကလတ်ဦးထုပ်ပျော့ ဆောင်းထားသည်။

မိချိုက မမြင်ချင်ယောင်ဆောင်၍ သူမ၏အလုပ်ကို ဆက်လက်လုပ် ကိုင်နေသည်။ အိမ်ရှင်အဖိုးကြီးက တိုက်ခန်းတံခါးသော့ဖွင့်ပေးပြီးသောအခါ ထိုသူက သူ့ပစ္စည်းအချို့နှင့်အတူ တိုက်ခန်းထဲသို့ ဝင်သွားသည်။

မိချိုသည် လက်ဖဝါးနှစ်ဖက်တွင် ပေကျံကပ်ငြိနေသော မြေမှုန့်များကို လက်ဖဝါးချင်းပွတ်တိုက်သန့်စင်လိုက်ပြီးနောက် သူမ၏အနီးသို့ ရောက်လာ သော အိမ်ရှင်အဖိုးကြီးကို စပ်စုလိုက်သည်။

www.burmeseclassic.com

"လေးလေး - အဲဒီ့လူ ဘယ်ကပြောင်းလာတာလဲ"

"မန္တလေးကတဲ့၊ သူက အခန်းရှင်းဖို့ကြို့တင်ရောက်လာတာ၊ သူ့မိန်းမက ဒီလကုန်လောက်မှ အိမ်ထောင်ပစ္စည်းတွေနဲ့ ရွှေ့လာမယ်လို့ ပြောတာပဲ"

"အော် - အော်"

မိချိုက အလိုက်သင့် ပြောလိုက်သည်။

အိမ်ရှင်အဖိုးကြီးက မိချိုကို နှုတ်ဆက်၍ပြန်ထွက်သွားသည်။ မကြာမီ အိမ်ငှားအသစ် လူစိမ်းသည် မိချိုရှိရာသို့ လျှောက်လာသည်။ ထိုသူ၏မျက်နှာကို မည်သည့်အခါက မြင်ဖူးပါလိမ့် ... ဟု၍ မိချိုက စဉ်းစားနေသည်။

စောစောက သဗ္ဗာလတ်ဦးထုပ်ပျော့ နက်ပြာရောင်နှင့် ပြဒါးသုတ်ထားသော နေကာမျက်မှန် တပ်ဆင်ထားခြင်းကို ယခုအခါတွင် ဦးထုပ်ရော မျက်မှန်ပါ ချွတ်ထားခဲ့သောကြောင့် မိချိုက ထိုသူကို မြင်ဖူးသလိုလို ဖြစ်နေသည်။

သူ့မှ၏အနီးခြေတစ်လှမ်းစာအကွာတွင် လူစိမ်းက ရပ်တန့်လိုက်သည်။ သူ၏မျက်လုံးအစုံတွင် ရမ္မက်နီးများ ဝေ့နေသည်ဟု ထင်ရသည်။ အကယ်၍သာ ထိုသူသည် နဂါးဖြစ်ခဲ့သော် မိချိုတစ်ကိုယ်လုံး ပြာကျသွားနိုင်လောက်သည်။

ထိုလူစိမ်းသည် တစ်ချက်ပြုံးလိုက်သည်။

သူ၏ညာဘက်ပါးမှ အမာရွတ်ကြီးက ပိုမိုနက်ရှိုင်းသွားသည်။

"ညီမက တစ်ဖက်တိုက်ခန်းမှာ နေတာလား"

သူ့အမေးကို မိချိုက ဦးခေါင်းညိတ်ပြသည်။

"အိမ်နီးချင်းရယ်လို့ ဖြစ်လာမှတော့ လိုတဲ့အကူအညီကို ပြောပါနော်၊ ဘာမှအားမနာနဲ့ - သိလား၊ အစ်ကိုက မြင်မြင်ချင်း ခင်မင်လို့ပြောတာ"

မိချိုက နောက်ထပ်တစ်ကြိမ် ခေါင်းညိတ်လိုက်ပြန်သည်။

"ညီမနာမည် ဘယ်လိုခေါ်သလဲ ဟင်"

"ကျွန်မနာမည် မိမိချိုပါ၊ ဒါထက် - ရှင့်ဇနီးက ဘယ်တော့ရောက်လာမှာလဲ"



မိချိုက အဖြေနှင့်အတူ ထိုသူအား တုံ့ပြန်၍ မေးခွန်းထုတ်လိုက်သည်။

"အတိအကျတော့ မပြောတတ်ဘူး။ ဒီလကုန်လောက် ရောက်လာမယ် ထင်ပါရဲ့"

ထိုသူက မတင်မကျ မရေမရာဖြေသည်၊ ထိုအခိုက်အတန့်တွင် မိချိုသည် တုန်သောရင်၊ ခုန်သောဘဝင်တို့ဖြင့် ထိုသူ့မျက်မှောက်မှ ဖြတ်လျှောက်ခဲ့သည်၊ ထိုသူသည် မိမိ၏နောက်ပိုင်းကို အာသာငမ်းငမ်းဖြင့် ကြည့်နေလိမ့်မည်ဖြစ်ကြောင်း မိချိုက လှည့်မကြည့်ပဲနှင့် အတတ်သိသည်။

ထိုသူ၏မျက်လုံးစိမ်းကြီးတစ်စုံကို မြင်ယောင်လျက်ဖြင့် မိချိုရင်မှာ လှိုင်းထနေဆဲပင်၊ ကိုကိုတင် ... ဒီနေ့ အလုပ်မှ စောစောအိမ်ပြန်ရောက်ပါစေ ဟု ကြိတ်၍ဆုတောင်းလိုက်မိသည်။

သို့ရာတွင် မိချို့ဆန္ဒ မပြည့်ဝပါချေ။

ထို့ကြောင့် သူမတစ်ယောက်တည်း မှန်တင်ခုံရှေ့တွင်ထိုင်၍ ကျကျနန လှလှပပ ပြယ်မှုန်းနေသည်၊ သက်တံ့ရောင်စုံမျက်နှာလေးတစ်ခု ဖြစ်နေလေပြီ၊

ခါတိုင်းနည်းတူ နောက်ကျမှ ပြန်ရောက်လာသော ကိုကိုတင်သည် မိချို၏အသွင်သဏ္ဌာန် ပြောင်းလဲနေခြင်းနှင့် မိချိုကိုယ်မှ ပျံ့သင်းနေသော "ရေနုယ်နံပါတ်(၅)"ရေမွှေးနံ့ကိုလည်း ရှူရှိုက်လိုက်မိသည်။

"ဒီနေ့ ... ချို ဘယ်လိုဖြစ်ပြီး အပြောင်းအလဲတွေ သိသိသာသာဖြစ်နေတာလဲ"

ကိုကိုတင်က သံသယမျက်လုံးတစ်စုံဖြင့် မေးသည်၊

ထိုအခါတွင် မိချိုက သူမ၏ နှုတ်ခမ်းသားနှစ်မွှာကို စုစုဝန်းဝန်းပြု၍ -

"ဒါကတော့ ကိုကိုတင်ရယ် - မိချိုလည်း အသက်သိပ်ကြီးသေးတာမှ မဟုတ်ပဲ၊ အမယ်ကြီးအို ရှုတ်တွကြီးတွေတောင်မှ ဒီခေတ်မှာ မျက်နှာပေါင်းတင်တာတို့၊ အရေပြားတင်းအောင် လိမ်းသုတ်တာတို့၊ အလှအပ ပြယ်မှုန်းတာတို့ ..."

"တော်စမ်းကွာ"



www.burmeseclassic.com

www.burmeseclassic.com

ကိုကိုတင်၏အသံက ကျားဟိန်းသံပမာ ကျယ်လောင်သွားသည်၊ ထို့ကြောင့် မိချို၏စကားသံက တိတိရိရိကြီး ပြတ်တောက်သွားသည်၊

"ဒီနေ့ - အိမ်ကို ဘယ်သူလာသေးလဲ၊ ဘာတွေများ ထူးထူးခြားခြားဖြစ်ခဲ့သလဲ - မှန်မှန်ပြောစမ်းကွာ"

ကိုကိုတင်က စိတ်မရှည်သောလေသံဖြင့် ဝေါက်ငမ်းသည်၊

မိချိုက ခေတ္တမျှ စဉ်းစားပြီးမှ ပေ့ါဆဆဖြေသည်၊

"ဒီနေ့ ... လာတာတွေက ... ဟို ... နွားနို့ပို့တဲ့ကောင်လေး လာတယ်၊ ပြီးတော့ - အိမ်ရှင်ဦးလေးကြီးလည်း လာသေးတယ်"

"အိမ်လခပေးပြီးတာ တစ်ပတ်ပဲ ရှိသေးတယ်၊ သူ - ဘာကိစ္စနဲ့လာတာလဲ"

"လခအတွက်လာတာ မဟုတ်ပါဘူး - ကိုကိုတင်ရယ်၊ ဟိုဘက်တိုက်ခန်းကို အိမ်ငှားအသစ်လိုက်ပို့တာ၊ အဲဒီ့အိမ်ငှားအသစ်ကလေ ..."

မိချိုက စကားကို ဆက်မပြောပဲ ခေတ္တမျှ ရပ်တန့်လိုက်သည်၊ သူမ၏မျက်လုံးထဲတွင် လက်ခနဲဖြစ်ပေါ်သွားသော ကြည်နူးရိပ်တစ်ခုကို ကိုကိုတင်က သိသိသာသာ ထင်ထင်ရှားရှား မြင်လိုက်ရသည်၊

"အဲဒီ့အိမ်ငှားအသစ်နဲ့ ဘာဖြစ်သေးလဲ - ဆက်ပြောစမ်း၊ ငါ့ကို ယီးတီးယားတားလုပ်ဖို့ မကြိုးစားနဲ့"

ကိုကိုတင်၏မျက်နှာကြီးက ပကတိ ခက်ထန်တင်းမာလာသည်၊ မိချိုရှေ့သို့တစ်လှမ်းတိုးသည်၊ လက်သီးကိုလည်း တင်းတင်းကြပ်ကြပ် ဆုပ်ထားသေးသည်၊

"ဘာမှမဖြစ်ပါဘူး - ကိုကိုတင်ရဲ့ အဲဒီ့လူသစ်ကလေ - အရမ်းကို ဖော်ရွေတာ၊ မိချို လိုအပ်တာရှိရင်လည်း ကူညီဖို့ အဆင်သင့်ပဲ ... တဲ့"

"မင်း - အဲဒီ့လူရဲ့အခန်းကိုရော လိုက်သွားသေးလား - မှန်မှန်ပြော"

ကိုကိုတင်သည် ဒေါသမာန်ကြောင့် တစ်ကိုယ်လုံး တုန်တုန်ယင်ယင် လှုပ်လှုပ်ရှားရှား ဖြစ်နေသည်၊

"မိချို - အဲဒီ့လူစိမ်းရဲ့အခန်းကိုသွားတယ်လို့ ဘယ်သူက ပြောလဲ၊ မယားကို အိမ်မှာ တစ်ယောက်တည်းထားခဲ့ပြီး လူပျိုလူလွတ်တစ်ယောက်လို အလေလိုက်နေတဲ့ ကိုကိုတင်က မယားဝတ္တရားနဲ့အညီနေတဲ့ မိချိုကို စွပ်စွပ်စွဲစွဲ သံသယဝင်နေတာ အတော့်ကို ရယ်စရာကောင်းတယ် - ဟာ - ဟ"

မိချိုက မရယ်ချင်ပဲနှင့် ဟန်လုပ်၍ ရယ်ပြလိုက်သည်၊ ဆက်လက်၍လည်း -

"မိချို - တကယ်လို့ အဲဒီ့အခန်းကို သွားသည့်တိုင်အောင် အိမ်နီးနားချင်း အဖော်ရအောင် မိတ်ဖြစ်ဆွေဖြစ်သဘောမျိုးထက် တစ်ဝက်ကလေးမှ မပိုဘူး - သိလား၊ ဒါတော့ ယုံလိုက်စမ်းပါ - ကိုကိုတင်"

"မယုံဘူးကွာ - လုံးဝမယုံဘူး"

ကိုကိုတင့်အသံက ကျယ်လောင်လွန်းသည်၊



www.burmeseclassic.com

မိချိုက နှုတ်ခမ်းနစ်လွှာကို လက်ညှိုးနှင့် ကန့်လန့်ဖြတ်တင်လျက် "ရှူး" ဟု သတိပေးသည်။

"ဘာလဲ - မင်းရဲ့တိတ်တခိုးလင် ကြားသွားမှာစိုးလို့လား။ ကြားတော့ရော ဂရုစိုက်စရာလား။ အော်ပြောရုံတင်မကဘူး၊ ရိုက်တော့ရော ဘာဖြစ်လဲ၊ မင်းအကောင် လာပြီးကာကွယ်စေချင်တယ်၊ အဲဒီတော့မှ ငါ့အကြောင်း ကောင်းကောင်းသိရမယ်"

မထင်မှတ်သောကာလတွင် ကိုကိုတင်က မိချို၏ပါးကို ဖြန်းခနဲ တစ်ချက်ရိုက်ချလိုက်သည်။ မိချိုသည် ယိုင်သွားသော ကိုယ်ခန္ဓာကို ပြန်လည်ထိန်းမတ်ရန် ကြိုးစားသည်။

"ရိုက်ပါ - ရိုက်ရုံတင်မကဘူး၊ သတ်ချင်ရင်တောင် သတ်နိုင်ပါတယ်"

မိချိုက အိပ်ခန်းထဲသို့ ပြေးဝင်သွားသည်။ စောင်၊ ခေါင်းအုံးအောက်တွင် ထားနေကျဖြစ်သော သေနတ်ကို ယူ၍ ပြန်လည်ပြေးထွက်လာသည်၊ သေနတ်ကို မောင့်လက်ထဲသို့ ထည့်သည်။

"ကျည်ဆန်အပြည့်ရှိတယ်၊ ပစ်လိုက်စမ်းပါ - ကိုကိုတင်၊ ပစ်လို့မှတော့ မိချို မသေရဲစရာ အကြောင်းမရှိပါဘူး - မိချို၊ ဘယ်သူနဲ့မှ မဖောက်ပြားခဲ့ပါဘူး - ကျိန်ပြောရဲပါတယ်"

မိချိုမျက်နှာတစ်ပြင်လုံး မျက်ရည်များ စိုရွှဲနေသည်။

ကိုကိုတင်သည် သူ့ဇနီးမျက်နှာကိုကြည့်၍ ကြေကွဲစိတ် ဖြစ်ပေါ်လာသည်။

"ခွေးသား - သူများမယားကိုကြာခိုချင်တဲ့ကောင် - ငါကိုယ်တိုင် စာရင်းရှင်းမယ်"

ပြောပြောဆိုဆိုဖြင့် သေနတ်ကို တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်လျက် ပြေးထွက်သွားသည်။ တစ်ဖက်ခန်းတံခါးကို ဆောင့်ကန်၍ဖွင့်သံ ကြားလိုက်ရသည်။ မရှေးမနှောင်းမှာပင် -

"ဒိုင်း - ဒိုင်း"

ဟူသော သေနတ်သံနှစ်ချက် ဆက်တိုက်ထွက်ပေါ်လာသည်။

❦❦❦



လမ်းထိပ်ရှိ ရဲပတ္တရောင်၏အကြောင်းကြားမှုကြောင့် အခင်းဖြစ်ပွားရာ မိချိုတို့အိမ်သို့ ရဲအရာရှိဦးဝေလင်းနှင့် ရဲတပ်ဖွဲ့ဝင်များ ရောက်လာကြသည်။ လိုအပ်သော စစ်ဆေးခြင်း၊ လေ့လာမှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်နေကြသည်။

ရဲအရာရှိဦးဝေလင်းက အလောင်းနှစ်လောင်းကို ကြည့်နေရာမှ -

"ဒေါ်မိမိချိုရဲ့ယောက်ျားက တကယ့်ကိုတဖွတ်ထိုးစိတ်မာတ်မျိုးရှိတယ်၊ ဒါကြောင့် - အခုလိုမသေသင့်ပဲ သေရတာ၊ တကယ်ဆို - ကျုပ်တို့ရဲတပ်ဖွဲ့ကို အကြောင်းကြားသင့်တယ်"

ဟူ၍ ပြောလိုက်သည်။ ထို့နောက် ဆက်လက်၍ -

"ကျုပ် မှန်းဆကြည့်ရရင် ဟော့ဒီလူသတ်သမား တရားခံပြေးဖြစ်တဲ့ ငစိုးကြီးရဲ့သတင်းဓာတ်ပုံနဲ့ ဆုငွေတစ်သိန်းထုတ်ထားတဲ့ကြော်ငြာကို မနှစ်တုန်းက သတင်းစာတွေထဲမှာ ကြေညာခဲ့ဖူးတယ်၊ ဒါကို - ဒေါ်မိမိချိုရဲ့ ယောက်ျားက ဖတ်မိထားပါလိမ့်မယ်၊ ဒါကြောင့် - ငစိုးကြီးဟာ ဒီတိုက်ခန်းပြောင်းလာတာ တွေ့လိုက်ရတာနဲ့ သေနတ်ဆွဲပြီး ပစ်ဖမ်းဖို့ရာ ကြိုးစားခဲ့တာ ဖြစ်မယ်၊ ဒါပေမဲ့ - ရာဇဝင်လူဆိုး ငစိုးကြီးမှာလည်း သေနတ်အဆင်သင့်ရှိနေတော့ နှစ်ယောက်သား ရင်ဆိုင်ယှဉ်ပြိုင်ရင်းနဲ့ နှစ်ယောက်စလုံး အသက်ဆုံးရှုံးကြတော့တာပါပဲ"

ဟူ၍ ကောက်ချက်ချလိုက်သည်။

❦❦❦

စင်စစ်အားဖြင့် မိချိုသည် လူသတ်သမား ဝရမ်းပြေး၏အခန်းသို့ မသွားပါပဲနှင့် သွားခဲ့သည့်သဘောမျိုးဖြင့် ဒေါသကြီးသော ကိုကိုတင်၏စိတ်ကို ဆွပေးခဲ့သည်။ ကိုကိုတင့်လက်ထဲသို့ သေနတ်ကို ထည့်ပေးလိုက်သေးသည်။ လူသတ်သမား ဝရမ်းပြေးငစိုးဓာတ်ပုံနှင့် ဆုငွေပေးမည့်အကြောင်း ကြေညာထားသော သတင်းကြော်ငြာကို မိချိုက ဖတ်ဖူးခဲ့ရာမှ ၎င်းကို တွေ့တွေ့

www.burmeseclassic.com

ချင်း ဝိုးတိုးဝါးတားဖြစ်နေသော်လည်း များမကြာမီ ပြန်လည်သတိရလိုက်သည်။ ထို့ကြောင့်ကိုကိုတင်အား သူမ၏ဘဝထဲမှ အပြီးအပိုင်ဖယ်ရှားရာတွင် အသုံးချလိုက်ခြင်းဖြစ်ကြောင်း၊ ထိုအကြောင်းကို သူမဘဝတစ်လျှောက်လုံး ရင်ထဲတွင် မျိုသိပ်ထားရမည်ဖြစ်ကြောင်း နားလည်သဘောပေါက်မိသည်။

အကယ်၍မောင့်ကိုယ်စား ဆုငွေရရှိခဲ့ပါက မောင့်ဂူပေါ်တွင် နှင်းဆီပန်းလှလှလေးတစ်စည်း တင်ပေးရန် သန္နိဋ္ဌာန် ချလိုက်လေတော့သည်။

ဆွေမြင့်

[illegible]

ပေးပို့လိုပါက

အယ်ဒီတာအဖွဲ့

[illegible]

အမှတ် (၅၀၈/၅၁၂)(၂/ခ) ပထမထပ်

တန့်သည်လင်းနှင့်ဆိပ်ကမ်းသာလမ်းထောင့်

ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

# သေချင်တဲ့ကျား

မှူးမြင့်နိုင် (ဘူးသီးတောင်)



www.burmeseclassic.com

www.burmeseclassic.com

## ဆတ်ပစ်ရာမှ သေနတ်ပြောင်းသို့ ရောက်လာသော ကံဆိုးလှသည့် တိရစ္ဆာန်တစ်ကောင်၏ အကြောင်း . .

**တပ်စုမှူး** ဗိုလ်ကြီး မောင်မောင်စိုးခေါ်သည်ဆို၍ တပ်စုရုံးရှိရာ တောင်ကုန်းလေးပေါ်ရှိ တဲလေးရှိရာသို့ တပ်ကြပ်မြင့်နိုင် ရောက်ရှိလာပြီး တဲငယ်ရှေ့ရှိ သစ်ငုတ်တိုပေါ်တွင် ထိုင်နေသော တပ်စုမှူးဗိုလ်မောင်မောင်စိုးအား အလေးပြု၍ ရောက်ရှိကြောင်း သတင်းပို့လိုက်၏။

"ကျွန်တော် ရောက်ပါပြီ – ဗိုလ်ကြီး"

"လာဗျာ – ဆရာမြင့်နိုင်၊ ဒီမှာ ထိုင်ပါဦး။ ဆရာ့ကို ခေါ်ခိုင်းရတာက တခြားကြောင့်တော့ မဟုတ်ပါဘူး။ အခု – ကျွန်တော်တို့မှာ ရိက္ခာစိုပြတ်နေတာ နှစ်ရက်လောက်ရှိသွားပြီ၊ ဒါကြောင့် – ရိက္ခာစိုလေးရအောင် ဆရာ လှုပ်ရှားလိုက်ပါဦး"

"ကျွန်တော်က ဘာများလည်းလို့၊ ဒါလေးများ ဗိုလ်ကြီးရယ်၊ နေ့ခင်းမှာ ဆတ်အိပ်တန်းအိပ်ရာရှာရင်း ဟိုတစ်နေ့က တွေ့ခဲ့တဲ့ ဖန်ခါးပင်မှာ ဖက်စုတ်ရင် ဆတ်မရတောင်မှ ချေ(ဂျီ)လောက်တော့ ရမှာပါ"

"သိပါတယ် – ဆရာအလန်ကွာတာမိန်းရယ်၊ ကျွန်တော်တို့တပ်စုတစ်စုလုံး ဆရာ့ကို အားကိုးနေကြတာ ဆရာ သိပါတယ်။ ဆတ်တို့၊ ချေတို့ မရရင်တောင်မှ မျောက်ကတော့ ရမှာ သေချာပါတယ်။ စိတ်ချယုံကြည်ပြီးသာသွားပါဗျာ"

"ဒါဆိုရင် – ကျွန်တော်မနက်စာ စားပြီး ရဲဘော်နှစ်ယောက်ခေါ်ပြီး ဆက်လှုပ်ရှားလိုက်ပါ့မယ်၊ ကျွန်တော် သွားတော့မယ် – ဗိုလ်ကြီး"

ဆရာမြင့်နိုင်က ထိုင်ရာမှထ၍ တပ်စုမှူးအား အလေးပြု၍ တောင်ကုန်းပေါ်မှ ဆင်းခဲ့ပြီး မိမိတပ်စိတ်ရှိရာ ယာယီတဲလေးရှိရာသို့ ထွက်ခဲ့၏။ ယခု ဆရာမြင့်နိုင်တို့တပ်စုမှာ ခ.လ.ရ (........) တပ်ရင်းမှဖြစ်ပြီး မြန်မာ – ဘင်္ဂလားဒေ့(ရှ်) နှစ်နိုင်ငံနယ်နိမိတ် ကျောက်တိုင်စိုက်ထူရေးတွင် တာဝန်ယူ ဆောင်ရွက်ကြသည့် မြန်မာနိုင်ငံ မြေတိုင်းအဖွဲ့မှ အဖွဲ့(၃) နှင့် အဖွဲ့(၄) အား လုပ်ငန်းဆောင်ရွက်ရာတွင် လုံခြုံရေးအဖြစ် တာဝန်ယူပေးနေရခြင်းဖြစ်၏၊ အဖွဲ့(၃) ခေါင်းဆောင် မြေမှူးဦးဟန်နှင့်၊ အဖွဲ့(၄) အဖွဲ့ခေါင်းဆောင်ဦးစောသာထူးတို့ ခေါင်းဆောင်သော လူအင်အား (၂၈) ယောက်တို့နှင့်အတူ တောင်ပြိုရွာ အရှေ့မြောက်ဘက်တောင်တန်းပေါ်ရှိကိုးတန်ကောက်ဆိုသည့်နယ်စပ်အနီး တောင်စွယ်တွင် ယာယီစခန်းချပြီး မြေတိုင်းလုပ်ငန်းများဖြစ်သော တောရှင်းခြင်း၊ မှန်ပြုခြင်း၊ ခြင်းထောင်ခြင်းနှင့် မြေပုံဖတ်ခြင်း စသည့်လုပ်ငန်းများအား ဆောင်ရွက်နေကြသည်ကို လုံခြုံရေးဆောင်ရွက်ပေးနေရခြင်း ဖြစ်၏။ မိမိတို့၏တပ်ခွဲဖြစ်သော တပ်ခွဲ (၄) တစ်ခွဲလုံး မြေတိုင်းအဖွဲ့လုံခြုံရေးအတွက် မြန်မာ – ဘင်္ဂလားဒေ့(ရှ်) နယ်စပ်တစ်လျှောက် မြေတိုင်းအဖွဲ့များနှင့်အတူ ရှိနေကြလေသည်။

ဆရာမြင့်နိုင်မှာ တပ်ခွဲ (၄) တွင် မုဆိုးကြီး အလံကွာတာမိန်းဆိုသည့် နာမည်ရရှိထားသည့် မုဆိုးတစ်ပိုင်း စစ်သားဖြစ်၏၊ သူရှိနေသော တပ်ခွဲ တပ်စုများတွင် လိုအပ်သော ရိက္ခာစိုအတွက် သားကောင်များကို အမြဲမပြတ် ပစ်ခတ်ပေးနေရသူဖြစ်ပြီး ဆရာမြင့်နိုင်ကလည်း လက်ဖြောင့်သူတစ်ယောက် ဖြစ်ပြီး ဆရာမြင့်နိုင် တောပစ်ထွက်သွားပြီးဆိုလျှင် နောက်မှကျန်ခဲ့သူများ

www.burmeseclassic.com

မှ သေနတ်သံကို နားစွင့်နေကြပြီး သေနတ်သံကြားရပြီဆိုလျှင် သားကောင် ထမ်းရန် နောက်မှ လှူစုရ၍ လိုက်သွားကြမြဲပင်။ သေနတ်သံကြားရ၍ သား ကောင်မရဆိုသည်မှာ တစ်ကြိမ်တစ်ခါမှ မဖြစ်ဘူးသေးသည့်အဖြစ် ဖြစ်၏။ ဆရာမြင့်နိုင်ကလည်း လက်ဖြောင့်သည်ထက် သားကောင်အထာ၊ တော တောင်အနေအထားများကို ကျွမ်းကျင်ပြီး စိတ်ရှည်စွာဖြင့် သားကောင် ချောင်းမြောင်းခြင်းကလည်း ဆရာမြင့်နိုင်၏ မုဆိုးအရည်အချင်းတစ်ခု ဖြစ် ၏။ ရောက်လေရာ နယ်မြေဒေသများတွင်ရှိကြသော နယ်မြေခံမုဆိုးများထံမှ မုဆိုးပညာများကို သင်ယူမှတ်သား၍ လက်တွေ့အသုံးချခြင်းကြောင့် ဆရာ မြင့်နိုင်အား "ပစ်မလွဲမြင့်နိုင်"၊ "ပေါက်ထမ်းမြင့်နိုင်" ဟု ခေါ်ကြခြင်း ဖြစ်၏။ (ပေါက်ထမ်းဆိုသည်မှာ ရခိုင်သူ ရခိုင်သားများသည် သေနတ်ပစ်သံ ကြား ရသည်ကို ပေါက်သံကြားရသည်ဟု ပြောကြ၏။ ထို့ကြောင့် ပေါက်ထမ်းဆို သည်မှာ ပစ်လျှင် သားကောင်ထမ်းရသည်ဟု အဓိပ္ပာယ်ရလေ၏။

(တရေးသူ)

ဆရာမြင့်နိုင်နှင့်အတူ တပ်သားတင်စိုးနှင့် တပ်သားထွန်းမောင်တို့ နှစ်ယောက် လိုက်ပါလျက် တောင်ကြောနှစ်ခု၏ အလယ် မြေပြန့်အတိုင်း မျက်စိကို ဖွင့် နားကိုစွင့်၍ သတိဖြင့် ခြေသံကို လုံလုံနင်း၍ လျှောက်လှမ်းလာ ကြ၏။

ဆရာမြင့်နိုင်သည် G-3 (ဂျီသရီး) (BA ၆-ခု မောင်းပြန်ရိုင်ဖယ်)ကို မောင်းတင်ပြီး လုံခြုံရေးခလုတ်အားပိတ်ပြီး အပစ်လက်ကိုင်အား ညာလက် ဖြင့် ဆုပ်ကိုင်၍ သေနတ်အား ညာပခုံးထက်တွင်ထမ်းကာ ရှေ့ ဘေး၊ ဘယ် ညာကို စေ့စေ့သေချာ သတိ မုဆိုးမျက်လုံးများဖြင့်ကြည့်၍ တစ်လှမ်းချင်း လျှောက် လှမ်းနေ၏။ သူ၏နောက်တွင် တပ်သားတင်စိုးနှင့် ထွန်းအောင်တို့နှစ်ယောက် သည် ဂျီသရီး (G-3) သေနတ်များကို အသင့်အနေအထားဖြင့်ကိုင်လျက် သတိဖြင့် လိုက်ပါလာနေကြ၏။



ဆတ်ဆိုသည့်သားကောင်များသည် ယခုလို ဆောင်းရာသီအချိန်မျိုး တွင် ညဘက်တွင် တောင်ယာဟောင်းများ၊ လူတို့ စိုက်ပျိုးထားသော ပဲခင်း၊ မုန်ညင်းခင်းများအတွင်း ဝင်ရောက်စားသောက်ကြပြီး မိုးလင်းပိုင်းရောက် သည်နှင့် မိမိတို့ အိပ်တန်းရှိရာသို့ ပြန်လာကြကာ အိပ်တန်းဝင်ကြလေ၏။ ဆတ်များ ဆောင်းရာသီတွင် အိပ်တန်းမှာ တောင်ကြောများကြားရှိ လွင်ပြင် များ၌ နေရောင်ခြည် ကျရောက်သည့် ချုံငယ်များ၊ ဂုံမင်းပင်များအောက်တွင် အိပ်တတ်ကြ၏။ တချို့သော ဆတ်များမှာ တောင်ကြော၏ အနောက်ဘက် ခြမ်းတွင်ရှိသော တောင်စောင်းပြန့်များတွင် အိပ်တတ်ကြ၏။ ဆရာမြင့်နိုင် နှင့် ရဲဘော်နှစ်ယောက်တို့ စခန်းမှထွက်လာခဲ့ကြသည်မှာ တစ်နာရီခန့်မျှ အချိန်ကြာလာသော်လည်း သားကောင်ကြီးကြီးမားမား တစ်ကောင်မျှမတွေ့ ရသေးပေ။ တောကြက်များ ရှဉ့်ငပေါ်များနှင့် သစ်ပင်များပေါ်တွင် အောက် ချင်းငှက်နှင့် ဝါးရောင်းငှက်များသာ တွေ့ကြရ၏။ အချိန်ကလည်း နေ့လယ် (၂)နာရီ အချိန်ခန့်ဖြစ်သဖြင့် သားကောင်များ အိပ်နေကြသောကြောင့် မမြင် တွေ့ရခြင်းဖြစ်ကြောင်း ဆရာမြင့်နိုင် သိပြီးဖြစ်၏။ လမ်းဟူ၍မရှိဘဲ ပြန့်လွင် ပြင်ထဲတွင် ပေါက်နေကြသော မြက်ရိုင်းပင်များ၊ ကိုင်းပင်နှင့် ဂုံမင်းပင်များ ချုံငယ်များအောက်သို့ သေချာစွာကြည့်၍ တစ်လှမ်းချင်း လျှောက်လှမ်းနေ ကြခြင်းဖြစ်သောကြောင့် ခရီးမတွင်ချေ။

လွင်ပြင်တောဆုံးသည်နှင့် ဆင်ခြေလျှော တောင်နာမောင်းငယ်တစ်ခု ပေါ်သို့ တက်ခဲ့ကြပြီး တောင်စောင်းတွင်ရှိသော မြရာပင်ကြီးတစ်ပင်အောက် သို့အရောက်တွင် ဆရာမြင့်နိုင်က ပခုံးတွင် ထမ်းလာသော ဂျီသရီး (G-3) သေနတ်အား လက်တွင် ကိုင်လိုက်ပြီး မြရာပင်၏ ပင်စည်ခြေရင်းတွင် ထိုင် ချလိုက်ကာ ရဲဘော်နှစ်ယောက်အား ပြောလိုက်၏။

"တင်စိုးနဲ့ ထွန်းမောင် ခဏနားကြမယ်ကွာ၊ နေတလည်း ပူလိုက်တာ ကွာ - လွန်လွန်းတယ်၊ တောထဲ တောင်ထဲမှာ သစ်ပင်ဝါးပင်အရိပ်တွေနဲ့ ဒီလောက်ပူရင် ကွင်းပြင်မှာသာဆိုရင် ဘယ်လောက် ပူမလဲ မသိဘူး - ဟူး"



www.burmeseclassic.com

www.burmeseclassic.com

ဆရာမြင့်နိုင်က ပြောရင်းလေပူတစ်ချက်မှုတ်ထုတ်လိုက်ပြီးအင်္ကျီအိတ်တွင်းမှ ဆေးပေါ့လိပ်အားထုတ်ယူ၍ မီးညှိပြီး ဖွာရှိုက်နေ၏။ တင်စိုးနှင့် ထွန်းမောင်တို့နှစ်ယောက်လည်း မြရာပင်၏ ပင်စည်တွင် မှီ၍ ထိုင်လိုက်ကြပြီး ဆေးပေါ့လိပ်များ မီးညှိဖွာရှိုက်နေကြလေ၏။ ဆေးပေါ့လိပ်အား တစ်ရှိုက်နှစ်ရှိုက် ဖွာရှိုက်လိုက်ပြီး တင်စိုးက -

"ဘယ်လိုလဲ - ဆရာမြင့်နိုင်ရဲ့ အခု - ကျွန်တော်တို့လာတာ တစ်နာရီကျော်ကျော်လောက် ရှိနေပြီ၊ ဘာတစ်ကောင်မှလည်း မတွေ့ရသေးပါလား။ ဘယ်လိုဖြစ်တာလည်းဗျ"

"တင်စိုးကတော့ လုပ်ပြီ၊ ငါ့နောက် လိုက်ပြီး ငါ့တပည့်မုဆိုးလက်သင်လုပ်နေတာ ကြာလှပြီ၊ ခုအချိန်ထိ တောရဲ့အထာ၊ တောင်ရဲ့သဘောနဲ့ သားကောင်တွေရဲ့အမူအကျင့်ကို မသိသေးဘူးကိုးကွ"

"တောရဲ့အထာနဲ့ သားကောင်တွေရဲ့အမူအကျင့်ဆိုတာ ဘာတွေလည်း ဆရာ၊ ပြောပြပါဦး မှတ်သားရတာပေါ့ - ဆရာရယ်"

ဆရာမြင့်နိုင်အား ထွန်းမောင်က မေးလိုက်ခြင်းဖြစ်၏။

ဒီလိုကွဲ့ - ထွန်းမောင်ရဲ့ - အခု ငါတို့လာခဲ့တဲ့ ပြန့်တစ်လျှောက်မှာ သားကောင်ကြီးကြီးမားမားမတွေ့ရတာ ဘာဖြစ်လို့လည်းဆိုတော့ ဒီတောင်ကြောတစ်လျှောက်မှာ ငါတို့ရဲ့ မြေတိုင်းအဖွဲ့တွေ သွားလိုက်လာလိုက်နဲ့ မြေတိုင်းအလုပ်တွေ နှစ်ရက်၊ သုံးရက် လုပ်ခဲ့ကြတော့ ဒီအနီးအနားမှာရှိကြတဲ့ သားကောင်တွေလန့်ပြီးပြေးကုန်ကြပြီပေါ့ကွ။ ဒါလေးတောင်မှ မသိကြဘူးလား၊ ညံ့ပါကွာ"

"ဟာ - ဆရာကလည်း ကျွန်တော်တို့က ဒီလောက်မစဉ်းစားတတ်ဘူးလေ၊ ဒါကြောင့်လည်း - ဆရာ့ရဲ့တပည့်တွေ ဖြစ်နေကြတာပေါ့၊ ဒါဆိုရင် - ဒီနေ့ အခြေအနေကောင်းပုံမလား - ဆရာ။ ငါးပိကြော်နဲ့ နှစ်ပါးသွားရဦးမယ် ထင်ပါတယ်ဗျာ"

ထွန်းမောင်က ညည်းသံဖြင့် ပြောလိုက်သောကြောင့် ဆရာမြင့်နိုင်က -



"ထွန်းမောင်ကလည်း အားလျှော့တဲ့စကား မပြောပါနဲ့ဦးကွာ၊ အခုမှ လှုပ်ရှားမှုအစပဲ ရှိပါသေးတယ်၊ အခု - ငါတို့ရောက်နေတဲ့ တောင်ကြောရဲ့ ရှေ့မှာ ဝါးမင်းတောနဲ့ ချုံငယ်နဲ့ ကိုင်းပင်တောတွေမှာ သားကောင်ကိုကျိန်းသေ ပစ်ရမှာပါကွာ။ ဒီဘက်တောက သားကောင်တွေ ငါပြောတဲ့တောကို ပြောင်းသွားကြမှာ သေချာပါတယ်ကွာ၊ ကိုင်း - နားလို့လည်း အမောပြေလောက်ပါပြီ၊ ဆေးလိပ်တွေ မီးသတ်ပြီး ခြေသံလုံလုံနဲ့ ငါ့နောက်က အသင့်လိုက်ခဲ့ကြပေတော့၊ မလိုအပ်ဘဲ စကားမပြောနဲ့၊ ပစ်စရာတွေ့ရင် ငါပဲ ပစ်မယ်၊ လိုအပ်လို့ရှိရင် ငါက ပစ်မိန့်ပေးမှ ပစ်ကြ ကြားလား"

"ဟုတ် - ကြားပါတယ်" အသံခပ်အုပ်အုပ်ဖြင့် ပြိုင်တူဖြေလိုက်ကြရင်း ဆရာမြင့်နိုင်နောက်မှ လိုက်ခဲ့ကြလေ၏။ ဆရာမြင့်နိုင်သည် တောင်ကြောဆင်ခြေလျှောမှ လွင်ပြန့်ရှိရာသို့ တဖြည်းဖြည်း ဆင်းသွားရင်း ပြန့်ရှိ ဝါးမင်းတောအတွင်း မျက်လုံးကို ရှင်ရှင်ထား၍ နေပြောက်များ ကွက်ကျားထိုးကျနေသော ချုံငယ်များနှင့် ကိုင်းပင်များကြားသို့ကြည့်ရင်း သေနတ်ကို ပစ်ခတ်ရန် အသင့်အနေအထားမှာကိုင်၍ သွားနေ၏။ ပြန့်၏အလယ်ကြောမှ မသွားဘဲ ပြန့်၏ အနားစပ်တောင်ခြေနားကပ်၍ သွားနေခြင်းဖြစ်၏။ ဆရာမြင့်နိုင်နှင့် တပည့်နှစ်ယောက်တို့ ပြန့်အစပ် တောင်ခြေမှ ကပ်၍ လျှောက်လာကြရာ တစ်နာရီနီးပါးခန့် အချိန်ကြာပြီဖြစ်၏။ ပြန့်လွင်ပြင်မှာ အတော်ပင် ကျယ်၏။ တောင်ကြောနှစ်ခု၏ကြားတွင်ရှိနေပြီး တောင်ကြောတစ်ခုနှင့်တစ်ခု ကိုက်ငါးရာခန့် ကွာဝေးမည်ဟု ဆရာမြင့်နိုင် ခန့်မှန်းမိလေ၏။ ထိုအချိန်တွင် ပြန့်၏ရှေ့ဘက်ရှိ တောင်ကြောဘက်မှ ထရိမ် - ထရိမ် - ထရိမ် ဆိုသည့် ဆတ်တစ်သံကို ကြားလိုက်ရသော ဆရာမြင့်နိုင်က -

"ဟော့ကောင်တွေ - ဆတ်တစ်သံကြားလိုက်ကြတယ် မဟုတ်လား။ နေ့ခင်းကြီးမှာ ဆတ်တစ်တယ်ဆိုတာ အကြောင်းတစ်ခုခုရှိလို့ပဲကွ။ သူ့အိပ်တန်းကို လူရောက်လို့လား၊ ဒါမှမဟုတ် တောခွေးအုပ်များ ခြောက်လို့လား မသိဘူး။ လာကြ၊ ငါ့နောက်က လိုက်ခဲ့ကြ - သတိမလစ်ကြစေနဲ့"

www.burmeseclassic.com

ဆရာမြင့်နိုင်သည် ပြောပြောဆိုဆို ရှေ့မှ ခပ်သုတ်သုတ် ထွက်သွားလေရာ နောက်မှ တင်စိုးနှင့် ထွန်းမောင်တို့ လိုက်သွားကြလေ၏၊ ဆရာမြင့်နိုင်တို့လျှောက်ခဲ့ကြသည်မှာ ကိုက်တစ်ထောင်ခန့်အရောက်တွင် တောင်ကြောခြေရှိ မြေပြင်တွင် မြင်လိုက်ရသည် မြင်ကွင်းက ...

"ဝေါင်း - ဝေါင်း - ဝေါင်း - ဟဲ - ဟဲ - ဟဲ"

ကျားဟိန်းသံနှင့်အတူ ခြောက်စထောင်ဦးချို (ဂျို) ကားရားနှင့် ဆတ်ဖားကြီးတစ်ကောင် ပြေးလာနေပြီး ၎င်းဆတ်ဖားကြီးနောက်မှ ရှစ်တောင်ခန့် ကျားကြီးတစ်ကောင် မာန်ဖီဟိန်းဟောက်ပြီး ဆတ်ဖားကြီး၏ နောက်ကြောပေါ်သို့ ခုန်တက်၍ လက်သည်းများဖြင့် ကုတ်ဆွဲပြီး ဆတ်ဖားကြီးအား လဲကျအောင် ဆွဲလှဲချနေသည့်မြင်ကွင်းအားမြင်လိုက်ရသောကြောင့် ဆရာမြင့်နိုင်သည် အနီးရှိကညင်ပင်ကြီး၏ ခြေရင်းတွင် ပြေးကပ်လိုက်ပြီးနောက်




မှ တပည့်နှစ်ယောက်ကိုလည်း လက်ဟန်ဖြင့် နေရာယူခိုင်းလိုက်ရာ သူတို့အနီးရှိ သစ်ပင်များခြေရင်းသို့ ပြေးဝင်နေရာယူလိုက်ကြပြီး ရှေ့တွင် မြင်ရသော မြင်ကွင်းအား ကြည့်လိုက်ကြရာ ...

ကျားကြီးက ဆတ်ဖားကြီး၏ ကျောကုန်းပေါ်မှ ဆတ်ဖားကြီးအား သူ၏ လက်သည်းကြီးများနှင့် ကုတ်ဆွဲ၍လှဲချနေစဉ် ဆတ်ဖားကြီးမှ သူ၏နောက်ကျောကုန်းပေါ်ရှိ ကျားကြီးအား လည်ပြန်လှည့်၍ သူ၏ ခြောက်စထောင်ချိုကြီးဖြင့် လှည့်ယမ်းခတ်လိုက်လေ၏၊ ဆတ်ဖားကြီး၏ ဦးချိုမှာ နောက်ကြောကုန်းပေါ်ရှိကျားကြီး၏လည်ပင်းအား ထိသွားပြီး ခပ်နက်နက် စူးဝင်သွားလေ၏၊ ဆတ်ဖားကြီးမှာ မိမိကျောကုန်းထက်တွင် မိမိအား လက်သည်းများဖြင့် ကုတ်ဆွဲထားသောကြောင့် နာကျင်လှသည့်ဒဏ်ရာကြောင့် ကြောက်ကြောက်လန့်လန့်နှင့် ဦးခေါင်းဖြင့် လှည့်ယမ်းလိုက်ခြင်းဖြစ်သော်လည်း တံဆိုးသောကျားကြီး၏လည်ပင်းအား ဆတ်ကြီး၏ခြောက်စထောင် ဦးချိုကြီးက စူးဝင်သွားခြင်းဖြစ်၏၊ ဆတ်ဖားကြီး၏ဦးချိုလည်ပင်းတွင် စူးဝင်သွားသည်နှင့် ကျားကြီးသည် နာကျင်စွာ တစ်ချက်အော်လိုက်ပြီး ကုတ်ဆွဲထားသော လက်များအားဖြုတ်၍ ဆတ်ဖားကြီး၏နောက်ကျောကုန်းပေါ်မှ နောက်ကျွမ်းပစ်၍ ခုန်ချသွားလေ၏၊ မြေပေါ်သို့ကျရောက်ပြီးသည်နှင့် ဦးချို စူးဝင်သည့်ဒဏ်ရာမှ နာကျင်သည့်ဝေဒနာနှင့် ဒဏ်ရာရသွားစေရန် သူ့အား ဦးချိုဖြင့် ခတ်လိုက်သော ဆတ်ဖားကြီးအပေါ် ဖြစ်ပေါ်လာသောဒေါသဖြင့် ဝမ်းခေါင်းသံကြီးဖြင့် ဟိန်းဟောက်အော်ဟစ်လိုက်သံက တစ်တောလုံး ဆူညံသွားလေ၏၊

"ဂရား - ဝူးဝူး - ဂရား - ဂရား - ဂရား - ဝေါင်း - ဝေါင်း"

ကျားကြီးအော်လိုက်သံကြားရသော ဆတ်ဖားကြီးမှာ မိမိ၏ကျောကုန်းပေါ်တွင် ကျားကြီးမရှိတော့ပြီဟူသော အသိ၊ နာကျင်လွန်းလှသည့် ဒဏ်ရာကြောင့် သူ၏ မျက်နှာမူရာအရပ်ဘက်သို့ တစ်ဟုန်ထိုး ခုန်ပြေး ပြေးထွက်လိုက်၏၊ ဆတ်ကြီး ပြေးထွက်သွားသည်နှင့် ကျားကြီးကလည်း နောက်မှ ခြေ၍ လိုက်လေ၏၊ ဆရာမြင့်နိုင်သည် တစ်ခါမျှ မမြင်ဘူးသည့် မြင်ကွင်း

www.burmeseclassic.com

အား မှင်တက်၍ ကြည့်နေမိ၏။ ဆတ်ဖားကြီးသည် အသက်ဘေးမှ လွတ်ကင်းရန်အတွက် ဒေသွးရူးဒေသွးတန်းပြေးလာရာလမ်းကြောင်းမှာ ဆရာမြင့်နိုင်နှင့် ရဲဘော်နှစ်ယောက် ပုန်းအောင်းနေရာယူထားသော သစ်ပင်များဆီသို့ ဖြစ်၏။ ဆရာမြင့်နိုင်သည် သူနေရာယူထားသော ကညင်ပင်ကြီးတည့်တည့် လမ်းကြောင်းအတိုင်း ဆတ်ဖားကြီးပြေးလာသည်ကို မြင်ရလေမှ သတိဝင်လာပြီးလက်တွင်းမှဂျီသရီး (G-3) သေနတ်အားကညင်ပင်ကြီး၏ပင်စည်တွင် ကပ်ပြီး ပစ်ခတ်ရန် အသင့်ချိန်ရွယ်ထားလိုက်၏။

ဆတ်ဖားကြီးမှာ အားကုန်ပြေးသော်လည်း ကျောကုန်းပေါ်တွင် ရရှိထားသော ဒဏ်ရာကြောင့် ထင်သလောက်မပြေးနိုင်ပေ၊ ကျားကြီးမှာလည်း လည်ပင်းတွင် ရရှိထားသော ဒဏ်ရာကြောင့် ခေါင်းကြီးစောင်းစောင်းဖြင့် ပြေးလိုက်နေ၏။ ဆတ်ဖားကြီး ပြေးလာသည်မှာ ဆရာမြင့်နိုင်နေရာယူထားသော ကညင်ပင်ကြီးနှင့် ပေ(၁၅၀)ခန့်အကွာအဝေးသို့ အရောက် နောက်မှ လိုက်လာသည့်ကျားကြီးသည် ဆတ်ဖားကြီးကို မီလာသည်နှင့် ဆတ်ဖားကြီး၏ နောက်ခြေထောက် တကောက်ကြောအား ခုန်၍ကိုက်လိုက်လေ၏။ ဆတ်ဖားကြီးမှာ ပြေးလာသည့်အရှိန်ဖြင့် ရှေ့ခြေနှစ်ချောင်း ခေါက်၍ လဲကျသွား၏။ ကျားကြီးမှာ ဆတ်ဖားကြီး၏ နောက်ခြေထောက်အား ကိုက်၍ ဆွဲခါလိုက်ပြီး လဲကျနေသော ဆတ်ဖားကြီး၏ လည်တိုင်ဆီသို့ ခုန်သွားပြီး လည်တိုင်အား သူ၏ချွန်မြနေသော အစွယ်နှစ်ချောင်းဖြင့် ပါးစပ်ကိုဖြဲ၍ကိုက်ဖောက်ပြီး ဆွဲခါလိုက်ရာ ဒဏ်ရာကြောင့် နာကျင်စွာဖြင့် ဆတ်ဖားကြီးမှာ "ထရိမ် – ထရိမ်" ဟု အသံတုန်တုန်ဖြင့် နှစ်ချက်သာအော်ဟစ် ပြီး တဖြည်းဖြည်းငြိမ်ကျသွားလေ၏။ ကျားကြီးသည် ဆတ်ဖားကြီးငြိမ်သွားလျှင် ကိုက်ဆွဲထားသော လည်တိုင်အားတစ်ချက်နှစ်ချက် ဆွဲလှုပ်ခါယမ်းလိုက်ပြီး ကိုက်ခဲထားသော ဆတ်ဖားကြီး၏လည်တိုင်ကို လွှတ်လိုက်ကာ သူ၏ ကြီးမားသောဦးခေါင်းကြီးအား မော့၍တစ်ချက် ဟိန်းလိုက်ပြီး ဆတ်ဖားကြီး၏ နောက်ခြေထောက် ပေါင်သားရှိရာသို့သွားပြီး ကိုက်ဖဲ့၍ စားလိုက်လေ၏။



ဆရာမြင့်နိုင်သည် ကျားကြီးအား ကြည့်နေရာမှ သူ၏ လက်ထဲမှ သေနတ်အား ကျားကြီး၏ လက်ပြင်နေရာသို့ ကညင်ပင်ကြီး၏ ပင်စည်တွင်ကပ်၍ ချိန်လိုက်၏။ ရှေ့ချိန်သီး၊ ရှေ့ပစ်မှတ်နောက်ချိန်ပေါက် တစ်ထပ်တည်းကျသည်နှင့် ပစ်ခလုတ်အား အသက်အောင့်၍ ဖြည်းညင်းစွာ ဆွဲလိုက်လေ၏။ မိမိအစာကို အားသာငမ်းငမ်းဖြင့် စားနေသော ကျားကြီးမှာ –

"ဒိုင်း"

ဂျီသရီး (G-3) သေနတ်ပြောင်းမှ ယမ်းအားပြင်းလှသည့် "၇.၆၂" ကျည်ဆန်ထိပ်ဖူး ဖောက်ထွင်းသွားသည့် နလုံး၏ နာကျင်မှုအား သိရှိလိုက်၍ လန့်ပြီးခုန်လိုက်သော်လည်း မြေပြင်မှ နှစ်ပေခန့်သာ မြင့်အောင် ခုန်လိုက်နိုင်ပြီး မြေပြင်သို့ ပြုတ်ကျကာ ခြေနှင့်လက်များ တစ်ချက်နှစ်ချက် ခါယမ်းလိုက်ပြီး ငြိမ်သက်သွားလေတော့၏။ ကျားကြီး ငြိမ်သက်သွားပြီး သုံးမိနစ်ခန့်အချိန်ကြာမှ ဆရာမြင့်နိုင်သည် ကညင်ပင်ကြီးခြေရင်းမှ ထလိုက်ကာ ရဲဘော်တင်စိုးနှင့် ထွန်းမောင်တို့ဘက်သို့ လှည့်၍ပြောလိုက်၏။

"ကျားကြီးတော့ ပွဲသိမ်းသွားပြီ၊ ဒီနေ့တော့ – တစ်နေရာတည်းမှာ သားကောင်နှစ်ကောင် တစ်ပြိုင်တည်းရတာတို့ ကံကောင်းတာပေ့ါ။ ဒါပေမဲ့ မုဆိုးအရျင်းချင်း အစာလုယူလိုက်ရတာတော့ ငါ စိတ်မကောင်းပါဘူးကွာ။ ကြီးနိုင်ငယ်ညှဉ်း နိပ်စက်နေတဲ့ မြင်ကွင်းကို မြင်လိုက်ရတော့ ငါလည်း ဆတ်ကြီးကို သနားမိပြီး ကြည့်နေစဉ်မှာ ဆတ်ကြီးသေသွားတာမြင်ရတဲ့အခါ ငါလည်း ဒေါသကို မထိန်းနိုင်ဖြစ်ပြီး ပစ်လိုက်မိတာပဲကွာ"

ဆရာမြင့်နိုင်၏ ပြောစကားကို ကြားသော ရဲဘော်တင်စိုးက –

"ဆရာမြင့်နိုင်ကလည်းဗျာ – မုဆိုးအရျင်းချင်း အစာလုယူတာတို့ မုဆိုးညည်းဖောက်တာတို့ လုပ်မနေစမ်းပါနဲ့။ ကျွန်တော်တို့က မုဆိုးအလုပ်နဲ့ အသက်မွေးနေတဲ့ မုဆိုးအစစ်တွေမှ မဟုတ်တာဗျာ။ စစ်သားတွေပဲ – အခု ရိက္ခာစို့အတွက် ဆတ်သားနဲ့ ကျားသား (၁၀) ရက်စာလောက် ရပြီး ဆေးအတွက် အမှတ်တရ ကျားအရေလည်း ရသေးတယ်။ ဘယ်လောက် [illegible]ကျ ထိုက်လဲ၊ ဟဲ – ဟဲ – ဟဲ"

www.burmeseclassic.com

ရဲဘော်တင်စိုးက ဆရာမြင့်နိုင်အား ပြောလိုက်ရင်းက တဟဲဟဲ ရယ်(ရီ)နေ၏၊ ဆရာမြင့်နိုင်က ...

"ကိုင်း - စကားများမနေနဲ့၊ နေကျသွားရင်မှောင်နေလို့၊ သားကောင်တွေ စခန်းကို သယ်ယူရခက်နေဦးမယ်၊ လာကြ - ဆတ်ကြီးနဲ့ ကျားကြီးတို့ရဲ့ အင်္ဂါအစုံဖြတ်ပြီး တင်ပြီး စခန်းကို အမြန်ပြန်ကြမယ်"

ဆရာမြင့်နိုင်သည် ကညင်ပင်ကြီးတွင် မှီထောင်ထားသော သေနတ်အား ကောက်ယူလိုက်ပြီး ဆတ်ဖားကြီးနှင့် ကျားသေကြီးရှိရာ နေရာဆီသို့ ထွက်သွားလေ၏၊ ဆတ်သေကြီးအား သေချာစွာကြည့်လိုက်ရာ လည်တိုင်တွင် ကျားအစွယ်ရာကြီးနစ်ပေါက်မှာ သူ၏လက်ညှိုးလုံးခန့် အပေါက်ဖြစ်ပြီး သွေးများစီးကျနေဆဲဖြစ်သည်ကိုမြင်ရလေ၏၊ ဆရာမြင့်နိုင်က သူ၏ခါးတွင် ပတ်ထားသော စစ်ခါးပတ်မှ ဂေါ်ရခါးဓားကောက်အား ဖြုတ်ယူ၍ ဆတ်ကြီး၏ လျှာများ၊ နားရွက်နစ်ဖက်အများနှင့် ခွာလေးဖက်အများ၊ အမြီးများများအား ဖြတ်ယူ၍ ရဲဘော်တင်စိုး၏ လက်ထဲသို့ထည့်ပေးလိုက်ပြီး ကျားသေကြီး၏ လျှာများ၊ နားရွက်များ၊ ခြေလေးချောင်းရှိ ခြေသည်းနှင့် အမြီးများများအား ဖြတ်ယူလိုက်ပြီး ရဲဘော်တင်စိုးအား ပေးလိုက်သော ဆတ်ကြီးထံမှ ဖြတ်ယူထားသော လျှာ၊ နားရွက်၊ ခွာ၊ အမြီး စသည့်အများစများအား ပြန်ယူလိုက်ပြီး သူ့အနီးတွင်ရှိသော ဝါးမင်းပင်မှ အရွက်နစ်ရွက်အား ခူးဆွတ်လိုက်ကာ ဝါးမင်းအရွက်နစ်ရွက်အား ကြက်ခြေခတ်သဏ္ဍာန် ထပ်လိုက်ပြီး ဝါးမင်းရွက်ပေါ်တွင် ကျားကြီးနှင့် ဆတ်ကြီးတို့၏အင်္ဂါစုံစတိဖြတ်ယူထားသော လျှာ၊ နားရွက်၊ ခွာ၊ အမြီးစတို့အားထည့်၍ အနီးရှိသစ်ငုတ်တိုပေါ်တွင် တင်လိုက်ပြီး ပါးစပ်မှလည်း -

"ကိုင်း - သည်တော သည်တောင်ကို ပိုင်ဆိုင်ကြတဲ့ တောပိုင်တောင်ပိုင် အပေါင်းတို့ယခု ကျွန်တော်တို့ပစ်ခတ်ရရှိသော ဆတ်နှင့်ကျားနစ်ကောင်တို့ရဲ့ အင်္ဂါစုံအသားများကို ပြန်ပြီးတင်မြှောက်ပါတယ်၊ နောက်နောင် ကျွန်တော်တို့အား အရှင်တို့ပိုင်ဆိုင်သော ခြေလေးချောင်းနှင့် နားရွက်တို့ ချို(ချိုး)ကျိုးနှင့် နားရွက်ပဲ့သားကောင်တို့ကို ပေးကြပါခင်ဗျား"

ဆရာမြင့်နိုင်က ပြောဆိုတင်မြှောက်ပြီးသည်နှင့် တင်စိုးနှင့် ထွန်းအောင်အား ဆတ်သေကြီးနှင့် ကျားသေကြီးတို့အား ခြေထောက်လေးချောင်းအား ဆွဲ၍ တစ်ဖက်သို့ လှန်နိုင်းလိုက်ပြီး ဆရာမြင့်နိုင်သည် အနီးရှိသစ်ပင်မှ သစ်ခက်နစ်ခက်အား ချိုးယူလိုက်ပြီး ဆတ်သေကြီးနှင့် ကျားကြီးတို့၏ ကိုယ်လုံးကြီးများအား သစ်ခက်နှင့် ရိုက်လိုက်ပြီး "ဒီသားကောင်မှာ ပိုင်ရှင်ရှိတယ်၊ ဘာအကောင်မှာ မစားသောက်ကြနှင့်" ဟု ပြောဆိုပြီး ချိုးယူလာသော သစ်ခက်အား ဆတ်ကြီးနှင့် ကျားကြီးတို့၏ ကိုယ်လုံးကြီးပေါ်တွင် ကန့်လန့်ဖြတ်တင်ထားခဲ့ပြီး ဂျီသရီး (G-3) သေနတ်အား ပခုံးပေါ်ထမ်း၍ ရှေ့မှနေ၍ စခန်းရှိရာဘက်သို့ လျှောက်လှမ်းသွားလေ၏၊ ဆရာမြင့်နိုင်နောက်မှ တပ်သားတင်စိုးနှင့် တပ်သားထွန်းမောင်တို့လည်း သေနတ်ကိုယ်စီထမ်း၍ လိုက်သွားကြလေတော့သည်၊

(မှဆိုးနှင့် အမဲလိုက်ဇာတ်လမ်းများ ရေးပါဟု တဖွဖွပြောနေသော တတိုက်မှူး ကိုစိန်လှိုင် ခေါ် ကိုပြောင်ကြီးအား အမှတ်တရ ရေးဖွဲ့ပါသည်၊)

မင်းမြင့်နိုင် (ညူးသီတောင်)

www.burmeseclassic.com



ဆရာမြင့်နိုင်က ပြောဆိုတင်မြှောက်ပြီးသည်နှင့် တင်စိုးနှင့် ထွန်းမောင်အား ဆတ်သေကြီးနှင့် ကျားသေကြီးတို့အား ခြေထောက်လေးချောင်းအားဆွဲ၍ တစ်ဖက်သို့ လှန်ခိုင်းလိုက်ပြီး ဆရာမြင့်နိုင်သည် အနီးရှိ သစ်ပင်မှ သစ်ခက်နှစ်ခက်အား ချိုးယူလိုက်ပြီး ဆတ်သေကြီးနှင့် ကျားကြီးတို့၏ ကိုယ်လုံးကြီးများအား သစ်ခက်နှင့် ရိုက်လိုက်ပြီး "ဒီသားကောင်မှာ ပိုင်ရှင်ရှိတယ်၊ ဘာအကောင်မှာ မစားသောက်ကြနှင့်" ဟု ပြောဆိုပြီး ချိုးယူလာသော သစ်ခက်အား ဆတ်ကြီးနှင့် ကျားကြီးတို့၏ ကိုယ်လုံးကြီးပေါ်တွင် ကန့်လန့်ဖြတ်တင်ထားခဲ့ပြီး ဂျီသရီး (G-3) သေနတ်အား ပခုံးပေါ်ထမ်း၍ ရေမှုနေ၍ စခန်းရှိရာဘက်သို့ လျှောက်လှမ်းသွားလေ၏၊ ဆရာမြင့်နိုင်နောက်မှ တပ်သားတင်စိုးနှင့် တပ်သားထွန်းမောင်တို့လည်း သေနတ်ကိုယ်စီထမ်း၍ လိုက်သွားကြလေတော့သည်၊

(မုဆိုးနှင့် အမဲလိုက်ဇာတ်လမ်းများ ရေးပါဟု တဖွဖွပြောနေသော စာတိုက်မှူး ကိုစိန်လှိုင် ခေါ်ကိုပြောင်ကြီးအား အမှတ်တရ ရေးဖွဲ့ပါသည်၊)

မင်းမြင့်နိုင် (ဘူးသီတောင်)

www.burmeseclassic.com

www.burmeseclassic.com

**[illegible]ကိုင်း**မှာ တာပြောလဲဆိုတော့ -

"ဝါတင်ထားပြီးသားပါကွာ၊ ဒီကောင် တစ်နေ့ မြွေနဲ့

နေသမယ်ပြောသားပဲ၊ သင်းက မယုံဘူး၊ ခုတော့ - သွားပြီပေါ့"

ကိုဂျွန်ကြီး မြွေကိုက်လို့ သေတယ်ကြားတော့ အချို့က မယုံကြဘူး၊

# မြွေသားဟင်း ရောင်းစားသူ ကိုကြင်ညွန့်

## မောင်သိုမှိုင်း (သန်လျင်)





www.burmeseclassic.com

www.burmeseclassic.com

ဂျွန်ကြီးကို ဘယ်မြွေကိုက်ရမှာလဲတဲ့၊ မြွေမှန်သမျှကို ဂျွန်ကြီးစားတာ မြွေတောင် အရုပ်ရေးပြရမလိုဖြစ်နေတာတဲ့၊

ဒါလည်း ဟုတ်တာပဲ၊

ကိုဂျွန်ကြီးက မြွေမှန်ရင် ဘာမြွေမှမထားဘူး၊

မြွေသားစားချင်သူမှန်သမျှလည်း ကိုဂျွန်ကြီး အသက်ရှည်ပါစေဆုတောင်းကြတာကလား၊

ဂျွန်ကြီး အသက်ရှည်မှ မြွေသားဟင်းစပါယ်ရှယ်ကို စားကြရမှာကိုး၊ ခုတော့ – ဂျွန်ကို မြွေကိုက်လိုက်ပြီး

* * *

ဟောဒီမြို့ပေါ်မှာ ဂျွန်ကြီး တွင်းအောင်းသားရှယ်ချက်ဆိုင်ဆိုရင် တွင်းအောင်းသားကြိုက်တဲ့လူ၊ စားတဲ့လူ အကုန်သိတယ်၊

တွင်းအောင်းသားဆိုတာ လူကြားကောင်းအောင်ပြောတာ၊

အမှန်က မြွေသားဟင်းရှယ်ချက်ဆိုင်၊

မြွေနဲ့ အကျိုးပေးသလားမပြောနဲ့၊ ဟိုတုန်းက ကိုဂျွန်ကြီးက ရောက်ရာမီးရောက်ချက်ထမင်းကြော်ဆိုင်လေးဖွင့်ပြီး ဝမ်းစာရှာတာရယ်၊

ဈေးရှေ့နယ်ကားဂိတ်က တာပေါ်လင်အဝါမိုးကြီးနဲ့ရောင်းတဲ့ ထမင်းကြော်ဆိုင်လေးပေါ့၊

မနက်စောစော ဂိတ်ထိုးတဲ့ကားသမား၊

ဆိုင်ကယ်ကယ်ရီသမားနှင့် ဈေးသည်လေးတွေ အဆာပြေဖြစ်ဖြစ်၊ မနက်စာသဘောမျိုးဖြစ်ဖြစ် ဝယ်စားကြတဲ့ဆိုင်၊

နောက်ပိုင်းမှာ ဂျွန်ကြီးက ကြွက်ကြော်နှင့်ကြွက်သားဟင်းလေးစီစဉ်ရောင်းရော၊ ကြွက်ကြော်နှင့်ကြွက်သား လူကြိုက်များပါရောဗျာ၊

ဒီလိုနဲ့ – ဂျွန်ကြီးကြွက်သားဟင်းဆိုတာ နာမည်ရလာတယ်၊ ဆီပြန်ချက်စားရတယ်၊ မနက်(၈)နာရီကျော်ရင် လာမစားနှင့်၊




စစ်ကိုင်း က ဘာပြောလဲဆိုတော့ –

“ဒါ ဆင်လားပြီးသားပါကွာ၊ ဒီကောင် တစ်နေ့ မြွေနဲ့

သေမယ်ပြောသားပဲ၊ သင်းက မယုံဘူး၊ ခုတော့ - သွားပြီပေါ့”

ကိုဂျွန်ကြီး မြွေကိုက်လို့သေတယ်ကြားတော့ အချို့က မယုံကြဘူး၊




www.burmeseclassic.com

www.burmeseclassic.com

ဂျွန်ကြီးကိုဘယ်မြွေကိုက်ရမှာလဲတဲ့၊ မြွေမှန်သမျှကိုဂျွန်ကြီးစားတာ မြွေတောင် အရုပ်ရေးပြရမလိုဖြစ်နေတာတဲ့၊

ဒါလည်း ဟုတ်တာပဲ၊

ကိုဂျွန်ကြီးက မြွေမှန်ရင် ဘာမြွေမှမထားဘူး၊

မြွေသားစားချင်သူမှန်သမျှလည်း ကိုဂျွန်ကြီး အသက်ရှည်ပါစေ ဆုတောင်းကြတာကလား၊

ဂျွန်ကြီး အသက်ရှည်မှ မြွေသားဟင်းစပါယ်ရှယ်ကို စားကြရမှာကိုး၊ ခုတော့ - ဂျွန်ကို မြွေကိုက်လိုက်ပြီ၊

၂၆၊၂

ဟောဒီမြို့ပေါ်မှာ ဂျွန်ကြီး တွင်းအောင်းသားရှယ်ချက်ဆိုင်ဆိုရင် တွင်းအောင်းသားကြိုက်တဲ့လူ၊ စားတဲ့လူ အကုန်သိတယ်၊

တွင်းအောင်းသားဆိုတာ လူကြားကောင်းအောင်ပြောတာ၊

အမှန်က မြွေသားဟင်းရှယ်ချက်ဆိုင်၊

မြွေနဲ့ အကျိုးပေးသလားမပြောနဲ့၊ ဟိုတုန်းက ကိုဂျွန်ကြီးက ချောက်ရိုးချောက်ချက်ထမင်းကြော်ဆိုင်လေးဖွင့်ပြီး ဝမ်းစာရှာတာရယ်၊

ဈေးရှေ့နယ်ကားဂိတ်က တာပေါ်လင်အဝါမိုးကြီးနဲ့ရောင်းတဲ့ ထမင်းကြော်ဆိုင်လေးပေါ့၊

မနက်စောစော ဂိတ်ထိုးတဲ့ကားသမား၊

ဆိုင်ကယ်ကယ်ရီသမားနှင့် ဈေးသည်လေးတွေ အဆာပြေဖြစ်ဖြစ်၊ မနက်စာသဘောမျိုးဖြစ်ဖြစ် ဝယ်စားကြတဲ့ဆိုင်၊

နောက်ပိုင်းမှာ ဂျွန်ကြီးက ကြွက်ကြော်နှင့်ကြွက်သားဟင်းလေးစီစဉ်ရောင်းရော၊ ကြွက်ကြော်နှင့်ကြွက်သား လူကြိုက်များပါရောဗျာ၊

ဒီလိုနဲ့ - ဂျွန်ကြီးကြွက်သားဟင်းဆိုတာ နာမည်ရလာတယ်၊ ဆီပြန်ချက်စားရတယ်၊ မနက်(၈)နာရီတော့်ရင် လာမစားနှင့်၊



ကြွက်ကြော်နှင့်ကြွက်သားဆီပြန် ကုန်ပြီ၊

ကြွက်ကိုလယ်ထဲ ယာထဲ ကွင်းထဲမှာ ကိုယ်တိုင်ရှာတာဆိုတော့ အရင်းငွေမစိုက်ရဘူးပေါ့ဗျာ၊

ကနဦးကတော့ ဟိုး - ရွာတွေက ကြွက်ထိုးသမားတွေ လာပို့တဲ့ကြွက်သေအရေဆုပ်ဝယ်ရတာပေါ့၊ နောင်တော့ - မနက်(၁၀)နာရီဆိုင်သိမ်းပြီးရင် အိမ်ပြန်နား၊ ညနေစောင်းရင် ကြွက်ရှာထွက်၊

သူ ကြွက်ထိုးသွားရင် အများအားဖြင့် ညဘက်သွားတာများတယ်၊

ကြွက်ကြီး၊ မြေကြွက်၊ လယ်ကြွက်က ညမှ အစာရှာထွက်တာကိုး၊ သူများတွေက ကြွက်တွင်းရှာပြီး စူးထိုးတယ်၊

ကိုဂျွန်ကြီး ဒီနည်းကို မသုံးဘူး၊ ဝါးရွတ်ကိုင်းပျော့ပျော့ကို လေထဲမှာ အသံမြည်အောင် မြန်မြန်ယမ်းလိုက်တာ၊

"ရှီ - ရှီ - ကျွီ - ကျွီ"

"ကျွီ - ကျွီ - ရှီ - ရှီ"

လေတိုးသံနှင့် ဝါးရွတ်ကိုင်းပျော့ လေထဲ ယမ်းသံဟာ ကြွက်တွေအော်တဲ့အသံအတိုင်းပဲ၊

ဒီမှာ ဖားမီးခွက်ကို မြေကြီးပေါ်ထောင်ထားတာ၊

မြေကြွက်အစစ်တွေက သူတို့နဲ့ မျိုးတူကြွက်ကြီးတွေ အော်တယ်မှတ်ပြီး အသံကြားရာကို ထွက်လာကြရော၊

အဲဒါ - မီးရောင်ရှေ့မှာ ဟိုရှာဒီကြည့်လုပ်နေတုန်း ဓားတံမြက်စည်းရိုးခန့်တုတ်တဲ့ ကြိမ်လုံးကြီးနဲ့ မြေကြွက်၊ လယ်ကြွက်ရဲ့ဦးခေါင်းကို ရိုက်ချလိုက်ရင်း ကြွက်ဟာ တစ်ပတ်ကျွမ်းပစ်ပြီး အကြောဆွဲလို့သေရော၊

အဲဒီလိုနဲ့ မြေကြွက်၊ လယ်ကြွက်၊ ယာကြွက် တစ်နေ့ကို နှစ်ပိဿာ သုံးပိဿာရတာ၊ ထောတာပေါ့၊

ပြီး - ကိုဂျွန်ကြီးက ဟင်းချက်ထမင်းချက်ကောင်းတယ်၊ ဆားပျော့အချိုအပေါ့ နိုင်တယ်၊ ခွေးတောက်ရွက်နှင့် ကြွက်ခေါင်းဟင်းချိုဆိုရင် သူ့ဆိုင်အရောင်းကောင်းဆုံးပဲ၊

www.burmeseclassic.com

www.burmeseclassic.com

ပြောရရင် မြွေမကြောက်၊ သံရဲမကြောက်၊ ကြွက်ထိုး ကြွက်ရှာကောင်းတော့ အရင်းငွေ မစိုက်ရဘူးလေ။

လုပ်အားပဲ စိုက်ရတာ။

ကြော်ရောင်း၊ ချက်ရောင်း၊ ကင်ရောင်းတော့ ငွေအသားတင် ရနေတာပေါ့။

၁၆

ငွေတော့ အတော်စုတဲ့လူပဲဗျာ။ ဝဝဖိုင့်ဖိုင့်ကြီး၊ ဝပေမယ့် သွက်လက်ဖျတ်လတ်တယ်။ တစ်လကိုတစ်ခါ ရွှေတစ်မတ်သား ဝယ်စုတယ်။

"ကိုဂျွန်ကြီး - ဘာလို့ လတိုင်း ရွှေဝယ်စုတာတုံးဗျ"

"ဟဲ - ဟဲ - ဟဲ"

မဖြေဘူး၊ ရယ်နေတာပဲ၊ ဒါနဲ့ - ခင်ရွှေက ပြောရော၊

"အိုစာမင်းစာ စုတာပေါ့ - ဟုတ်လား"

"ဟဲ - ဟဲ - ဟဲ - ဟဲ"

"ကြည့်ရတာ ဘုရားတည်မလို့နဲ့တူပါရဲ့ကွာ"

"ဟ - ကိုသိန်းရ၊ ဘုရားတည်ဖို့ ငွေစုတဲ့လူက ညဘက်ကြွက်ထိုးပြီး စုမှာလားဗျ"

"အေးဟ - ဒီကောင် မေးလို့လည်းမရပါဘူးကွာ"

အမှန်က သူမိန်းမယူဖို့ ငွေစုနေတာ ကြာပြီ။

သူ ကြိတ်ပိုးနေတဲ့ မိန်းကလေးတစ်ဦး ရှိတယ်။

နာမည်က မကျည်းဆန်တဲ့၊ ညိုညိုတုတ်တုတ် တောင့်တောင့်ကလေး၊ ကောင်မလေးက သူ့ကို မကြိုက်ပါဘူးဗျာ။

သို့သော် ...။

မကျည်းဆန်ရဲ့အမေ မှဆိုးမကြီးက ကိုဂျွန်ကြီးကို သဘောကျတယ်၊ ဂျွန် စီးပွားရှာကောင်းတယ်၊ အပေါင်းအသင်းဆန့်တယ်၊

အရက်ကို နည်းနည်းပါးပါး အပင်ပန်းဖြေပဲ သောက်တယ်လေ၊



ငွေကို ကျစ်ကျစ်ပါအောင် စုတာလည်း မကျည်းဆန်အမေ ဒေါ်ကြေးနီက သိတယ်၊ သူတောင် ငွေလိုရင် ဂျွန့်ဆီက ချေးယူသုံးတာမျိုး ရှိတယ်ကိုး၊

ဂျွန် သူ့သမီးကို ကြိုက်နေမှန်း ဒေါ်ကြေးနီ သိတာပေါ့ဗျာ၊

ဒါကြောင့် စောင်းပါးရိပ်ခြည်ပြောရတာပေါ့၊

"မောင်ဂျွန် - မိန်းမယူဖို့ အစီအစဉ်ရှိလား"

"စဉ်းစားတုန်းပါဗျာ - အမေကြေးရာ"

"ကျည်းဆန်ကလည်း ကိုဂျွန်ကြီးက အလုပ်ကြိုးစားတယ် - အမေရဲ့ ငါ့ကို ပြောသတဲ့"

"ဟုတ်လား - အဟီး၊ ကြိုးစားရတာပေါ့ - အမေကြေးရာ - အဟီး"

"မိန်းမတစ်ယောက်ယူရင် ငွေထုပ်ရွှေထုပ်ပါဖို့အရေးကြီးတယ် သိလား"

"ကျုပ် စုနေပါတယ်ဗျ၊ ရွှေတစ်ကျပ်သား ရနေပါပြီ"

"အေး - အေး - ကြိုးစားစု၊ နင့်ညီမ ကျည်းဆန်လည်း စောင့်ရှောက်နော် မောင်ဂျွန်"

"စိတ်ချပါဗျ - အဟီး၊ ကျုပ် - ကျုပ်ကလည်း ကျည်းဆန်ကို - အဲ - အဲ ကျုပ်နှမလေးလို ခင် - ခင်တာဗျ"

"အေး - အေး - ငါ့ကိုငွေနှစ်ရာပေးခဲ့စမ်းဟဲ့၊ ဒီညနေ တွဲလုံးလေးကောင်းလို့တဲ့ - ငါ့တူကြီးရဲ့"

အဲလိုပေါ့ဗျာ၊

ကျည်းဆန်နဲ့ စပ်လျဉ်းပြီး ကိုဂျွန်က သူ့အမေ ဒေါ်ကြေးနီကို ပိုင်တယ်၊ ချဲထိုးဖို့ ချေးရင် ပေးတယ်၊

တစ်ည ကိုဂျွန် ကြွက်ထိုးသွားတယ်၊

ထုံးစံအတိုင်း ဝါးရှတ်ကိုင်းများကို လေထဲမှာ ယမ်းလိုက်တော့ ကြွက်အော်သံ မြည်ရော၊

တစ်ခါတလေ ဝါးသုတ်ကိုင်းနဲ့ အသံပေးလို့ကြွက်မလာရင် ပါးစပ်ကနေ နှုတ်ခမ်းကို စုစုပ်ပြီး ကြွက်သံအတုလုပ်တယ်၊ ဒါလည်း သူ ကျွမ်းကျင်တယ်၊

"ကျွိ ကျွိ - ကျွိ ကျွိ"



www.burmeseclassic.com

www.burmeseclassic.com

"ဟော – မီးရောင်အောက်ကို ဝင်လာပဟာ"

ဒီမှာ ကြိမ်တုတ်နဲ့ လှမ်းရိုက်မလို့လုပ်တုန်းမှာ မြွေဟောက်ကြီးတစ်ကောင်က ကြွက်ကို ဝင်ပေါက်လိုက်တာတဲ့။

ကြွက်နယ် ကျွီစနဲ့အော်ပြီး လွင့်စုန်လို့ အကြောဆွဲနေပါရော။

"ဟင်း – မြွေဟောက်ကြီး"

မြွေဟောက်ကြောင့် ကျန်တဲ့ကြွက်တွေပါ ပြေးပြီ။

မြွေဟောက်ကြီးက လက်ဖျံလုံးလောက်ရှိပြီး ဦးခေါင်းလုံးမျောကြီးနဲ့ ကြွက်သေကို လှမ်းဆွဲပြီး နောက်ကိုအရှိ။

"ငါ့အစာကို လုချင်တဲ့မြွေ – သေဟာ – ကိုင်း"

"ဖောင်း"

"နွီး – ဖူး"

"ကိုင်းဟာ"

ကြိမ်တုတ်နဲ့ မြွေဟောက်ရဲ့ဦးခေါင်းကို လေးငါးခြောက်ချက် ရိုက်လိုက်တာ၊ မြွေဟောက်ဦးခေါင်း ကြေမွပြီးသေရော၊

အမ်မယ် – ခေါင်းကြေနေတာတောင် ကိုယ်လုံးက လွန့်နေတုန်း။

ကိုယ်လုံးနဲ့အမြီးကိုပါ ထပ်ရိုက်လိုက်မှ ငြိမ်သွားရော။

မြွေသား ငယ်ငယ်က သူစားဖူးတယ်၊ ချိုတယ်၊ အသားများတယ်၊ ဟန်ကျပြီ၊ နစ်ပိဿာခန့်ရှိမယ့် တစ်လံကျော်မြွေဟောက်ကြီးကို ကြိုးနဲ့ချည်ပြီး အိမ်ကို ယူလာခဲ့လိုက်တယ်၊

အိမ်ရောက်တော့ မြွေဆိပ်ရှိမည့်ဦးခေါင်းကိုဖြတ်ပြီး ဖောက်ထိုးဆွဲထားလိုက်တယ်၊

ပြီး – မီးမွှေး၊ ရေနွေးအိုးကြို၊ ငရုတ်သီး၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ချင်း၊ မဆလာ ရောထောင်းလိုက်တယ်၊

ရေနွေးအိုးဆူရော၊ ခေါင်းဖြတ် ကန့်လန့်ချထားတဲ့ မြွေကို ရေနွေးဖျော၊ အရေခွံကို ဆွဲချ၊ တစ်ခါအသားနူးအောင် ထပ်ပြုတ်၊ ကျက်တာနဲ့ အသားကို တုံးတစ်ပြီး နှပ်လိုက်တယ်၊



# ၁၁

မြွေပွေးကိုကိုင်ရင် အရမ်းသတိထားရတယ်။
မြွေဟောက်ဆို ရှေ့၊ နောက်က ကိုင်လို့ရတယ်။
မြွေပွေးကျတော့ သူ့ကိုထိရင် နောက်ပြန်ပစ်တာ။ ပစ်ပြီး ကိုက်ပြီးပဲ။
မြွေပွေးကို သံညှပ်နဲ့ လည်ကုပ်ကို မလွှတ်တမ်းမိမှ။
ဒါတောင်–အကောင်ကြီးလို့ရုန်းရင် အတော်ကြမ်းတယ်။



ငါးရှဉ့်မီး အုံးနှပ်ရသလိုပဲ၊ အမြှောင်းလိုက်ရတယ်၊

အသားကို ဖွေးနေတာပဲ၊

နှပ်ပြီးသားအချို့ကို ငရုတ်သီးစုံသပ်ပြီး ကြော်၊ ကျန်တဲ့အတုံးအချို့ကို ဝက်သားတုံးသလို တုံးပြီးချက်၊

မိုးလင်းလို့ ထမင်းကြော်ဆိုင်ဖွင့်ရော၊

ဒီနေ့ – မြွေသားရပြီလို့ ကြော်ငြာလိုက်တာရယ်၊ သူတစ်ပွဲ၊ ငါတစ်ပွဲနှင့် မြွေသားဟင်းတွေ ကုန်တာပဲ၊

"ကိုဂျွန်ကြီး"

"ဘယ်နယ်တုံးဟေ့ – မြွေသား ကောင်းရဲ့လား – ငါ့လူရ"



www.burmeseclassic.com

www.burmeseclassic.com

"ရှယ်ပဲဗျာ။ နောက်နေ့ရရင် ချန်ထားပါဦးဗျ"

ဒီလိုနဲ့ မြွေသားကို စားသုံးသူ ကြိုက်မှန်းသိရော မြွေရှာတဲ့သူတွေထဲ မှာ ရတော့တယ်။ လင်းမြွေ၊ မြွေပွေး၊ မြွေဟောက် ရရာဝယ်ရတယ်။ ဈေး တယ်ကြီးပဲကိုး။

အခု - ကိုဂျွန်ရဲ့ မြွေသားဟင်းနှင့် ကြွက်သားဟင်းကို မြိန်ခံစားသုံးသူ တင်မကဘူး။ တရုတ်စီးပွားရေးသမားတွေ ရန်ကုန်က၊ နယ်ကလာသူတွေပါ လိုက်လိုက်လှဲလှဲ အားပေးစားသုံးလိုက်ကြတာ။

လေးလအတွင်း ကိုဂျွန် ကိုယ်ပိုင်ဆိုင်ခန်းနဲ့ ဖြစ်သွားပြီး လူငှားနှစ်ယောက်ပါ ခေါ်ထားရတဲ့အထိ တိုးတက်ခဲ့ပါရော။

"ဂျွန်ကြီး ရှယ်စားသောက်ဆိုင်" ဆို လူတိုင်းသိ ဖြစ်သွားပြီ။

အခု - မြွေမျိုးစုံကို ကိုယ်တိုင်ရှာတယ်။

ခွတုတ်နဲ့ သံညှပ်ပါရင် မြွေပွေး၊ မြွေဟောက်၊ လင်းမြွေ ရတာပဲ၊ ကျွမ်းကျင်ဖို့နဲ့ လျင်ဖို့တော့ အရေးကြီးတာပေါ့။

မြွေကိုတွေ့ရင် ခွထောက်နဲ့ လည်ပင်းကိုဖိ၊ မြွေဟောက်ကို အမြီးက ကိုင်ပြီး ပခြုပ်ထဲထည့်၊ အရှင်ရရော။

မြွေပွေးကိုကိုင်ရင် အရမ်းသတိထားရတယ်။

မြွေဟောက်ဆို ရှေ့က နောက်က ကိုင်လို့ရတယ်။

မြွေပွေးကျတော့ သူ့ကိုထိရင် နောက်ပြန်ပစ်တာ။ ပစ်ပြီး ကိုက်ပြီးပဲ၊ မြွေပွေးကို သံညှပ်နဲ့ လည်ကုပ်ကို မလွတ်တမ်းမိမှ၊ ဒါတောင် - အကောင်ကြီးလို့ရုန်းရင် အတော်ကြမ်းတယ်။

မြွေပွေးကို ညှပ်နဲ့ လည်ကုပ် မိထားရင် မြွေဟောက်လို အမြီးကကိုင်ပြီး ပခြုပ်ထဲ ထည့်လို့မရဘူး။

မြွေပွေးတွပ်ရင် မြန်တယ်။

မြွေပွေးကိုက်မိရင် သူ့ရဲ့အဆိပ်က သွေးပြန်ကြောကနေ ကိုယ်တွင်းသွေးကြောကို ချက်ချင်းပျံ့နှံ့သွားတာ။ အကိုက်ခံရတဲ့နေရာ ယောင်ယမ်းနာကျင်ပြီး အစွယ်နေရာကနေ သားနံ့ရည်ထွက်တာ။



ပြီးရင် - ပျို့အန်မယ်၊ ကြည့်လို့မရအောင် မူးဝေနေမယ်။

လက်ကြောပွ၊ လက်ဖျား၊ ခြေဖျားတွေ ရေခဲရိုက်ထားသလို အေးစက်ပြီး နောက်ဆုံး လုံးဝသတိလစ်မေ့မြောသွားပြီး အချိန်မီ ဆေးမကုနိုင်ရင်၊ အဆိပ်ပြေဆေးမထိုးနိုင်ရင် အသက်ပါ ဆုံးရော။

မြွေဟောက် ...။

မြွေဟောက်ကိုက်ခံရရင်လည်း မြွေပွေးကိုက်ခံရသလိုပဲ ခေါင်းပေါ် မိုးကြိုးပစ်ချခံရသလို မျက်လုံးက မီးပွင့်သွားရော။

သူ့မြွေဆိပ်ကတော့ တစ်မျိုး။

မြွေဆိပ်က ကိုက်ခံရတာနဲ့ အာရုံကြောတွေရှိရာကို ပျံ့နှံ့သွားတာရယ်၊ ချက်ချင်းအသက်ရှုကျပ်လာမယ်။ ဦးနှောက်အာရုံကြောကို ထိသွားတာမို့၊ ခေါင်းငိုက်ဇက်ကျိုးကျလာမယ်။

ပြီး - ကမ္ဘာကြီး ပတ်ချာလည်နေသလို မူးဝေပြီးနောက် ခြေတွေ၊ လက်တွေ မလှုပ်ရှားနိုင်ပဲ အကြောတွေ သေသလိုဖြစ်ရော။

ဆေးမီလို့ ပြန်ကောင်းသည့်တိုင် အကြောတွေ မသန်တော့လို့ စားသောက်ရာမှ အလွန်စက်ခဲတယ်၊ လမ်းလျှောက်ရလည်း စက်တယ်။

အဆိပ်ရှိတဲ့မြွေဟောက်အမျိုးအစားထဲမှာ -

မြွေဟောက်၊ ငန်းစောင်း၊ ငန်းဝါ၊ ငန်းပုပ်တို့ပါပြီး အဆိပ်ပြင်းတဲ့မြွေပွေးအုပ်စုထဲမှာ မြွေပွေး၊ ဂျပ်မြွေနဲ့ ပင်လယ်မြွေတို့ ပါဝင်ကြတယ်။

လင်းမြွေက အဆိပ်မရှိဘူး၊ သို့သော် လင်းမြွေက ပြေးတာမြန်တယ်၊ ချုံပေါ်လည်း ပြေးနိုင်တာပဲ၊ လင်းမြွေကိုမြင်ရင် အမြန်ပြေးလိုက်ပြီး အမြီးက ကိုင်၊ လေထဲမှာ မွှေ့ယမ်းလိုက်၊ အရိုးအဆစ်တွေ ပြုတ်ပြီး သေတာပဲ၊ လင်းမြွေသားက ချိုတယ်။

ဒါကြောင့် - မြွေသားကြိုက်သူတွေအတွက် မြွေရှာရတာ အသက်နှင့်ရင်းရတယ်၊ အခန့်မသင့်ရင် မြွေရှာရင်း သေရတဲ့ဘဝ၊

တစ်ခါတလေ မြွေကိုက်လို့ ကွင်းထဲ၊ တောထဲ သေနေတာ ဘယ်သူမှ မသိ၊

www.burmeseclassic.com

ဒါကြောင့် - မြွေသားဟင်းတစ်ပန်းကန် နှစ်ထောင်၊ သုံးထောင်ယူရတာပါ၊ မြွေမျိုးစုံကို တရုတ်ပရဆေးနဲ့ စိမ်ထားတဲ့အရက်တစ်ပက်ကို အခု တစ်ထောင်ကျော် ရောင်းမှ ကိုက်တယ်လေ၊

တိုတိုပြောရရင် ကိုဂျွန်ကြီး မြွေသားချက်၊ မြွေသားကြော်၊ မြွေသားစွပ်ပြုတ်ဟင်းချိုနဲ့ နာမည်ကျော်ပြီး စီးပွားတက်နေပြီဗျာ၊

မြွေပွေးသားက ကင်ဆာရောဂါ သက်သာပျောက်ကင်းတယ်လို့ ဟိုလူဒီလူပြောကြတော့ မြွေပွေးသားဟင်းက ဈေးကောင်းပိုရပါရော၊

မြွေပွေးအရှင်တစ်ပိဿာကို ဟိုတုန်းက သုံးထောင်ပေးရတယ်၊ အခု ငါးထောင်လည်းဟုတ်၊ တစ်သောင်းလည်း ဟုတ်ပဲ၊

တရုတ်ပြည်ဘက်ကို ရောင်းနေတော့ ဈေးကြီးတာပေ့ါ၊

ကိုယ်တိုင်ဖမ်းပြီး အသေချက်၊ အရှင်ချက် လက်တွေ့လုပ်ပေးတယ်၊ မြွေပွေးသေတ္တာ၊ မြွေဟောက်သေတ္တာ၊ လင်းမြွေ စသည်ရှိတယ်၊ အထဲက ကြိုက်တဲ့မြွေကို လက်ညှိုးထိုးပြ၊ ပြရင် - မြွေပွေး၊ မြွေဟောက်ကို လက်ဝါးလောက်ပတ္တာတံခါးလေးဖွင့်၊ လက်ကိုင်ရှည်သံညှပ်နဲ့ မြွေရဲ့လည်ပင်းကိုညှပ်ပြီးဆွဲထုတ်၊

စဉ်းတီတုံးပေါ်တင်၊ ဓားရှည်ကြီးနဲ့ ဖက်နေရာကနေ ခုတ်ချ၊ မြွေကိုယ်လုံးတို ပွက်ပွက်ဆူနေတဲ့ ရေနွေးအိုးထဲထည့်၊ အရေခွံ ရေနွေးဖျော၊

စားချင်တဲ့သူကို မေးမယ်၊

"ပြုတ်ကြော်လား"

"အတုံးဟင်းလား"

"ပေါင်းပေးရမလား"

"စွပ်ပြုတ်ဟင်းချို"

ကြိုက်တာပြော၊ ကိုဂျွန် ချက်ချင်းလုပ်ပေးနိုင်တယ်၊ လတ်လတ်ဆတ်ဆတ် မြွေသားမှ အမျိုးမျိုး ရောင်းပေးနေတော့၊ နယ်က မြွေသားကြိုက်သူ၊ မြို့ခံမြွေသားကြိုက်သူ၊ တရုတ်၊ ရှမ်း၊ မြန်မာတွေနဲ့ သူ့ဆိုင် စည်ကားပါ့ဗျာ၊



အခု - စားပွဲထိုးနှစ်ယောက်၊

အချက်အပြုတ်အကူနှစ်ယောက်၊

ကဲ - တစ်နေ့ဝင်ငွေ နည်းရော့လား၊

ခုတော့ - စားသုံးသူတွေကရော၊ သူ့အလုပ်သမားတွေကပါ ကိုရီးယားကားထဲက လေသံအတိုင်း သူ့ကို ...၊

"သူဌေး" လို့ နောက်ပြောင်ခေါ်ကြပြီ၊

အခု - သူ့ကို သူဌေးလို့ခေါ်ရင် သွား(၃၂)ချောင်း ပေါ်အောင်ပြုံးပြီး တရုတ်ပေါက်ဖော်ကြီးလေသံနှင့် -

"ဘာစားမီလဲ - ဆရာကီး" တဲ့၊ ပြန်ပြောပါပြီ ခင်ဗျား၊

ကိုဂျွန်ကြီးက မိန်းမလည်း အရမ်းလိုချင်တယ်၊ ပြီး - ဗေဒင်လည်း ဝါသနာပါတယ်၊ မိန်းမရွယ်တွေက သူ့ကို မယူရဲဘူး၊

ညတိုင်း၊ နေ့တိုင်း ကြွက်နဲ့ မြွေရှာသတ်နေ၊ အကုသိုလ်ကောင်ကြီးလို့ သတ်မှတ်ပြီး ရှောင်တယ်လေ၊

ဟုတ်လည်း ဟုတ်တာပဲဗျာ၊

သူ့အိမ်ပေါ်မှာ မြွေမျိုးစုံ၊ ပခြုပ်တွေ ရှိနေတယ်၊

မြွေဆိုးတွေရဲ့ "ရှီး - ဖျီး - ရှီ" စတဲ့မှုတ်သံ၊ တွန်သံ၊ မာန်ဖီသံတွေ နေ့စဉ်နေ့နေ့ညည ကြားနေရတာဥစ္စာ၊

ဒီလိုမြွေဆိုးပေါင်းစုံ၊ အသံပေါင်းစုံ၊ အညှီနံ့ပေါင်းစုံနဲ့နေတဲ့ လူကြမ်းလို ဘယ်မိန်းမက လင်တော်ဝံ့မှာတုံး၊

သို့သော် - ကိုဂျွန် တွက်ထားတာက သူ့မှာ အိမ်နင့်ခြံ ရှိတယ်၊

ရွှေနဲ့ငွေ ရှိတယ်၊ သူ အရွယ်ကောင်း၊ မအိုသေးဘူး၊

ဒါကြောင့် - သူ့ကိုကြိုက်တဲ့မိန်းမ ရှိရမယ်၊

သို့သော် - သူက မကျည်းဆန်ကို ပိုသဘောကျတယ်၊



www.burmeseclassic.com

www.burmeseclassic.com

မကျည်းဆန်အမေကို သူက ပိုင်ပြီးသားလေ။

သို့သော် - မကျည်းဆန်က သူလာတာမြင်ရင် နောက်ဖေးသို့ ဝင်သွားရော၊ အိမ်ပြင်ကို ရှောင်သွားရော။ ရင်ထဲမှာ ခံစားနေရတာ အဲဒါပဲ။

ဒါကြောင့် - ဗေဒင်ပညာမှာ နာမည်ရှိတဲ့ ဆရာကြီးဦးကြိုင်စိုးထံမှာ ဗေဒင် လာကြည့်တာ။

"နာမည် - ဘယ်လိုခေါ်တုံးကွယ့်"

"ကိုဂဠုန်လို့ ခေါ်ပါတယ် - ဆရာကြီး"

"ဒီနာမည်က မွေးနာမည်ပဲလား"

"မဟုတ်ပါဘူး ခင်ဗျ။ နာမည်အရင်းက "မောင်တက်ပိုင်း" ပါခင်ဗျ"

"စနေသားပဲ၊ မွေးသက္ကရာဇ်ကရော"

"... ... ... ပါ - ဆရာကြီး"

"အင်း - အင်း"

ဗေဒင်ဆရာကြီးဦးစိုးက ကျောက်သင်ပုန်းမှာ မဟာဘုတ်တိုင် ထူတယ်၊ ပြီး - အောင်လံထူစစ်သူကြီးပွဲ နေရာချတယ်၊ ပြီး - အသက်ကို ရှစ်နှင့်စားပြီး တိုင်ထူပြီးနောက် -

"မင်းက လူချမ်းသာဖြစ်နေပြီပဲကွယ်"

"အဟဲ - ဟဲ - အဲ - အဲ - ဟုတ် - ဟုတ်ပါတယ် ခင်ဗျ"

"ဒီနှစ်ထဲမှာ မြွေဆိုး သတိထား"

"ဗျာ - ဘယ်လိုဖြစ်လို့ပါလဲ ဟင် - ဆရာကြီး"

"မြွေအန္တရာယ်ပေးလိမ့်မယ် - ကြားလား"

"ဟုတ် - ဟုတ်"

"အလုပ်က ဘာလုပ်တုံး"

"အဲ - အဲ - ဟို - ထ - ထမင်းဆိုင် ဖွင့်ပါတယ် ခင်ဗျ"

"ဒီနှစ် မြွေရှောင်ရမယ်၊ မြွေမသတ်ရဘူး၊ မြွေတွေ့ရင် မေတ္တာပို့ရမယ်၊ နွားနို့တိုက်ရမယ်၊ အဲဒါဆို မင်း ကံကောင်းပြီ"



"ဆရာကြီး - ဟို - ဟို - အိမ်ထောင်ရေးအခြေအနေလေး - သိ - သိ"

"အင်း - အင်း - အိမ်ထောင်ရေးက မမ္ဘာ၊ သောက၊ အင်းဝရာဇာဆိုတော့ ကြာသပတေးသားသမီးကိုရှောင်၊ ဗုဒ္ဓဟူးသမီးတွေ့ရင် ခုတွေ့ခုယူ၊ ညတွေ့ ညယူ - အချိန်မဆိုင်းနဲ့"

"ဘာလို့ပါလဲ - ဆရာကြီး"

"စနေနဲ့ ဗုဒ္ဓဟူးက မိတ်ဆက်လေကွာ၊ စနေသားနဲ့ ဗုဒ္ဓဟူးသမီးညားရင် ရွှေတောင် ထမင်းမငတ်ဘူးကွ - မှတ်ထား"

ကိုဂဠုန်ကြီးခေါ် (ကိုတက်ပိုင်း) ဆရာကြီးထံက ပြန်လာပြီး - မကျည်းဆန်အမေ ဒေါ်ကြေးနီကို မေးရော၊

"အမေကြေး"

"ဘာတုံး - ဂဠုန်"

"ဟိုလေ - ဟို - မကျည်းဆန်က ဘာ - ဘာနေ့သမီးလဲ ဟင်"

"ဘာလုပ်မလို့တုံး"

"အဲ - အဲ - သိ - သိချင်လို့ပါ ခင်ဗျာ၊ ဒါ - အမေကြေးစားဖို့ ခေါက်ဆွဲထုပ်ပါ ခင်ဗျား - အဟဲ - ဟဲ"

ခေါက်ဆွဲထုပ်မြင်တော့ အဖွားကြီး ပြုံးသွားရော၊

"မိကျည်းက ဗုဒ္ဓဟူးသမီး"

"ဗျာ - အဟုတ်လားဟင် - ဟင်လို့"

"ဟုတ်တယ် - သင်းနာမည်အရင်းက "မလှစိန်" တဲ့၊ သူငယ်ချင်းတွေ နောက်ပြောင်ခေါ်ရင်းက ကျည်းဆန်ဖြစ်သွားတာ ဟဲ့"

"အို - ဟုတ်လား၊ ဗုဒ္ဓဟူးသမီး - စနေနဲ့ ဗုဒ္ဓဟူး၊ ဟန်ကျပြီပေါ့၊ ဪ အမေကြေး - ကျွန်တော် ပြန်ဦးမယ်နော် - နော်"

"ပြန်တော့မလားဟဲ့ - ငါ့တူကြီးရဲ့"

"ဟုတ် - ဟုတ်"

"ဒီနေ့ "အပူး" ကောင်းတယ်ဟဲ့၊ ငါ့ကို ငွေတစ်ထောင်လောက် ချေးခဲ့ပါဦး - မောင်ဂဠုန်ကြီးရယ်"

ဒီလိုအပူးကောင်းတယ်၊ တွဲလုံးက ရှေ့တာန်း၊ နောက်ပိတ်က ငါး၊ အလယ် ထိုင် တနင်္လာနဲ့၊ ဟိုတွက် ဒီတွက် ချဲထိုး၊ တစ်သက်လုံး မပေါက်၊ ပိုက်ဆံချေး ဖြုန်းနေတဲ့ ယောက္ခမကို မနှစ်မြို့ပါသော်လည်း သူ့သမီးမျက်နှာကြောင့် ငွေ တစ်ထောင်ကို ပြုံးပြုံးကြီး ပေးခဲ့လိုက်ရင်း ဂဠုန် ပြန်လာခဲ့လိုက်တယ်၊ သူ အရမ်းပျော်နေတယ်လေ၊

သူက စနေသား ...

ကျည်းဆန်လေးက ဗုဒ္ဓဟူးသမီး၊

စနေနဲ့ဗုဒ္ဓဟူးညားရင် ရှုံးတာတောင် ထမင်းမငတ်တဲ့၊

အဟီး - ငါ ကောင်းစားတော့မယ်ဟေ့ - အဟတ်၊

ဖြစ်ချင်တော့ - ဆိတ်မွေးတဲ့ ကိုမြမောင်ရဲ့သမီး မြွေကိုက်ခံရလို့ သေပါ ရော၊ အသုဘရက်လည်ပြီး နောက်နေ့မှာ ကိုမြမောင်ကြီး ကိုဂဠုန်ရှိရာကို ရောက်လာတယ်၊

"ကိုမြမောင် - ကျုပ် - ဘာကူညီရမလဲ - ပြော"

"ငါ့သမီးကိုက်တဲ့မြွေကို သတ်ပေးပါ - ဂဠုန်"

"ဗျာ - မြွေက ရှိသေးလို့လား - ကိုမြမောင်"

"ရှိတယ် - မြွေဟောက်ကွ၊ မြွေဟောက်ခေါင်းဖြူကြီး"

"မြွေဟောက်ခေါင်းဖြူ"

"ဟုတ်တယ် - ငါ့သမီးကိုကိုက်တာ ဒီမြွေပဲ၊ ခင်ရိုန်ရဲ့ဖိုးနဲ့ဝက်မကြီး ပေါက်သတ်တာလည်း ဒီမြွေပဲ၊ မခင်လှတို့အိမ်က ကြက်တွေ ဆွဲတာလည်း သူပဲ၊ ဘဲမွေးတဲ့ တရုတ်အရှိန်ရဲ့ဘဲတွေ ဝင်ဝင်ဆွဲတာလား - ဒီမြွေပဲ၊ သင်းကို ဖမ်းလို့မမိဘူး၊ ငါ့သမီး - အိမ်သာက အဆင်းမှာ တိုက်လိုက်တာ၊ ဒီမှာ ဂဠုန် အဲဒီမြွေဟောက်ရဲ့အသားကို ငါ စားချင်တယ်၊ မင်း ဖမ်းပေးပါကွာ၊ ဖမ်းမိရင် ငွေတစ်သောင်း ငါ မင်းကို သီးသန့်ဆုချမှာမယ် - သိလား"

"ကောင်းပြီလေ - ကျုပ် ဆိုင်သိမ်းပြီးရင် လာခဲ့မယ်"

ညနေခင်း ဆိုင်သိမ်းပြီး မြွေပချုပ်နှင့် သံညှပ်ကိုယူလို့ မြွေဟောက်ခေါင်းဖြူ သောင်းကျန်းတဲ့ ကြက်ခြံနဲ့ ဘဲခြံရှိရာကို လာခဲ့လိုက်တယ်၊ ဟိုဟိုဒီဒီ အသံ စွင့်လိုက်ပြီး နေရာကောင်းကောင်းလေး ကြည့်ပြီးရော၊

ကြက်ပေါက်အရှင်နှစ်ကောင်နှစ်ကောင်ကို ကြိုးနဲ့ခါး ချည်ပြီး လွှတ်ပေး ထားလိုက်တာ၊

ကြက်ကလေးတွေရဲ့အော်သံကြားရော သင်း - မြေ တွင်းထဲကနေ ပြေး ထွက်လာတာ၊ ပြီး - ပြေးလွှားကြောက်လန့်နေတဲ့ ကြက်ကို ပေါက်သတ်လို့ မျိုနေတဲ့အချိန်၊

အဲဒီမှ ကိုဂဠုန်က သံညှပ်နဲ့ လည်ပင်းညှပ်လိုက်တာ၊

နည်းတဲ့မြွေလား၊ တစ်လံကျော်ကြီး၊

လူကြီးလက်ဖျံလုံးခန့်ရှိတယ်၊

မရှိဘူးဆို ဒီကောင်ကြီး သုံးပိဿာအောက်ထစ်ပဲ၊ သံညှပ်ကို လိမ်ပတ် နေလို့ မနည်းလုပ်ပြီး ပချုပ်ထဲ ထည့်ခဲ့ရတယ်၊

မြွေကောင်ခေါင်းဖြူကြီးကို လှောင်အိမ်သေတ္တာထဲ ထည့်ပြထားတော့ မြွေသားစားတဲ့လူတွေ ကြည့်လိုက်ကြတာ အံ့အံ့သြသြပဲဗျာ၊

မြွေရဲ့ဦးခေါင်းပေါ်မှာ ကျပ်ပြားဝိုင်းခန့် အဖြူကွက်ပါနေတာပဲကို၊ လှောင် အိမ်ထဲမှာ ပါးပျဉ်းတထောင်ထောင်နဲ့ ဒေါသတွေဖြစ်နေတာ၊ လူကိုကိုက်တဲ့ မြွေမို့ အချို့က မစားရဲကြဘူး၊ မကာပ်ရဲကြဘူး၊

မကြာပါဘူးဗျာ၊

သမီး မြွေကိုက်ခံရလို့ မြွေဟောက်ခေါင်းဖြူကြီးကို နာကြည်းနေတဲ့ ကိုမြမောင်ကြီး အရက်မူးမူးနဲ့ ဆိုင်ထဲကို ရောက်လာတယ်၊

www.burmeseclassic.com

"အေ့ - ဝေ့ - ဇဝ့ - ဂဠုန်ကြီး - ဂဠုန်ကြီး"

"ဗျာ - ကိုမြကြီး - ကျုပ် ဒီမှာပါဗျာ"

"မင်း - မင်း - ငါ့သမီးကိုကိုက်တဲ့ မြွေဟောက်ခေါင်းဖြူကြီး - မိ - မိ - လာပြီဆို"


"ဟုတ်တယ် - ဟောဟို - လှောင်အိမ်ထဲမှာဗျ - ကြည့်"

ကိုမြမောင်ကြီး မြွေလှောင်သေတ္တာရှေ့မှာ ရပ်လိုက်ရော။

"ဖျိုး"

"အမ်မာ - ငါရိုးမသားမြွေက ငါ့ကိုများ - တယ်"

မြွေဟောက်ခေါင်းဖြူက ကိုမြမောင်ကြီးကိုမြင်တော့ "ဖျိုး" လို့ အော်ပြီး ပါးပျဉ်းထောင်ပါရောဗျာ။






"ဂဠုန်"

"ဗျာ"

"သင်းပဲတွ - သင်းပဲ၊ ငါ့သမီးကို ကိုက်သတ်တာ၊ ဟား - ဟား - ဟား - တား - ဒီနေ့ - ငါ ကလဲ့စားချေရတော့မှာပေါ့ကွာ၊ ဂဠုန်ရေ - ရော့ - ငါ့ကတိအတိုင်း မြွေဖမ်းခ ငွေတစ်သောင်း၊ အဲဒီမြွေဟောက်ကို သတ်ပြီး ပြုတ်ကြော်လေး လုပ်ပေး၊ ငါ - ဒီမှာ - ဟောဒီအရက်ပုလင်းနဲ့ တစ်နေကုန်သောက်မယ်ဟေ့၊ မြွေသားဟင်းအတွက် ကျသင့်ငွေ ပြီးရင်ရှင်းမယ်"

"ကိုမြမောင်ကြီး"

"အေ့ဝေ့ - ပြော - ဂဠုန်"

"မြွေသားက ပြုတ်ကြော်စားမလား၊ စွပ်ပြုတ်ရော သောက်ဦးမှာလား"

"သိပ်ကြိုက်ပေါ့ကွာ၊ အကုန်လုပ်ပေး - အေ့ဝေ့"

"အဲဒါဆို - တစ်သောင်းလောက် ကျမှာနော်"

"ကျ - ကျကွာ၊ မင်းက တယ်ငွေစကား ပြောချင်တဲ့စီးပွားရေးသမားပဲ၊ သေသွားတဲ့ငါ့သမီးအတွက် အငြိုးနဲ့စားမှာ၊ အကုန်ချက် - ကျသလောက်ပေးမယ်ဟေ့ - ဝေ့ - ထွီ"

ကိုဂဠုန် ပျော်နေတာပေါ့၊

သူက စီးပွားရေးသမားလေ၊

ငွေပိုရအောင် မြွေတွေကို မြွေသမားတွေထံက ဈေးကြီးပေးမဝယ်ပဲ ကိုယ်တိုင် တောတွေ၊ ချုံတွေ၊ မြောင်းတွေ၊ ကွင်းတွေထဲ အပင်ပန်းခံ သက်စွန့်ဆံဖျား ရှာခဲ့တာလေ၊

သပိတ်ဝင်၊ အိတ်ဝင်ရနေတဲ့ငွေ၊

အခု - ရွှေရည်း (၁၅)ကျပ်သားကျော် စုပြီးပြီ၊

ငွေသားအသားတင် ဆယ်သိန်းရှိတယ်၊

တစ်နေ့ဝင်ငွေက လေးငါးသောင်း ဝင်နေတာရယ်၊

www.burmeseclassic.com

သူဌေးလေးကနေ သူဌေးကြီးဖြစ်မှ ကျည်းဆန် သူ့အပေါ်ညွှတ်မှာကိုး။ ဒါနဲ့မှ ကျည်းဆန်ကိုမရရင်ပုံနေတဲ့အချောအလှတွေကိုတစ်နေ့တစ်ယောက် အိမ်ပေါ်ခေါ်အိပ်လိုက်မှာပေါ့။

အရေးကြီးတာ ငွေရဖို့ပဲ၊

ငွေရဖို့ကတော့ ဘယ်သူ့မှ အားမနာနိုင်ပေါင်၊

"ကိုမြမောင်ကြီး – ခဏစောင့်"

"မြန်မြန်လုပ်နော် – ဂဠုန်"

"ဆယ်မိနစ်ပဲ ကြာမယ် – ကိုမြမောင်ကြီးရေ"

"ဂဠုန် – ငှါသမီးကိုကိုက်တဲ့ မြွေဟောက်ခေါင်းဖြူနော်"

"ကြည့်နေပါဗျာ – မမှားရစေပါဘူး၊ စိတ်ချစမ်းပါ – ကိုမြမောင်ကြီးရ"

သည့်နောက် – မြွေဟောက်ခေါင်းဖြူကြီးထည့်ထားတဲ့သေတ္တာအဖုံးကို ဖွင့်လိုက်ရော၊

"ဖျီး – ဖျီး"

"ဖျီး"

"အမ်မာ – ငါရိုးမမြွေက ငါ့ကိုများ၊ စိတ်ချ – မြန်မြန်သေစေရမယ်"

ကိုဂဠုန် ဆဲရေးတိုင်းထွာရင်း သံညှပ်နဲ့ မြွေရဲ့လည်ပင်းညှပ်ဖို့ဟာ မြွေဟောက်က ပါးပျဉ်းထောင်နေလို့ညှပ်မရဘူးဖြစ်နေ၊

"ဂဠုန် – ဒေ့ – ဇေ့ – ငါ သတ် – ပေးရ – မ – မလား"

"ရတယ် – ကိုမြမောင်ကြီး၊ ဒီမြွေကို မပြောနဲ့ – နဂါးတောင် ရှိရင် ကျုပ်က ဖမ်းချင်တာ – ကဲဟာ – ကဲဟာ"

တုတ်တစ်ချောင်းနဲ့ မြွေရဲ့ခေါင်းကိုရိုက်ချတော့မှ မြွေဟောက်က ပါးပျဉ်းတို့ချပြီး ခေါင်းငုံ့နေတုန်း၊

လေးဝေခန့်ရှည်တဲ့ သံညှပ်နဲ့ မြွေလည်ပင်းကို ညှပ်လိုက်ရော၊ မြွေဟောက်ကြီးက နာလွန်းလို့သံညှပ်ရဲ့အရိုးကိုလိမ်ပတ်နေတုန်း အသာဆွဲ ထုတ်လိုက်တယ်၊



"ကိုမြမောင်ကြီး – ကြည့်ထားဗျ၊ ဒါ – ခင်ဗျားသမီးကိုကိုက်တဲ့မြွေ"

"အလှည့်ရှိတော့ သေပေါ့ကွာ – ဟား – ဟား – ဟား – ဟား"

ကိုဂဠုန်ကြီးက သံညှပ်ရိုးပတ်နေတဲ့မြွေဟောက်ကြီးကို စားသုံးသူများ မြင်အောင် မြှောက်ပြလိုက်သေးတယ်ဗျ၊

"စားသုံးသူ မိတ်ဆွေများ ခင်ဗျာ – ဟောဒီမြွေဟောက်ခေါင်းကြီးဟာ လူကို သေအောင်ကိုက်ခဲ့တဲ့ မြွေဟောက်ခေါင်းဖြူကြီးပါပဲ ခင်ဗျား ဒီရှားပါး မြွေကို ကျုပ်ကိုယ်တိုင် လက်ရဖမ်းပြီး ဟင်းသုံးမျိုး ချက်ပြမှာပါ၊ ဒီမြွေသားကို အားရပါးရစားမည့်သူကတော့ ဟောဟိုမှာ – ထိုင်နေတဲ့ ဦးမြမောင်ကြီးပါပဲ ခင်ဗျာ"

ဆိုင်ထဲမှာ စားနေတဲ့လူတွေက အသည်းယားဖို့ကောင်းတဲ့ တွန့်လိမ် လူးလွန့်မြွေကြီးနဲ့ မြွေဆိုးကြီးကို သံညှပ်နဲ့ညှပ်ပြောပြီး ဂုဏ်ယူဝံ့ကြွားနေတဲ့ ဆိုင်ရှင် ကိုဂဠုန်ကြီးကို ကြည့်ပြီး အသည်းယားသူ ယားကြ၊ အားရကျေနပ် နိုးကျူးသူက ရှိုးကျူး၊

မြွေဖမ်းတင်မကဘူး၊ ဟင်းချက်လည်း ရှယ်ပဲ၊

ဆီဗိုးနားမှာ ချက်ရောင်းရင် ကမ္ဘာကျော်မှာ ဘာညာနဲ့ ပိုင်းပင့်ကြလေ ရဲ့၊

ဒီမှာပဲ – ကိုဂဠုန်ကြီးက မြွေဟောက်ခေါင်းဖြူကြီးရဲ့ဦးခေါင်းကို စဉ်းတီ တုံးပေါ်တင်လိုက်တယ်၊

မြွေဟောက်က စဉ်းတီတုံးပေါ်က မြွေသေတွေရဲ့အနံ့ကိုရပြီး မျက်လုံးပြူး လို့ ရုန်းတွန့်နေချိန်၊

ကိုဂဠုန်ကြီးက ငါးရှဉ့်ခေါင်း ဦးချွန်ဓားနဲ့ မြွေရဲ့လည်ပင်းကို ခုတ်ချလိုက် တာ၊

"ဒုန်း ..."

တစ်ချက်တည်းပါပဲဗျာ၊ မြွေဟောက်ခေါင်း ဇက်ကနေပြတ်ပြီးအောက် ခံသမံတလင်းပေါ်ကို ပြုတ်ကျသွားတော့တယ်၊



www.burmeseclassic.com

www.burmeseclassic.com

သံညှပ်ကို ပတ်ထားတဲ့ မြွေဟောက်ကိုယ်လုံးက နာကျင်လွန်းလို့ ရှန်းလွန့်နေတာကို ဓားချပြီး လက်နှစ်ဖက်နှင့် ဖြေနေတုန်း -

"အား"

"ဟ - ဟ - ဘာဖြစ်တာလဲ ဟ"

"အမလေး - အား - အား - လုပ် - လုပ် - ကြ - ပါ"

"ဝုန်း"

"ဝရော"

ကိုဂဠုန်ကြီး ဝုန်းခနဲ ပစ်လဲကျလို့ အော်ဟစ်ရင်း လူးလိမ့်နေတာ မြင်လို့ အလုပ်သမားတွေနဲ့ ကိုမြမောင်ကြီးတို့ စားသုံးသူတွေ ပြေးလာကြည့်လိုက်ရော။

ကိုဂဠုန်ကြီးရဲ့ ဖိနပ်မပါတဲ့ ခြေမကို ခေါင်းပြတ်ကျသွားတဲ့ မြွေဟောက်ကြီးရဲ့ဦးခေါင်းက ခဲထားတာကို မြင်ရပြီး အားလုံး လန့်ဖျပ်အော်ဟစ်ကြ၊

အလုပ်သမားတစ်ဦးက ဓားနဲ့ ခြေမကို ခဲကိုက်ထားတဲ့ မြွေဆိုးရဲ့ဦးခေါင်းကို ရိုက်ချပြီး ဓားနှင့် နှပ်နှပ်ပါအောင် စဉ်းကော ပစ်လိုက်တယ်၊

ကိုဂဠုန်ကြီးက အသက်ရှူကျပ်နေပြီ၊

ခြေရော၊ လက်ရော အေးစက်ပြီး လှုပ်လို့မရတော့ဘူး။

မျက်စိလည်း ဘာမှမမြင်ရတော့ပဲ ခေါင်းက ကမ္ဘာကြီး ပတ်ရှာလည်ဖြစ်ပြီး ညည်းနေပြီ၊

မြွေဟောက်ရဲ့အဆိပ်က အာရုံကြောထိ ပြန့်သွားပြီလေ၊

"ကား မြန်မြန်ခေါ်ကြပါဟ။ ဆေးရုံကို ပို့မှဖြစ်မယ်ဟေ့"

"ကားရပြီဗျို့ - မပွေ့ခေါ်ခဲ့တော့"

အလုပ်သမားတွေ ကိုဂဠုန်ကြီး ဝိုင်းမပွေ့လိုက်ကြတယ်၊ သို့သော် ကိုဂဠုန် ကြီး ဇက်ကျိုးကျသွားပါပြီ၊

ခုတော့ - မြွေဆိုးတွေကို မကြောက်မရွံ့ဖမ်းခဲ့တဲ့ မြွေသမားကြီး၊

မြွေသားဟင်းကို စားသုံးသူ လျှာစွဲအောင် အမျိုးမျိုး ချက်ပြုတ်ရောင်းချ နာမည်ကျော်ခဲ့တဲ့ ဟင်းချက်သမား ဆိုင်ပိုင်ရှင်ကြီး၊

တစ်လတစ်ခါရွှေဒင်္ဂါးဝယ်စုပြီး တစ်ဖက်သတ်ချစ်နေရတဲ့ မကျည်းဆန်ကို ထိုက်ထိုက်တန်တန် တင်တောင်းလက်ထပ်ဖို့ အားကြိုးမာန်တက် သူဌေးလေးဘွဲ့ခံ ကြိုးစားနေသူကြီး၊

ဇက်ကျိုးကျပြီး ပါးစပ်ထဲက အမြှုပ်တစီစီတွေနဲ့ သွားရေတွေ စီးကျ အသက်ပျောက်သွားခဲ့ပါပြီလေ။

ဇော်ညီမြိုင်(သန်လျင်)

စာမူရှင်များသို့

မရွေးချယ်သောစာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ၍ မိတ္တူ ပွားထားကြပါရန်။

အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com



# ငါးမျှားခြင်းမှ [illegible]

မြတ်သက်ကျော်

**ငါးရှဉ့်ရှာရာတွင် ငါးရှဉ့်၏ သဘာဝ အားနည်းချက်ကို ရှာဖွေရင်း ဘဝအတွက် ဆင်ခြင်စရာ ရင့်ကျက်စရာများဖြင့် တွေ့ကြုံလာရပုံကို ဖော်ညွှန်းထားသည် ..**

**မြောက်ပြန်လေ**၏အအေးဓာတ်က နံနက်ခင်းပိုင်းတွင် ရေထဲ မဆင်း ချင်လောက်အောင် အေးစိမ့်နေပေသည်၊ ထို့ကြောင့်ကျွန်တော် ရေကန်ထဲသို့ငါးတွင်းများကိုလိုက်၍မစမ်း သေး၊ နင်းကွဲ၍ အအေးဓာတ်ပျောက်သလောက်ရှိမှ ကန်ထဲသို့ ဆင်းရပေတော့သည်၊ လောလောဆယ် ကန်ဘေးချောင်းထဲမှ ငါးရှဉ့်တွင်းများကို သတိရလိုက်မိသည်၊ ထိုငါးရှဉ့်တွင်းများထဲ တွင် ငါးရှဉ့်များလျှင်လည်း အဆင်ပြေပါက ငါးရှဉ့်တစ်ဟင်းချက် လောက်မက ရနိုင်သည်၊ များလွန်းလျှင် တချို့ကို ဒီနေ့ မန်ကျည်း ရည်ခပ်ပျစ်ပျစ်ကလေးထည့်၍ ငါးရှဉ့်ချဉ်စပ်ဟင်းတစ် ခွက်တော့ ချက်စားနိုင်မည်၊ ပိုနေသောငါးရှဉ့်များကို ဆေးကြောသန့်စင်ပြီး ကျပ်တင်ထားလျှင် နောက်နေ့ ငါးရှဉ့်ကျပ်တိုက်ချဉ်စပ်ဟင်းတစ် ခွက်ကို ရှမ်းနံ့နံ့အုပ်ချက်ပါက ထမင်းမြိန်စေသော ဈေးဖိုးသက် သာသည့် ဟင်းတစ်ခွက်တော့ ရစေမည်ဖြစ်သည်၊

www.burmeseclassic.com

ထို့ကြောင့် သိမ်းထားသည့် ငါးများချိတ်များကိုပြန်ကြည့်မိသည်၊ တချို့ ငါးများချိတ်များ၏ အထစ်များမှာ သံချေးလိုက်နေပေပြီ၊ ထိုငါးများချိတ်များကိုသုံး၍ ငါးရှဉ့်များလျှင် အားကောင်းမောင်းသန်ငါးရှဉ့်နှင့် ဆုံမိပါက ထိုငါးရှဉ့်၏ရုန်းကန်အားကြောင့် ငါးများကြိုးသော်လည်းကောင်း ပြတ်နိုင်သည်၊ သို့မဟုတ် ငါးများချိတ်သော်လည်းကောင်း ကျိုးနိုင်သည်၊ ထို့ကြောင့် ငါးများချိတ်အသစ်ကို သုံးသည်က ပိုကောင်းလိမ့်မည်ဟု ဆုံးဖြတ်လိုက်သည်၊ ထို့ကြောင့် ငါးများ ချိတ်ခပ်ကြီးကြီးနှစ်ချောင်းနှင့် နိုင်လွန်ကြိုးနှစ်ကိုက်လောက် ဝယ်ရန် ထွက်ခဲ့ပေတော့သည်၊

ငါးများချိတ်များကို ကြိုးတပ်ပြီးသည့်အခါ ငါးစာရှာရန် သတိရလိုက်မိသောကြောင့် ဘာငါးစာကိုသုံးလျှင် ကောင်းမည်လဲဟု စဉ်းစားရပြန်သည်၊ တီကောင်နှင့်များလျှင်လည်း တီကောင်က နှစ်မျိုးရှိသည်၊ ပန်းရောင်သမ်းသော ခပ်ကြမ်းကြမ်းတီကောင်များကို သုံးမည်လား၊ တီမည်းကောင်များကို သုံးမည်လား (သို့မဟုတ်) ခရုအသားကိုသုံး၍ ငါးများမည်လား (သို့မဟုတ်)၊ ချောင်းစပ်တွင် တွေ့ရများသော မျက်စိပြူးပြူး ငါးပုံများကို သုံးမည်လား စဉ်းစားရပြန်သည်၊ တီကောင်ပန်းရောင်တွေကားပေါ်များသော်လည်းအရေခွံမာအရစ်ထူသောကြောင့် ငါးသိပ်မကြိုက်၊ တီမည်းကောင်ကား အရေခွံပျော့ပြီး အကောင်သေးသောကြောင့် ငါးကြိုက်သော်လည်း ငါးရှဉ့်များသည့်အခါ ငါးများချိတ်ကြီးကြီးကို သုံးရသောကြောင့် ငါးရှဉ့်များဖို့တော့ သိပ်အသုံးမတည့်လှ၊ ခရုအသားကျပြန်တော့ ငါးရှဉ့်များဖို့ အသုံးတည့်သော်လည်း

ခုလိုဆောင်းဦးပေါက်ရာသီတွင် ခရုမျက်ဆံကျယ် (ခရုမျက်ပြူး) ကို ရှာဖွေရန် သိပ်မလွယ်ကူလှ၊ ထို့ကြောင့် ချောင်းတမ်းစပ်တွင် တွေ့ရများသော ငါးပုံများနှင့် ငါးရှဉ့်များရသည်က အဆင်ပြေဆုံးဖြစ်မည်ဟု ဆုံးဖြတ်မိသောကြောင့် ဝါးခြမ်းပြားတစ်ချောင်း၊ ပလတ်စတစ်အိတ်တစ်လုံး၊ ငါးများချိတ်နှစ်ချောင်းတို့ကိုယူ၍ ငါးရှဉ့်များရန် ထွက်လာခဲ့မိပေသည်၊ ဝါးခြမ်းပြားကား ငါးပုံများကို ရိုက်ရန်ဖြစ်သည်၊ ပလတ်စတစ်အိတ်က ငါးစာထည့်ရန်ဖြစ်သည်၊

ချောင်းရိုးအစပ်ရောက်သည့်အခါ အရွယ်ခပ်ကြီးကြီး ငါးပုံများကို လေးငါးကောင်ခန့် လက်ထဲတွင်ပါသော ဝါးခြမ်းပြားဖြင့် ခပ်ဆဆလေး ရိုက်ဖမ်းသည်၊ ငါးပုံများ၏သဘာဝကလည်းတစ်မျိုးဖြစ်သည်၊ လူကို သိပ်မကြောက်လှ၊ လူကို စူးစမ်းချင်သော သဘောလည်း ပါမည်ထင်သည်၊ လူတွေ့လျှင် တော်ရုံနှင့် မပြေးကြ၊ မလှုပ်မကာမ်းမှသာ ငြိမ်၍ နေတတ်ကြသည်၊ ဘေးကင်းရာ ရေထဲသို့လည်းကောင်း၊ သူတို့၏တွင်းများထဲသို့လည်းကောင်း ဝင်ပြေးသော ငါးပုံများက အတော်နည်းသည်၊ ထို့ကြောင့် သူတို့၏ ပမာမခန့် အမူအကျင့်များက သူတို့ကို ဒုက္ခပေးခြင်းဖြစ်သည်ဟု နည်းနည်းအရွယ်ရလာသည့်အခါ အသိတရားရမိသည်၊

အစောပိုင်းရက်များက ကျွန်တော် တွေ့မြင်ထားသည့် ငါးရှဉ့်တွင်းဆီသို့ ရောက်သည့်အခါ ပလတ်စတစ်အိတ်အတွင်းမှ ငါးပုံတစ်ကောင်ကို ထုတ်ယူလိုက်ပြီး ငါး၏ပါးစပ်မှ ငါးများချိတ်သွင်းကာ ဖောက်ထိုးချိတ်လိုက်သည်၊

ထို့နောက် ပါလာသည့် ဝါးခြမ်းပြားနှင့် ငါးမျှားချိတ်ကို ထောက်ကန်၍ ငါးရှဉ့်တွင်းအထဲဆီသို့သွင်းကာ မသိမသာလေး လှုပ်ယမ်းပေးလိုက်သည်၊ နှစ်မိနစ်ခန့်အကြာတွင် ပွတ်ခနဲမြည်သံနှင့်အတူ ငါးမျှားကြိုး တင်းခနဲ ဖြစ်သွား၏၊ ငါးစာကို ငါးရှဉ့်ကိုက်လေပြီ၊ ငါးမျှားကြိုးကို မသိမသာ လျှော့ပေးထားလိုက်၏၊ ခဏအကြာတွင် ငါးမျှားကြိုးကို တွင်းထဲ ဆွဲသွင်းနေသည်ကို တွေ့လိုက်ရသောကြောင့် ငါးမျှားထစ်နှင့်ပြီ၊ မငြိသိစေရန် ငါးမျှားကြိုးကိုပြန်တင်းကြည့်လိုက်သည်၊ ထိုအခါ တွင်းထဲတွင် ကိုယ်လုံးကို တွန့်လိမ်၍ တောင့်ခံထားသော ကိုရွှေငါးရှဉ့်၏တင်းအားကြောင့် ငါးမျှားကြိုးမှာ တင်းနေလေသည်၊ သေချာပေပြီ၊ ကိုရွှေရှဉ့်တော့ ငါးမျှားချိတ်တွင် ထိထိမိမိ ငြိနေပြီဖြစ်ကြောင်း သဘောပေါက်လိုက်သည်၊

ထို့ကြောင့်ငါးမျှားကြိုးကိုအလိုက်သင့်လျှော့ပေးလိုက်ရသည်၊ ဓာအခြေအနေမျိုးတွင် ငါးရှဉ့်၏အထာကိုနားလည်ဖို့လိုသည်၊ သူ့ကိုဖမ်းမိချင်ဇောနှင့် ဓာအခြေအနေမှာကြိုးကိုတအားဆောင့်ဆွဲလိုက်လျှင် ငါးရှဉ့်၏အင်အားနှင့် ငါးမျှားချိတ်၊ ငါးမျှားကြိုးတို့အနေအထားအရ ငါးရှဉ့်သော်လည်းကောင်း အာပဲ့(ပါးစပ်ပဲ့)၍ လွတ်သွားနိုင်သည်၊ ငါးရှဉ့်၏မေးရိုးအားကောင်းနေလျှင် ငါးမျှားချိတ် ပြုတ်ထွက်နိုင်သည်၊ ထိုသို့ မဖြစ်လျှင်တောင်မှ ငါးရှဉ့်က အားကောင်းမောင်းသန်အရွယ်ဖြစ်နေလျှင် ငါးမျှားကြိုးပြတ်ထွက်သွားနိုင်သည်၊

သို့သော် ငါးရှဉ့်များကား အမှတ်သည်းခြေအနည်းဆုံးသတ္တဝါဖြစ်ပေသည်၊ ငါးမျှားချိတ်မှ ခုချက်ချင်းပြန်လွတ်သော်ငြားလည်း ဘယ်လောက်ပင်ဒဏ်ရာရနေစေကာမူ ခဏအကြာတွင် ငါးရှဉ့်တွင်းထဲ အစာတပ်ထားသောငါးမျှားချိတ်အား ပြန်ချကြည့်၊ ငါးမျှားချိတ်မှအစာကို အာသာငမ်းငမ်း ထပ်မံ၍စားပြန်သည်၊ အလွန်အထိနာပြီး အလွန်အတွေ့အကြုံများသော ငါးရှဉ့်များ



ထိုအခြေအနေမျိုးတွင် တစ်ရက်ခန့် ငါးမျှားချိတ်အား ရှောင်ကြဉ်သော်လည်း နောက်နေ့တွင် အစာကို ဟပ်မြဲဖြစ်သည်၊

ငါးမျှားကြိုးအား ကျွန်တော် တစ်ထွာခန့် လျှော့ပေးလိုက်မိသည်၊ ထို့နောက်မသိမသာပြန်တင်းကြည့်သည်၊ ငမိုက်သားငါးကားအားအနည်းငယ်မျော့နေကြောင်း တွေ့ရသောကြောင့် ငါးမျှားကြိုးအား အသာအယာ ချော့ဆွဲလိုက်မိသည်၊ ငါးမျှားကြိုးအနည်းငယ်အပြင်သို့ ရောက်လာပြီး ခဏအကြာတွင် အနည်းငယ်တင်းလာကြောင်း တွေ့ရသည်၊ ဘသားရှောငါးရှဉ့်ကား



ကျွင်ငါးရှဉ့် ကား အမှတ်မရှိသောငါးရှဉ့်သာလျှင် ဖြစ်ပေလိမ့်မည်။
အကယ်၍ အမှတ်ရှိပြီး အန္တရာယ်ကို ကြည့်ရှောင်တတ်လျှင်
ဟင်းအိုးသောမှ ကင်းဝေးပေလိမ့်မည်။ ခုတော့–အမှတ်မရှိသောကြောင့်
သူ့ခမျာ ဟင်းစားဖြစ်သွားရှာတော့မည် ဖြစ်သည်။

www.burmeseclassic.com

တွင်းအတွင်း ခန္ဓာကိုယ်အား အနည်းငယ်တွန့်လိမ်၍ အပြင်မှ ဆွဲအားကို တောင့်ခံထားဟန်ရှိသည်။ ထို့ကြောင့် ကြိုးကို အနည်းငယ်လျှော့ပေးလိုက်လေသည်။

ဤသို့ ငါးများကြိုးအား တင်းလိုက်၊ လျှော့လိုက်ဖြင့် ငါးရှဥ့်နှင့် ကျွန်တော် စစ်ခင်းအပြီးတွင် တွင်းထဲသို့ ကြိုးဆွဲပြေးနေသော ငါးရှဥ့်၏လှုပ်ရှားမှု ငြိမ်သက်လာကြောင်း တွေ့လိုက်ရသည်။ ငါးရှဥ့်တွင်း ဆုံးသွားပြီဖြစ်မည်ထင်သည်။ ငါးရှဥ့်ကား ကြိုးကို နောက်ထပ်ဆက်ဆွဲမပြေးတော့၊ ထို့ကြောင့် ကျွန်တော် ငါးများချိတ်ကြိုးကို အနည်းငယ်တင်း၍ ဆွဲတင်ကြည့်သည်။ အနည်းငယ်လေးလံနေသော်လည်း ကြိုးက အလိုက်သင့်ပါလာသည်။ ထို့ကြောင့် အနည်းငယ်မျှမလျှော့တော့ဘဲ ကြိုးကိုတွင်းဝဆီသို့ ဂရုတစိုက် ဆွဲတင်လိုက်သည်။ ခဏအကြာတွင် သုံးဆယ်သားခန့်ရှိမည်ထင်ရသော ငါးရှဥ့်ပနီတစ်ကောင်၏ခေါင်းကိုတွေ့လိုက်ရပြီး ငါးရှဥ့်တစ်ကိုယ်လုံးတွင်းပေါ်ရောက်သည်နှင့် ပါလာသည့်ဝါးခြမ်းပြားဖြင့် ငါးရှဥ့်ခေါင်းကို လေးငါးချက်မျှ ရိုက်လိုက်ပြီး ဝက်လာမြက်တစ်ပင်အား နုတ်၍ ငါးရှဥ့်ပါးဟက်မှတစ်ဆင့်သွင်းကာ ပါးစပ်မှ ထုတ်ပြီး ပေါက်ကာ ချည်နှောင်ထားလိုက်သည်။

နောက်ထပ်ငါးရှဥ့်တွင်းတွင်ကား ငါးရှဥ့်သည် အလွန်ဆာလောင်ငတ်ပြတ်နေဟန် ရှိပေသည်။ ငါးများချိတ်ထည့်ပြီးပြီးချင်း အစာကိုအငမ်းမရစားမျိုသွားလိုက်သည်။ သူ့အား သိပ်ကြာကြာ စစ်မခင်းလိုက်ရ၊ ငါးမိနစ်ခန့်ကျော်ကျော်တွင် ကျွန်တော် တွင်းပေါ်ဆွဲတင်လိုက်နိုင်ပြီး အသင့်ဆောင်ယူလာသည့်ဝါးခြမ်းပြားဖြင့် ဆုံးမပြီး ဝက်လာမြက်သီတံတွင်း သွတ်သွင်းလိုက်နိုင်ပေသည်။ ဤငါးရှဥ့်ကား သိပ်မကြီးလှ၊ တစ်ဆယ်သားခန့်သာရှိမည်ဖြစ်သော ငါးရှဥ့်ငယ်တစ်ကောင်သာ ဖြစ်ပေသည်။ ငါးငယ်သောကြောင့် ငါးများချိတ်အတွေ့အကြုံ သိပ်မရှိသောကြောင့်သာ အစာကိုအငမ်းမရစားသောက်ခြင်း၊ ငါးရှဥ့်တို့၏ ခုခံနိုင်စွမ်းဗီဇတို့ သိပ်မကျွမ်းကျင်ခြင်းတို့ကြောင့်သာ ရန်သူ့လက်သို့ ခဏတွင်း ကျရောက်ရှာသည်ဖြစ်မည်ထင်သည်။

တတိယငါးရှဥ့်တွင်းတွင်ကားအစာကိုတွင်းအတွင်းသို့ထည့်ပြီး ငါးမိနစ်ခန့်ကြာမှသာ ငါးရှဥ့်က အစာကို တွတ်သည်။ ငါးများချိတ်မိပြီးသည်နှင့် အနည်းငယ်သာ ဆွဲပြေးပြီး တင်းခံနေသည်။ ကျွန်တော်က ငါးရှဥ့်မောနေလောက်ပြီအထင်နှင့် ကြိုးကို အားရပါးရ ဆွဲကြည့်သည့်အခါ ထောက်ခနဲမြည်သံနှင့် ဗွက်ထဲသို့ ကျွန်တော် ဖင်ထိုင်လျက် လဲကျသွားသည်။ လက်ထဲသို့ ပါလာသည့်ကြိုးကို ကြည့်လိုက်သည့်အခါ ငါးများချိတ် ပြတ်ထွက်သွားကြောင်း တွေ့လိုက်ရသည်။

ထို့ကြောင့်နောက်ထပ်ပါလာသည့် ငါးများချိတ်ကိုထုတ်၍ အစာတပ်ပြီး ငါးရှဥ့်တွင်းထဲသို့ တုတ်ချောင်းငယ်ကို ထောက်၍ ရပြီး ငါးများချိတ်ကို လှုပ်ယမ်းကစားပေးနေလိုက်သည်။ သို့သော် နာကျင်ထားသောအခြေအနေကြောင့် ထပ်၍အစာကို ဟပ်တော့မည်မထင်တော့၊ သို့သော် ခဏအကြာတွင် ပြွတ်ခနဲမြည်သံနှင့်အတူ ငါးစာကို ဟပ်သွားကြောင်း သိလိုက်ရသည်။ ခုတစ်ခါလည်း သူ သိပ်ဆွဲမပြေး၊ ထို့ကြောင့် ကျွန်တော် ငါးများကြိုးကို အနည်းငယ်ဆွဲကြည့်သည်။ တင်းနေကြောင်း တွေ့ရသဖြင့် ပြန်လျှော့ပေးထားလိုက်သည်။ ခဏအကြာတွင် ဆွဲမပြေးသော်လည်း ငါးများကြိုးမှိန်းနေကြောင်း တွေ့လိုက်ရသည်။ ငါးရှဥ့်သည် တွင်းထဲတွင် အောက်သက်သို့ ဆွဲ





www.burmeseclassic.com

www.burmeseclassic.com

မပြေးပဲ ကိုယ်ကိုတွန့်လိမ်ရုန်းကန်နေခြင်းဖြစ်ပေသည်။ ဤအခြေအနေတွင် ကြိုးကို တင်းထားလျှင် ကြိုးလွန်းများပြေပြီး ကြိုးပြတ်ထွက်သွားနိုင်သည်။ ထို့ကြောင့် ကျွန်တော် ကြိုးကို လျှော့ပေးထားလိုက်သည်၊ ကြိုးငြိမ်သွားမှ ဆွဲတင်ကြည့်သည်။ ထိုအခါကြိုးကိုလိမ်ထားသောအရှိန်၊ ငါးများရိုတ်ကြောင့် နာကျင်နေသောအရှိန်တို့ကြောင့် ရုန်းအားမရှိတော့ပဲ ကျွန်တော် ဆွဲတင်ရာသို့ ပါလာသည်၊ တွင်းအပြင်ရောက်၍ သေသေချာချာကြည့်မိသောအခါ ထို ငါးရှဉ့်ပါးစပ်၌ ငါးများကြိုးပြတ်သုံးချောင်းကို တွေ့လိုက်ရပေသည်။ ဤငါးရှဉ့်ကား အမှတ်မရှိသောငါးရှဉ့်သာလျှင် ဖြစ်ပေလိမ့်မည်၊ အကယ်၍ အမှတ်ရှိပြီး အန္တရာယ်ကိုကြည့်ရှောင်တတ်လျှင် ဟင်းအိုးသောမှ ကင်းဝေးပေလိမ့်မည်။ ခုတော့ - အမှတ်မရှိသောကြောင့် သူ့ခမျာ ဟင်းစားဖြစ်သွားရှာတော့မည် ဖြစ်သည်၊

စတုတ္ထငါးရှဉ့်တွင်းတွင်ကား အစာချပြီး အချိန်အနည်းငယ်ကြာသည် အထိ အစာကိုမဟပ်ပေ၊ သို့သော် ငါးတို့၏ဓိဇအတိုင်း စိတ်ရှည်လက်ရှည်နှင့် ငါးများရိုတ်ကို အဆက်မပြတ် လှုပ်ခတ်ပေးလိုက်သည့်အခါ မနေနိုင်တော့၊ ကျွတ်ခနဲ မြည်သံနှင့်အတူ ငါးများရိုတ် ရုတ်တရက်တင်းသွားကြောင်း တွေ့ လိုက်ရပြီး ခဏအကြာတွင် တင်းနေသည့်ကြိုးကို အသာရှော့ဆွဲကြည့်သည့် အခါ ငါးများရိုတ်တွင် အစာတစ်ဝက်တစ်ပျက် ပြန်ပါလာကြောင်း တွေ့လိုက် ရသည်၊

ကိုရွှေငါးကား အစာကို စိတ်ချလက်ချသော်လည်းကောင်း၊ အငမ်းမရ သော်လည်း မစားပဲ ငါးများရိုတ်အောက်ဘက်မှသာ အစာကိုဖဲ့၍ စားထား ကြောင်း တွေ့လိုက်ရသည်၊ ထို့ကြောင့် ငါးစာဟောင်းကို ငါးများရိုတ်မှ ဖြုတ် ချပြီး အစာသစ်ထပ်တပ်ကာ ထပ်၍ များပြန်လေသည်၊ သို့သော် သင်းကား



အနို့မပြောင်း၊ ယခင်နည်းအတိုင်းပင် အစာကို စားပြန်သည်၊ ဤတဲ့သို့ သုံး လေကြိမ်ခန့် ငါးစာအသစ်ပြန်ထည့်နေရသောကြောင့် ကျွန်တော်စိတ်မရှည် တော့၊ လက်ထဲတွင်လည်း ရှာထားသည့်ငါးစာလည်း ကုန်ပြီဖြစ်သောကြောင့် ဤနေ့အဖို့ နောက်ထပ်ငါးမများတော့ပဲ ပြန်လာခဲ့လေသည်၊ တစ်လမ်းလုံး တွင်လည်း ငါးရှဉ့်ကို စိတ်ကူးနှင့် ဟင်းအမျိုးမျိုး ချက်ပြုတ်နေမိလေတော့ သည်၊

နောက်ပိုင်းတွင် ကျွန်တော် နေရာဒေသအပြောင်းအလဲကြောင့် ငါးရှာ သည့်အလုပ်ကို မလုပ်ဖြစ်တော့ပါ၊ အသက်ရလာသည့်အခါ ကုသိုလ်၊ အကုသိုလ်ဟူသောအသိများကြောင့် ငါးရှာသည့်အလုပ်ကို လုံးဝမလုပ် တော့သည်သာမက ငါးရှာဖားရှာအလုပ်များကိုလည်း အားပေးတိုက်တွန်း ခြင်း မရှိတော့ပါ၊ သို့သော် ငါးရှဉ့်များခြင်းမှ ရရှိသည့် သင်ခန်းစာများကိုကား လူ့လောက ပေါင်းသင်းဆက်ဆံရေးနယ်ပယ်တွင်လည်းကောင်း၊ စီးပွားရေး နယ်ပယ်တွင်လည်းကောင်း၊ နလုံးသားရေးနယ်ပယ်တွင်လည်းကောင်း ထပ်တူပြုအသုံးချခဲ့ရာ အလွန်အဆင်ပြေအောင်မြင်ကြောင်း တွေ့ရပေမည်၊

သင်ခန်းစာ(၁) အနေနှင့် အရာရာကိုစူးစမ်းလေ့လာရာတွင် မိမိအတွက် အန္တရာယ် ကင်း၊ မကင်းကို အရင်ဆုံးတွက်ချက်ရန်ဖြစ်သည်၊

သင်ခန်းစာ(၂) အနေနှင့် အစာဆိုတိုင်းလည်း မစူးစမ်း မဆင်ခြင်ဘဲ အရမ်းမစားမိပါစေနှင့်ဟူ၍ဖြစ်သည်၊

သင်ခန်းစာ(၃) တစ်ခုခုကို ရယူလိုသည့်အခါ စိတ်ရှည်ရှည်နှင့် အလျှော့ အတင်း အပေးအယူ လုပ်ကြည့်ပါဟူ၍ဖြစ်သည်၊



www.burmeseclassic.com

www.burmeseclassic.com


သင်ခန်းစာ(၄)ဒုက္ခပေးထားဖူးသူ ဒုက္ခပေးနိုင်သည့်အရာများကို မည်သည့်အခါမှ မေ့မေ့လျော့လျော့ မရှိပါစေနှင့်။

သင်ခန်းစာ(၅)ပြဿနာသည် အချိန်မရွေး ဖြစ်လာနိုင်သောကြောင့် ကိုယ့်အတွက် လုံခြုံဘေးကင်းနိုင်မည့်အခြေအနေကို အမြဲပြင်ဆင်ထားပါ။

သင်ခန်းစာ(၆)မည်သည့်အကုသိုလ်အလုပ်မဆို တစ်ဝမ်းစားထက်ပို၍ မချမ်းသာနိုင်သကဲ့သို့ ထိုအကုသိုလ်အစုအဝေးများ စုပုံ၍ ဒုက္ခပေးလာလျှင် အလွန်ဆိုးရွားသော ဆိုးကျိုးများဖြစ်လာနိုင်သကဲ့သို့ ဝဋ်ဆိုသည်မှာလည်း တန်ပြန်လည်လာနိုင်သည်ဟူသော အယူအဆများဖြစ်ပါတော့သည်။


မြတ်သက်ကျော်

## စာရှုရှင်များသို့ ...




www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com

ယယ်ရှယ်သော လူငယ်ကလေးကို ညည်သည်ယာရှင်ကမှ မခိုင်းချင်ကြပဲ အမှန်တကယ် သေဘောနှင့် ကြုံရသော လူငယ်ကလေးကပဲ ထံရောက်ကာယ်တင်ပုံကို ဖတ်ရှုရသည် ..

## "သူတို့ ဘာပြောလဲဟင်–လူလေး"

အဖေ့အသံက ခပ်မောမော၊ ခပ်နွမ်းနွမ်း၊ မျက်လုံးများက အားပျော့လွန်း၊ ဖျော့တော့လွန်းသည်ထင်သည်။ အဖေသည် မေးရင်းက ဖြုံ့ထားသော စောင်ကြမ်းကြီးကို ဖယ်သည်။ မေးသံအဆုံး ချောင်းသံတဟွတ်ဟွတ်နှင့် ခေါင်းဆတ်ရင်း ဆတ်ရင်းနှင့်မို့ ကြည့်ရသည်ကိုက တာတီးတစ်ယောက် အသနားပိုလာသည်။ သို့ကြောင့် အဖေ့အနား ကပ်ထိုင်ရင်း ကျောပြင်ကို နှိပ်ပေးသည်။

"သူတို့ – ကျုပ်ကို ခေါ်ချင်ပုံမရဘူး"

ကြိုးစားပြီးပြောလိုက်သောတာတီးအသံသည်စပ်တုန်တုန်၊ ဝမ်းနည်း သံများ စွက်နေသည်။ တာတီး၏အဖြေစကားကြောင့် ဦးလှမောင်ရင်ထဲ လိပ်ခဲတည်းလည်း ဖြစ်သွား၏။ ခေါင်းကို မသိမသာခါသည်။

"အင်းလေ – သူတို့မခေါ်ချင်ဘူးဆိုရင်လည်း သူတို့သဘော ပေါ့ – လူလေးရာ"

"နေပါစေ – အဖေရာ။ အလုပ်ပေါပါတယ်။ ကျုပ် – ဒီပြင့်အလုပ် ရှာမှာပါ"

အဖေက ဖြေနိုင်အောင်ဖြေရင်း နှစ်သိမ့်စကား ပြောခဲ့ပေမယ့် တာတီး မဖြေနိုင်၊ မကျေနပ်။ တကယ်တော့ – အဖေဖြစ်သူနှင့် ကိုလှခင်တို့သည် ဘဝ တူဆင်းရဲသားတွေချည်း ဖြစ်သည်။ ရွာမှာက တောင်သူနှင့် အလုပ်သမား သည် ဦးရေသိပ်မကွာ။ ထက်ဝက်သည် တောင်သူ၊ ထက်ဝက်သည် နေ့စား အလုပ်သမား။

အလုပ်သမား လူတန်းစားစာရင်းထဲတွင် တာတီးတို့ပါသည်။ တစ်ရက် လုပ်၊ တစ်ရက်စား။ အပိုအလျှံ မရှိကြ။ နှမ်းကြဲ၊ ပဲစင်းငုံကြဲ၊ မြေပဲရှု၊ ရေတိစိုက် ချိန်များတွင် အလုပ်ရှုပ်ကြသည်။ အခြားအချိန်များတွင်ကြုံရာကျပန်းအလုပ် ကို လုပ်စားကြရသည့်ဘဝ။ အချို့က ဟင်းရွက်ခူး၊ အချို့က ထင်းရှာ၊ အချို့က အညာကြီးအရပ်မှာ ဖောင်ချပါးချ လုပ်ကြနှင့်။

ဟော – သည်နှစ် မိုးကောင်းသည်၊ မိုးဦးနှမ်းလျှင် ကောင်းသည်၊ တောင်သူတွေ ရကြသည်။ ငွေရှင်ကြသည်၊ တောင်သူရာဖြိုးမှ၊ မိုးရွာမှ တောင်သူသီးနှံ အထွက်တိုးမှ အလုပ်သမားတွေ အူစိုကြ၊ အလုပ်နှင့်လက် မပြတ်ရှိကြသည်၊ အလုပ်ရှင်နှင့်အလုပ်သမားဟူသည်က ကျွန်းကိုင်းမှီ ကိုင်း ကျွန်းမှီ၊ တောအကြောင်း ယုန်သိ၊ ယုန်အကြောင်း တောသိဆိုသလိုမျိုး။

မိုးကောင်းသလို မြစ်ရေကလည်း ကြီးသည်၊ ရေအောင်သည်ဟု "အညာအရပ်"မှာ ခေါ်ကြသည်၊ "ရေအောင်သည်"ဆိုသည်မှာ မြစ်ရေသည် တိုးလာပြီး မြစ်လျှံ၊ မြစ်လျှံပြီး ချောင်းတွေ၊ မြောင်းတွေမှတစ်ဆင့် "ကျွန်းထဲ အရပ်"ရှိ သဲခုံမြေနု (မြေနုကျွန်း)များကို ရေဝင်ပါက ရေအောင်သည်ခေါ်၏။ အရင်အချိန်နှစ်တွေက ရေမအောင်၊ ရေသည် မြစ်ထဲမှာသာ တသွင်သွင်စီး နေပြီး ကမ်းမလျှံ၊ မကျော်၊ ကျွန်းထဲအရပ်ကို ရေမဝင်၊ မရောက်ခဲ့။

တာတီးတို့ အညာအရပ်သည် မြစ်နှင့်နီးပြီး ရေဝင်သော၊ ရေစိမ့်သော အရပ်ကို "ကျွန်းထဲအရပ်"ဟု ခေါ်သည်၊ မြေကောင်းသည်၊ နုသည်၊ သီးနှံ စိုက်ပင် အဖြစ်မြန်သည်၊ ဆေးမလို၊ မြေဩဇာမလိုသည့်အရပ်၊ "ကြီးတော အရပ်"ဆိုသည်က မြစ်၊ ချောင်းနှင့်ဝေးသော အရပ်ဒေသများကို ခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ကြီးတောအရပ်ရှိ မြေများမှာ သဲတောကလွဲလျှင် ကြမ်းသည်၊ ဂျုံနှင့်ပြောင်း လောက်သာ ချနိုင်၊ ကျဲနိုင်သည့်မြေ၊ ကြီးတောအရပ်သည် မြေနှစ်စားရှိ၏၊ တစ်နယ်မြေနှင့် သဲတောမြေ၊

တစ်နယ်ကိုဂျုံ၊ ပြောင်း၊ နှမ်း၊ ပဲမျိုးစုံ ချကြသည်၊ ယခုတာတီးတို့ရွာသည် "ကြီးတောအရပ်" မှာ ပါသည်၊ တစ်နယ်မြေများကို ထွန်ရုံထွန်ပြီး ပြာသိုလတွင် ဂျုံချရန် "ထွန်ရေးထယ်ရေးနုပ်" သည်ဆိုရုံ ထွန်ထားကြသည်၊ အဲ ... သဲတောကတော့ အလုပ်ရှုပ်ကြပြီ၊ ကြည့်လေ ... သဲတောမှာ ပြောင်း၊ ပဲစင်းငုံ၊ နှမ်း၊ ပဲတီ၊ ပဲနတော်များ ကျဲပြီး ချပြီးပြီ၊ ထိုသီးနှံထဲမှ ပဲစင်းငုံနှင့် နှမ်းက အများဆုံး၊ အဓိကသီးနှံက နှမ်း၊

တော်သလင်းလထဲ ရောက်ပြီ၊ မိုးက ဝါဆိုလထဲလောက်က စပြီးရွာခဲ့သည်၊ သိပ်မပြတ်၊ ယခု နှမ်းတွေ ကျဲပြီးပြီ၊ နှမ်းမကျဲခင်က ပဲစင်းငုံ၊ ပြောင်း၊ ပဲတီ၊ ပဲနတော်ပဲများ ကျဲပြီးပြီ၊ ပြောင်းနှင့် ပဲစင်းငုံဆိုလျှင် လူတစ်ရပ်ကျော်ပြီ၊ ပဲတီ၊ ပဲနတော်ဆိုလျှင် နှစ်ရွက်သုံးရွက် ဆင့်ရုံမက အချို့အခင်းများမှာ အသီးအပွင့်ဝင်လို့ ပိုးသတ်ဆေး ပက်နေကြရပြီ၊

နှမ်းကတော့ မိုးစောင့်နေ၍ ရက်အနည်းငယ် နောက်ကျသည်၊ ကျဲရက်ဆယ်ရက်ကျော်သာ ရှိသေးသည်၊ နှမ်းအကြိုက် မိုးရွာခဲ့ပြီမို့ နှမ်းပင်များ ပေါ်ခဲ့ပြီ၊ နှမ်းပင်သည် မိုးများလျှင် မကြိုက်၊ အပင်ခြေ ရေဝပ်ပါက အပင်သေသည်၊ ယခု ရွာသောမိုးက လင်းလိုက်၊ ရွာလိုက်၊ ခပ်စိပ်စိပ်၊ ခပ်မွှားမွှားရွာသောမိုး၊ ဒီတော့ - နှမ်းခင်းထဲ ရေမတင်၊ ရေမဝင်၊ ဒီတော့ - အပင်ဖြစ်မိုး၊ နှမ်းကြိုက်မိုးဟု ခေါ်ကြသည်၊

ဟော - နှမ်းတွေမှုန်းကြပြီ၊ နှမ်းမှုန်းသည်ဆိုသည်က လေးသွားထွန်နှင့် အပင်များကို ခွဲသတ်ခြင်းပင်၊ သသွား(ထွန်သွား)နှင့်ခြစ်မိသော အပင်က အမြစ်ကျွတ်ပြီး သေပေးရ၏၊ သသွားအကြားကျန်သော အပင်က မသေ၊ လေသန့်ဝင်၊ နေရောင်ဝင်တော့ ကျန်သည့်အပင်က အရွက်ဖားဖား၊ အပင်တုတ်တုတ်၊ အဖြစ်မြန်သည်၊ နှမ်းမှုန်းအပြီး ပေါက်တူးလိုက်ကြရသည်၊ ပေါက်တူးလိုက်သည်ဆိုသည်က နေ့စားငှားပြီး သို့မဟုတ် ပုတ်ပြတ်ငှားပြီး ပေါက်တူးပေါက်ခြင်းပင်၊



နေ့စားဆိုသည်က မနက်ခင်းကို လူတစ်ယောက် နှစ်ရာကျပ်၊ တစ်နေကုန်ဆိုလျှင် လေးရာ၊ နေ့စားငှားများအတွက် ထန်းလျက်၊ လက်ဖက်သုပ်၊ ထမင်းသုပ် စသည်တို့ကို အခင်းရှင်က နားချိန်မှာ ကျွေးရသည်၊ မနက်ခင်းဆိုလျှင် (၁၂)နာရီပြန်ကြသည်၊ တစ်နေကုန်ဆိုလျှင် နေဝင်မှပြန်ကြရသည်၊ ဒါ နေ့စားအလုပ်၊

ပုတ်ပြတ်ဆိုသည်က တစ်ဧကကို တစ်ထောင့်သုံးရာနှင့် အပြတ်ပေါက်ခြင်းပင်၊ အချို့အခင်းက တစ်ထောင်၊ အချို့က တစ်ထောင့်နှစ်ရာ၊ မြက်ပေါင်းပေါလျှင်ပေါသလို အစပိုတောင်းသည်၊ မြက်ပေါင်းရှင်းလျှင် ရှင်းသလို အစလျှော့ပြီးတောင်း၍ ပုတ်ပြတ်ပေါက်ကြခြင်းပင်၊ ပုတ်ပြတ်ပေါက်ပါက အခင်းရှင်က ဘာမှစားစရာမပေး၊ သောက်ရန် ရေကိုပင် ပုတ်ပြတ်ပေါက်မည့် အလုပ်သမားက ယူခဲ့ရသည်၊ ပုတ်ပြတ်ကိုး၊ အပြတ်ကိုး၊

ယခု ကိုလှခင်တို့အလုပ်သမားအဖွဲ့ နှမ်းခင်းများကို ပုတ်ပြတ်ပေါက်ကြမည်၊ သို့အတွက် တာတီးက အဖွဲ့ထဲ ဝင်ချင်သည်၊ ပါချင်သည်၊ တာတီးက ပြောသည်၊ ကိုလှခင်က လက်သင့်မခံ၊ ကိုလှခင့်အိမ်က ပြန်ခဲ့သည်အထိ ကိုလှခင့်အပေါ် မကျေနပ်၊

အဖေ့ကို နိုပ်ပေးရင်း စကားမပြောမိကြ၊ ထိုအချိန် ဟင်းရွက်ရောင်းရာက အမေ ပြန်လာပြီ၊ အို ... အမေ့မျက်နှာပြင်မည်းမည်းမှာ ချွေးတွေနှင့်၊

* * *

တာတီး အိပ်မပျော်ခဲ့၊ လွန်ခဲ့သည့်နှစ်က အဖေနှင့် ကိုလှခင်သည် ပုတ်ပြတ်ပေါက်ရာတွေ အတူတူ၊ ဘာအလုပ်ဖြစ်ဖြစ် အတူတူ၊ ကိုထွန်းကြိုင်၏ နှမ်းခင်းကို ကိုလှခင်က တစ်ထောင့်ငါးရာပေးဖို့တောင်းသည်၊ ကိုထွန်းကြိုင်က မပေး၊ ဤတွင် ကိုလှခင်က မပေါက်တော့၊ ကိုလှခင်နှင့် ဈေးစကားများရင်း အပေးအယူ မတည့်သောအခါ အဖေက အခြားလူများနှင့် တစ်ထောင့်နှစ်ရာနှင့် နှမ်းခင်းကို ပေါင်းပေါက်သည်၊

www.burmeseclassic.com

ထိုနှစ်ကတည်းက ကိုလူခင်သည် အဖေ့အပေါ် မကျေနပ်၊ အလုပ်ကို ပြိုင်လုပ်သည်၊ လုလုပ်သည်၊ ပေးသလောက်နှင့် တင်းတိမ်သည်၊ အလကားလူ၊ ငတ်သေမှာကြောက်တဲ့လူ၊ အလုပ်ရှင်မျက်နှာလိုမျက်နှာရလုပ်သည်ဟု စွပ်စွဲပြီး အဖွဲ့ ခွဲထောင်၏၊ ရွာမှာ အလုပ်ပါး၊ အလုပ်ရှားတော့ အဖေသည် "အညာကြီး" အရပ်မှာ ပရိမ္မကဖိုးတိုးတို့နှင့် သစ်ချဝါးချ လိုက်သွားသည်၊ အပြန် သစ်၊ ဝါး ပါပါက အိမ်သစ်ဆောက်မည်၊ ဒါ အဖေ့အကြံ၊ မိသားစုပေါ်ထားသော စေတနာမေတ္တာ၊ သို့သော် သစ်၊ ဝါး၊ ငွေ မပါလာ၊ ပါလာသည်က ငှက်ဖျား၊

ယခုနှစ်အဖေအလုပ်မလုပ်နိုင်၊ ဒီတော့ - အမေနှင့်တာတီးတို့၏တာဝန်သာကျန်သည်၊ တကယ်တော့ တာတီး၏အသက်သည် ယခုမှ (၁၅) နှစ်ပြည့်ခါပင် ရှိသေးသည်၊ အတန်းကျောင်းကို ငါးတန်းသာနေရပြီး ငါးတန်းအောင်တော့ ကျောင်းမှထွက်ပြီး အလုပ်လုပ်ခဲ့ရသည်၊

ယခု ကိုလူခင်က မခေါ်ချင်ဘူးတဲ့၊ သူ့အဖွဲ့ထဲ မပါစေချင်ဘူးတဲ့၊ မနှစ်က ရန်စနှင့် အငြိုးက ဒီနှစ်အထိ အခဲမကျေသေး၊ မတတ်နိုင်၊ မပါစေချင်ရင် မပါရုံပဲ၊ သို့ကြောင့် အခြားအခင်းများကို နေ့စားလိုက်သည်၊ နေ့စားမလိုက်ရပါက ဟင်းရွက်ခူးထွက်သည်၊

နှစ်ရက်၊ သုံးရက်၊ လေးရက်ခန့် လိုက်ရပြီး မလှချစ် နှမ်းခင်းက ပြီးသွား၏၊ နောက်အခင်း ဆက်လိုက်ရန်၊ အလုပ်ရရန် သခင်ရှာရ၊ အရှင်မျှော်ရသည်က အမော၊ ဘယ်သူမှ လာမခေါ်ကြ၊ လူပြည့်လို့၊ အခင်းကျဉ်းလို့၊ ဒီကနေ့ အပြီးမို့နှင့် တာတီး မလိုက်ရသေး၊ သူများတကာတွေ ပေါက်တူး၊ ပေါက်ပြားထမ်း၊ ဝါးဖတ်ခမောက်ဆောင်းပြီး တောထွက်တာမြင်တော့ ဖင်တကြွကြွနှင့်၊ မိုးက အုပ်၊ လေက ငြိမ်၊ ဖားသံက တအုံအုံ တအင်အင်၊ ပုရစ်သံ၊ ပုဇဉ်းရင်ကွဲသံနှင့်မို့ စိတ်ထဲ ပြင်းမိသည်၊

အမေနှင့်ဟင်းရွက်ခူးလိုက်သည်၊ သည်နေ့ သားအမိနှစ်ယောက် လွယ်အိတ်ကိုယ်စီ ချိုတ်(ဂျိုတ်)ကိုယ်စီနှင့် တောထဲထွက်ခဲ့သည်၊ ဖိနပ်စီးလို့မရ၊ ရေတွေ ရွှံ့တွေနှင့်မျော်လို့၊ တစိုစို တစိစိနှင့်၊ ရေဝဲပေါက်မှာပင် စိုးရသည့်အဖြစ်၊ ကြာပင်ကန်ကွင်းရောက်တော့ ရေကန်စွန်းရွက်၊ ကနဖော့ရွက်၊ မြင်းခွာရွက်များ ခူးသည်၊ ပြီး - ကဖာတန်းဝင်ပြီး ကင်းပုံရွက်၊ ကင်းပုံသီး၊ ဆူးပုပ်ရွက်၊ ကြက်ဖလုတ်ရွက်၊ ကျီးအာအချိုရွက်၊ သစ်ဝံရွက်နုများ ခူးသည်၊

"အင်း - ဒါလည်း အလုပ်ပဲ"

ဟင်းရွက်ခူးရင်း ရသေ့စိတ်ဖြေဖြေသူက တာတီး၊ အလို - ဟင်းရွက်ခူးရင်း ကြာပင်ကန်ကွင်းက နှမ်းခင်းများထဲ ကြည့်မိပြန်တော့ နေ့စားအလုပ်သမားတွေရော၊ ပုတ်ပြတ်ပေါက်သူများပါနေရာအနှံ့၊ ပေါက်နေကြဆဲ၊ သူတို့ကို ကြည့်ရင်း ပေါက်တူးကိုင်ပြီး စိတ်ကူးထဲပင် နှမ်းခင်းပေါက်နေမိသည့် တာတီး၊

တကယ်တော့ - တာတီးကို အသက်ငယ်သည်ဟု အခင်းရှင်များက အထင်သေးကြသည်၊ သို့ကြောင့် ပေါင်းပေါက်ရာသို့ မခေါ်လိုကြခြင်းပင်၊ ဒါ - တာတီးအသိ၊

"နေ့စားပေါက်မယ့် အခင်းရှင်တွေက ကျုပ်ကို ငယ်လို့ မခေါ်ချင်တာမှန်ပါတယ်၊ ဒါပေမဲ့ - ပုတ်ပြတ်ပေါက်မယ့် ခင်ဗျားအဖွဲ့ထဲ ခေါ်သင့်ပါတယ် ကိုလူခင်ရာ"

တာတီး ရိုးသားစွာ တွေးလိုက်မိ၏၊ စိတ်ထဲမှာ မကျေနပ်၊

* ❋ *

ကိုလူခင်တို့ အလုပ်ပါးပြီ၊ နှမ်းခင်းပေါင်းပေါက်ဖို့ မရှိကြတော့၊ သည်တော့ - အိမ်ရှေ့ထိုင်ရင်း ငေးမိတွေးမိသည်၊ ပုတ်ပြတ်ပေါက်ရသော ငွေများအကြောင်း တွေးနေမိသည်၊ လုပ်အားခကလည်း ရရတားတား၊ ဝါးဝါးမျိုမျို၊ ပြီး - မိမိအတွက် အရက်ဖိုး၊ ထန်းရေဖိုးကလည်း ကုန်ခဲ့သေးသည်၊ ဖဲကြွေးတလည်း ဆပ်ဖို့ကျန်သေးသည်၊ ဇနီးဖြစ်သူကလည်း အသုံးအစွဲ မလိမ္မာ၊ မိမိတလည်း လက်ဖွာဖွာမို့ ကုလားခပ်တဲ့ရေဖြစ်နေရသည့်အဖြစ်၊

"ငါ ဘာလုပ်ရင် ကောင်းမလဲ"

အတွေးများ၊ အကြံအဖန်များက ခေါင်းထဲမှာ တရစ်ဝဲဝဲ၊ ရှုပ်ထွေးတုန့်ပြီ၊

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပြီ – ငါ ထင်းခုတ်မယ်"

ဟု တွေးရင်း ထင်းအကြောင်း စဉ်းစားသည်၊ မြတင်တို့၊ အေးမောင်တို့၊ ပြီး – အခြားသူတွေ ထင်းချိုးရောင်းကြသည်၊ ဈေးထဲရောင်းပါက တစ်စီးလျှင် တစ်ရာ့ငါးဆယ်၊ နှစ်ရာရသည်၊ ထင်းက ရှားသည်၊ ထင်းအခြောက်က ပိုရှားသည်၊ မိုးက မပြတ်ရွာခဲ့သည်မို့ ထင်းက မရှိကြ၊ ဆန်ဆီဆားဆိုတာ မရှိလျှင် တစ်အိမ်နှင့်တစ်အိမ်ကူးပြီး ချေးငှားချက်လို့ရသည်၊ ထင်းက ချေးလို့ငှားလို့ ရသည့်အရာမဟုတ်၊

"ငါ – ကဇာတန်းက နဘူးချုံတွေ၊ မိုးနံချုံတွေခုတ်ပြီး စုစုပြီး ထန်းပိုင်တွေ ရောင်းရင် ..."

လှစ်ခနဲ ပြေးဝင်လာသောအသိကြောင့် ကိုလှခင့်မျက်နှာ ဝင်းပသွားသည်၊ မနှစ်ပိုင်းက တန်းပိုင်ရှင်များ ထန်းလျက်ချက်ရန် ထင်းမရှိ၍ ရေမျော ထင်းများကို အဆမတန်ပေးပြီး ဝယ်ကြရသည်၊ မြစ်နဖူးရွာများဖြစ်သော ကျောက်တန်း၊ သီရိဖေယျာ၊ ပရိမ္မ၊ ကျားအို၊ ရွှေပန်းရွာများသွား၍ ထင်းဝယ်ကြရသည့် အခက်အခဲများကို မြင်ယောင်မိ၏၊

နောက်ရက် ဆက်ပေါက်ပြား၊ တူးရွင်း၊ ထင်းခုတ်ဓားတို့ထမ်းပြီး ချုံများကို ရှင်းသည်၊ ခုတ်သည်၊ တမာပင်ပေါက်၊ ချင်းရဲပင်၊ ကုလားထနောင်း (ကန္တာရထနောင်း)၊ မရိုးပင်များအပြင် ဆီး(ဇီး)ပင်ပေါက်များကို ခုတ်သည်၊ ပြီး – ကဇာတန်းမှာရှိသော မိုးနံ၊ နဘူးချုံများကို တူးသည်၊ အမြစ်ဆုံကြီးများ ပါအောင် နှိုက်တူးသည်၊

တူးရသောထင်းများကိုတစ်နိုင်တစ်ပိုင်နိုင်ရုံစီးပြီးကိုလှအေးထန်းတော အနီး စုပုံထားသည်၊ တော်သလင်းတစ်ပုလင်း၊ သီတင်းကျွတ် တစ်အာဆွတ် ဟုထန်းသမားတို့စကားရှိသည်၊ ထန်းရေချိုသည်တော်သလင်းလမှာပုလင်း တစ်လုံးသာရပြီး သီတင်းကျွတ်မှာဆိုလျှင် အာဆွတ်ရုံ၊ အာသာပြေရုံသာ ယိုတော့သည့်သဘော၊ ယခု အချို့ထန်းသမားများပြန်ကုန်ပြီ၊ အချို့မပြန်ကြ သေး၊ ကိုလှအေး ထန်းသမားများက မပြန်ကြသေး၊ သူတို့က တဲကြီးရွာက၊ မနှစ်ကလည်း သူတို့ရွာကို မပြန်၊ ဒီဘက်မှာပင် အလုပ်ရှာလုပ်ရင်း ဝမ်းမီးကို ဖြည့်သည့် ထန်းသမားတွေ၊

"သည်တော့ – ကိုလှခင့်အကြံ့ကြိုက်၊ ထင်းပုံအတွက် စိတ်ချရသည်၊ တစ်ရက်၊ နှစ်ရက်၊ သုံးရက်၊ မကြာ – ထင်းပုံက အတော်ရပြီ၊ လှည်းနှစ်စီးစာခန့် ရနေပြီ၊

* ❋ *

"လှခင်"

ခေါ်ရင်း အသံပြုရင်းက ဦးလှမောင်တစ်ယောက် အိမ်ထဲဝင်လိုက်သည်၊ ကိုလှခင်က နှုတ်ဆက်ရမှာ ဝန်လေးနေသလိုလိုနှင့်၊

"တောမထွက်ဘူးလားကွ"

ဟု ထိုင်ရင်း ဆက်မေးသည်၊ ကိုလှခင်က ခေါင်းယမ်းပြသည်၊

"အင်း – ငါလည်း အညာကအပြန် အလုပ်က မလုပ်နိုင်၊ အင်း – တော်ပါ သေးရဲ့ကွာ၊ အညာသွားခါနီး မင်းကိုတောင် ခေါ်သေးတာလေ၊ မင်း မလိုက် လို့သာပေါ့ကွာ၊ လိုက်ရင် မင်း ငှက်ဖျားမိမှာ၊ မင်း သိပ်ကံကောင်းတယ်"

ပြန်စကား မရပါဘဲနှင့် ဦးလှမောင်က တပင်တပန်း ကြိုးစားပြောရင်း ရှိသည်၊

"ဘယ်သွားမလို့လဲ"

အသံက ခပ်မာမာ၊ ဦးလှမောင် ချောင်းဆိုးရင်း ကြိုးစားပြီး ပြုံးပြသည်၊

"မင်းဆီကိုပဲကွ၊ မင်း – ငါ့သားလေးနဲ့ အလုပ်တွဲလုပ်ပါဦးကွာ၊ အကူအညီ တောင်းတာပါ"

"ကျုပ်တောင်မှ အလုပ်မရှိလို့ ထိုင်နေရတာ"

"ဟုတ်ပါတယ် – နှမ်းခင်းတွေလည်း ပြီးကြပြီလေ၊ ဆိုလိုတာက လာမယ့် လတွေမှာ ပဲစင်းငုံခုတ်အလုပ်ရှိမယ်၊ နှမ်းရိတ်၊ ပဲနုတ်က အစပေါ့ကွာ၊ ငါ့သား လေးနဲ့ တွဲပါဦးကွာ – နော်"

ကိုလှခင်က ခပ်မဲ့မဲ့ပြုံးသည်၊ ယခင်က မကျေနပ်ချက်များ ပြန်ပေါ်လာ သည်၊ သို့သော် ဖွင့်မပြော၊ ဖွင့်မပြောသော ကိုလှခင်၏မကျေနပ်ချက်များကို ဦးလှမောင်ကလည်း သိပါသည်၊ သည်တုန်းက အလုပ်ကို လုပ်ခြင်း ပြိုင် လုပ်ခြင်းမဟုတ်၊ မြက်တို့ပေါင်းတို့ကလည်း မရှိ၊ မြေကလည်း မြေပွဆိုတော့

www.burmeseclassic.com

www.burmeseclassic.com

အခင်းရှင်က ကိုလှခင်တောင်းသည့်ကြေး များသည်ဟု ပြောသည်။ အခြား ပုတ်ပြတ်အဖွဲ့များကလည်း ကိုလှခင် လောဘကြီးမှန်း၊ တစ်ကိုယ်ကောင်း ဆန်မှန်း သိသည်။ ဤတွင် ဦးလှမောင်က သင့်တော်မည့်ဈေးနှင့် ရှဉ့်လည်း လျှောက်သာ၊ ပျားလည်း စွဲသာဆိုသလို ပုတ်ပြတ်ပေါက်ခဲ့ခြင်းပင်။

"တာတီးက ငယ်တယ်ဗျာ"

"ငယ်တာငယ်၊ အစွယ်နဲ့ပါ - လှခင်ရာ၊ လူကြီးတွေအဆင့်အထိ အလုပ် လုပ်နိုင်ပါတယ်ကွ။ အခု - မင်းဆီလာရတာလည်း အကူအညီတောင်းတဲ့ သဘောပါ"

"အင်း - အခြေအနေအရပေါ့ဗျာ"

ကိုလှခင်က ပြောရင်း ထင်းစုတ်ဓားမကို မားသွေးကျောက်မှာ သွေးဖို့ ထွက်သွားသည်။

"မင်း - ထင်းခုတ်ပြီး စုနေတယ်ဆို"

အမေးကို ကိုလှခင် မဖြေ။

"ဝါးသားနဲ့ တွဲပြီးခုတ်ပါလားကွာ"

ကိုလှခင် မဖြေ။ ဓားကိုတရှဲရှဲသွေးသည်။ ခေါင်းပင် မော့မကြည့်။ စကား ပြန်မပြော၊ အင်း၊ အဲ မလုပ်။ အတော်ကြာသည်အထိ စကားပြန်မရတော့၊ ဦးလှမောင်တစ်ယောက် ခပ်နွဲ့နွဲ့နှင့် ပြန်ခဲ့သည့်ခြေလှမ်းများသည် နေးနေး တွေးတွေး။

* ❋ *

ပုံပြီး စုပြီး စီးပြီး ထင်းပုံကိုထန်းပိုင် ကိုလှအေးနှင့် ထန်းသမား တင်မောင် တို့ကြည့်သည်။ ကိုလှခင်ကတော့ ထန်းတဲရှေ့ဖိမ်နှင့် ထိုင်ရင်းရှိ၏။ ဒီနေ့ စုတ်ပြီးထင်းပုံကို ဈေးဆိုင်ပြီး ဈေးသင့်လျှင် ရောင်းမည်။

"ကဲ - ဆို - ဘယ်လောက်လဲ"

"လေးထောင်"

ဟု ကိုလှခင်က လက်လေးချောင်း ထောင်ပြသည်။



"ဟာ - များတာပေါ့ကွာ၊ သုံးထောင့်ငါးရာ"

"ပေးဗျာ"

ဟု ခပ်သွက်သွက် ဖြေသည်။ ထင်းက ထင်းအမာတွေ၊ အသားကောင်း တွေ၊ အမြစ်ဆုံတွေနှင့်၊ လှည်းနှင့်တင်လျှင် သုံးစည်းတော့ရမည်။ ကိုလှအေး က ငွေချေသည်။ ရသည့်ငွေကို ကိုလှခင်က အရက်ဖိုးမှာ ကျန်သည့်အကြွေး ကို ဆပ်၊ ဖဲကြွေး အချို့အဝက်ဆပ်ပြီး ဇနီးဖြစ်သူကို ငါးရာအပ်သည်။ ဇနီးက တော့ ပြုံးလို့ ရွှင်လို့။

ကိုလှခင် မပျော်ပါ။ ဖဲကြွေးက ကျန်သေးသည်။ ထင်းခုတ်ပြီး စုရဦးမည်။ ငွေရှာရဦးမည်။ နောက်ရက် လက်နက်အစုံထမ်းပြီး တောထဲထွက်ခဲ့ပြန် သည်။

"ဦးလှခင် - တောလား၊ ထင်းခုတ်လားဗျ"

နောက်က အမေးစကားကြောင့် ကိုလှခင် လှည့်ကြည့်သည်။

"ဟင် - တာတီး"

တာတီးကိုကြည့်ရင်း မျက်လုံးပြူးသွားသည်။ အလို - ဒီကောင်လေး သူ့လိုပင် ထင်းခုတ်ထွက်လာတာလား မသိ။ ဟုတ်မှာပါ၊ လက်ထဲမှာ ဓားမနဲ့၊ ပေါက်ပြားနဲ့။ အဟင်း - ဝန်နဲ့ အားမမျှ၊ ကြည့် - ကလေးက ပေါက်ပြားနှင့်ဆို တော့ သူလိုပင် ချုံကြီးတွေ ကနဘူးမြစ်၊ မိုးနံ့မြစ်တွေရအောင် မြေကြီးထဲ နှစ် ပြီး တူးနိုင်မှာတဲ့လား။ တွေးမိသူက ကိုလှခင်။

"မင်း - ဘယ်လဲ"

"ထင်းရှာထင်းပေါက်ပေါ့ဗျာ၊ ကျုပ် - ခင်ဗျားနဲ့လိုက်မယ်၊ ဘယ်မှာထင်း ပေါလဲ"

ဘုရား - ဘုရား - ဘုရားတမိသည်။ မိမိက မိမိ၏အကြံကို၊ အလုပ်ကို ဘယ်သူမှမပြော၊ တာတီးမဆိုထားနှင့်၊ ညီဝမ်းကွဲ လှအေး၊ လှမောင်ပင် မပြော၊ ကြိတ်ပြီးကြံသည်၊ ကြိတ်ပြီးလုပ်ရှားသည်၊ မိမိဝင်ငွေကောင်းနိုင်တ အခိက၊ သူများတွေ ဝတ်နေလျှင် ကိုယ်နှင့်မဆိုင်ဘူးလေ၊ ငတောမှာပြီး ရော၊ မိမိအလုပ်ကို သူများဝင်လုပ်မှာ၊ လုမှာ၊ ဝက်ပြိုင်မှာ၊ ကျော်တက်သွား မှာကို မစံချင်၊ အကြံတူ နောက်လှ အောင်မြင်သတဲ့၊ အလုပ်တူ ရန်သူတဲ့၊

www.burmeseclassic.com

ယခု အလုပ်တူပြီ၊ မိမိစားကျက်၊ မိမိလုပ်ကွက်၊ မိမိဝင်ငွေမှာ အမှောင့်ပယောဂဝင်လာပြီ၊ အပြိုင်ဝင်နေပြီဟု စိတ်ရင်းမကောင်း၊ ကောက်ကျစ်စဉ်းလဲစွာ တွေးနေမိသည်၊ မိမိသာ ထင်းတွေပို၍ ဝင်ငွေကောင်းရမည်၊ အခြားသူ ထင်း၍ ငွေရတာ မလိုချင်၊ စိတ်ပုပ်၊ စိတ်ယုတ်၊ မနာလိုတွေ ကောက်ကျစ်စွာ လူမဆန်စွာနှင့် မြေခွေးပြုံး ပြုံးပြုံးပြရင်း တောစပ်အဝင် သရက်ပင်မှာ ထိုင်သည်၊ တာတီးပါ ရောပြီးထိုင်၏၊

တော်သလင်းနေ ပူစွန်သေဆိုသည့်အတိုင်း နေသည် ပူလိုက်၊ မိုးသည် ရွာလိုက်နှင့်၊ မိုးတိမ်မရှိသောအခါ ပူသောနေသည် လွန်ကဲသည်၊ သို့သော် တောင်အရပ်ဆီက တိမ်မည်းများ တက်လာသောအခါ နေမင်းသည် အားလျော့မာန်ချုပြန်နှင့် ကွယ်ပြန်ပြီ၊

"ထင်းခုတ်ရတာ မလွယ်ပါဘူးကွာ၊ ပိုးမွှား သိပ်ကြောက်ရတာ၊ အရင်ရက်က ငါ ထင်းခုတ်မိပါတယ်၊ အမယ်လေး - လေး - မြွေပွေးကြီးမှ နည်းတာမဟုတ်ဘူး၊ ကံကောင်းလို့၊ ဒီနှစ်မိုးများတော့ မြွေတွေက ပေါမှပေါ၊ အလကားအလုပ်ပါကွာ၊ ဒီမြင့်အလုပ် ရှာလုပ်၊ ဟင်းရွက်ခူးကွာ၊ အဲဒါကမှ အလုပ်ဖြစ်သေးတာ၊ မြွေကြောက်ရသေး၊ ပေါက်ပြားပေါက်တော့ လက်တွေ နာသေး"

အနှစ်မပါသောလေသံနှင့် စိတ်ညစ်အောင်ပြောသော ကိုလူခင့်စကားများကို တာတီး နားထောင်ဆဲ၊ တာတီးက ဘာမှဝင်မပြော၊ အုပ်ဆိုင်းလာသောတိမ်များကို မော့ကြည့်ရင်းရှိသည်၊

"တကယ်ပြောတာကွ၊ ဒီအလုပ်များ စိတ်မဝင်စားနဲ့၊ ထင်းများကွာ ဘယ်သရက်ပင် တက်ချိုးချိုး အကိုင်းအခြောက်တွေ ပေါမှပေါ၊ ကဇတန်းခုတ်မှမဟုတ်ဘူး၊ သိလား၊ ကဲ - သွား - သွား"

ကိုလူခင်က သူ့ပိုက်ချက်သိမည်စိုး၍ တာတီးအား နင်လွှတ်သည်၊ တာတီးက ခေါင်းကိုတွင်တွင်ကုတ်သည်၊ ဘယ့်နယ် - အလုပ်လုပ်ချင်ပါတယ်၊ ထင်းခုတ်ချင်ပါတယ်ဆိုမှ၊ ငွေလိုချင်တယ်၊ ဝမ်းဝချင်ပါတယ်ဆိုမှ၊ ဒီလူက ဖျက်ပြန်ပြီ၊ ဟိုနေ့က ရွာထဲက ကြားတဲ့သတင်း၊ အဖေနှင့်အမေပြောတဲ့

သတင်း၊ ကိုလူခအေးကို ထင်းပုံအပြတ်ရောင်းရသတဲ့၊ သုံးထောင့်ငါးရာနှင့်တဲ့၊ သုံးရက်ပဲ ခုတ်ရတဲ့ထင်း၊ ဒင်းကမှ ခုတ်နိုင်သေးတာ၊ ငါလည်း ခုတ်နိုင်ရမှာလို့ ရဲစိတ်မွေး အားခဲပြီး သူ့နောက်ယောင်ခံလိုက်လာခါမှ -

"အင်း - ဒီလူပြောတာ အနှစ်မပါဘူး၊ ညာပြောတာ၊ တစ်ဖက်သား စိတ်ဓာတ်ကျအောင် လုပ်တာပဲ ဖြစ်ရမယ်၊ ဒီ - ဒီလူဟာ တစ်ဘို့တည်းသမား၊ အတ္တသမား၊ တစ်ဖက်သား မနာလိုတဲ့လူ၊ ဟင်းစားမပေး၊ ပိုက်ချက်မပြချင်တဲ့လူယုတ်၊ အူပုပ်၊ အထဲမကောင်း၊ စိတ်ရင်းမမှန်တဲ့လူ၊ ငါသာ တောကျွမ်း၊ ငါသာ ရှာနိုင်၊ ငါသာ ချမ်းသာ၊ ငါသာ ငွေရရမယ်ဆိုတဲ့လူ"

ဟု တွေးရင်းရှိစဉ် မိုးသည် တဂျိမ်းဂျိမ်း တက်လာပြီ၊ မြောက်လေအေးတစ်ချက်အဝေ့ မိုးဖွဲများ ကျလာပြီ၊ ကြာပင်အိုင်ကွင်းဆီက ဖားများအော်သံတို့ ကြားရ၏၊

တွေးဆဲပင်၊ ကိုလူခင်က အဝေးကိုပင် ရောက်သွားပြီ၊ တာတီး ရပ်နေမိဆဲ၊ တွေးနေမိဆဲ၊

* ❋ *

"ကင်းရှာ" မှ အော်ဒါမှာထားသော ဆက်ပေါက်ပြားကို အားပြုရင်း အရိုးကို ကျစ်ကျစ်ပါအောင် ဆုပ်သည်၊ မြှောက်သည်၊ အားကုန်လွှဲပေါက်သည်၊ မိုးနံ့ချုံကို ရောက်ကတည်းက အပေါ်ကိုင်းအရွားများကို ဓားနှင့်ရှင်းပြီးသား၊ သို့ကြောင့် ပင်စည်များသာ ကျန်သည်၊ ထိုချုံက အကိုင်းများ တုတ်သည်၊ အမြစ်ပေါက်ရတာ လွယ်သည်၊ အမြစ်ဆုံ၊ အမြစ်အုံများက မြေအပေါ်ယံအလွှာပေါ်မှာသာနေသည်၊ မြေအောက်ကို နက်နက်ရောက်သည်အထိ မသွားကြ၊ အသားပွသည်၊ ပေါက်ရတာ လွယ်သည်၊ သို့သော် ဆုးရှိသည်၊ မကြာပါ တစ်ချုံပြီးသွားပြီ၊ နောက်တစ်ချုံပြီး - နောက်ထပ်တစ်ချုံ၊

ချွေးတွေနားသည်၊ ဆေးဖက်ကြီးဝါးသည်၊ ချွေးတွေနားပြီး မိုးနံ့ချုံကို ရှင်းသည်၊ နဘူးချုံလို ဆူးမရှိ၊ အကိုင်းများက အနွယ်လိုအပင်မျိုး၊ သို့ကြောင့် အရွားများကိုခုတ်ပြီး အမြစ်ပေါ်ရန် အခြေရှင်းပြီးပေါက်သည်၊ မိုးနံ့ပင်ထောင်

www.burmeseclassic.com

အမြစ်မာသည်။ အမြစ်ဆုံကြီးများက ကြီးသည်။ အားနှင့်ထည့်ပြီး ပေါက်ရသည်။ ပေါက်ပြားသံ တဒုတ်ဒုတ်နှင့်၊

မိုးက တဖွားဖွားကျလာသည်။ တောစာတလေးတစ်အုပ်က ပဲစင်းငုံ အခင်းပေါ်ဝဲပျံနေ၏။ နဘူးချုံကို ဆက်ပေါက်ပြားနှင့် အမြစ်ဆုံများပါအောင် အားစိုက်ပေါက်ရင်းရှိသည်။ အမြစ်ဆုံများကလူကြီးတစ်ဦးပင်အတော်ရွက်ရ၊ မယူရသည်အထိ ကြီးသည်။ ပင်စည်အတုတ်က လက်မောင်းလုံး၊ ကလေးပေါင်လုံးခန့်အထိ တုတ်သည်။

"ဟင် - ဥလေးတွေပါလား"

အမြစ်ဆုံခြေက ပေါ်လာသော ဥလေးများကို ရေတွက်မိသည်။ ဥက အဖြူရောင်၊ ကြက်ဥပုံလို နှစ်ဖက်ချွန်သဘောမျိုး။ ဥအကြီးအရွယ်က ငုံးဥ သာသာ၊ သိပါပြီ၊ ပုတ်သင်ညိုဥတွေ။ ဥများကို မြေသားနှင့် ပြန်ဖုံးပေးပြီး ဆက်တူးသည်။ အမြစ်ဆုံတွေ၊ အကိုင်းတွေ၊ ပင်စည်တွေ အတော်ရပြီ။

"ဖြိုး - ဖြိုး"

"ရှူး - ရှူး"

နဘူးရုံက ထက်ဝန်ခန့်သာပြီးသေးသည်။ ရုံအကျယ်ကခြေလှမ်းဆယ်လှမ်းခန့်။ ကဇာဘေးလိုက်ပေါက်နေသော ရုံ၏ တစ်ဖက်က လှည်းလမ်း၊ တစ်ဖက်က နမ်းခင်း၊ ချုံ၏တစ်ဖက်ဆီက မြွေနာမှုတ်သံ။ တောသံပေးလိုက်မှန်းသိသည်။ ဆက်ပေါက်အုံ့ဆဲဆဲ ပေါက်ပြားကို မြှောက်ထားရင်း ချုံစပ်အသံလာရာကို ကြည့်မိသည်။

"မြွေပွေးလား၊ မြွေဟောက်လား၊ ငန်းစောင်းလား၊ ငန်းပုပ်လား"

စိတ်ထဲက ဇဝေဇဝါနှင့် တွေးမိသည်။ အနီးတွင် ထောင်ထားသော ခတ်ရင်းနှင့် ဝါးရှည်ကို အာရုံပြုထားသည်။ လက်ထဲက ပေါက်ပြားကို ကျစ်ကျစ်ပါအောင် ဆုပ်ထားဆဲ။

မကြာ၊ ချုံထဲမှနေပြီး တောတိုးသံ ကြားရ၏။ အသံသာ ကြားရသည်၊ အကောင်မမြင်ရ။ နဘူးကိုင်းများ၊ အရွက်များသာ လှုပ်နေသည်။ ဘာမြွေမှန်းမသိ။ အရင်နှစ်တွေက ထိုကဇာတန်းမှာ ငန်းပုပ်လိုက်ပေါက်တာ ကြားဖူးသည်။ မြွက်နတ်တွေ၊ တောသွားတောလာတွေ အလိုက်ခံရသည်။ မြွေဟောက်က ယောကျ်ားများကို သိပ်မလိုက်၊ အဲ - မိန်းမများဆို အသေအလဲလိုက်ပေါက်တတ်သည်။ ယောကျ်ားမိန်းမမရွေး လိုက်တတ်သည့်အကောင်က ငန်းပုပ်နှင့် ငန်းစောင်း။



"ဟင် ..."

ကိုလူခင် မျက်လုံးပြူးသွားသည်၊ လာနေပြီ၊ မြင်ရပြီ၊ နာမှုတ်သံ၊ တောသံ၊ ခေါ်သံများပေးပြီး ငန်းပုပ် ပေါ်လာ၏။ ငန်းပုပ်ဟူသည့်အတိုင်း အငမ်းမရ ကိုက်တတ်ပြီး အရောင်က ညစ်ပုပ်ပုပ်၊ ညစ်ထေးထေး၊ အရောင်ကြည့်ရုံနှင့် ငန်းပုပ်မှန်းသိသည်။

"ငန်းပုပ်ကြီးပါလား"

အသံတိတ် ပြောမိသည်။ ရင်တွေခုန်လာ၊ တုန်လာ၊ လှိုက်ဖိုမောလာ၏။ အသက်ရှူမြင်းလာသည်။ အသက်ကို ဝအောင်ရှူ၏။ စိတ်ကို ပြန်ချုပ်တည်းသည်။ စုစည်းသည်။ သတိ - သတိတရားကို လက်လွှတ်လို့မဖြစ်။ မရတော့၊ ငန်းပုပ်က ချက်ထောက်ရပ်ရင်း ခေါင်းကြီးကို လေမှာဝဲရင်း ဟိုယိမ်းဒီယိမ်း လုပ်သည်က ရှင်သေမင်း၏ ခံတွင်းဝနှင့်တူနေပြီ။ မိမိသည် ကျားရှေ့လဲကျပြီလား။

ရဲရဲနီနေသော အာခေါင်ကြီး၊ အတွင်းက ပြူတစ်တစ်လုပ်ရင်း ထုတ်လိုက်၊ သွင်းလိုက်လုပ်နေသော လျှာနှစ်ခွနှင့်အတူ ဖြဖြရှည်ရှည်၊ ဆပ်ကောက်ကောက် ရှိတ်ရှိတ်ရှိသော အစွယ်များက မြင်ရသူ ကိုလူခင်အတွက် အသက်ရှူရပ်သည်အထိ၊ အလို - သေမင်းလက်က လက်တစ်ကမ်းအကွာမှာ၊

"ဖြိုး - ရှူး"

ငန်းပုပ်သည် မာန်သွင်းသည်၊ ခေါင်းကို ဘယ်ညာယိမ်းကရင်း ရှေ့ကို တိုးလာသည်၊ လူသားတစ်ဦး၏အသက်ကို နုတ်ယူရန် သွေးတိုးစမ်းလာ၏။

"လာခဲ့ - လာခဲ့စမ်း"

ပါးစပ်က ကြုံးဝါးသည်၊ လက်ထဲက ပေါက်ပြား၏အလေးချိန်ကို ဆကြည့်သည်။ ရုတ်တရက် မြွေက သိပ်မဝေးတော့၊ အနီးရောက်တော့မည်။

www.burmeseclassic.com

# ၆၆

ငန်းပုပ်သည် အထိနာသော်လည်း မာန်မလျော့။
ခေါင်းပြန်မတ်ဖို့ ကြိုးစားသည်။ ကိုယ်လုံးညိုညစ်ညစ်ကြီးက
တွန့်လိမ်ပြီး နှမ်းခင်းထဲလူးသည်။ အမြီးများက ယမ်းသည်။
တာတီးသည် လက်ထဲမှာ အရှန်သင့်ပါလာသော တုတ်အမာနှင့် ဖြတ်ရိုက်
လိုက်ပြန်သည်။ မြွေကြီး မာန်ကျသွားသည်။ တာတီး ဆက်ရိုက်သည်။



နှာသံ၊ အာသံ၊ တောသံ၊ ဒေါသသံ အစုံပြုဆဲ၊ အင်း - မိမိက လောဘနှင့် တစ်ဦးတည်း တပ်မက်မိတာကို၊ ထင်းခုတ်ရာ အခြားသူကို မရစေချင်တာကို၊ အခုအချိန် အပေါင်းအသင်း လုပ်ဖော်ကိုင်ဖက်များကို တမ်းတမိသည်၊ ကူဖော်ညီဘက်ရမည်၊ ခုတော့ တစ်ယောက်တည်း၊

"တာတီးလေး ပါခဲ့ရင်၊ ငါ - သူ - သူ့ကိုခေါ်ခဲ့ရင်"

တိုးလာပြီဖြစ်သော မြွေကိုကြည့်ရင်း ခက်ရင်းနှင့် မားအနားရောက်အောင် သုံးလှမ်းခန့် ဆုတ်သည်၊ ငန်းပုပ်က အကဲခတ်ရင်း ပြေးလာပြီ၊

"ဖြောင်း - ဖြောင်း"



အသံများက နှဘူးပင်များထဲမှ ထွက်လာသည်၊

"လာခဲ့ - လာခဲ့"

ဟူသော မိမိကိုယ်ကို အားပေးနေပေမယ့် ချွေးများ ပြန်လာသည်၊ ချွေးပေါက်တို့က မိုးစက်များနှင့် အပြိုင်ကျဆဲ၊

"ကဲကွာ"

ဟု မာန်သွင်းရင်း ပေါက်ပြားနှင့်ပေါက်သည်၊ နှဘူးကိုင်းများကြောင့် ပေါက်ချက်က သိပ်ပြီးမထိ၊ ပေါက်ပြားအသွားနှင့် နှဘူးကိုင်းများထိ၍ ပြတ်ကျကျိုးကုန်သည်၊ မြွေကြီးကိုမထိ၊ မြွေက သူ့ခန္ဓာကိုယ်အား သစ်ကိုင်းများနှင့် ရိုက်မိထိမိ၍ ပို၍ပြီးစိတ်ဆိုးလာပုံရသည်၊

နောက်တစ်ကျော့ ခေါင်းပြန်လှည့်ပြီး ချွေးဆွဲ ဝင်ဆွဲသည်၊ ပေါက်ပြားနှင့် ပေါက်ချိန်မရ၊ အားကုန်ယမ်းသည်၊ မြွေ၏ခါးအထက်ပိုင်း ထိသွားသည်၊ ယမ်းမိသောဒဏ်ကြောင့် မြွေသည် နှစ်တောင်ခန့် လွင့်သွားပြီး အမြေပျက်သွား၏၊ ဤတွင် ငန်းပုပ်က ရှုံ့ထဲ ပြန်ဝင်ပြီး တိုက်ကွက်ပြောင်းသည်၊ မြေပြင်နှမ်းခင်းပြင်မှာ မနေတော့၊

မြွေက နှဘူးကိုင်းများအကြားမှ ခေါင်းထောင်ပြန်ပြီ၊

"ကဲကွာ"

"ဒုတ် ..."

ပေါက်ပြားသည် အားအင်အသုံးပြုခံရ၍ မြွေ၏ခေါင်းနှင့် လွဲသွားပြီ၊ နှဘူးကိုင်းများ၊ အရွက်များအကြားမှတစ်ဆင့် မြေကြီးထဲရှိနှဘူးအမြစ်ဆုံမှာ ဒုတ်ခနဲကျပြီး ပေါက်ပြားအသွားက စိုက်ဝင်နေပြီ၊ ကိုလူခင် မျက်လုံးပြူးသွားသည်၊ ပေါက်ပြားက အမြစ်ဆုံအသားမာထဲ စူးနစ်ဝင်နေသည်မို့ပြန်နုတ်မရ၊ မြွေက နှဘူးကိုင်းထဲမှ တိုးဝင်ရွေ့ရင်း ခေါင်းအထောင်၊

နုတ်မရ၊ ရွှတ်မရတော့သော ပေါက်ပြားရိုးကို လွှတ်ပြီး နောက်ကို စုန်ပြီး ဆုတ်သည်၊ ခက်ရင်းနှင့် မားအနားအရောက် ခက်ရင်းအယူ ...

ငန်းပုပ်သည် ရှောခနဲ၊ ဖြီးခနဲ၊ ရှူးခနဲ တောသံ၊ ဒေါသံနှင့် လေးမှလွတ်သောမြားနယ် ရိပ်ခနဲ လုစ်ခနဲလာသည်က မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်၊

www.burmeseclassic.com

"ကိုလှခင် - သတိ - သတိထား"

အသံတစ်သံ၊ ထိုအသံရှင်က ကိုလှခင့်ကို သတိပေးရင်း လက်ထဲက ဝါးမာနှင့် မြွေ၏ခေါင်းအောက်ပိုင်းကို မှန်းပြီးရိုက်ချလိုက်သည်။

"ဖြောင်း - ဖြောင်း"

"ဘုတ် - ဘုတ်"

"ဖြီး - ဖြီး"

တုတ်နှင့် မြွေထိသံ၊ နဘူးချုံများ ခတ်မိသံ ဖြောင်းဖြောင်းအသံများနှင့် အတူ မြွေက နာမှုတ်ရင်း ခေါင်းလဲကျသွားရာက တောသံ၊ ဒေါသံပေးရင်း ခေါင်း ဆတ်ခနဲ ထောင်သည်။

"ဖြောင်း - ဖြောင်း"

ဆက်ရိုက်သံ ကြားရသည်။ မှင်တက်မိကာ သတိလက်လွှတ်သလို ဖြစ်နေသော ကိုလှခင်က ထိုလူကို အသေအချာကြည့်လိုက်တော့ -

"ဟင် - တာ - တီး"

ဟု ရင်ထဲက ညင်သာစွာရေရွတ်ရင်း ငုံ့စောင်းကြည့်လိုက်သည်။ တာတီးသည် အခြေပျက်သွားသော ငန်းပုပ်ကြီးနှင့် ရင်ဆိုင်ဆဲ၊ ငန်းပုပ်သည် အထိနာသော်လည်း မာန်မလျှော့။ ခေါင်းပြန်မတ်ဖို့ ကြိုးစားသည်၊ ကိုယ်လုံးညိုညစ်ညစ်ကြီးက တွန့်လိမ်ပြီး နမ်းခင်းထဲလူးသည်၊ အမြီးဖျားက ယမ်းသည်၊ တာတီးသည် လက်ထဲမှာ အရန်သင့်ပါလာသော တုတ်အမာနှင့် ဖြတ်ရိုက်လိုက်ပြန်သည်၊ မြွေကြီး မာန်ကျသွားသည်။ တာတီး ဆက်ရိုက်သည်၊

နှစ်ချက်၊ သုံးချက်၊ အို - အချက်ပေါင်းမရေတွက်နိုင်။ လက်က သွက်ပါဘိ၊ လျင်ပါဘိ၊ မြန်ပါဘိ၊ မကြာ - မြွေကြီး သေသွားပြီ၊ ငြိမ်သွားသည်၊

"တော်ပါသေးရဲ့ဗျာ၊ ခင်ဗျား ထိမိသေးလား"

တာတီးက ကိုလှခင့်ကို မြွေအပေါက်ခံရသေးလားဟု မေး၏၊ ကိုလှခင် ခေါင်းယမ်းပြရင်း ကြိုးစားပြုံးပြသည့်အပြုံးများက နောင်တအပြုံး၊ ရှက်ပြုံး၊

✱✱✱

ကိုလှခင့်သတင်းကြောင့် အိမ်မှာ လူအပြည့်၊ အပေါင်းအသင်းများလာပြီးမေးကြသည်၊ ကိုလှခင်က ဖြစ်ကြောင်းကုန်စင် ပြောဆဲ၊

"ကျုပ် - တာတီးသာ မကယ်ရင် ငန်းပုပ်ကို မနိုင်လောက်ဘူး"

"ကျုပ်က ကိုလှခင်နဲ့ လမ်းခွဲပြီး အခြားကဇာကိုသွားပြီး ထင်းခုတ်တာပါ၊ ဒီအချိန် နဘူးချုံထဲက မြွေတွေ တွေ့ခဲ့တယ်၊ မြွေတွေက အားကြီးပဲ၊ ဒီတင် ကိုလှခင် ခုတ်နေတဲ့ ကဇာဆီလာပြီး မြွေနတ်ဖို့ အခေါ်ထွက်ခဲ့တာဗျာ၊ ကျုပ် ခုတ်တဲ့ကဇာနဲ့ ကိုလှခင်ခုတ်တဲ့ကဇာက သိပ်မဝေးဘူးဗျ၊ သူ ခုတ်နေတာ မြင်နေရတာ၊ ကျုပ်က လက်ထဲက အသားမာတုတ်တစ်ချောင်းကိုင်ပြီးအလာ ကိုလှခင်နဲ့ ငန်းပုပ်ကြီးရဲ့ ရင်ဆိုင်ကြတဲ့ပွဲနဲ့ ကြုံတာဗျာ၊ ဒါကြောင့် ဝင်ကယ်တာ"

ဟု တာတီးက ပြောသည်။

ကိုလှခင် နားလည်ပါပြီ၊ အရာရာမှာ အမှားအမှန် ဝေခွဲတတ်ခဲ့ပြီ၊ ဘယ်နေရာမဆို သူ့အတွက်၊ ကိုယ့်အတွက် ရှိသင့်သည်၊ တစ်ဘို့ထဲ မထားသင့်၊ ပင်လယ်ရေကို မိမိတစ်ဦးတည်း သောက်လို့မဖြစ်နိုင်၊ မကုန်နိုင်၊ ငါသာ ရရမည်၊ ငါသာ အလုပ်ဖြစ်ရမည်၊ ငါသာ ဆရာ၊ ငါသာ အတတ်ဆုံးဟု စိတ်ကြီးဝင်ခဲ့သည့် မိမိအမှားသည် အန္တရာယ်နှင့် ကြုံခဲ့ပြီမို့ -


"မို့တွေနော် - မို့ဖြူတွေ၊ တစ်ပိဿာ တစ်ထောင့်ခြောက်ရာ"

ဟု လမ်းဘက်က တာတီးအမေ၏ မို့ရောင်းသံ ကြားရသည်၊ မို့များကို တောင်သူများ အလုအယက် ဝယ်နေသည်ကို ကိုလှခင် ငေးဆဲ၊

"အင်း - မင်း စေတနာမှန်တော့ ထင်းလဲရ၊ မို့လဲရ၊ ငါကတော့ ဟင်းစားလည်းမပေး၊ ပိုက်ချက်လည်း မပြရျင်ဆိုတော့ ငန်းပုပ်နဲ့ တွေ့တာပေါ့ကွာ၊ တော်ပါသေးရဲ့ - တာတီးကယ်လို့" ဟု တွေးရင်း၊ ငေးရင်း၊ ရှက်ပြုံးဖြင့် ...။

➢ ထွန်းကြီးသား တင်ဝင်းနိုင်

www.burmeseclassic.com




**အံ့ဩထူးခြားဖွယ်သည့်
မြန်မာ့ဓားများအကြောင်းနှင့်
သွေးသောက်ရဲဘော်
တစ်ယောက်၏ ဓားကို ရှာ
သွားသော လူတစ်ယောက်
အကြောင်း . .**

**မစွည်း**ကိုမြင်လိုက်ရတဲ့တစ်ခဏ....။ပါးစပ်က အဟောင်းသား၊ မျက်လုံးပြူး၊ မျက်ဆံပြူးနဲ့ မြန်းတားကြီး အံ့အားသင့်သွားတယ်၊ ပြောရရင် အကြီးအကျယ် အံ့အားသင့်သွားစေတယ်လို့ ဆိုမှ မှန်ကန်ပါလိမ့်မယ်၊ ဒီလိုပစွည်းမျိုးကို တွေ့ရလိမ့်မယ်လို့ မမျှော်လင့်ခဲ့ဘူး၊ အထူးသဖြင့် – ခုလို ဒေသတောခေါင်ခေါင်မှာ တွေ့ဖို့မလွယ်တာလည်းအမှန်၊ တစ်ချိန်က ဒီပစွည်းမျိုးဟာ နန်းတွင်းမင်းမှုထမ်းတွေသာ ကိုင်ဆောင်ရတဲ့လက်နက်၊ သာမန်အရပ်သားတွေ ကိုင်ဆောင်ခွင့်ရှိတာမှမဟုတ်ဘဲ၊ ဒါတွေကို သိမှတ်ခဲ့ရဖူးတယ်၊

စကားစပ်မိလို့မနေ့ညနေက သိုင်းပညာအကြောင်းစကားစပ်မိတော့ ဗန်တိုလို့ခေါ်တဲ့ လက်နက်မပါဘဲ လက်ချည်းနှစ်ကာကွယ်တိုက်ခိုက်မှုပညာ၊ ဗန်ရှည်လို့ခေါ်တဲ့ လက်နက်တစ်ခုခုကို ကိုင်တွယ်ပြီး ခုခံကာကွယ်တိုက် ခိုက်မှုပညာရယ် နှစ်မျိုးနှစ်စားအကြောင်း ရောက်သွားခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com

"သိုင်းပညာကို မြန်မာနိုင်ငံမှာ အနွယ်စဉ်ကြီးလေးခုလို့ သတ်မှတ်ထားတယ်။ မြန်မာ့နန်းတွင်း၊ ကမ္ဘောဇ၊ ရာမညနဲ့ ဧည့ဝတီပါပဲ။ အဲဒါတွေက ခွဲပြီး ထွက်သွားကြတာ အများကြီးလို့ ဆိုရမယ်"

"ဒါဖြင့် – ဆရာတို့ပညာဆိုရင် ကမ္ဘောဇအနွယ်ထဲကပေါ့"

"မှန်ပါတယ်။ ရှုးခါးချန့်ဟာ ကမ္ဘောဇနန်းတွင်းသိုင်းပြောင်းပြန်အနေနဲ့ ဟောနန်းထဲမှာ တွင်ကျယ်ခဲ့တဲ့ ကမ္ဘောဇပညာတစ်ရပ်ပါ"

"ပညာတွေအားလုံးက ကိုယ်ရေးလုံခြုံဖို့ ခုခံ၊ ကာကွယ်တိုက်ခိုက်တဲ့ ပညာရပ်တွေ ဆိုရမယ်မဟုတ်လား"

"ခင်ဗျားပြောတဲ့ အဲဒီ ရှောင်၊ တိမ်း၊ ကာ၊ ကွယ်၊ ခု၊ ခံ၊ တိုက်၊ ခိုက် ဆိုတာ မြန်မာ့သိုင်းပညာမှာ ပညာပိုင်းအရ လေ့ကျင့်ရမယ့် သိုင်းကျင့်စဉ်တစ်မျိုးစီပဲ၊ တစ်မျိုးနဲ့တစ်မျိုးလည်း မတူကြဘူးလေ။ ဥပမာဗျာ – ရှောင်တိမ်းတယ်ဆိုတာ အဓိပ္ပာယ်တူစကားလုံးနှစ်မျိုးတွဲထားတယ်ထင်ရပေမယ့် သိုင်းပညာမှာတော့ ရှောင်တာနဲ့ တိမ်းတာ မတူဘူး။ ကွဲလွဲတယ်"

"ပြောပါဦးဗျာ – ဗဟုသုတရတာပေါ့"

"ရှောင်တယ်ဆိုတာ ခြေကွက်၊ အတက်၊ အဆုတ်၊ အခွဲတွေနဲ့ ခြေရဲ့ လှုပ်ရှားပြောင်းလဲမှုတွေ ပါတယ်။ တိမ်းတယ်ဆိုတာကတော့ ခြေမလှုပ်ရှားဘဲ (မူလခြေကိုမပြောင်းတဲ့) အဝင်၊ အထိုင်၊ အယို့၊ အတိမ်းတွေပဲ။ တွဲပြီးသာ ပြောတာ ပုံသဏ္ဍာန်မတူဘူး။ အများကြီးကွာခြားတာပါ"

ကိုထွေးတို့စကားဝိုင်းက လူများမှာ ခေါင်းတညိတ်ညိတ်၊ လည်တညိတ်ညိတ်။

"ခုမှသိတယ်၊ ရှောင်တိမ်းတယ်လို့ တွဲပြီးပြောလိုက်တာကိုး"

"ဟုတ်တယ် – အဲဒီလိုပဲ ကာတာနဲ့ ကွယ်တာ၊ ခုတာနဲ့ ခံတာ၊ တိုက်တာနဲ့ ခိုက်တာတွေဟာ မတူကြဘူး။ လူးလိမ့်တယ်ဆိုတဲ့စကားလုံးကိုပဲကြည့်၊ လူးတာဟာ ဘယ်မှညာ၊ ညာမှ ဘယ်ပြောင်းတဲ့သဘောလောက်ရယ်၊ အဲ လိမ့်တာကတော့ ကိုယ်တစ်ပတ်လည် ရွေ့လျားသွားပြီပဲ"

"ဟုတ်ပဗျာ – ရွေ့လျားပုံချင်း မတူဘူးနော်"



"ကျွန်တော် – ဇန်တို၊ ဇန်ရှည်အကြောင်း ပြောခဲ့ပြီးပြီ၊ ဇန်ရှည်မှာဆိုရင် လက်နက်စွဲကိုင် တိုက်ခိုက်တာအားလုံး အကျုံးဝင်တယ်။ ရှေးတုန်းက တုတ်တို၊ တုတ်ရှည်၊ လှံတို၊ လှံရှည်၊ ဓါးတို၊ ဓါးရှည်တွေ သုံးခဲ့တာပေါ့။ ရဲတင်းတို့၊ တင်းပုတ်တို့က ချဲ့ထွင်သုံးလာကြတာတွေပါ"

"ဓားအကြောင်း သိစမ်းပါရစေ"

"ရှေးမြန်မာတွေက ဓားရေး ကျွမ်းကြတယ်။ ဓားကို လက်နက်သဖွယ် စွဲကိုင်တိုက်ပွဲဝင်နေရတော့ ဓားရေးသုံးဆယ့်ခုနစ်ချင်းဆိုတာ ဓားကို ကိုင်ပုံ တိုက်ခိုက်နည်း၊ ဟန်ပန်တွေ ပေါင်းစုထားတာပဲ။ ရှေးမြန်မာတွေ ကိုင်ခဲ့တဲ့ ဓားတွေထဲမှာ တစ်ချက်တည်းနဲ့ နွားလည်ပင်း အကွင်းလိုက်ကျအောင် ခုတ်နိုင်တဲ့ ဗွတ္တပေါင်မင်းကြီးရဲ့ဓား၊ ဆင်လည်ပင်းပြတ်နိုင်တဲ့ စစ်ကိုင်းအသခံယာ စောယွန်းရဲ့ညီ့ရှောင်ဓား၊ နှစ်မိုက်ခန့်ရှိတဲ့ ငွေသားအတုံးလိုက်ပြတ်စေတာ ပထမမင်းခေါင်ရဲ့ စိန်သွားရှောင်ဓား၊ ကျောက်ထုသံတောင်ကို ပြတ်စေတဲ့ ဗျည်းနွဲ့ရဲ့ဓား၊ မင်းကြီးရန်နောင်ရဲ့ယိမ်းနွဲ့ပါးဓား၊ စုဖုရားလတ်ရဲ့နန်းသူဆံမြည့် ဓားတွေဟာ နာမည်ကြီးတယ်။ ရှေးမြန်မာ့သမိုင်း အထောက်အထားတွေ အရ နာမည်ကျော်ခဲ့တယ်လို့ ဆိုရမှာပဲပေါ့။ အဲဒီဓားတွေအကြောင်းဟာ ယုံတမ်းပုံပြင် မဟုတ်ဘူး။ အတိအကျရေးထားခဲ့တဲ့ သမိုင်း၊ ပေစာ၊ ပုရပိုက်တွေမှာ မှတ်တမ်းတင်ထားခဲ့တာမို့ တိတိကျကျ ပြောနိုင်တာပါ"

"အေးဗျာ – ဆရာမျိုး – နယ်ဘက်ရောက်လို့ညအိပ်ပြီးဆို ကျွန်တော်တို့တွေ လာလာပြီး မေးကြ၊ စမ်းကြ၊ စကားပြောရတာ ဗဟုသုတဖြစ်ရပါတယ်၊ မြန်မာစာ အရေးအဖွဲ့တွေ၊ သိုင်းပညာအကြောင်းတွေ၊ အခြားအားကစားနည်းတွေ၊ မှခင်းအကြောင်းနဲ့ ဥပဒေတွေရယ် စုံလို့ပါပဲ။ ဆရာမျိုးက ကိုယ်တိုင် သိုင်းဆရာကြီး၊ အားကစားသမား။ ဒီကြားထဲ စာတိုပေစတွေ ရေးနေတော့ ဗဟုသုတစုံတဲ့လူမျိုး"

ကိုထွေးရဲ့စကားကို ကျွန်တော်က ဘာမှမပြော၊ ပြုံးလို့နေမိတယ်။

"အဲ – သတိရလို့ ပြောထားတာ၊ မနက်ဖြန် – ဆရာမျိုးကို ရွှေတောင်ပိုင်း ဦးကြီးတို့အိမ်က အလှူအဆန်းတစ်ခု လိုက်ပြရဦးမယ်"

www.burmeseclassic.com

သူက အထူးအဆန်းဆိုလို့ နားစိုက် သတိထားလိုက်မိတယ်၊ စိတ်ဝင်စားစရာပါပဲ၊

"ဟာ – ဒီဥစ္စာနန်းဓားပဲ၊ ဘယ်ကရတာလဲဟင်၊ ကျွန်တော်တောင်မှ ၁၉၈၁ – ခုနှစ်က သိုင်းပညာရှင်တွေ အသိအမှတ်ပြုတဲ့ အပတ်စဉ်(၁) ဆရာအဆင့်သင်တန်းမှာ မြန်မာ့နန်းဓားပညာကို (ဓားကြီးသိုင်း)ပညာစဉ်တစ်ရပ်အနေနဲ့ သင်ကြားခဲ့ဖူးလို့ သိတာဗျ၊ အရင်က မတွေ့ဖူးဘူး"

"ဓားက ကြီးမားတော့ အထူးအဆန်းအနေနဲ့ ပြတာ၊ အရိုးကလည်း အကျအန၊ ဓားမှာလည်း ပန်းကနုတ်တွေနဲ့၊ ကဲ – မထူးခြားဘူးလား"

"ထူးခြားတာပေါ့ဗျာ၊ သိုင်းအဖွဲ့ချုပ်မှာ သုတေသနမှူပဲ ရှိသေးတယ်၊ နိုင်နိုင်မာမာ လေ့လာရဦးမှာ၊ ဓားသွားအရှည်က နှစ်ဆယ့်ရှစ်လက်မ၊ အရိုးကတင် ဆယ်လက်မရှိတယ်၊ "ကုန်းဘောင်ခေတ်သုံးနန်းဓား" လို့ခေါ်တယ်ဗျ၊ လက်နှစ်ဖက်ကိုင် ထိုးခုတ်ရတာမျိုး၊ ဂျပန်ကင်ဒိုဓားလို ကစားနိုင်တယ်လေ"

"မသိပါဘူးဗျာ၊ လေးကင်းဓားတွေ၊ ဆောင်ဓားတွေထက် ကြီးတာကတော့ မျက်မြင်ပဲ၊ အရှည်တွေတော့ တိုင်းမကြည့်မိပါဘူး"

"အလို – ဓားသွားပေါ်မှာလည်း အစွန်းအကွက်တွေနဲ့ပါလား၊ သံချေးတွေ ကွက်နေသလား မသိဘူး၊ သွေးလိုက်ရင် ပျောက်သွားမှာပေါ့"

"မဟုတ်ဘူး – ဦးကြီး – ပြောခဲ့ဖူးတယ်၊ အဲဒါတွေက လူသွေးစွန်းနေတာတဲ့၊ သွေးလို့လည်း မပျောက်ဘူးဆိုပဲ"

"ဒါဖြင့် – ဒီနန်းဓားမှာ နောက်ကြောင်းလေး ရှိမှာပေါ့"


"ရှိတယ် – ဦးကြီးပြောပြလို့ အိမ်ထောင်ကျစလောက်ကတည်းက သိနေတာပါ၊ ဆရာမျိုးက စာရေးနေတော့ သိရအောင် အိမ်ကျမှ ပြောပြမယ်၊ တကယ့်ဇာတ်လမ်းကောင်းလေးပါ"

ဓားကို သေတ္တာပုံးအတွင်း ထည့်ခဲ့ပြီး ပြန်လာကြပါတယ်၊ လမ်းတစ်လျှောက်လုံး ပြောလာကြတဲ့စကားတွေကလည်း ဓားအကြောင်းတွေပါပဲ၊

"နန်းတော်ထဲမှာ သုံးစွဲတဲ့ဓားခုနစ်မျိုးရှိတယ်၊ အဲဒါတွေက သီလဝံဓား၊ သံရှင်ဓား၊ လက်သုံးတော်ဓား၊ ဆင်လည်ပြတ်ဓား၊ နန်းစဉ်ဓား၊ စကြာဓားတော်၊ ယိမ်းနွဲ့ပါးဓားတဲ့၊ အခုမြင်ခဲ့တဲ့ဓားဟာ နန်းစဉ်ဓားပါပဲ၊ ကနောင်မင်းသားကြီး အသုံးပြုခဲ့ဖူးတယ်လို့ ဆိုထားပါတယ်၊ နန်းတော်ထဲမှာ ဝင်ထွက်သွားလာခွင့်ရသူတွေ တာဝန်နဲ့ သီးသန့်ကိုင်တွယ်ရတဲ့ဓားပဲပေါ့"

"ဆရာမျိုးပြောလို့ အစေ့အစုံ သိရတာပါ၊ ခုနကတွေ့တဲ့ဓားကို ဦးကြီးဟာ သူနေတဲ့ ဟိုဘက်က အိမ်ကြီးမှာ မထားဘူး၊ ခေါင်းရင်းက လူမနေတဲ့ ဒီအိမ်မှာ ထားတယ်၊ သူကိုယ်တိုင်လည်း ဒီဓားကို ကိုင်ခဲတယ်ဗျ"

"ဘာဖြစ်လို့လဲဟင်"



၁၁

ရှေးမြန်မာတွေကိုင်ခဲ့တဲ့ဓားတွေထဲမှာ တစ်ချက်တည်းနဲ့ နွားလည်ပင်း အကွင်းလိုက်ကျအောင် ခုတ်နိုင်တဲ့ ဒုတ္တပေါင်မင်းကြီးရဲ့ဓား၊ ဆင်လည်ပင်းပြတ်နိုင်တဲ့ စစ်ကိုင်းအသင်္ခယာ စောယွန်းရဲ့ညီကျောင်ဓား၊ နှစ်မိုက်ခန့်ရှိတဲ့ ငွေသားအတုံးလိုက်ပြတ်စေတာ ပထမမင်းခေါင်ရဲ့ စိန်သွားရောင်ဓား၊ ကျောက်ထုသံတောင်ကို ပြတ်စေတဲ့ ဗညားနွဲ့ရဲ့ဓား၊ မင်းကြီးရန်နောင်ရဲ့ ယိမ်းနွဲ့ပါးဓား၊ စုဖုရားလတ်ရဲ့ နန်းသုံးဓားစသည့် ဓားတွေဟာ နာမည်ကြီးတယ်။

www.burmeseclassic.com

"ဓားနားမှာ ရိုးခန့်၊ ရိပ်ခန့် မျိုးတွေ တွေ့နေရတော့ အိမ်ကလူတွေကြောက်မှာစိုးလို့တဲ့လေ။ အဲဒီလိုဖြစ်နေတာကလည်း မဆန်းပါဘူး။ အရင့်အရင်ပိုင်ရှင်လက်ထက်ကတော့ မသိဘူး။ ဦးကြီးဆီ မရောက်ခင်က လူသုံးယောက်ကို သတ်လာခဲ့တာ အမှန်ပဲ။ အစွဲအလမ်းတွေ ရှိနေမှာပေါ့လေ"

ကိုထွေးရဲ့ဇာတ်လမ်းကို ပြောမပြခင်ကတည်းက စိတ်ဝင်စားစရာ၊ မနက်ပိုင်းဌာနအတွက် လုပ်ငန်းပြီးချိန်မှာ စားသောက်လို့ တစ်နေ့လုံး နားနေရမယ့်အနေအထား၊ ညနေပိုင်း၊ ညပိုင်း(မအိပ်ခင်)အထိလည်း စကားပိုင်းဖွဲ့နိုင်တယ်။

"ဆရာမျိုး - ရေမရှိုးခင် နန်းဓားကစားပုံလေး ပြစမ်းပါ၊ ကြည့်ချင်လို့"

ကိုထွေးက လူခင်ချင်းမို့ အားမနာစတမ်း ရှာရှာဖွေဖွေ မေးမြန်းလုပ်နိုင်းတတ်တာ သူ့အကျင့်၊ ကောင်စီကိုစွန့် လာပေမယ့် သူ့အိမ်မှာ အတင်းအကျပ်အိပ်နိုင်း၊ စားနိုင်းတဲ့ သူ့စေတနာကို လေးစားရမယ်၊ တကယ်ဆို - လာရင်းကိစ္စက သူတို့နဲ့ မဆီလေးရယ်တဲ့မှမဆိုင်၊ ဟသ်ာတနယ်၊ တလုဓဗ္ဗာ်ကျေးရွာအုပ်စုတွင် အင်္ဂပိုကျေးရွာ၊ အနီးစပ်ဆုံး အင်းဝင်းကျေးရွာကို တာဝန်နဲ့ ရောက်နေရခြင်းပါ။

"ကဲ - ခင်ဗျားနိုင်းသလို လုပ်ပြရတာပေါ့၊ လေ့ကျင့်သလို အားတော့ သိပ်မစိုက်ဘူးနော်၊ သဘောလောက်လုပ်မှာ၊ ခင်ဗျားက နန်းဓားပုံစံ မျိုးဝါးဓားခုတ်ပေတော့ - ဟုတ်ပလား၊ ဒါလောက်တော့ - ဖြစ်ပါတယ်နော်"

"ရတယ် - သိပ်ရတယ်"

ကိုထွေးက ဓားသွားကို ဝါးဘိုးအပြား ခုတ်ပြီး အရှိုးအဖြစ် ဝါးရားပိုင်းခြမ်းကို သံကပ်ရိုက်ပေးလိုက်တယ်၊ သူ့ဓားလေးက အရှိုးကျကျ လှပင် လှသေးတော့၊ သံဓားမဟုတ်လင့်ကစား ကိုင်ရတာ စီးစီးပိုင်ပိုင်၊ ဝေ့ယမ်းခုတ်ထစ်လှမ်းထိုးလို့ကောင်းတယ်၊

"နန်းဓားကို ကစားလေ့ကျင့်တာ ခြောက်ဆယ့်သုံးနည်း ရှိတယ်၊ ကစားကွက်မှာ ကာချက်၊ တိုက်ချက်တွေ ပါတယ်၊ ကာချက်က ဆယ့်လေးချက်၊ ကာတိုက်ချက်က ဆယ့်ရှစ်ချက်၊ တိုက်ချက်သက်သက်က သုံးဆယ့်တစ်ချက်၊ ပေါင်း ခြောက်ဆယ့်သုံးနည်းရှိတယ်၊ အကွက်ပိုင်းတစ်ဝတ်လည်အောင် ကစားရတာပါပဲ"

"ဦးစွာဓားကို ကိုယ်ဘေးမှာ ထောင်ကပ်သတိဆွဲပြီး စတဲ့အခါ ဘယ်ခြေခွဲ ဒူးကွေးထားရတယ်၊ ဘယ်လက်ဝါးစောင်းကို ဓားရဲ့နံဘေး ခါးလောက်မှာ ထောင်ကာရာက ဓားသွားကို ကိုယ်ရှေ့မှာ မောင်းကပ်ခင်းလိုက်တာဟာ အသင့်အနေအထားပါ"

ကျွန်တော်လုပ်ပြတာကို ကိုထွေးတို့ စူးစူးစိုက်စိုက် ကြည့်နေကြတယ်၊ သူတို့ မြင်ဖူးမှာလည်း မဟုတ်ဘူး၊ ကျွန်တော်ကိုယ်တိုင် ဆရာဖြစ်ရခဲ့တဲ့ ပညာစဉ်မဟုတ်ဘဲ၊ မြန်မာ့နန်းတွင်းသိုင်းမို့ အပတ်တကုတ်သင်ခဲ့ရတာပါ၊

ထောင်ပိုင်း၊ ထောင်တွက်၊ စိုက်တွက်၊ ပင့်၊ တည့်ပက်ဖျော်တမ်းတို့က စပြီး စုံထိုး၊ စုံလိမ်စိုက်ခတ်၊ စုံခြုံထိုင်၊ စုံပင့်ထမ်း၊ စုံထောင်ပိုင်းနဲ့ ခြောက်ဆယ့်သုံးနည်းအဆုံးသတ်ကာ အသင့်အနေအထား ပြန်ရပ်လိုက်တယ်၊ ပင်ကိုအားမထည့်ပေမဲ့ ဟန်၊ မာန်၊ ထန်များကြောင့် ချွေးတို့စို့သီးနေဆဲ၊ ကိုထွေးတို့လူစု ကျွန်တော့်ကစားကွက်နဲ့ ရှင်းလင်းပြောပြနေတာတွေကို သဘောကျနေလေရဲ့၊

"ကဲ - ကိုထွေး - နန်းဓားနဲ့ပတ်သက်လို့ ပြောခဲ့တာလည်း စုံလောက်ပြီပဲ၊ ခင်ဗျားပြောမယ်ဆိုတဲ့ နန်းဓားရဲ့ဇာတ်လမ်းလေး ကြားချင်လှပြီ"

ကျွန်တော့်စကား စလိုက်တဲ့အခါ ကိုထွေးက သောက်လက်စ ရေနွေးကြမ်းခွက်ကို အစသတ်လိုက်တယ်၊

"အခု - ဓားပိုင်ရှင်ဖြစ်တဲ့ ကျွန်တော့်ဇနီးရဲ့ဦးကြီး ဦးလှိုင်ဘွားဟာ တစ်ချိန်က ရပ်ရွာရဲ့ကာကွယ်ရေးခေါင်းဆောင်၊ အင်္ဂပူနယ်၊ တောရွာကြီးတစ်ရွာမှာ ဖြစ်ခဲ့ဖူးတယ်၊ အင်းဝင်းသူနဲ့ အိမ်ထောင်ကျမှ ဟသ်ာတနယ်ထဲ ရောက်လာတာ၊ သူနေခဲ့တဲ့ရွာဟာ မြို့နဲ့ အလှမ်းဝေးပြီး တောင်ခြေနဲ့လည်း နီးသတဲ့၊ သူ ကာကွယ်ရေးခေါင်းဆောင်ဖြစ်တော့ တိုင်းပြည်ဟာ ရောင်စုံသူပုန်တွေ ကြီးစိုးနေတဲ့ကာလ၊ ဓားပြအကြီးစား သူပုန်တွေရဲ့ရန်ကြောင့် ရရာလက်နက်စပြီး ကိုယ့်ရွာကိုယ် ကာကွယ်နေကြရတဲ့အချိန်ပါပဲ၊ အဲဒီကဇာတ်လမ်းစတာလို့ ပြောရမယ်"

www.burmeseclassic.com

ကိုရှိန်းမောင် - ကိုရပ်ရွာနေ အတော်များများက လူရိုးလူကောင်းတစ်ယောက်လို့ သိထားကြသလို အိမ်ထောင်ကျတဲ့နေရာမှာ (မျက်နှာများသူ မိန်းမလည်) နဲ့ ညားရရှာတယ်ဆိုပြီး နမြောတသ စိတ်မကောင်းဖြစ်ကြရတယ်။ တောရွာဆိုတာ ဟိုစဉ်ကာလ လွတ်လပ်ရေးရစအချိန်ထိ ရိုးသားသူ၊ ဖြောင့်မတ်သူနဲ့ ကိုယ်ကျင့်တရား ကောင်းသူတွေ ပေါများပြီး အများထဲက ဖောက်ထွက်ပျက်စီးရင်လည်း ပျက်စီးသလောက် အဆိုအပြော ခံရတာ မဆန်းဘူးပေါ့။ ယောက်ျားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် စာရိတ္တချို့ယွင်းလာသူဆို (အပေါင်းအသင်း)မလုပ်ဖို့အထိ တားမြစ်ပိတ်ပင်နေတဲ့ခေတ်။ ကိုရှိန်းမောင်တို့မျိုးရိုးက နာမည်ကောင်းတစ်လုံးတံခွန်ထူနိုင်ခဲ့တယ်။ ရိုးရိုးသားသား လုပ်ကိုင်စားလာတာ ဘိုးစဉ်ဘောင်ဆက်ကတည်းကပါ။ ဆိုးသွမ်းမှုဓလေ့စရိုက်လုံးဝမရှိတဲ့အသိုင်းအဝိုင်းလို့ ဆိုရမယ်။

ဖြစ်ချင်လာတော့ လူပျို့သိုးကြီး ကိုရှိန်းမောင် ယူလိုက်တဲ့ မိန်းမလက်ထက်မှာ နပ်ပစ်စံရတာပါပဲ။ အညာလွယ်တယ်၊ မျက်နှာများတယ်၊ ရည်းစားပေါတယ်ဆိုတဲ့ နာမည်ဆိုးရှိသူနဲ့ ညားခဲ့တာကိုး။ အပိုင်ကိုင်လိုက်တာ၊ အမိဖမ်းလိုက်တာဆိုတဲ့ ဘွဲ့တွေ တစ်သီကြီးနဲ့ ကိုရှိန်းမောင်မိဘသားချင်းညီအစ်ကိုမောင်နှမတားနေပေမယ့်မသင်းသင်းကိုယူဖြစ်အောင်ယူခဲ့တယ်။ မိဘအိမ်နဲ့ တစ်ခြံတည်းဆိုသော်လည်း (ခြံထောင့်)ကွက်လပ်မှာ အိမ်ကလေး ဆောက်နေတာဟာ သူ့ဖနီး အပေါ်အားလုံးက မကျေမနပ်ဖြစ်နေလို့ဆိုတဲ့အကြောင်းပါ ပါလိမ့်မယ်။

သူ့အိမ်ရဲ့ထွက်လမ်းကို မူလခြံကြီးရဲ့လမ်းရိုးအတိုင်း မဖောက်ဘဲ အိမ်နံဘေးက လှည်းလမ်းကို တိုက်ရိုက်ဖောက်ထားတော့ တော်ရုံ သူ့အိမ် အဝင်အထွက်ကို တွေ့ဖို့ ခဲယဉ်းသွားတာပေါ့။ သူကလည်း ကျောပူခံနိုင်ပေမယ့် နားပူမခံနိုင်တာကြောင့် ဖြစ်မယ်ထင်ပါတယ်။ ကိုရှိန်းမောင် နားအေးပါးအေး နေချင်ပေမယ့် အကြောင်းဆိုတာ ဖြစ်လာပြန်တော့ မနေရဘူးတဲ့။ သူ့ဖနီး သင်းသင်းက အိမ်ထောင်ကျပြီး ခုနစ်လကျော်၊ ရှစ်လမပြည့်ခင် ကလေးမွေးတယ်။ မြန်မစေ့၊ လမစေ့ မွေးတာပါတဲ့။ ခုနစ်လကျော်ကျော်လေးမှာ ကလေး



မျက်နှာမြင်ပေမယ့် ညှက်ညှက်သေးသေး မဟုတ်ဘဲ တစ်တုံးတစ်ခဲကြီးပါ။ ပြောရစေတော့ - ကလေးဟာ အဖေ အသားမည်းမည်း၊ အမေ အသားညိုညိုက မွေးထားလင့်ကစား ကလေးအသားက ဖွေးအိနေတာမို့ တွေ့သူတိုင်းမှာ တအံ့တဩ။ မသင်းသင်းရဲ့ရည်းစားတစ်ယောက်ဖြစ်တဲ့ ထွန်းလူရဲ့ကလေးလို့ပဲ စွပ်စွဲကြတယ်၊ ထွန်းလူက မြန်မာမဟုတ်၊ ကပြားတစ်ယောက် ဖြစ်နေလို့ပါ။ ကိုရှိန်းမောင်နဲ့ မညားခင်က သင်းသင်းနဲ့ ထွန်းလူတို့ကြိုက်တာ အကြီးအကျယ်ပေါ့။ လူတိုင်းက ယူမယ်ပဲ ထင်နေကြတာ။ ထွန်းလူဟာ သူ့ရဲ့ဆွေတွေ၊ မျိုးတွေဆီအသွားမှာ သေသလိုလို သတင်းကြားပြီး ဇာတ်မြုပ်ခဲ့လေတော့ ဘသားချော ကိုရှိန်းမောင် တစ်စခန်း ထလာတာပါ။

ထွန်းလူအဖေနဲ့ အမေဟာ အင်္ဂပူမြို့ပေါ်မှာနေပြီး ထွန်းလူက အဘိုးအဘွားတွေရှိတဲ့ရွာမှာကြီးပြင်းခဲ့တယ်။ တစ်နေ့တခြားလူလားမြောက်လာတဲ့ ကိုရှိန်းမောင်၊ မသင်းသင်းတို့ရဲ့ကလေးဟာ တစ်စတစ်စ ထွန်းလူနဲ့ တူလာတယ်ဆိုတဲ့သတင်းကြောင့် ကိုရှိန်းမောင်မိသားစုအသိုင်းအဝိုင်းဟာ ရပ်ရွာထဲမှာ ခေါင်းမဖော်နိုင်ကြဘူး။ သတင်းကောင်းထက် သတင်းဆိုးက ပျံ့လွယ်တာကြောင့် လူရိုးလူအေးကြီး ကိုရှိန်းမောင်ရဲ့နားလည်း ရောက်မှာသေချာပါတယ်။ မေးမြန်း၊ စမ်းမြန်းလည်း မရှိဘူး။ ပြောလည်း မပြောဘူး။ ကိုရှိန်းမောင်က ဘာတစ်ခုမှ စိတ်မဝင်စားသလို သူ့အလုပ် သူလုပ်နေတာပါပဲ။ ဒါပေမဲ့ - သူ့သားလေးကို ချီချီပိုးပိုးမရှိတာတော့ မြင်နေရတယ်လေ။

သူ့ဖနီးက ဒီကိစ္စကို မသိသယောင်နေပေမယ့် ကိုရှိန်းမောင်ရဲ့ဆွေဆွေမျိုးမျိုးတွေက မခံနိုင်လို့ ပွစိပွစိနဲ့၊ အကြောင်းဆုံချင်တော့ ထွန်းလူ ရွာပြန်လာတယ်။ ဆွေမျိုးတွေဆီမှာ နာမကျန်းဖြစ်နေလို့ ကြာသွားတယ်ဆိုပဲ။ သူတို့ သုံးဦးဆိုင် ဇာတ်လမ်းကြီးဟာ တကယ်ကြည့်ကောင်းမယ့်ပွဲတစ်ပွဲလို့ အများက စောင့်ကြည့်အကဲခတ်နေကြတယ်လေ။ ထွန်းလူက အရင်ကတည်းက ခင်မင်ခဲ့သူတစ်ဦးပမာ ဝင်ထွက်ဖို့ ကြိုးစားပေမယ့် မသင့်တော်ဘူးလို့ ပြောကြသလားမသိ၊ အနေအထိုင်တန့်သွားခဲ့တာ အမှန်ပဲ။ ခတ်တာတာ သင်းသင်း၊ အိမ်ထောင်ရှင်တစ်ယောက် စောင့်စည်းထိန်းသိမ်းရမယ့်အနေအထား။

www.burmeseclassic.com

သူတို့ ဖြစ်ပေါ်နေတဲ့အခြေအနေကို နားမလည်တာပဲလား၊ ဂရုမထားတာပဲလား မဆိုနိုင်တော့ပါ။ ကလေးမပါဘဲ သွားတဲ့အခါသွားပြီး ကလေးနဲ့လည်း အဝင်အထွက်တွေ လုပ်ခဲ့တာများပြီ။ ဘယ်သူသေသေ တေမာရင်ပြီးရော သဘောထားတဲ့သူ့ကို (ပြန်မပြော၊ နားမထောင်)မို့ အဆုံးအမ အသွန်သင်လုပ်သူ ကင်းခဲ့ပါပကော။ သူ့ဖလှသူထိုး၊ ပဲခူးရောက်ရောက်ပေါ့။ ကိုရှိန်းမောင်ကလည်း မကျေနပ်စကား တစ်ခွန်းမပြောတော့၊ သင်းသင်း မီးကုန်၊ ယမ်းကုန် ကြဲနေပြီပဲ၊ ဒီအတောအတွင်း ကိုရှိန်းမောင် ထူးထူးခြားခြားလုပ်နေတဲ့အလုပ်တစ်ခုက ဓားကြီးတစ်လက်ကို ခြေသလုံးမွှေးကျတဲ့အထိ တစ်နေ့တစ်နေ့ သွေးနေတာပါပဲ၊ ဓားကြီးအရောင်က တလက်လက်၊

ပြောရမယ်ဆို ...

ကိုရှိန်းမောင် ဒီဓားကြီးကို တောတက်မုဆိုးတွေဆီက ဝယ်ထားလိုက်တာ၊ တောတက်မုဆိုးတွေ တောထဲက ကျောက်ဂူတစ်လုံးအတွင်း လူသေအလောင်းတစ်လောင်း မြှုပ်နှံပြီး ကျောက်တုံးတွေ စီတင်ခဲ့တာရယ်၊ ဓားကြီးတစ်စင်းနဲ့ လှံတစ်ချောင်းရယ် တွေ့လာခဲ့သတဲ့၊ အလောင်းက အရိုးကျနေပေမယ့် ချပ်ဝတ်တန်ဆာနဲ့ အသုံးအဆောင်တွေကြည့်ရတာ စစ်သည်တော်တစ်ဦးပုံစံ၊ အဝတ်အစားတွေ ဆွေးမြည့်ပျက်စီးနေတာကြောင့် ဓားနဲ့လှံ ယူခဲ့တယ်လို့ ဆိုပါတယ်၊ ဒီ့အပြင် တိတိကျကျ ဘာမှမသိရဘူးတဲ့၊ ဓားကိုဝယ်လိုက်တဲ့ ကိုရှိန်းမောင်က သူ့အပေါင်းအသင်းတွေ ပြောပြခဲ့ဖူးတဲ့စကားပါ၊ ဓားဟာ သံသားအင်မတန်ကောင်းပြီး အခြားလေးကင်းဓား၊ ဆောင်ဓားတွေနဲ့ ဆိုင်ခုတ်ရင်တောင် အခြားဓားတွေ အသွားထဲ နစ်ဝယ်သွားသတဲ့၊ အရင်ကတည်းက ကိုရှိန်းမောင် သူ့ဓားကို တသသ လုပ်တတ်တာ သူ့အကျင့်၊

သူ့ပင်ကိုက စကားနည်းတဲ့ ကိုရှိန်းမောင်ဟာ တွေ့သူတိုင်းနဲ့ ဟက်ဟက်ပက်ပက် မပြောတာ အိမ်ထောင်ကျစလောက်တည်းကပါ၊ ခုတလော စကားနည်းတဲ့အပြင် ငူငူငိုင်ငိုင်ကြီး၊ တစ်ခုခုကို အလေးအနက် စဉ်းစားတွေဝေနေသလိုမျိုး၊ တစ်ခါတစ်ခါ အတွေးထဲ နစ်ပြောနေပြီး ခေါ်မကြား၊ အော်မကြား၊ ပြဿနာဆိုတာက လိုက်မရှာဖွေ၊ မဖိတ်ခေါ်ဘဲ သူ့အလိုလို ရောက်လာတတ်



တာကလား၊ တစ်ညနေ သင်းသင်း မိုးချုပ်စလောက်ကတည်းက ကလေးခါးထစ်ခွင်ထွက်သွားလိုက်တာ မိုးအတော်ကြီးချုပ်မှ ပြန်လာတယ်၊

"နင် - ဘယ်သွားတာလဲ"

"အမေ - တို့အိမ်ပါ"

ကိုရှိန်းမောင်အမေးကို သင်းသင်း ပြီးစလွယ် ဖြေလိုက်တယ်လေ၊

"နင့်အမေနဲ့တွေ့လား"

"တွေ့တာပေါ့၊ စကားကောင်းနေလို့ ချက်ချင်းထမပြန်ဖြစ်တာ"

"အော် - အဂ်ပူလိုက် စကားကောင်းနေတာပေါ့နော်"

"ဘာရယ်"

"နင့်အမေ ကိုချက်ကြီးတို့လှည်းနဲ့ မြို့ပါသွားတာ ငါမြင်သားပဲ"

အဲဒါက စပြီး အော်ကျယ်ဟစ်ကျယ် စကားများကြတယ်၊ မိသားစုတွေလည်း သိကုန်တော့တာပေါ့၊ နောက်နေ့မှာ ကိုရှိန်းမောင်က ဘာမှမဖြစ်တဲ့ပုံဟန်အနေအထားမျိုး၊ ညနေစောင်းမှာ သူက မှာသွားတယ်၊

"ဒီည - ကောက်လှိုင်းတွေစောင့်ဖို့ လယ်တဲမှာအိပ်မယ်"တဲ့၊

ကိုရှိန်းမောင်း ကာကီအင်္ကျီထူဝတ်ပြီး ရှမ်းဘောင်းဘီအနက်ကြီးနဲ့ ဓားကြီးကိုင်လို့ စိုက်စိုက်၊ စိုက်စိုက်ထွက်သွားတဲ့အချိန်၊ သင်းသင်းက သူ့လင်အိမ်မှာ မရှိတဲ့အကြောင်း ထွန်းလှဆီ သတင်းပို့ပြီးပြီပဲ၊ ထွန်းလှကလည်း မပျက်မကွက် လှုခြေအတိတ်မှာ သင်းသင်းထံ အရောက်လာခဲ့တယ်၊ စပါးရိတ်သိမ်းစအချိန်မို့ ကိုရှိန်းမောင် အလုပ်များပေမယ့်ပေါ့၊ ကိုရှိန်းမောင်အလုပ်များနေသလောက် ထွန်းလှနဲ့ သင်းသင်းတို့မှာလည်း အရင်ကတည်းက သမီးရည်းစားမက လင်မယားမကျနေလာသူတွေပီပီ အချစ်ရေယာဉ်ကြော မျောချင်တိုင်း မျောနေကြလေရဲ့၊ သင်းသင်းရဲ့ အညှုအစရော တီတီတာတာစကားတွေရဲ့ ကွန်ယက်က ရုန်းမထွက်နိုင်တာ ထွန်းလှ၊ သူတစ်ပါးသားမယားပါလားဆိုတဲ့ ကြောက်စရာကြီးကို ကိုယ်တိုင်ကျူးလွန်ဖို့ ဝန်မလေးတဲ့ထွန်းလှဟာ နီးကပ်လာတဲ့အန္တရာယ်ကို သတိမထားမိဘဲ အမှောင်ထုအတွင်း ဖွတ်ဆင်းခဲ့တာပါ၊ အန္တရာယ်က သူတို့နဲ့ လက်တကမ်းမှာ

www.burmeseclassic.com

ရှိတယ်၊ အပြင်က မှန်အိမ်မီးရောင်အောက်မှာ မားမားကြီးရပ်နေသူတစ်ဦးကို သူတို့ မမြင်၊ သူတို့ဖောနဲ့သူတို့ စိုက်နေကြတာကိုး။

(ကဲ – ဟာ)တစ်ချက် – နှစ်ချက် – သုံးချက် တီတီ၊

မြောက်တက်သွားတဲ့ဓားအကျမှာ ဗလုံးဗထွေး အော်သံလေးတောင် မပြုနိုင်ဘဲ လူ့လောကအပြင်ကို လူကြီးနှစ်ယောက်နဲ့ ကလေးတစ်ယောက် ထွက်သွားကြပါပြီ။ စိတ်ကျေနပ်လောက်အောင် ထပ်ခုတ်သေးတာပါ၊ သေလောက်တဲ့အနေအထားမှာမှ ရပ်သွားတော့တယ်၊

* ❋ *

ကိုရှိန်းမောင် – သွေးအေးအေးနဲ့ လုပ်သွားတာလို့ ဆိုရမယ်၊

ဘယ်အချိန်ကတည်းက ကြိတ်ကြံခဲ့တယ်မသိ၊ လူရှိးလူအေးတစ်ယောက်အဖြစ် လူသတ်သမားဘဝ ရောက်သွားရှာတယ်၊ ဒါပေမဲ့ – ကိုရှိန်းမောင် ဝေးဝေးလံလံ သွားလိမ့်မယ်မထင်ဘူး၊ ခရီးသတင်းသွားဖို့လည်း ဝန်လေးတယ်၊ အင်္ဂပူကို တစ်နှစ်ကြာလို့ တစ်ခါမရောက်၊ ရိုးသားအေးဆေးသူများ ဆိုးမိုက်ပြီဆို ကြောက်စရာပါပဲလား၊ ကိစ္စပြတ်ရှင်းလိုက်သလို ဖြစ်သွားတာ၊

မိုးအလင်းမှာ ဒီသတင်းက တစ်ရွာလုံး တောမီးလို ပျံ့နှံ့သွားတယ်၊ လာကြည့်ကြတာက ရုန်းစုံ၊ ရုန်းစုနဲ့ မနည်းပါဘူး၊ အိမ်ရှေ့ထရံကို သွေးနဲ့ စာရေးသွားတယ်၊ သူ့ရင်ထဲက ဆို့နင့်မှုခံစားချက်ဖြစ်မှာပါပဲ၊

(ဖောက်ပြန်သူတို့ သွားရာလမ်း)တဲ့၊

ကိုရှိန်းမောင်မိသားစု ပရိဒေဝမီးတောက်ပြီး ပူဆွေးသောက၊ ဗျာပါဒ ဖြစ်ရသလို သင်းသင်းမိသားစု၊ ထွန်းလူ အဘိုးအဘွားတွေအားလုံး ငိုပွဲဆင်ကြရပြီလေ၊ အပေါင်းအသင်း၊ ဆွေမျိုးညာတကာအားလုံးလည်း ယူကြုံးမရ၊ တိတ်တခိုးပြောမဆုံးတဲ့အနေအထား၊

ရွာနီးချုပ်စပ်မှာလည်း အုတ်အော်သောင်းတင်း ဖြစ်ရတယ်၊



လောလောဆယ် – လူသုံးယောက်သတ်မှုကြီး၊ အမှုက အကြီးအကျယ်မို့ ကာကွယ်ရေးအဖွဲ့ခေါင်းပေါ်ရောက်လာတော့ မနေသာဘူးပေါ့၊ လူသတ်တရားခံကို တောနင်းရှာဖို့ ပြင်ဆင်ကြရပါတယ်၊

ကိုရှိန်းမောင်ရဲ့ပြေးလမ်းဟာ ...

ရိုးမတောစပ်၊ တောထဲပဲ ဖြစ်ဖို့များတယ်၊ တစ်ရွာတစ်ကျေးသွားလို့ကလည်း လူသတင်း၊ လူချင်းဆောင် သတင်းရလာမှာပဲပေါ့၊ ကာကွယ်ရေးအဖွဲ့က တောနင်းရှာပေမယ့်မတွေ့ဘူး၊ ရိုးမတောတန်းကလည်း လူတစ်ယောက် ပုန်းခိုနေရင် ရှာရလွယ် – မှတ်လို့၊ တစ်ရက်၊ နှစ်ရက်၊ သုံးရက်လောက်ဆိုတော့ ရှာသူတွေ ပန်းပြီ၊ လေးရက်မြောက်နေ့မှာ သတင်းပေးသူတစ်ယောက်ကြောင့် သူ့အိမ်ဘက်ကိုညပိုင်း သွားဝိုင်းတယ်၊ လရောင်ပြီးပြောက်အောက်မှာ အိမ်ပေါ်က ဆင်းလာတဲ့ ကိုရှိန်းမောင်ကို ကာကီအင်္ကျီ၊ ရှမ်းဘောင်းဘီနဲ့ ဓားကြီးကိုင်လို့ တွေ့လိုက်ရတယ်၊ လူသတ်ခဲ့တုန်းက အဝတ်အစားတွေပဲပေါ့၊

"ရပ် – မင်းကို ဝိုင်းထားပြီ – လက်နက်ချပါ"

ကိုရှိန်းမောင်ပုံသဏ္ဍာန်က လက်နက်ချမည့်လက္ခဏာမဟုတ်၊ လိုအပ်ရင် ခုခံမယ့်ပုံစံ၊ ဓားကြီးကို ကိုင်ဆုပ်ထားဆဲ၊ လူကလည်း စောင်ပေပေ၊

"လက်နက်မချရင် ပစ်မှာနော်၊ လက်နက်ချ"

သူက လက်နက်မချဘဲ ခြံရှေ့ထွက်လာတယ်၊ မတတ်သာတဲ့အဆုံး ကာကွယ်ရေးခေါင်းဆောင် ကိုလှိုင်ဘွား ပစ်မိန့်ပေးလိုက်ရတာပါပဲ၊

"ပစ်"

ပစ်ဆိုတဲ့ အမိန့်ပေးသံနောက်မှာ နှစ်လုံးပြူး၊ တစ်လုံးထိုး (မတ်စကာက်)၊ ဂျပန်၊ အင်္ဂလိပ်၊ အမေရိကန်ရိုင်ဖယ်၊ အသီးသီးက (တဒိုင်းဒိုင်း)ကျည်တွေ ထွက်သွားကြတယ်၊ တကယ်ဆို – ဒင်္ကာရာဝရှပွန်နဲ့ လဲပြိုနေလောက်ပြီ၊ အံ့ဩစရာကောင်းတာက ကိုရှိန်းမောင် အထိအခိုက်မရှိဘဲ လှည်းလမ်းက ဖြတ်ပြီး ရွာပြင်ထွက်သွားတယ်၊ ကာကွယ်ရေးတပ်သားတွေကိုတော့ ဘာမှလုပ်မသွားဘူး၊ အားလုံးက ပါးစပ်အဟောင်းသား၊

www.burmeseclassic.com

"လက်စသတ်တော့ - ရှိန်းမောင်က သေနတ်ပြီးနေတာကိုး"

"ဒါဆို - သူ့ကို ဖမ်းဖို့ခက်မယ် - နော့"

တစ်ယောက် တစ်ပေါက် ပြောနေကြတဲ့ အသံတွေ ညံနေတာပဲ။ ကိုလှိုင်ဘွားအဖို့ ကိုယ့်မျက်စိတောင် ကိုယ်မယုံနိုင်လောက်အောင် အံ့ဩရပါတယ်။ ကိုရှိန်းမောင်က သူလိုကိုယ်လိုလူမို့ဘာမှထူးခြားစရာမရှိတာအမှန်။ ခက်နေတာက တစ်ယောက်မထိတစ်ယောက်ထိ မှန်နိုင်ပါရဲ့။ ခုတော့ - အေးအေးဆေးဆေး ထွက်သွားတာမှ အပျင်းပြေ လမ်းလျှောက်သလား မှတ်ရတယ်။ ခံပြင်းစရာ။

"မကျေနပ်ဘူးကွာ။ နောက်နေ့ လာစောင့်ကြည့်မယ်။ သူ ဘယ်ဝင်သွားသလဲဆိုတာကအစ သိအောင်လုပ်ပြီး အရဖမ်းတာပါ"

ကာကွယ်ရေးခေါင်းဆောင် ကိုလှိုင်ဘွားစကားကို မဖယ်ရှားရဲပေမဲ့ ကိုရှိန်းမောင် ဖမ်းရမှာ ခပ်တွန့်တွန့်။ သေနတ်ပြီးနေတာ မျက်မြင်ကိုယ်တွေ့လေ။

* ❋ *

(ရှိန်းမောင် - က သေနတ်ပြီးနေသတဲ့။)

ဒီသတင်းက မောင်းမခတ်ရဘဲ တစ်ရွာလုံး သိသွားကြတာပါ။ ထုံးစံအတိုင်း ဟုတ်,မဟုတ်၊ မှန်,မမှန် မဆန်းစစ်ဘဲ တောရွာလေ့ကတော့ ယုံတတ်ကြတယ်။ သေနတ်တွေနဲ့ ပိုင်းပစ်တာ သွေးတစ်စက် မကျဘူးဆိုတော့ သေနတ်ပြီးတာ သေချာသွားပြီပဲ။ ကိုလှိုင်ဘွားအမိန့်ကြောင့် လိုက်လာရပေတဲ့တစ်ဝက်လောက်က စိတ်မပါဘူး။ သေနတ်လွဲချော်တာ ကျည်အတာမဟုတ်ဘဲ မထိခိုက်တာ ဆန်းတာပေါ့။ တချို့ကတော့ ဒီညအပိုင်ကိုင်မယ်လို့ ပြောနေကြတယ်၊ အခြေအနေကြည့်ရမယ်လို့ ကိုလှိုင်ဘွား နားလည်ထားတာပါ။

လပြည့်ကျော်မို့ လထွက်နောက်ကျမယ်။

အိမ်နားဝန်းကျင်ကိုကာကွယ်ရေးတပ်သားတွေရောက်နေပြီ။ ကင်းပုန်းသဘောမျိုး ဝပ်စောင့်နေကြတယ်။ လက တစ်ပိုင်းတစ်စ ထွက်အလာမှာ ဝါးရုံတောကို သွယ်ဖြာကျရောက်နေတဲ့ ကွက်ကြားအလင်းရောင်ကြောင့် လှည်းလမ်းမှာ အရှင်းကြီး။ အိမ်ပေါ်က ဆင်းလာတဲ့ရှိန်းမောင်ကို မြင်လိုက်တော့ အံ့အားသင့်သွားကြတယ်။ ဘယ်အချိန်က အိမ်ပေါ်တက်သွားပါလိမ့်။ ကိုရှိန်းမောင် ဆင်းလာပေမယ့် ပစ်မိန့်မပေးလို့ ပစ်သူမရှိ။ ကိုရှိန်းမောင် ဓားကြီး ကိုင်ထားပေမယ့် ရန်မလုပ်ဘူး။ အေးအေးဆေးဆေး ထွက်သွားတဲ့နောက်ကို ပုန်းလျှိုးကွယ်လျှိုး လိုက်သွားကြတယ်၊ သူဟာ စိုက်စိုက်မတ်မတ် ရွာသချိုင်းထဲ ဝင်သွားတာ တွေ့ရလို့ အသာဆက်လိုက်သွားတဲ့အခါ သချိုင်းထဲမှာ အစပျောက်သွားတယ်တဲ့၊ အားလုံးချာများသွားကြတယ်၊ သချိုင်းတစ်ခွင်လုံးကလည်း လင်းကျင်းလို့၊ မောင်းထိုးထားတဲ့ သေနတ်ကိုယ်စီနဲ့ ရှာနေတာ အနဲ့ပဲ၊ တစ်ယောက်ရဲ့အော်ခေါ်သံကြောင့် အုတ်ဂူလေးတစ်လုံးကို မှီနေတဲ့ ကိုရှိန်းမောင်ကို တွေ့ရတယ်။ အပုပ်နံ့ကလည်း လှိုင်လို့...။ သူသေနေတာကြာပြီမို့ ပုပ်ပွနေတော့တယ်၊ ဓားကြီးကို ကိုင်ထားဆဲပါပဲ၊

"ကိုထွေးကလည်း ကိုရှိန်းမောင် ဘာဖြစ်လို့သေတာလဲ၊ အဲဒါကို မသိရဘူး။ စောစောက ဝင်သွားတဲ့လူဟာ ချက်ချင်းသေ၊ ချက်ချင်းပုပ်ရောလား"

"နောက်နေ့လင်းကျင်းမှ မြွေကိုက်လို့သေရတာဆိုပြီး သိရတယ်၊ သေနေတာ လေးငါးရက်လောက်ရှိပြီလို့ နားလည်တဲ့လူတွေ ပြောကြသတဲ့"

"ဒါဖြင့် - ဟိုလူတွေတွေ့လို့ သေနတ်နဲ့ ပစ်တာကတော့ ဘယ်သူလဲ"

ကိုထွေးက ပခုံးတွန့်လိုက်တယ်၊ သူ မသိပါဘူးဆိုတဲ့အဓိပ္ပာယ်ပေါ့၊

"အော် - သိပြီ - သိပြီ၊ ဒါဟာ - ကေန္တတော့"

"ထားလိုက်ပါ - ဆရာရယ်၊ လက်ဖက်စားပါဦး၊ ရေနွေးတွေ အေးကုန်ပြီ"

"သဗ္ဗေ သတ္တာ ကမ္မသကာ"

(အင်းဝင်းရွာအမှတ်သညာ)

ဖြိုးသစ်

www.burmeseclassic.com



ထောင်ထောက်ပြေးရန်

ကြံစည်ဂူမှာ နောက်ဆုံးတွင်

အကြံအစည် မအောင်မြင်ဘဲ ..

# ဇေယျမင်းသျှင်

ဆိုသည်မှာ

ထောင်ဖြစ်နေ၍သာပင် ထောင်နှင့်နွှယ်သော

ပြဿနာကြီးငယ်များ နေ့နေ့ညည အခါမ

www.burmeseclassic.com

www.burmeseclassic.com

ဘယ့်နှယ်ခင်ဗျာ၊ "ထောင်" တည်းဟူသောဝေါဟာရကိုဘယ်သူတွေက ဘယ့်နှယ်ညာ့နှယ်အဓိပ္ပာယ်ဖွင့်ဖွင့် တကယ်မြေစစ်အနေဖြင့်ကား ထောင်ဆိုသည်မှာ နိုင်ငံ၏တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့်ငြိစွန်းမိလေသဖြင့် အချုပ် (Prisoner)၊ ထောင်ကျ(Convict)စသည်စသည် ဘဝမျိုးတစ်ခုခုဖြင့် ခေတ္တယာယီစံမြန်းနေရသော ကံမွဲသူမောင်ရှင်များ၏ ဒုက္ခဘုံအဝေးစားကလေးပဲကိုး ခင်ဗျ၊ ဘယ်သူက ဘာပြောပြော ထောင်တံတိုင်း မြင့်မြင့်မည်းမည်းကြီးတွေ၏ နောက်ကွယ်သို့ ထင်းခနဲ ရောက်လာကြရသူ မနေသာအထီး၊ အမတို့များ ရာစုက ဒုစရိုက်ကို ထွေခင်းလျက် ပုလိပ်(ရဲ)နှင့် လိုက်တမ်းပြေးတမ်း "စိန်" ပြေးတမ်းကစားနေကြသူ လူလွန်မသား (above the Law)တွေ ချည်းပဲဗျာ၊ စိတ်တုံးတုံးချပြီးသား ယုံလိုက်ပေရော့၊ ယောင်တောင်ပေါင်တောင် ရောက်လာကြသူက အနည်းစု၊

သို့ဖြစ်၍လည်း ထောင်ဆိုသည့်အရပ်ဒေသအမျိုးဟူသည်က ဓာတ်ဆီပုံးအနားမှာ ဆေးလိပ်မီးတရဲရဲနှင့် စည်းစိမ်ခံနေသူလိုမျိုး အန္တရာယ်နှင့် အနီးသားဗျာရေ့၊ "တိုင်းရေးပြည်ရေး၊ ပေါက်နှင့်ကျေးကား၊ တိမ်တောင်သဖွယ်၊ မင်းရေးကျယ်၏" ဆိုသည်မှာ ထောင်နှင့်မှ ဒုတ်ဒုတ်ထိ ကွက်တိမှန်သောစကား ဖြစ်သည်။

ဘာကိုမှုဘယ်သို့ဘယ့်နှယ်ကံသေကံမစိတ်ချလက်ချရေခဲနှင်းဆောင်း လုပ်နေရျင်၍မရ၊ ပြဿနာကြီး ပြဿနာသေး၊ ပြဿနာ ဗူလီနတ်စာ ထွေလီကာလီကလေးတွေမှသည် ယခုချက်ချင်းပင် ထောင်ကြီးပျက်တော့ မလောက်နီးနီး ဟိတ်ဟန်ကြီးလှသည့် ရောနှော့ပြဿနာကြီးများအထိ ခုတစ်မျိုး၊ တော်ကြာတစ်မျိုး ဝင်.ဝင်တိုးနေတတ်ပါသကော၊ အဲဒါလည်း နီစ္စမ္မဝ ခင်ဗျာ၊

ထိုသည့်ပြဿနာမျိုးစုံ သဗ္ဗနံပေါင်း သောင်းခြောက်ထောင်အနက်မှ အသည်းတုန် အူတုန်ရှိလှသည့်ကိစ္စမျိုး ကြုံခဲ့ဖူးသလားဟု အချွန်နှင့်မ,သူက မ,တတ်ပါသေးသည်၊



ဟုတ်ကဲ့၊ ရှိပါသဗျ၊ ထောင်လုပ်သက် (၃၀)နီးနီးမှာ မရှိမဆန့် ကြုံတွေ့ပြီတဲ့ ပြဿနာကြီးတွေ ဒုန်ဒေး ကြုံခဲ့ရဖူးသဗျ၊ ဖြစ်တော့ဖြစ်ခဲ့ ကျားသားမိုးကြိုးတွေမျိုးလည်း ရှိပါသဗျ၊ ဖျပ်ခနဲ ခေါင်းထဲပေါ်လာသည့် ဖြစ်စဉ်ကလေးမျိုးများဆိုလျှင် ယခုနေ့အချိန်အထိ မေ့မရ၊ ထိုအရေးတို့ ကိုယ်တိုင်ကိုယ်ကျ စီမံဖြေရှင်းနေတုန်းကလည်း ရင်ထဲ တဒိတ်ဒိတ်၊ အခုပဲ စိတ်တစ်ပြေးဖြင့် Play-back ပြန်ကာ တွေးတွေးကြည့်လိုက်မိတော့လည်း နှလုံးတလှပ်လှပ်၊

ဒီလိုဗျ၊ မန္တလေးဗဟိုအကျဉ်းထောင်ကြီး၌ လွန်ခဲ့သော နှစ်ပေါင်း(၃၀) ကျော်က အမှန်တကယ် ဖြစ်ပျက်ခဲ့သော "ထောင်တွင်းပြန်ပေးဆွဲမှုကြီး" ကို ဝတ္ထုတစ်ပုဒ်ဆန်ဆန် ဇာတ်ကြောင်းပြန်ရပါလျှင် ...၊ အင်း...အဲ၊ ဒီလိုဗျို့၊

•❀•

ထောင်မှူးအမျိုးသမီး အခန်းတွင်းသို့ လျှောက်ဝင်လာနေသည်ကို အသက်ပင်မရှူမိဘဲ ရင်တမမ စောင့်ကြည့်နေမိ၏၊ တစ်လှမ်း၊ နှစ်လှမ်း၊ သုံးလှမ်း ....၊

"ဒီယူနီဖောင်းနဲ့ ဒီထောင်မှူးမကလည်း လိုက်ဖက်လိုက်တာ၊ ကြည့်လို့ကောင်းလိုက်တာနော်၊ လှလည်း အတော်လှတဲ့မိန်းမ"၊ အမှတ်မထင် အတွေးဝင်လာ၏၊ သူ စေ့စေ့ကြည့်နေမိသည့် ထောင်မှူးအမျိုးသမီးသည် အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ မျက်လုံးမျက်ဖန်ကောင်းကောင်း၊ တောင့်တောင့်တင်းတင်း၊ ရွက်ကြမ်းရေကျိုထက် အပုံကြီး ကွာသည်၊

သားပစ် မယားပစ် ထောင်ထဲမှာပင် ပစ်စလက်ခတ်နေခဲ့ရသည့် သည်ကာလအတောအတွင်း အာခေါင်တွေခြောက်၊ ရင်တစ်ပြင်လုံး ပူတက်လာလောက်အောင် အလှကြမ်းသည့် ကိုယ်နေဟန်ထားမျိုး၊

"ဟင်း - မဟုတ်သေးပါဘူးလေ၊ ငါ ဘာတွေ လျှောက်တွေးနေပါလိမ့်၊ - မဟုတ်က ဟုတ်ကတွေ..." ဖျတ်ခနဲ သတိတစ်ချက်နှင့်အတူ လှုပ်ရှားလိုက်ရာ ထောင်

www.burmeseclassic.com

မှူး၏ စာရေးစားပွဲရှေ့ကုလားထိုင်၌ တင်ပါးလွှဲထိုင်နေသည့် ကျားခင်စိန်ဆိုသော ဒေါင်းတည်မောင်းတည် ကျားစီးဖားစီး ထောင်ကြပ်မိန်းမကြီးနှင့် ရုံဖန်ရုံခါ သူ့ဆရာ နားနားဖနေထိုင်မြဲ ပိတောက်သား လှုပ်ကုလားထိုင်ပေါ်၌ မဆန့်မပြဲထိုင်လျက် ခြေပစ်လက်ပစ် အမောဖြေနေသော ဝဝလုံးလုံး ထောင်ဝန်ထမ်းမတို့ဆီသို့ အကြည့်လွှဲရင်း အခြေအနေကို အကဲခတ်လိုက်သည်။

"အင်း - အခြေအနေကတော့ ကွက်တိပဲ"

သည်အနေအထားလောက်ဆိုလျှင် သူတို့ယောကျ်ားကြီးနစ်ယောက်အားနှင့် သည်မိန်းမသုံးယောက်ကို အပိုင်မကိုင်နိုင်စရာမရှိ။ "နောက်မှနောက်လျောက်လျားပေါ့လကွာ။ မီးစင်ကြည့်ကရုံပေါ့၊ သေတစ်နေ့ မွေးတစ်နေ့ပဲ။ ဘာမှမလုပ်ရင် ဘာမှဖြစ်လာမှာမဟုတ်ဘူး"။ ရင်တွေ တဒုတ်ဒုတ်ခုန်လျက် ကပင် ရှေ့ဖြစ်လာမည့် ကိစ္စဝိစ္စများသည် သူ ကြိုတွက်ထားသလို သေချာနေတော့သယောင် ထင်ချင်လာသည်။

"ဟဲ့ - ကြည်ကြည်ဆွေနဲ့ မခင်စိန်ရယ် - ရောက်ရာအရပ်မှာ ဖင်အပြားလိုက်ချပြီး ထိုင်နေကြရတာ အားမရကြသေးဘူးလား။ ကဲ - ထတော်မူကြ။ ဒီကနေ - ထုတ်မယ့်ပုံစံအကျီ၊ လုံချည်နဲ့ အိပ်ရာခင်းတွေ အရေအတွက် ပြည့်မပြည့်ကိုသာ မြန်မြန်စစ်တော်မူကြ။ တော်နေကြာ၊ ရှင်တို့အဖေထောင်ပိုင်လေး ဝင်လာတာနဲ့ တည့်တည့်တန်းတိုးလို့ မိန်းမတွေတန်မဲ့ ထောင်မကြီးထဲ ဘာဝင်လုပ်နေကြတာလဲဆိုပြီး ကောင်းကောင်းသြဘာပေး ခံနေရဦးမယ်"

ရင်မှာ ဒိတ်ခနဲ ထိတ်သွား၏။ "ဟုတ်သားပဲ - ခဏနေရင် ထောင်ပိုင်လေး မိန်းဂျေး(လ်)ကိုဝင်လာပြီး တစ်နေ့ခင်းလုံးထိုင်နေတော့မှာပဲ၊ ထောင်ပိုင်လေး ရောက်လာရင် ချောင်မှာမဟုတ်ဘူး။ ကြံထားသမျှတွေ သဲထဲရေသွန်ဖြစ်မှာ။ ဒီအခွင့်အရေးမျိုးကလည်း နောက်ထပ်ရဖို့ မလွယ်ဘူး" သူ့အတွေးက သူ့ကို မီးထိုးပေးလျက် ရှိသည်။

တစ်သက်လုံး တိုက်ပွဲတွေကြား၌သာ တိုးဝှေ့ရှင်သန်ခဲ့ရသူ ယောကျ်ားရင့်မာကြီး လုံးလုံးဖြစ်ပါလျက် ရင်တွေ ပန်းတွေ တုန်ချင်လာ၏။ သို့တိုင် ...။

"ကဲ - ဘာပဲဖြစ်ဖြစ် ချမယ်ကွာ။ သေမြေကြီး၊ ရှင်ရွှေထီးပေါ့"



စိတ်တုံးတုံးချလိုက်ခြင်းနှင့်အတူ သူ့အမှတ်ွဲလည်းဖြစ်၊ ယခု သူ ကြံစည်တော့မည့်အရေးအခင်း၌ ကြံရာပါလည်းဖြစ်သည့် သူ့တပည့် သိန်းဝင်း (ခ) ငပိန်ကို မသိမသာ ခေါင်းဆတ်၍ ပြလိုက်တော့သည်။ "ကိုင်း - ဖြစ်ချင်ရာ ဖြစ်ပစေတော့ဟေ့၊ သန်းခေါင်ထက်ပိုပြီး ညဉ့်မနက်တော့ပါဘူး"

"ကျိုင်း ..."

"ဂျောက် - ဂလောက်"

မြန်လိုက်သည်ဖြစ်ခြင်း။ သူနှင့် တွဲလာခဲ့သမျှ ငပိန်တစ်ကောင် သည် လောက်လက်သွက်ခြေသွက်ရှိသည်မျိုးကို မကြုံဘူးသေး။ သူတို့ ရုံးခန်းကလေးရှိ တစ်ခုတည်းသော တံခါးမကြီး၏ သံဘာဂျာတံခါးကို ဆွဲစေ့၊ သူ့လက်၌ ကြိုတင်ကိုင်ထားသော သော့ခလောက်ကို ထိုးထည့်၊ သော့တံကို လှည့်ပိတ်လိုက်၊ လျှပ်ပြက်သလို မြန်သည်။

"ကဲ - ဘယ်လောက်ခက်ခဲတဲ့အလုပ်မို့လို့လဲ၊ ပြီးပြီ - ပွဲပြီးသွားပြီ။ ဒီမိန်းမသုံးယောက်ကို ငြိမ်ကုပ်နေအောင်သာ ထိန်းထားနိုင်ခဲ့ရင် သင်းတို့ဆီက ငါလိုချင်တဲ့အပေးအယူကို ရှောရှောရှူရှူ တောင်းလို့ရပြီပေါ့"။ တိုက်ပွဲ စပြီဟူသည့် သတိနှင့်အတူ သူ့တစ်ကိုယ်လုံး သွေးတွေ ပွက်ဆူလာလျက် လှုလည်း ပေါ့ပါးသွက်လက်လာချင်သည်။

"ရောက်တဲ့နေရာမှာပဲ ငြိမ်ငြိမ်ကလေး ထိုင်နေကြပါ - ဆရာမတို့၊ လုံးဝမလှုပ်ပါနဲ့၊ ပူညံပူညံ အော်သံဟစ်သံတွေလည်း မကြားချင်ဘူး။ ကျုပ်ခိုင်းတဲ့အတိုင်းလုပ်ရင် ဆရာမတို့မှာ ဘာအန္တရာယ်မှ မရှိနိုင်ပါဘူး"

အံ့အားကြီးသင့်လျက် သူတို့ကို ပြူးပြူးကြီး ကြည့်နေကြသည့် ထောင်ဝန်ထမ်း အမျိုးသမီးသုံးယောက်အား သူပြောလိုက်၏။ အက်ကွဲကွဲ စူးရှရှ သူ့အသံကို သူပင် မမှတ်မိ။ အခြားသူတစ်ယောက်၏အသံလိုမျိုး ဖြစ်နေသည်။ အေးစက်စက် ခြောက်ကပ်ကပ် မာကြောကြော။

ရုတ်တရက်ကြီးမို့မှင်တက်မိနေကြပုံပေါ်သည်။ မပီမသ မသဲမကွဲအသံများမှတစ်ပါး အော်သံဟစ်သံထွက်မလာ၊ မျက်နှာကြီးတွေ သွေးဆုတ်ဖြူ ရော်လျက်။

www.burmeseclassic.com

"သစ်သားတံခါးတွေအားလုံးကို ပိတ်လိုက်တော့ - ငပိန်"

"ဟုတ်"

ရုံးခန်းတစ်ပတ်လည်လုံးက သစ်သားတံခါးရွက်များကို တဒိုင်းဒိုင်း ဆောင့်ပိတ်နေသံများကသာ သူတို့အားလုံးကို လွှမ်းမိုးထားတော့သည်။

သုံးနေကျ ရုံးဗီရိုကြီးပေါ်မှ ပြက္ခဒိန်တွင် ခဲနီပြာတံဖြင့် ရဲရဲကြီးဝိုင်းထားသည့် သူတို့အရေးကိစ္စ စတင်သည့်ရက်စွဲနှင့် တချက်ချက် မြည်သံပေးနေသော တိုင်ကပ်နာရီအိုကြီးကို မော့ကြည့်ဖြစ်၏။

(၁၈ - ၁ - ၈၇) ရက်နေ့၊ စနေရုံးပိတ်ရက်၊

နံနက် (၁၀း၃၀) နာရီ၊

"အချိန်ကောင်းပဲ၊ လုပ်ဖို့ကိုင်ဖို့ အချိန်လုံလုံလောက်လောက်ရတယ်" သူဘာသာသူ တွေးရင်း ဆက်လုပ်ရမည့်အစီအစဉ်များကို တစ်ခုပြီးတစ်ခု ပုံဖော်ကြည့်နေမိ၏။ "ဘာဆက်လုပ်ရမလဲ"။

"အဲဒါ - ဘာလုပ်ကြတာလဲ"

ကျားဟိန်းသလို စူးခနဲ ဟိန်းထွက်လာသည့် အော်သံကြောင့် အတွေးထဲ နစ်ကျွံနေသည့်စိတ်တွေ လည်လာလျက် အသံရှင်ကို ကသောကမျော ကြည့်လိုက်မိသည်၊ မီးဝင်းဝင်းတောက်နေသော မျက်ဝန်းများကို တွေ့၏။

"ဟင် - ထောင်မှူးမ လှလှပါကလား"

သူ အံ့ဩသွား၏၊ ထင်လည်း ထင်မထားမိ၊ သည်ရှောရှောလှလှအမျိုးသမီးသည် တကယ့်အရေး၌ တရှုံ့ရှုံ့ငိုရင်း ကျားမိသည့် သမင်ပျိုမငယ်လို ထိတ်ထိတ်လန့်လန့် ငြိမ်ကုပ်နေပေလိမ့်မည်ဟု သူ ထင်ထားသည်၊ ယခုမူ မာန်ဖီနေသော ကျားမတစ်ကောင်နှယ် ဖြစ်နေပါမင့်ကလား။

စားပွဲခေါင်းမှ ကျားခင်စိန်ဆရာမကြီးနှင့် လှုပ်ကုလားထိုင်ပေါ်က အီးဘောလော ဘုတ်အီးဆရာမတို့နှစ်ယောက်ကား တုတ်တုတ်မျှမလှုပ်၊



သူတို့အထက်အရာရှိ ထောင်မှူးမကိုတစ်လှည့်၊ သူ့ကိုတစ်လှည့် မျက်ဝန်းရွှေလျက် တွေတွေစူးစူးကြီး ကြည့်နေကြသည်။

"ပြောလေ - နင်တို့ - အခုဘာလုပ်နေကြတာလဲ - လို့"

ခပ်ထန်ထန်မာန်ကလေးနှင့် လေသံမာမာကို ကြားရပြန်သည်၊ "အာဂ အမျိုးသမီးပဲ၊ ဒီလိုမျိုးထန်နေတဲ့ပုံကမှ ပိုပြီးမက်မောချင်စရာ ကောင်းနေသေးတော့တယ်"၊ သူ့သွေးတွေက ကျိုးကျိုးကြွကြွ ဆူဝေလာနေသည်၊

"ခဏကလေး ထိုင်နေလိုက်ပါ - ဆရာမ၊ ဆရာမတို့ကို ဘာမှလုပ်ဖို့ အစီအစဉ်မရှိဘူး၊ ကျုပ်တို့ကိစ္စက တခြားပါ"

သို့တိုင် သူမက သုတ်ကိုင်းမိထားသည့် ကျားရဲတစ်ကောင်နှယ် ခက်ထန်စွာ မတ်မတ်ရပ်လျက် သူ့ကို တည်တည်တင်းတင်း စောင်ပေပေ ကြည့်နေဆဲ၊

"မိန်းမသားတွေဆိုပြီး ယီးတီးယားတား လုပ်မယ်များတော့ မကြံလိုက်နဲ့နော်၊ အသက်ချင်း လဲပစ်လိုက်မယ်၊ ဘာမှတ်နေသလဲ"

သူမကလည်း တစ်ပြန်စီး ကြိမ်းမောင်းနေရှေသေးတော့သည်၊ "နိပ်သဟေ့ - အာဂဟာမပဲ၊ ဒီလိုမာန်မျိုးနဲ့တော့ ထောင်အပြင်မှာ တစ်ပွဲတစ်လမ်း တွေ့စမ်းချင်လှတယ်၊ ဒီလိုမာပုံထန်ပုံမျိုးကို ချိုးချပစ်လိုက်နိုင်မှ ရောမ ပွဲကြီးပွဲကောင်းပဲ၊ အင်း - ဒါပေမဲ့ - လှတော့ အတော်လှတဲ့မိန်းမ"၊ သူ့ရှေ့က ကျားရဲမကိုကြည့်ရင်း စိတ်ဘောင်ဘင်ခတ်နေမိပြန်သေး၊

"တိတ်စမ်း - ပါးစပ်ပိတ်စမ်း၊ အသားမနာချင်ရင် ခိုင်းတဲ့အတိုင်းလုပ်၊ စကားတစ်ခွန်းမှ ပြန်မပြောနဲ့၊ ကြားလား - ဟိတ်ကောင် ငပိန်"

"ဟုတ်"

"လှုပ်လှုပ် လှုပ်လှုပ်နဲ့ အာထပ်ချောင်လာခဲ့ရင် မင်းလက်ထဲက သံတုတ်နဲ့ လည်မျိုကိုသာ တအားဖြတ်ရိုက်ပစ်လိုက်စမ်းကွာ၊ ပေါက်တဲ့နဖူး မထူးတော့ပါဘူး၊ မသကာ လူသတ်မှုတစ်မှု ထပ်တိုးလာရုံပဲ ရှိတော့မပေါ့"

"ဟုတ်"

လှန့်ကြိမ်းကြိမ်းလိုက်သည်၊



www.burmeseclassic.com

www.burmeseclassic.com

"ဝန်ထမ်းလေ့ကျင့်ရေး
သင်တန်းကျောင်းဝင်းအတွင်း၌
လည်း အခြေခံသင်တန်း တက်နေ
ကြသည့်တပ်သားများ၊ အကြပ်ငယ်
သင်တန်းတက်နေကြသည့်
သင်တန်းသားများသည် ရန်သူအနံ့
ရသည့် ပျားတူများပမာ တဝီဝီ
တရုန်းရုန်း စုဝေးနေကြပြီ။ မကြာမီ
တုတ်များ၊ ဒိုင်းများ ကိုင်ဆောင်
လျက် တပ်စုအလိုက်၊ တပ်ခွဲ
အလိုက် ထောင်အတွင်းသို့
ဝင်လာကြတော့မည်။



သူ့ခြောက်လုံးကို ရှံ့သွား၍လား၊ သူမတို့အပေါ် ကူလီကူမာ မလုပ်ဘူး ဆိုသည့်စကားကြောင့် စိတ်အေးသွား၍ပင်လား၊ လက်ငင်းအနေအထား အခင်းအကျင်းအရ ကျားသနားမှ နွားချမ်းသာရမည့်ကိန်း ဆိုက်နေသည့် သူမတို့အဖြစ်ကို တွေးမိ၍လား၊ ဘာကြောင့်ရယ်မသိ၊ ထောင်မှူးကျားရဲမက သူတို့စုပေါင်းရုံးစားပွဲကြီးဘေး ခွေးခြေခုံအလွတ်တစ်လုံးပေါ်သို့ လေးတိလေးကန် ဆောင့်ခနဲ ထိုင်ချပစ်လိုက်သည်၊

"အားပါး - အခုလို ထိုင်ချလိုက်တော့မှပဲ ဒီမိန်းမရဲ့ကိုယ်အနေက ပိုပြီးတောင် လှလွန်းလာပြန်ပါရောလား၊ တကတည်း - တမင်ကိုယ်ဟန် ပြပေးနေတဲ့အတိုင်းပဲ"၊ သူ့စိတ်တွေ တွေလွန်းနေပြီမှန်း သူသိသည်၊



တံခါးအားလုံး ပိတ်လိုက်ပြီဖြစ်၍ တစ်ခန်းလုံး လင်းလင်းထျင်းထျင်း ပီပီပြင်ပြင် မရှိချင်တော့၊ အခန်းအလယ်မျက်နှာကြက်၌ တွဲလောင်းကျနေသည့် (၄၀)ဝပ်အား လျှပ်စစ်မီးသီးအရောင် ဝါကြန့်ကြန့်ကလေးကသာ မှုန်တိမှုန်မွှား လင်းပြက်နေ၏၊ ဝါရွှေရွှေအလင်းရောင်အောက်တွင် ထောင်မှူးမ၏ ကောက်ကြောင်းအလှတို့သည် သူ့ရင်ကို ဗလောင်ဆူစေလျက်ရှိသည်၊

"ကျုပ် ထပ်ပြောမယ်နော်၊ အဲဒီအတိုင်းပဲ ငြိမ်ငြိမ်ကလေး ကိုယ့်နေရာမှာ ကိုယ်ထိုင်နေကြ၊ လုံးဝမလှုပ်ပါနဲ့၊ ကျုပ်တို့အလုပ် ကျုပ်တို့လုပ်နေတာကို အနှောင့်အယှက် မပေးပါနဲ့၊ ဘာမှမလုပ်ရင် ဘာမှမဖြစ်ဘူး၊ အေးတစ်ခုခု ရုတ်ရုတ်ရက်ရက် ထလုပ်ခဲ့ရင် ကျုပ်တို့အဆိုး မဆိုနဲ့ - ဒါပဲ"

သူ အာရုံကျနေသည့် ထောင်မှူးမကို ပြုံးပြုံးကြီး စိုက်ကြည့်နေရင်းသည့်စကားများကို ထပ်ပြောဖြစ်လိုက်သည်၊ အမျိုးသမီးတစ်သိုက်၏ အသက်ရှူသံပြင်းပြင်းမှတစ်ပါး ငြိမ်တိတ်လျက်ရှိ၏၊ ဝန်ထမ်းအမျိုးသမီးနှစ်ယောက်က သူတို့အရာရှိမကို အားကိုးတကြီး မျှော်ကြည့်လျက်၊ ထောင်မှူးမကမူ သူနှင့် သူ့တပည့်ငပိန်တို့၏ ခြေအလှုပ် လက်အလှုပ်ကို စေ့စေ့ကြည့်ရင်း အကြံယူနေပုံရ၏၊ ငြိမ်နေသည်၊ ထိုအချိန်တွင် ...၊

"ပုံစံ ..."

မိန်းဂျေး(လ်) ဘုတ်ကိုင် ပလောင်(ခ)ထွန်းနေ၏ သံရှည်ဆွဲ၍ အော်လိုက်သည့် ပုံစံပေးသံစုနစ်သံရှည်ကြီးကို ကြားလိုက်ကြရသည်၊ "ထောင်ပိုင်လေး ဝင်လာပြီနဲ့တူရဲ့" တဒိတ်ဒိတ် ရင်ခုန်သံ မြန်လာပြန်လေပြီ၊

"ကိုင်းဟေ့ - ငပိန် - တစ်ချီတစ်မောင်းကြံလိုက်ကြစို့ရဲ့"

"ဟုတ်"

* * *

"ဒေါင် - ဒေါင် - ဒေါင်"

"ဒေါင်"

"ဒေါင် - ဒေါင် - ဒေါင်"



www.burmeseclassic.com

www.burmeseclassic.com

"တွီ - တွီ - တွီ"

"တွီ"

"တွီ"

"တွီ - တွီ - တွီ"

ထောင်လှန့်သံချောင်းမှသံ၊ ထောင်လှန့်ခရာသံဖြင့် တစ်ထောင်လုံး ပြောင်းဆန်သွားတော့၏။

ဂါတ်မကြီးပေါ်မှလည်းကောင်း၊ ထောင်တံတိုင်းကြီးပတ်ပတ်လည်ရှိ လုံခြုံရေးမျှော်စင်ဘူးကလေးများမှလည်းကောင်း၊ ထောင်လှန့်သံချောင်း ခေါက်သံများ အဆက်မပြတ် သောင်းသောင်းညံနေသည်၊ ထို့အတူပင် ထောင်ဝန်ထမ်းတိုင်းအား ထုတ်ပေးထားသည့် ထောင်လှန့်ဝီစီ(လ်)မှုတ်သံများကလည်း ပုစဉ်းရင်ကွဲကောင်များ တစ်ခဲနက်စုပြုံအော်မြည်နေသည့် အလား ပွက်လောရိုက်နေ၏။

များတူအုံကို တုတ်ဖြင့်ထိုးထားသည်သို့ပြေးကြလွှားကြ ဝင်ဟထွက်ဟ တွေဖြင့် ရုန်းရင်းဆန်ခတ် အုန်းအုန်းထနေခြင်းဖြစ်သည်၊

အရေးပေါ်အခြေအနေဖြစ်၍ အိပ်ဆောင်များ၏ အပြင်ရောက်နေကြ သော အကျဉ်းသား၊ အချုပ်သားများကိုနီးရာလွတ်ရာအိပ်ဆောင်များအတွင်း ထွဲသွင်းရ၏၊ လူပေါင်းရေတွက် စစ်ဆေးရ၏၊ သူ့ဘုတ်နှင့် သူ့အလုပ်ဆိုင်း အလိုက် လူစုံ,မစုံ မေးရမြန်းရ၊ ရှာရဖွေရ၊

လူစုံသည့်အိပ်ဆောင်များ၊ တိုက်ခန်းများအား သော့ခတ်ပိတ်လျက် အိပ်ဆောင်အလိုက် တိုက်ခန်းအလိုက် တန်းစီ၍ ပုံစံထိုင်ထားကြရသည်၊ အိပ်ဆောင်၊တိုက်ခန်းတာဝန်ကျဝန်ထမ်းများမှလွဲ၍အခြားလုံခြုံရေးဝန်ထမ်း များက ပြဿနာပေါ်ရာ မိန်းဂျေး(လ်)ဝင်းအတွင်း ဒရောသောပါး ပြေးချလာ ကြ၏၊ "ဘာဖြစ်ပြန်ပါလိမ့်မလဲ၊ ရိုက်မှုပဲ ဖြစ်ကြပြန်သလား၊ ဗိုကြီးထဲမှာပဲ မတော်တဆမှုဖြစ်သလား၊ ဒီလိုရုံးပိတ်ရက်ကြီးအိပ်ထောင်တွေပိတ်ထားလို့ တျိုးနဲ့ ဖုတ်ဖုတ်ဖြစ်နေတဲ့နေ့ကျခါမှပဲ ဘာဖြစ်ကြပြန်တာလဲ"၊ သို့လော သို့



လော အတွေးများလွှယ်လျက် ရင်တုန်ပန်းတုန် ဂမူးရှူးထိုး ပြေးခဲ့ကြရခြင်း ဖြစ်သည်၊

ထို့အတူပင် တာဝန်နားသဖြင့် အိမ်ထောင်သည်လိုင်းအတွင်း ရှိနေကြ သော အရာရှိဝန်ထမ်း အုသေး၊ အုမ္ဘားမကျန် ဖားတစ်ပိုင်း၊ ငါးတစ်ပိုင်း ယူနီ ဖောင်း၊ စွဲမိစွဲရာ တုတ်တစ်ခုခုကိုယ်စီဖြင့် ထောင်ဘူးဝဆီ သုတ်ထက်ငါဦး ပြေး နေကြ၏၊

ဝန်ထမ်းလေ့ကျင့်ရေး သင်တန်းကျောင်းဝင်းအတွင်း၌လည်း အခြေခံ သင်တန်းတက်နေကြသည့် တပ်သားများ၊ အကြပ်ငယ်သင်တန်း တက်နေ ကြသည့် သင်တန်းသားများသည် ရန်သူအနံ့ရသည့် ပျားတူများပမာ တဝီဝီ တရုန်းရုန်း စုဝေးနေကြပြီ၊ မကြာမီ တုတ်များ၊ ဒိုင်းများ ကိုင်ဆောင်လျက် တပ်စုအလိုက်၊ တပ်ခွဲအလိုက် ထောင်အတွင်းသို့ ဝင်လာကြတော့မည်၊

လူတိုင်းလူတိုင်း "ဘာဖြစ်သလဲ - ဘာဖြစ်သလဲ" တွေနှင့် တစ်ကြောင့် ကျကျ မျက်ကလူးဆန်ပျာ စိတ်မောနေကြရသည်၊

ပြဿနာဖြစ်သည့်မိန်းဂျေး(လ်)ဝင်းအတွင်း၌မှု ထောင်ပိုင်ကြီး၊ ထောင် ပိုင်လေးနှင့် ထောင်မှူးကြီးများ လူစုံတက်စုံ ယူနီဖောင်းအပြည့်နှင့် တစ်စု တစ်ဝေးကြီး ခေါင်းချင်းဆိုင်နေကြ၏၊ မျက်စိမျက်နှာ သိပ်မကောင်းလှ၊ သူတို့ မျက်နှာပေါ်၌ စိုးရိမ်ပူပန်မှုနှင့် ဒေါသအရိပ်အရောင်များ ထင်းထင်းကြီး ပေါ်နေလေသည်၊

"နေစမ်းပါဦး - ထောင်ပိုင်လေးရယ်၊ ခင်ဗျားမိန်းမထောင်က ကောင်မ တွေက ဘယ့်နှယ် - ကျူးကျူးကျော်ကျော် ယောကျ်ားတွေချည်းနေတဲ့ ထောင်မကြီးထဲက ထောက်(၃)ရုံးခန်းအထိ ရောက်နေကြရတာလဲ၊ တယ် အနေအထိုင်မတတ်ကြတာပဲဗျာ၊ စည်းကမ်းမှ မရှိကြတာပဲ၊ ခက်လိုက်ဝ လေကွာ - ဖူး"

"ဘူးတံခါးကြီးထဲကို မနက်ဖြန် ရဲဘက်ထွက်မယ့် အကျဉ်းသူတွေ အတွက်ပုံစံအကျီလုံချည်နဲ့ တနင်္ဂနွေတစ်ပတ်စာ ဆပ်ပြာလာထုတ်ကြတာ



www.burmeseclassic.com

www.burmeseclassic.com

တဲ့ - ထောင်ပိုင်ကြီး၊ ရုံးပိတ်ရက်ဖြစ်နေလေတော့ တံခါးထဲမှာ နိုင်းစရာ စေစရာ လူလည်း မရှိတာနဲ့ မြန်မြန်ဆန်ဆန်ပြီးအောင် မိန်းဂျေး(လ်)ဝင်းထဲက ထောက်(၃)ရုံးခန်းကို သွားပြီးစစ်ကြတာတဲ့ ခင်ဗျာ"

"ခြေရှည်တတ်ရန်ကောဗျာ၊ အဲဒီအလုပ်က အဲဒီလောက် အရေးကြီးတဲ့အလုပ်မို့လို့လား၊ ဘယ်အချိန်လုပ်လုပ် ဖြစ်နေတဲ့ဟာကို ဒီမိန်းမတွေကိုက ကဲလွန်းပါတယ်"

မည်သူမျှအတွန့်မတက်ရဲကြ၊ "ရေမှာငါးရှေး၊ ကုန်းမှာမြွေပွေး၊ ထောင်မှာစိန်ဌေး" ဟူသည့် နာမည်တစ်လုံးနှင့် စည်းကမ်းကြီးသလောက် "တော်" သော၊ "ကျော်" သော ထောင်ပိုင်ကြီးမို့ ဆင်ခြေလည်း မကာနိရဲ၊ ဆင်လက်လည်း မပေးရဲ၊

သို့တိုင် ထောင်ပိုင်ကြီးအလစ်၌ ရုတ်တရက်သားဖြင့် ရှူးခနဲ ဖိုင်းခနဲ ဒေါသကြီးသလောက် သဘောဖြူအူစင်းလှသည့် ထောင်ပိုင်လေး ဦးသန်းရွှေနှင့် ပျော်ပျော်နေ သေခဲဝါဒသမားဦးစီးထောင်မှူးကြီး ဆရာအောင်တို့ကို နှဲ့ဆိုးဆိုးရင်း သည်လိုပဲ ထောင်ဘူးတံခါးကြီးရှေ့ကပ်လျက် မိန်းဂျေး(လ်)ဝင်းထဲရှိ ထမင်းချက်ဖိုကြီး၊ တရားရေး - ၂(ထောင်ကျရုံး)၊ ရိက္ခာရုံးနှင့် ထောက် - ၃(အဝတ်တိုက်)များသို့ ဥဒဟို ဝင်ထွက်နေဖြစ်ခဲ့ကြသည်ကို ထောင်ပိုင်ကြီးမသိ၊

"ကိုင်း - အခု - ရုံးခန်းအထဲမှာ ပိတ်မိပြီး ဓားစာခံ အဖမ်းခံထားကြရတာက ထောင်မှူးနန္ဒာသန်းရယ်၊ တပ်ကြပ်မခင်စိန်ရယ်၊ စက်ချုပ်နည်းပြကြည်ကြည်ဆွေရယ် - သုံးယောက်ပေါ့ - ဟုတ်လား"

"ဟုတ်ကဲ့ - ထောင်ပိုင်ကြီး"

"အထဲက ကောင်တွေကရော ..."

"ဈေးတိုက်ထောင်မှူး ဦးလှိုင်ထွန်းရဲ့ရုံးအတူ ဗိုလ်ကြီးဟောင်း မျိုးမြင့်နဲ့ ဒုတပ်ကြပ်ဟောင်း သိန်းဝင်းတို့နှစ်ယောက်ပါ - ထောင်ပိုင်ကြီး၊ မျိုးမြင့်က တမအနဲ့ (၁၀)နှစ်ကျပြီး သိန်းဝင်းက ထောင်(၅)နှစ်ကျခဲ့ကြတာ၊ ထောင်နေသားက (၁)နှစ် မပြည့်ကြသေးပါဘူး"

"အေး - ကောင်းကွာ၊ ရုံးခန်းတွေမှာ အကျဉ်းသား၊ အချုပ်သားတွေ ခေါ်မခိုင်းကြပါနဲ့၊ စာရေးတွေ၊ ဝန်ထမ်းတွေကိုပဲ တတ်အောင်သင်ပြီး ခိုင်းကြပါဆိုတာ လျှာမီးတောက်မတတ် ပြောနေပေမယ့်လည်း ဂရုမစိုက်ကြဘူး၊ ပုံတော်သလို၊ အဆင်ပြေသလို လုပ်နေကြတာပဲ၊ ကဲ - အခုတော့ ဘာတတ်နိုင်ကြသေးတုံး၊ ကိုယ်မွေးတဲ့မျောက်က ကိုယ့်ပြန်ဖြဲခြောက်နေပြီ မှတ်လား၊ လူကြားလို့တောင် မကောင်းပါဘူးကွာ - ရှီးတဲ့မှ"

တွေးရင်းတွေးရင်း ဒေါသူပုန်ထလာပုံရ၏၊ မြူနုထောင်ပိုင်ကြီး မျက်နှာတစ်ပြင်လုံး ရဲပတောင်းခတ်နေသည်၊ မျက်ဝန်းများ၌ မီးလျှံမုန်တိုင်း၊

"ဒီကောင်တွေက ဘာလုပ်ချင်ကြတာတဲ့တုံး"

"မသိသေးဘူး ခင်ဗျ"

"ဟာ - ခင်ဗျားတို့ တယ်ရှော်တာပဲ၊ ဘာကိစ္စဖြစ်ဖြစ် ပြဿနာဖြစ်ပြီဆိုတာနဲ့ (Know Your Enermies) ကိုယ့်ကို ရန်ရှာမယ့်သူက ဘာလုပ်မယ်၊ ဘာတွေစီစဉ်ထားတယ်ဆိုတာ ချက်ခနဲ ချက်ခနဲ သိရအောင် လေ့ကျင့်ပြင်ဆင်ထားကြပါဆိုတာ သတိပေးရတာလည်း ခဏခဏ၊ တယ်ခက်ကြတာကိုး၊ နေဦး - အဲဒီနှစ်ယောက်စလုံး "ဝဂ်" မှုဒိမ်းကောင်တွေတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူး - ထောင်ပိုင်ကြီး၊ တမအနဲ့ ကျလာတဲ့ ဝတီတွေတဲ့၊ လူတွေကတော့ ရိုးပုံရိုးလက်တွေပါပဲ၊ အခုမှ ဘာထဖြစ်ကြပြန်သလဲမသိဘူး"

"လူဆိုးလူမိုက် လူ့အယုတ်တမာတွေမှာ ချိုပေါက်နေကြလို့လား၊ ခင်ဗျားတို့ဥစ္စာ မဟုတ်သေးပါဘူး၊ အဲဒီနှစ်ယောက်အကြောင်း ဂဃနဏ သိတဲ့သူ ဘယ်သူရှိတုံး"

"ဦးလှိုင်ထွန်း ရှိပါတယ် ခင်ဗျာ"

"ခေါ် - ခေါ်၊ ပြီးတော့ - သူတို့နှစ်ယောက်နဲ့ ပတ်သက်မှုအပြင်မှပေးဝရမ်းတွေ၊ အကျဉ်းသားအတ္ထုပ္ပတ္တိမှတ်တမ်းတွေ၊ အိပ်ဆောင်မှတ်တမ်းတွေ၊

www.burmeseclassic.com

လေဘာချတဲ့မှတ်တမ်းတွေ ယူလာခဲ့။ ရန်သူ့အကြောင်းကို မသိဘဲ ဘယ့်နယ်လုပ် သူနဲ့ရင်ဆိုင်ဖို့ နည်းလမ်းရှိပါ့မလဲ"

"ဟုတ် ..."

ထောင်ကျရုံး ထောင်မှူး ဦးအောင်သန်း (ကုလားကြီး)ခမျာ သူ့ခန္ဓာကိုယ် ထောင်ထောင်မောင်းမောင်း၊ ဝဝလုံးလုံးကြီးနှင့်မျှ မလိုက်ဖက်လောက်အောင် လိမ့်လိမ့်၊ လိမ့်လိမ့်နှင့် အပြေးတစ်ပိုင်း ထွက်သွားရှာသည်။

"ထောင်ပိုင်လေး ..."

"ခင်ဗျာ ..."

"ခင်ဗျားနဲ့ ထောင်မှူးကြီးနဲ့ သွားကြဗျာ၊ ဒီကောင်တွေ ဘာလုပ်ချင်ကြတာတဲ့လဲ၊ ဘာကြံနေကြတာတဲ့လဲ၊ သွားပြီး ပြောကြည့်ဆိုကြည့် မေးစမ်းကြည့်ကြစမ်း"

"သူတို့က ထောင်ပိုင်ကြီးနဲ့ပဲ စကားပြောချင်တယ်၊ ထောင်ပိုင်ကြီးကို ခေါ်ပေးလို့ပဲ တံခါးပိတ်ပြီး ကုန်းအော်နေကြတယ် ခင်ဗျာ"

"ခက်ပါလား - ကျုပ်လူရာ၊ အပြီးသတ် ဆုံးဖြတ်ချက်ချပေးရမယ့် ကျုပ်က သင်းတို့နဲ့ ထိပ်တိုက်ကြီးသွားတွေ့မှဖြင့် အလျှော့အတင်းလုပ်လို့ ဘယ်မှာရနိုင်ပါတော့မလဲ။ ကြားခံအဆင့်ဆင့် ထားဦးမှပေါ့။ သွားမှာသာ သွားစမ်းပါ။ အထဲထဲမှာ အမျိုးသမီးတွေချည်း အဖမ်းခံထားရတာ၊ ဘာတွေဖြစ်နေကြသလဲမသိဘူး၊ တံခါးတစ်ချပ်ပဲ လုပ်ဦးတော့၊ ကျုပ်တို့ဆရာမတွေရဲ့ အခြေအနေကိုမျက်မြင်မသိရပေဘူးလား။ကြိုးနဲ့တုပ်ပြီးပဲဖမ်းထားသလား၊ ဒီအတိုင်းတိုင်း လက်လွတ်ခြေလွတ်ပဲ ထိုင်နိုင်းထားသလား သိကြရတာပေါ့"

"ဟုတ်ကဲ့ - ဟုတ်ကဲ့"

ထောင်ပိုင်လေး၊ ထောင်မှူးကြီးနှင့်တာဝန်မှူး ထောင်မှူးဦးမောင်မောင်သုံးယောက်သား မိန်းရေး(လ်)ရုံးနှင့် ခြေလှမ်း(၅၀)သာသာမျှဝေးသည့် ထောက် - ၃(အဝတ်တိုက်)ဆီသို့ ခပ်သုတ်သုတ် လှမ်းသွားကြ၏။

ထောင်ပိုင်ကြီး တွေးပူနေမိသည့် အကြောင်းတစ်ခု ရှိသည်။

ယောကျ်ားဘသား ထောင်ကျသားတွေဆိုသည်က ကျားကျိုးနှင့် နွားသိုးတွေနယ်ဖြစ်၏၊ ကျားကျိုးဆိုသည်ကလည်း ပုပုရွရွ ဘာကောင်မျိုးမဆို ဗိုက်ပြည့်ပြီးရော အကုန်ဖမ်း၊ ရမိရာ ဝါးတတ်စားတတ်စမြဲ၊ နွားသိုးများကလည်း ချိုကလေး တသသနှင့် တွေ့သမျှမြင်သမျှ ဖိုမိုအိုအို၊ ချိုကျိုးနားရွက်ပဲ့မရွေး ဟိုသင်းပြုဖို့ပဲ အားသန်နေတတ်သည်။

မ,နှင့်ဝေးနေသည့်ထောင်ကျသားများကကော ...။ လူ့သဘာဝ၊ မွေတာသဘော ကာမဆန္ဒ ရမ္မက်ဇောများ အလျှံတညီးညီး လောင်မြိုက်နေလျက် ကျားကျားချင်းလည်း နသားပါရ အိုးစားအမှု ပြုတတ်ကြသေးလေရာ တကယ့်တကယ် မ.စစ်စစ်သာဆိုခဲ့လျှင် ...။

"ကျွန်တော် ရောက်ပါပြီ - ထောင်ပိုင်ကြီး"

"အေး - လာ - ကိုလှိုင်ထွန်း၊ ခင်ဗျားယုံကြည်လို့ စောင့်ရှောက်ထားတဲ့ အကောင်နှစ်ကောင်က ပြဿနာကို မီးခွက်ထွန်းပြီး ရှာနေကြတယ်ဗျ၊ ကြားပြီပလား"

"ဟုတ်ကဲ့ - ကြားပြီးပါပြီ - ထောင်ပိုင်ကြီး"

"ကဲ - အဲဒါ ဘယ်လိုထင်တုံး၊ ခင်ဗျားရဲ့အထင်အမြင်ကို ပြောကြည့်စမ်း"

"အင်း - လူတွေကတော့ နှစ်ယောက်စလုံး လူကောင်းတွေချည်းပါ ထောင်ပိုင်ကြီး၊ မဟုတ်တရုတ် ယုတ်ယုတ်ကန်းကန်းတွေတော့ လုပ်ကြမယ့် လူမျိုးတွေ မဟုတ်ပါဘူး။ အဲ - ပြီးတော့ - ဒီကိစ္စက ကျွန်တော်တို့ထောင်နဲ့ ဆိုင်တဲ့ပြဿနာတော့ မဟုတ်လောက်ဘူး ထင်ပါတယ်"

"ဟေ - ဘယ့်နယ်"

"ဟုတ်တယ် ခင်ဗျ၊ ဟိုတစ်နေ့ဆီက သူတို့အချင်းချင်း ပြောနေဆိုနေကြတဲ့အသံကို ကြားမိတာကတော့ သူတို့ပြဿနာကို ဂျိုဝမ်းကြီးနဲ့ တွေ့မှပဲ ဖြစ်တော့မယ်၊ တစ်ခုခုကြံမှပဲ - တဲ့"

"ဘယ်နယ် - ဗျာ"

www.burmeseclassic.com

"သူတို့ထောင်ကျလာတဲ့အမှုနဲ့ပတ်သက်ပြီး အသနားခံစာ တက်ထားတဲ့ကိစ္စကို ပြောချင်ကြတဲ့ပုံပါပဲ။ သူတို့အပြောအရတော့ သူတို့က ဘာမျှမဆိုင်ဘဲနဲ့ ထောင်ကျလာခဲ့ရတာတဲ့ - ခင်ဗျ"

"ဒီလိုပဲ ပြောကြတာပဲလေ။ ထောင်ထဲ ဒုတ်ဒုတ်ထိ ရောက်ခဲ့ကြပြီးတဲ့အထိ ဘယ်သူကောင်းသား၊ ဘယ်အမျိုးကောင်းသမီးက ကျွန်တော်ကျွန်မတို့မှားမိမိုက်မိပါတယ်ရယ်လို့အာမဘာ္ဘလုပ်ကြလို့တုန်း။ သူတို့အကောင်း၊ သူတို့အမှန်ချည်းပဲ ပြောတတ်ကြတာမဟုတ်လား"

ဦးလှိုင်ထွန်း အထွန့်မတက်ရဲ။ ထောင်ပိုင်ကြီးစကားက သွေးထွက်အောင် မှန်နေ၏။ သည်ထောင်ကြီးထဲ၌ ကိုယ့်ကိုယ်ကိုယ် မှားမိချည်ရဲ့ဟု သတိသံဝေဂရသူ တစ်ဦးတလေ မှုး၍မျှ ရှူစရာ မမြင်၊ မှန်မှန်ကြီးနှင့် ခံခဲ့ရသူတွေချည်း - တဲ့။

"ကဲ - ခင်ဗျားကလည်း ထောင်ပိုင်လေးတို့နောက်ကို လိုက်သွား၊ ခင်ဗျားကောင်တွေကို ခင်ဗျားကိုယ်တိုင်ပဲ နားချချည်တော့၊ ကျုပ်အရာရှိနဲ့ ဝန်ထမ်းမတွေကိုတော့ လက်ဖျားနဲ့ မတို့မိစေနဲ့လို့ ပြော၊ ရေစိမ်းတစ်ပေါက်စဉ်ခဲ့ရင်တောင် ကျုပ်က ခွင့်မလွှတ်ဘူးလို့ - ဟုတ်လား"

"ဟုတ် - ဆရာကြီး"

"ဒုန်း"

"ဒုန်း - ဒုန်း - ဒုန်း"

"ဒုန်း - ဒုန်း"

"ဟော့ - တံခါးဖွင့်စမ်းဟော့"

"အထဲကကောင်တွေ - ကြားရဲ့လားဟေ့၊ တံခါးဖွင့်ကြစမ်း၊ ဒီမှာထောင်ပိုင်လေးနဲ့ ထောင်မှူးကြီးလာတယ်၊ ပိတ်ထားတဲ့တံခါးတွေကို ဖွင့်လိုက်ကြစမ်း"



"ဒုန်း - ဒုန်း"

"ဒုန်း"

ပိတ်ထားသည့် တံခါးချပ်များအား တဝုန်းဝုန်း ထုနက်နေသံများက အဆက်မပြတ်၊ တံခါးရွက်များထက် သူတို့ရင်အစုံကို ဖိဖိစီးစီး ထုနက်နေသည်သို့ ဖြစ်၏။

ရောက်လာကြပြီ - ရောက်လာကြပြီ၊ သည်အချိန်မျိုး၊ သည်အခြေအနေမျိုးကို ရရှိရန်အတွက်ပင် သူတို့ မြွေမကြောက်၊ ကင်းမကြောက် ဖွတ်တရွတ်ဝင်တိုးခဲ့ကြခြင်းဖြစ်သည်။ ကဲ - ယခုဖြင့် သူတို့ ကြံရွယ်ထားသည့်အတိုင်း တကယ့်အချိန်ကောင်းက ရုတ်ခြည်းရောက်လာခဲ့ပြီ။

ခပ်မှောင်မှောင် ဝေရီဝေဝါး အခန်းတွင်း အခြေအနေကို သိမ်းကြုံး၍ အကြည့်ဝေ့လိုက်သည်။

ကျားခင်စိန်ဆိုသည့် ဒေါင်းတည်မောင်းတည် တပ်ကြပ်အမျိုးသမီးနှင့် ပက်လက်ကုလားထိုင်ပေါ်က ဖက်တီးမတို့ကား ပုတ်ခတ်ပုတ်ခတ် မျက်စိမျက်ဆံများမှလွဲ၍ ရွေ့ရွေ့မျှမလှုပ်ကြ၊ အသက်ရှူသံပြင်းပြင်းများပင် အတန်ငြိမ်သွားခဲ့ကြပြီ၊ ကုတ္တိယကာယိန္ဒြေကို တို့ဖို့ထိဖို့ အခြေအနေမရှိဟု စိတ်ချလက်ချ ရှိလိုက်ကြဟန်တူသည်။

သူ့ကျားရဲမမရွှေချောကသာလျှင် မျက်ဝန်းလက်လက်တောက်တောက်များဖြင့် သူတို့ကို ဝံ့ဝံ့စားစား အာခံကြည့်ကြည့်နေဆဲ၊ ဝင်သက်ထွက်သက်ပြင်းရှရှများနှင့်အတူ လှိုင်းအိတွေ ခုန်သလို ဖုတ်လှိုက်ဖုတ်လှိုက် ခုန်နေ သည့် သူမ၏ အလှရပ်ဝန်းများက သူ့အာရုံများကို အားကောင်းကောင်းသံလိုက်တစ်တုံးလို ညှို့ငင်ဖမ်းစားလျက်၊ လတ်တလော သေရေးရှင်ရေးသာ မကြုံနေရလျှင် သူသည် ခြောက်သွေ့မှုလောင်လျက်ရှိသော သူ့လည်ချောင်းတစ်လျှောက် တံတွေးကိုသာလျှင် တဂွပ်ဂွပ် မြိုချနေမိတော့၏၊ "ဟင်း - လှလည်းလှနိုင်လွန်းတဲ့မိန်းမ"၊

"ရှူး - ရွှတ် - ရွှတ်"



www.burmeseclassic.com

www.burmeseclassic.com

ငပိန်ထံမှအသံ၊ မြွေဆိုးတစ်ကောင် လျှောတိုက်လာနေသလို လေသံကလေးမျှဖြင့် သူ့အသိ သတိများကို ပုတ်နှိုးသည်၊ အပြင်မှ တံခါးပုတ်သံ တဝုန်းဝုန်းကား သောသောညံနေဆဲ၊

သူ့ရောင်းရင်းရဲဘော်ငပိန်၏ "ဘာဆက်လုပ်ကြမလဲ" မေးနေဟန်မျက်ဝန်းများကို သူ ဆိုင်ကြည့်လိုက်၏၊ ငပိန်၏ မျက်ဝန်းရိပ်၌ ကြောက်စိတ်၏ အရောင်အသွေးများ စွန်းထင်းနေပြီလား၊ မှောင်ရိပ်ရိုးဝါးအတွင်း၌စူးစူးလက်လက်မျက်ဝန်းကလေးများမှလွဲ၍ ဘာကိုမျှမမြင်ရ၊

"ကောင်းပြီ – ရင်ဆိုင်ကြည့်လိုက်ကြတာပေါ့၊ ဒီအခြေထိ ရောက်နေမှပဲ"၊ သူ့ဘာသာသူ မဲတင်းလျက် သူ့စားစာခံ သားကောင်များဆီသို့ အာရုံပြောင်းလိုက်ရသည်၊

"ကဲ – ဆရာမတို့၊ ကျုပ် ပြောထားပြီးပြီနော်၊ ကျုပ်တို့က သေမထူးနေမထူးတွေရယ်၊ ဘယ်လိုလှုပ်လှုပ်ရှားရှားမျိုးမှ မလုပ်မိကြပါစေနဲ့၊ ဘာသံမှ မထွက်ကြပါနဲ့၊ ကိုယ်နဲ့ ဘာမျှမဆိုင်သလိုပဲ နေကြပါ၊ ကျုပ်တို့အလုပ်ကို ကျုပ်တို့သိတယ်၊ ဘယ်အချိန်မှာ ဘယ်လိုလက်စသိမ်းရမယ်ဆိုတာလည်း အတိအကျ အစီအစဉ်ရှိပြီးသား၊ အဲတော့ – ငြိမ်ငြိမ်ကလေးပဲ နေကြပါ၊ အထူးသဖြင့် – ဆရာမ၊ ဒီအခြေအနေမှာ ဆရာမ ဘာမျှမလုပ်နိုင်ဘူး၊ မကြိုးစားနိုင်ဘူးဆိုတာ မမေ့ပါနဲ့၊ ကျုပ်တို့ကို ကျေနပ်သည်ဖြစ်စေ၊ မကျေနပ်သည်ဖြစ်စေ ကိုယ့်စိတ်ထဲ ကိုယ်သိမ်းထားပြီး ဒီအတိုင်းပဲ ထိုင်နေကြပါ၊ ဘယ်လိုမျှ ညာက်မကစားချင်ပါနဲ့၊ အဲ – ပြီးတော့မှ – ကျုပ်တို့ရဲ့အဆိုးလို့ မဆိုနဲ့"

ဝင်းဝင်းလဲ့နေသည့် မျက်ဝန်းမီးတောက်များဖြင့် ခံတန်တန် ပေစောင်းစောင်း စူးစူးရဲရဲ ပြန်ကြည့်နေသော သည်အလှနတ်ဖုရားမ၏ ဖူးဖူးရွရွ နှုတ်ခမ်းတစ်စုံကို မွတ်မွတ်သိပ်သိပ် စုပ်ယူတွေးငုံထားလိုက်ချင်သည့် ရမ္မက်ရိုင်းတွေ အလိပ်လိုက် ထလာနေသည်၊ "သေတော့မှာပဲ – တကယ့်မိုးထဲလေထဲမှာများမှကွာ၊ ဝါ့နယ် – တကတဲ"၊ သူ့အဖြစ် သူကြိတ်၍ ကျိန်ဆဲရင်း သူတို့တိုက်ပွဲကို အရှိန်မြှင့်ဖို့ ဖွတ်ကြီး သံပတ်ကုန်တင်းလိုက်ရတော့၏၊



"ကဲဟေ့ – ငပိန်"

မြန်လိုက်သည်ဖြစ်ခြင်း၊ လှစ်ခနဲ တံခါးမကြီး၏ တံခါးရွက်တစ်ချပ် ပွင့်ဟသွားသည်နှင့်အတူ ရူးရူးဝါးဝါးကြီး ထိုးဝင်လာသည့် အလင်းလှိုင်းဖွေးဖွေးတို့ကြောင့် မျက်စိများ ပြာဝေကျိန်းစပ်သွားရသည်၊ ထိုတဒင်္ဂ၌ ထောင်မှူးမ မချောက တစ်စုံတစ်ရာကို ဖျတ်ခနဲ ကောက်ယူလိုက်သလို ထင်လိုက်မိသား၊ သိပ်တော့ဖြင့် မသေချာ၊ စိုးရိမ်စိတ်ဖြင့် ပြူးပြူးကြီး ဝေ့ဝဲကြည့်လိုက်မိသည့်တိုင် မရွှေစာက မတုန်မလှုပ် ကျောက်ရုပ်၊ "ဟုတ်လောက်မထင်ပါဘူးလေ" သူ့ဘာသာသူ အတွေးတွေ ယောက်ယက်ခတ်နေခြင်းပဲထင်ပါရဲ့

"ကိုင်း – ဘယ်လိုဖြစ်ကြတာလဲကွာ၊ မင်းတို့ ဘယ်လိုလုပ်လိုက်ကြတာလဲ"

ဟိုက် – သေရော၊ သူတို့၏ဆရာသမား ထောင်မှူးဦးလှိုင်ထွန်း၏အသံက သူတို့နှစ်ယောက်ရင်ဝကို ဒိုင်းခနဲ ဝင်မှန်သည်၊ ဆရာ့ကို မျက်နှာမပြဝံ့၊ သည်ထောင်ကြီးမဟာ၏ ဘူးဝကြီးထဲ မျက်စိသူငယ် နားသူငယ်ဖြင့် ရောက်လာခဲ့သည့်အချိန်မှ ယနေ့အထိ သည်ဆရာကပဲ သူတို့ကို ရင်အုပ်မကွာစောင့်ရှောက်ထားခဲ့သည်၊ နေရေးထိုင်ရေး စားရေးသောက်ရေး ပတ်မအုပ်စုံ ဘာတစ်ခုမျှ ပူပူပင်ပင် မကြောင့်ကြခဲ့ရ၊ သို့ဖြစ်ပါလျက် ...

"ကျွန်တော်တို့ကို ခွင့်လွှတ်ပါ – ဆရာ၊ ကျွန်တော်တို့မှာ ဒီနည်းကလွဲလို့ ရွေးစရာလမ်း မရှိတော့လို့ပါ"

"ခွေးလောက်မှ အသိမရှိတဲ့ကောင်တွေ – တောက်"

"ပြောပါ – ဆရာ၊ ကျွန်တော်တို့ကိုစွပြီးရင် ဆရာ သတ်မယ်ဆိုရင်တောင် မှပဲ လည်စင်းပေးပါမယ်၊ အခုတော့ ..."

ဆက်ပြောစရာ စကားမရှိ၊ ပြောလည်း မပြောချင်၊ ပြောလည်း မပြောတတ်တော့၊ နောက်ဆုတ်မရနိုင်တော့သည့် သူတို့၏ တဖောက်ကန်းလမ်းအဆုံး၌ အကျိုးနည်းရမည့်သူများတွင် သူတို့ဆရာက ရှေ့ဆုံးမှ ဘာန့်လန့်ကန့်လန့် ပါလာပေတော့မည်၊

www.burmeseclassic.com

www.burmeseclassic.com

"နေပါဦးကွ – မင်းတို့က ဘာလုပ်ချင်ကြတာလဲ။ မင်းတို့ရည်ရွယ်ချက်က ဘာလဲ။ ပြောကြစမ်းပါဦး"

ထောင်ပိုင်လေး၏အသံ၊ ကျားဟိန်းသလိုဟိန်းထွက်လာသည့်အာကာသံကြီးနှင့်အတူ သူ့မျက်နှာမည်းမည်းကြီးမှာ ဒေါသရောင်ဖြင့် ရဲရဲတောက်နေ၏။ "မဖြစ်ဘူး – မဖြစ်ဘူး။ ထောင်ပိုင်ကြီးနဲ့မှ မဟုတ်ခဲ့ရင် ပြောလိုက်လို့မဖြစ်သေးဘူး။ အဆင့်ဆင့် အချိန်ဆွဲနေခဲ့ကြရင် အချိန်ကြာလာတာနဲ့အမျှ ငါတို့ခံရဖို့ချည်းပဲ။ မဖြစ်ဘူး – မဖြစ်ဘူး"

ပြန်ပြောစရာစကားလုံးများကိုအပြေးအလွှားစဉ်းစားရင်း သူတို့အတွက် အရေးတကြီး လုပ်ရမည့်အလုပ် ရနိုင်ဦးမည့်အချိန်များကို ဖျစ်ညှစ်တွေးနေရသည်။ အချိန်သည်ပင်လျှင် သူတို့အတွက် အသက်မဟုတ်လား။

"ပြောကြလေကွာ။ အခု – မင်းတို့လုပ်နေကြတာဟာ ဧရာမရာဇဝတ်မှုကြီးထဲ ခုန်ဆင်းနေကြတာပဲဆိုတာရော သိကြရဲ့လား။ မိုးမီးလောင်မယ့် တကယ့်ပြစ်မှုကြီးကွ – နားလည်လား"

"ကဲ – ပြောပါဦး။ မင်းတို့ရည်ရွယ်ချက်က ဘာလဲ၊ ငါတို့ကို ဘာလုပ်ပေးစေချင်လို့လဲ"

ထောင်ပိုင်လေး၏ လေသံမာကြီးနောက်တွင် ချော့ချော့မော့မော့ လေသံပျော့ကလေးနှင့် ထောင်မှူးကြီး၏အသံက ကပ်ပါလာသည်။ "ဒါပဲ – ဒါပဲ ဒီလိုချော့လိုက်၊ ခြောက်လိုက်နဲ့ အချိန်ဆွဲထားမယ်၊ ပြီးရင် ..." တွေးရင်းတွေးရင်း ရင်ထဲမှာ မီးပုံကြီးပေါက်လာသည်။ "ကိုင်း – တည့်ဖိုက်တော့မပဲ"၊

"ကျွန်တော်တို့ – ထောင်ပိုင်ကြီးနဲ့ပဲ တိုက်ရိုက်စကားပြောချင်တယ်၊ ထောင်ပိုင်ကြီးရဲ့အသံကို မကြားရမချင်း တံခါးထပ်မဖွင့်ပေးတော့ဘူး အဲဒါပဲ"

ခပ်ဟဟပွင့်နေသည့်သစ်သားတံခါးရွက်ကိုဂျောင်းဂျောင်းမြည်အောင် ဆွဲပိတ်သွားကြပြန်၏။ မျိုးမြင့်၊ ငပိန်(ခ)သိန်းဝင်းတို့ကိုသာမက ဒေါ်နန္ဒာသန်းတို့ အမျိုးသမီးဝန်ထမ်းတစ်သိုက်ကိုလည်း မြင်ခွင့်မရကြတော့ပြန်၊

✿



"ကဲ – အဲဒါပဲ၊ အစစ အရာရာ စီမံထားတဲ့အတိုင်း ကွက်တိဝင်မှဖြစ်မှာနော်၊ တို့ – ဘာလုပ်တော့မလဲဆိုတာကို ဒီနစ်ကောင်ရိပ်မိလိုက်တာနဲ့ အထဲက အမျိုးသမီးသုံးယောက် ဒုက္ခရောက်ပြီသာ မှတ်လိုက်ပေတော့၊ ဒီမောင်တွေက အနုလောလောဆယ်မှာ ချွေးရှုးလိုပဲ၊ မည်းမည်းမြင်ရာကို အန္တရာယ်ပေးကြတော့မှာ၊ ဟိုဟိုဒီဒီ အရှည်ကြီး လျှောက်တွေးနေကြမှာမဟုတ်ဘူး"

"အထူးသဖြင့် – ခေါင်မိုးက ဖောက်ဝင်မယ့် ကျော်ဝေတို့အဖွဲ့က ပိုပြီးဂရုစိုက်၊ မင်းတို့အသံ မလုံလို့ ခေါင်မိုးပေါ်မှာ လှုပ်ရှားနေကြတာကိုသာ သိသွားခဲ့ရင် ပွဲပျက်ကရောပဲ၊ ဒီကောင်တွေ ဘာလုပ်မယ်မှန်း အတပ်မသိနိုင်တော့ အပ်နဲ့ ထွင်းရမယ့်နေရာမှာ ပုဆိန်နဲ့ ထွင်းရသလို ဖြစ်ကုန်လိမ့်မယ် – ကြားလား"

ပြော၍သာ ပြောလိုက်ရခြင်းဖြစ်သည်၊

သူနှင့် သူ့တပည့်ကျော်များသည် လက်စုပ်လက်ဝါး၊ စည်းညီအံကိုက်ရှိပြီးဖြစ်သည်၊ ၁၉၇၅ – ခုနှစ်၊ သည်ထောင်ကြီးသို့ တာဝန်ခံထောင်ပိုင်ကြီး (Suprintendent)အဖြစ် ပြောင်းရွှေ့ရောက်ရှိခဲ့သည့်နောက်ပိုင်း ဆယ်စုနှစ်တစ်စုသာသာအတွင်း သည်လက်ရင်းတပည့်များအားကိုးဖြင့် ထောင်တွင်းပြဿနာ အကျဉ်းအကြပ် အခက်အခဲ ကြီးငယ်များကို လက်ကျညီညီ ရှင်းခဲ့ရဖူးပြီ၊ တစ်ကြိမ် နှစ်ကြိမ်မဟုတ်၊ အကြိမ်ကြိမ် အခါခါ အလီလီ အလာလာ၊

ကျော်ဝေ၊ အောင်ကျော်ဦး၊ ပီတာလွင်၊ သံချောင်း၊ ဝင်းအောင်၊ တင်မောင်သန်း၊ ဌေးဌေး စသည့် လက်ရဲဇက်ရဲ လက်မြန်ခြေမြန် တပ်သားကျော်များဖြင့် တကယ့်အရေးအခင်းကြီးများကိုပင် ပွဲတိုးခဲ့ပြီးပြီ၊ သို့ဖြစ်၍ ထောင်ပိုင်ကြီးက သူ့တပည့်များကို သူ စိတ်ချသည်၊ ယုံသည်၊

"အဲ – ထောင်ပိုင်လေးက ညွှန်မှူးကြီးကို စိတ်မပူဖို့နဲ့၊ ညွှန်မှူးရုံးကနေပဲ ဒီကသတင်းကို စောင့်နေပေးဖို့ သတင်းပို့ချေဗျာ၊ ပြီးတော့ – ဂျိဝင်ကြီးဆီကိုလည်း ကြိုတင်သတင်းပို့ထားဖို့ တင်ပြလိုက်ပါ၊ ဒီကောင်နှစ်ကောင်ရဲ့ ရည်

www.burmeseclassic.com

ရှယ်ချက်က သူတို့ပြစ်မှုအတွက် ပြစ်ဒဏ်လျှော့ဖို့၊ ဒါမှမဟုတ် လွတ်ငြိမ်းခွင့်ပေးဖို့ကိစ္စကို ဂျိဝမ်းကြီးနဲ့ တိုက်ရိုက်တွေ့ပြီး ပြောနိုင်အောင် ကြံကြတဲ့ပုံပဲ။ အမျိုးသမီးသုံးယောက်ကို ဓားစာခံဖမ်းထားလိုက်တာကတော့ ကြံကြိုက်လို့ အရေးပေါ်ကောက်လုပ်လိုက်ကြတာသက်သက်ပဲ ဖြစ်ပါလိမ့်မယ်။ ထန်းသီးကြွေခိုက် ကျီးနင်းခိုက်သဘောပေါ့။ ဒီအမျိုးသမီးသုံးယောက်မှ မဟုတ်ခဲ့ရင်လည်း ထောင်ပိုင်လေးကိုဖြစ်ဖြစ်၊ ထောင်မှူးကြီးပဲဖြစ်ဖြစ် အရာရှိတစ်ယောက်ကို သူတို့ကြံကြဦးမှာပဲ။ သူတို့မှာ ပိုင်းဖြတ်ထားပြီးသား အကြံအစည်ရှိပုံရတယ်"

"အဲဒီတော့ - တကယ်တမ်း လုပ်ကြကိုင်ကြရပြီဆိုရင် တို့အမျိုးသမီးသုံးယောက်ကို ထိထိခိုက်ခိုက်မရှိဘဲ အန္တရာယ်ကင်းအောင် အရင်စဉ်းစားကြရမယ်။ အဲဒါ - အရေးအကြီးဆုံးပဲ"

"အကယ်၍များ - ခေါင်းမိုးပေါ်က ကျော်ဝေတို့အဖွဲ့ရဲ့အရိပ်အကဲကို ဒီနစ်ကောင် သတိထားမိလိုက်ပြီဆိုတာ သေချာတာနဲ့တစ်ပြိုင်နက် မင်းတို့လေးဦးအဖွဲ့က သံဘာဂျာတံခါးနားအထိ တိုးကပ်ပြီး တရစပ်ပစ်ပေတော့၊ အပေါ်က အဖွဲ့တွေ ခေါင်းမိုးကိုခွာပြီး အခန်းထဲ ခုန်ချဝင်လာနိုင်တဲ့အထိ မရပ်မနား ဆော်ပေတော့ - ကြားလား"

"အလုပ်ရုံမှူးဖြစ်တဲ့ဦးထန်ဒိုလန်းတို့အဖွဲ့က ဒီကောင်တွေအတွင်းကနေ သော့ခတ်ပိတ်ထားတဲ့ သော့ခလောက်ကို ဖွင့်နိုင်ဖို့လုပ်ပါ။ မြန်လေကောင်းလေပဲ၊ သံဖြတ်တဲ့ ဂတ်(စ်)မီးအိုးနဲ့ပဲဖြစ်ဖြစ် ဖြတ်ချ၊ လောလောဆယ် အထဲက အမျိုးသမီးတွေကို ကယ်ထုတ်နိုင်ဖို့က အဓိကပဲ၊ နောက်မှပြန်ပြင်ယူမယ် ဟုတ်ပြီနော်"

"ဟုတ်ကဲ့" ဟူသည့် သံပြိုင်ညီညီတုံ့ပြန်သံကို မကြားရ၊ တက်ကြွထက်သန်လွန်းသည့် မျက်ဝန်းများ၊ ရေဆုံးရေဖျား တက်ကုန်ရှက်ကုန်၊ လှွင့်ကြတော့မည်ဟု တုံးတုံးချ ပိုင်းဖြတ်ထားသည့် မျက်နှာနေများဖြင့် ပိတ်ပိတ်သားငြိမ်နေကြသည်။ မှန်တိုင်းမစမီ ခြောက်ကပ်ငြိမ်တိတ်နေသည့် ပင်လယ်မျက်နှာပြင်သဖွယ်ကြီးနှယ်။



"ကဲ - ဒီတော့ - ထပ်ပြောချင်တာက ဒီကိစ္စဟာ အောင်မြင်မှုဖြစ်မယ်။ သူတို့ရဲ့ကိုယ်ရေးကိုယ်တာ အရင်းခံအကြောင်းတရားတွေက မှန်မှန်မှားမှား တို့နဲ့မဆိုင်ဘူး၊ မပတ်သက်ဘူး။ တို့ထောင်ရဲ့အုပ်ချုပ်ရေးကို လက်ရဲ ဖက်ရဲ ထိပါးစော်ကားလာတဲ့ ဒီလိုလုပ်ရပ်မျိုးကို ဘယ်အဓိကရုဏ်းနှိမ်နင်းရေးတပ်၊ ဘယ်လိုတပ်ဖွဲ့မျိုးရဲ့ အကူအညီမှ မပါဘဲနဲ့ တို့ချည်းသက်သက် ချေမှုန်းနိုင်တယ်၊ ဖြေရှင်းနိုင်တယ်ဆိုတာကို လက်တွေ့ပြနိုင်ရမယ်"

"ဒါမှ - ကျန်တဲ့အကျဉ်းသား၊ အချုပ်သားတွေရဲ့စိတ်မှာ ထောင်ရဲ့အုပ်ချုပ်ရေးဆိုတာ မီးလိုပဲ၊ ကစားလို့မရဘူး။ ထိရင်ပူတယ်၊ ကိုင်ရင်လောင်တယ်ဆိုတာ သာဓကကောင်းတစ်ခု ဖြစ်သွားမယ် - ဟုတ်ပြီလား"

ထောင်ပိုင်ကြီးက သူ့စကားကို လက်စသတ်ရင်း သူ့လက်မှ နာရီဒိုင်ခွက်ကို ဖျတ်ခနဲငုံ့ကြည့်လိုက်သည်။ နေ့လယ်(၁)နာရီထိုးဖို့ (၅)မိနစ်အလို့ မကြာမီတွင် ...။

"ကျွန်တော်တို့ ဂျိဝမ်းကြီးနဲ့ တွေ့ချင်ပါတယ် - ထောင်ပိုင်ကြီး၊ ဂျိဝမ်းကြီးကို သတင်းပို့ပေးပါ။ ကျွန်တော်တို့အမှုနဲ့ပတ်သက်လို့ အသနားခံစာ တင်ထားတဲ့ကိစ္စကို ဂျိဝမ်းကြီးဆီ တိုက်ရိုက်ပြောပြစရာတွေ ရှိလို့ပါ"

သူ့အသံတွေ ခြောက်ကပ်အက်ကွဲ၍ တုန်ရီနေမှန်းဘာသာသိသည်။ သည်နှယ် - သေရေးရှင်ရေး အရေးပေါ်အခြေအနေမှာပင် မျက်ဝန်း၌ လေသံ၌ လှုပ်ရှားခတ်စတ် မရှိလှဘဲ ပကတိတည်ငြိမ်လွန်းနေသည့် ထောင်ပိုင်ကြီးကိုကြည့်ရင်း သူ့ရင်ထဲ စိမ့်ချင်လာသည်။

သူတို့၏တောင်းဆိုမှုကို လိုက်လျောသည့်အနေဖြင့် ထောင်ပိုင်ကြီး တစ်ဦးတည်းသာ သူတို့အတွင်းမှ သော့ခတ်ပိတ်ထားသည့် သံဘာဂျာတံခါး၏ရှေ့တွင် ထီးတည်းကြီး၊ မားမားကြီး ရပ်နေသည်။

www.burmeseclassic.com

"တဲ - မင်းတို့ပြောချင်တဲ့ကိစ္စတွေကို လိုရင်းတိုရှင်းအကျဉ်းချုံးပြီး ပြည့်စုံအောင်ပြော၊ ဘာကြောင့် - ဒီလိုမိုက်ရူးရဲအလုပ်မျိုး၊ အကြမ်းဖက်တဲ့လုပ်ရပ်မျိုးကို မိုက်မိုက်ကန်းကန်း လုပ်ရသလဲ"တဲ့၊ အေးစက်လွန်းသည့်တိုင် ခက်မာသောမေးခွန်းများကို ထိန်းချုပ်နိုင်ရန် အသင့်အနေအထားဖြင့် သူ့လက်ထဲမှ သံပိုက်လုံးကို ကျစ်ကျစ်ပါအောင်ကိုင်လျက် ကားရားကြီးရပ်နေသည်၊ အမျိုးသမီးများကို မျက်နှာမူလျက် သူမတို့၏လက်အလှုပ် ခြေအလှုပ်ကို မျက်တောင်မခတ်ဘဲ ကြည့်နေသည်ဆိုသည့်တိုင် သူနှင့် ထောင်ပိုင်ကြီးတို့၏ အခြေအတင် ပြောနေသံများကိုလည်း စူးစိုက်နားစွင့်ထားမှန်း သူသိသည်၊

သူကမူ အနည်းငယ် အမှောင်ရိပ်ကွယ်သည့် အခန်းထောင့်အတွင်း၌ ရပ်လျက် ကျားရဲမနှင့် တပ်ကြပ်ကျားခင်စိန်ကိုတစ်လှည့်၊ အခန်းအပြင်မှ ထောင်ပိုင်ကြီးကိုတစ်လှည့် မျက်စိကစားရင်း "အဆင်ပြေအောင် ဘယ်လိုပြောရမလဲ" စိတ်မောနေမိသည်၊

"ကျွန်တော်တို့ ဂျိဝမ်းကြီးနဲ့ပဲ တွေ့ပါရစေ - ထောင်ပိုင်ကြီး၊ ဂျိဝမ်းကြီးကို တင်ပြပေးပါ"

သည်စကားကိုပဲ ထပ်ပြောဖြစ်သည်၊

ဘာပဲဖြစ်ဖြစ်၊ စကားအမှားမဖြစ်အောင် သည်လိုလားချက်ကိုသာပဲ ဖွတ်တွန်း၍ ဖိပြောနေမှဖြစ်မည်၊ "ဒါကိုပဲ ထပ်တလဲလဲ ပြောရမယ်" သူ့ဘာသာသူ ရဲဆေးတင်နေမိ၊

"ငါပြောမယ်၊ မင်းလည်း အရာရှိလုပ်ခဲ့ဖူးတဲ့သူပဲကွာ - စဉ်းစားပေါ့၊ အကြပ်ကိုင်တယ်၊ အကြမ်းဖက်တယ်ဆိုတာ ဘာအဓိပ္ပာယ်မှမရှိတဲ့အလုပ်ပဲ၊ အထူးသဖြင့် - မိန်းမသားတွေကို ဓားစာခံဖမ်းပြီး အကြပ်ကိုင် တောင်းဆိုတယ်ဆိုတာမျိုးဟာ သိပ်အောက်တန်းကျတဲ့အလုပ်ကွ၊ ယောကျ်ားမဆန်ဘူး၊ မင်းသိလား-"



"ကျွန်တော်တို့မှာ ရွေးစရာလမ်းက ဒါပဲရှိတော့လို့ပါ - ထောင်ပိုင်ကြီး"

"ဒီလိုလုပ် - မင်းတို့ဖြစ်ချင်တာတွေကို စာနဲ့ရေးပြီးတော့ပေး၊ ငါကိုယ်တိုင် ဂျိဝမ်းကြီးဆီကို အကျိုးအကြောင်းပြောပြီး သွားတင်ပြပေးမယ်၊ လောလောဆယ်တော့ မင်းတို့ဖမ်းထားတဲ့ ငါ့အရာရှိနဲ့ ဝန်ထမ်းမိန်းကလေးတွေကို ချက်ချင်းပြန်လွှတ်ပေးပေါ့"

"ဟာ - ဒါတော့ မဖြစ်ဘူး - မဖြစ်နိုင်ဘူး - ထောင်ပိုင်ကြီး၊ အဲဒါဆိုရင် ဂျိဝမ်းကြီးက ဒီကို ဘယ်လာတော့မလဲ၊ ကျွန်တော်တို့က ဂျိဝမ်းကြီးနဲ့ တွေ့ရမှဖြစ်မှာ၊ အဲဒါက ကျွန်တော်တို့ရဲ့ သေရေးရှင်ရေးပဲ၊ ဂျိဝမ်းကြီးနဲ့ မတွေ့ရဘဲနဲ့တော့ ဒီဆရာမတွေကို ဘယ်လိုမှ လွှတ်မပေးနိုင်ဘူး၊ ဘာတွေပဲဖြစ်ဖြစ်"

"အဲဒါဆိုရင်တော့ - မင်းတို့ အကြောင်းဆိုးကြလိမ့်မယ်၊ အခု - မင်းတို့ လုပ်နေကြတဲ့ အကြမ်းဖက်လုပ်ရပ်ဟာ အရှိန်ကြာလာလေ၊ ပြဿနာကြီး အပြစ်ကြီးလာလေပဲ၊ ဘယ်သူကမျှ လက်သင့်ခံတဲ့အလုပ်မျိုး မဟုတ်ဘူး၊ အမျိုးသမီးတွေကို အရင်ပြန်လွှတ်လိုက်ပါကွာ၊ မင်းတို့ကို အပြစ်မယူဖို့ ငါ တာဝန်ယူပါတယ်"

"မဖြစ်ဘူး - ထောင်ပိုင်ကြီး၊ မလွှတ်ပေးနိုင်ဘူး"

သည်ဝန်ထမ်းအမျိုးသမီးများကို လက်လွှတ်ခဲ့ရလျှင် သူတို့၏ဘဝတွေလည်း သည်တွင် လမ်းဆုံးသွားပြီမှန်း သူသိသည်၊ သေချာသည်၊ ပြင်းထန်သော နှိပ်ကွပ်မှုတွေ၊ အရေးယူမှုတွေ၊ နောက်ဆက်တွဲ တရားစွဲဆို အပြစ်ပေးမှုတွေတစ်သီကြီးလာတော့မည်၊ "ဆုပ်မိမလွှတ်စေနဲ့၊ နောက်ဆုံးအချိန်ထိ တောင့်ခံထားစမ်း၊ ဘာဖြစ်မယ်ဆိုတာ မရေရာသေးဘဲနဲ့ လုံးဝအလျှော့မပေးလိုက်နဲ့" စိတ်အတွင်းပိုင်းဆီမှလှိုက်တက်လာသည့်အော်သံများပဲ့တင်ထပ်နေ၏၊ "ရှေ့တိုးထမ်းပိုး၊ နောက်ဆုတ်လှည်းတုပ်"အခြေအနေတွင် ဘာပဲဖြစ်ဖြစ် မျက်စိမှိတ်၍ ဖွတ်တိုးရတော့မည်၊

"မလုပ်နဲ့ - ဆရာမ - မလုပ်နဲ့နော်၊ ကျွန်တော် - ကျွန်တော် ဘာကယ်ရိုက်မှာနော် - မလုပ်နဲ့"

www.burmeseclassic.com

ငပိန်၏ထစ်ထစ်ငေါ့ငေါ့အော်သံ၊ တစ်ပြိုင်နက်တည်းမှာပဲ ကျားရဲမက တောင့်တောင့်ကြီးထိုင်နေရာမှ ဖိုးခနဲ ဆတ်ခနဲ ထရပ်လိုက်သည်ကိုလည်း မြင်လိုက်ရ၏။ "ဒီဟာမ - ဘာလုပ်ဦးမလို့လဲ"။

"ဘာလဲ - ပုလောင်အိုက်စပ်ပြီး စိတ်ကျဉ်းကျပ်လွန်းလို့ အပေါ်အင်္ကျီ ချွတ်မလို့ဟာ၊ နင်တို့ကို အမိန့်ခံနေရဦးမှာလား။ နင်တို့က ဘာကောင်တွေ မို့လို့လဲ"

မီးဝင်းဝင်းတောက်နေသည့်မျက်ဝန်းများဖြင့်ထောင်မှူးမက ကုန်းအော်သည်၊ သူမကိုယ်ပေါ်မှ တက်ထရက်ယူနီဖောင်းအင်္ကျီကိုချွတ်၍ လုံးထွေးပြီး စားပွဲပေါ်ပုံချထားလိုက်၏၊ ကျဉ်းထဲကျပ်ထဲ အသည်းအသန်ထဲမှာပင် သူ၏ ရမ္မက်စိတ်တို့အားပေါက်ကွဲထွက်လုစမန်းညှို့နေသော ဆွဲဆောင်မှုရှိလှသည့် ကျစ်လျစ်ဖွံ့ထွား သူမကိုယ်အနေကို မကြည့်ချင် မြင်ချင်လျက်လား။

"ပြန်ထိုင်နေပါ၊ မိန်းမသားမို့ကြည့်နေတာကိုအကောင်းမထင်နဲ့၊ ကမ္ဘာ ပီးလောင် သားကောင်ရှုနင်းတဲ့နော်၊ သိပ်ကဲလာရင် မိန်းမသော ဘာသော ရွေးနေနိုင်မှာမဟုတ်ဘူး"

အေးစက်မာကြောသည့် သူ့လေသံကို သူပင် ပြန်လန့်သွားမိ၏၊ သည် လေသံမျိုးကို ဘယ်လိုလွှတ်ခနဲ ထွက်သွားလိုက်မှန်းပင်မသိ၊ သူ့စိတ်ထဲ မှာ ဖြင့်ပြည့်ဝန်းတင်းရစ်သည့် သည်မိန်းမအားတာဒဂံကလေးပင်ဖြစ်စေ ရင်ခွင် ထဲ ဆွဲသွင်းလျက် ထွေးပွေ့ထားလိုက်ချင်သည့်မထော်မနန်း အတွေးတွေဖြင့် ကယောက်ကယက် ဇလောင်ဆူနေသည်။ စိတ်နောက်ကိုယ်ပါ ခြေသုံးလေး ရွှေ့စာမျှပင် လှမ်းလိုက်မိသေး၊ "ဟယ် - မဖြစ်ဘူး၊ မဖြစ်ပါဘူး၊ အကုန်ရှုပ် ကုန်တော့မှာပဲ" သူ့စိတ်ကိုသူ မနည်းကြီး ချွန်းတို့ကာ ဘရိတ်အုပ်ထားရ၏။

ကျားရဲမ တွန့်ခနဲဖြစ်သွားပြီး နောက်ဆုတ်သွားသည်၊ သို့တိုင် ခြေစုံကို ခပ်ချဲချဲရပ်လျက် သူမကိုထိလျှင် ချက်ချင်းတုံ့ပြန်ဖို့ ဟန်ပြင်ထားသည်၊ ပါးပျဉ်းထောင် မာန်ဖီနေသည့် မြွေပွေးတစ်ကောင်လို၊ "အာဂမိန်းမပဲ - ဟင်း"။



"ဟေး - မင်းတို့ - ငါတပည့်တွေကို မထိနဲ့နော်၊ ပြောတဲ့အတိုင်း နား မထောင်ရင် မင်းတို့ကို ဒီအတိုင်းကြည့်မနေဘူး - နားလည်လား"

ထောင်ပိုင်ကြီးကလည်း ကတုန်ကယင်ကြီးဖြင့် သံကုန်ဟစ်၍ လှမ်း ကြိမ်းသည်၊ အခြေအနေမဟန်တော့ဟုတွက်မိသွားဟန်တူသည်၊ ထိုအခိုက် -

"တွီ - တွီ - တွီ"

"တွီ - တွီ"

"ဘယ် - ညာ - ဘယ် - ညာ - ဘယ်ညာ"

"ဟင်"

ရုတ်တရက်ကြီး စစ်ရေးသံများနှင့်အတူ သံပြိုင်ညီညီ ခြေသံတစ်အုပ် တစ်မကြီးကိုသောင်းသောင်းညံညံကြားလိုက်ရ၏၊ အဓိကရုဏ်းနှိမ်နင်းရေး အဖွဲ့တွေလား၊ စစ်တပ်ကလား၊ ဘာတွေမှန်း မသေချာသေးသည့်တိုင် အန္တရာယ်ကဖြင့် မသေးလှတော့မှန်း သိလိုက်သည်၊ ခေါင်းတွေထဲ ပူခနဲ မိုက်ခနဲ၊ သွေးတွေ ဆောင့်တိုးတတ်လာ၏၊

"ကျွိ - ကျွိ - ကျွိ"

ဟော - ဟော - ခေါင်မိုးပေါ်က တကျွိကျွိ၊ တကျွိကျွိ ဖြိုးဖြိုးဖြောက် ဖြောက်အသံတွေလိုလိုကိုကြားရပြန်သည်၊ စိတ်အထင်လား၊ တကယ် လား ဝေခွဲမရ၊ ကြားတော့ ကြားလိုက်မိသလိုလို၊ မဖြစ်တော့၊

ထောင်ပိုင်ကြီးက သူတို့ကို လှလှလုံးပြနေခိုက် ကျန်ဝန်ထမ်းများက ကြိတ် ကြံနေကြပြီ၊ သေချာသည်၊ "တကယ့်ကျဉ်းထဲကြပ်ထဲရောက်နေရင် ကိုယ့် ရန်သူနေရာမှာ ကိုယ်ဆိုရင် ဘာလုပ်မလဲ၊ တွေးကြည့်၊ အေး - အဲဒါကို တန် ပြန်ဖို့ကြိုးစား"၊

စစ်မြေပြင်မှာ သံမှိနှက်သလိုအသက်ကိုရင်း၍သင်ခဲ့ရဖူးသည့်အသတ် ရှင်ရေးလျှို့ဝှက်ချက်တွေ၊ ထောင်အာဏာပိုင်တွေနေရာမှာ သူသာဆိုရင် ခေါင်မိုးပေါ်က သွပ်ကိုလှန်၍ အုပ်လိုက်ခုန်ချ၊ အတင်းဝင်၊ အဖမ်းရိုက်၊ အတင်းစီး၊ သည်နည်းမှတစ်ပါး၊

www.burmeseclassic.com

"ဟော့ကောင် ငပိန် - သတိထားဟော့၊ ငါတို့ ထောင်ချောက်ထဲကို ဝင်တိုးမိပြီထင်တယ်၊ မင်း - အဲဒီမိန်းမနှစ်ယောက်ကို ထိန်းထား၊ ငါက ဒီဆရာမကို ဖမ်းချုပ်ပြီး ခုံပေါ်မှာ ကြိုးနဲ့ တုပ်ထားလိုက်မယ်၊ ကဲ - ခွေးတောင်မှ ချောင်ပိတ်ရိုက်ရင် သူ့ကိုယ်သူ အသေခံပြီး ပြန်ကိုက်တတ်သေးတာပဲ၊ ကြည့်ရသေးတာပေါ့"

သွေးတွေ ပွက်ပွက်ထ ဆူဝေလာ၏၊

"မထူးတော့ပါဘူးကွာ၊ ဘာမှမဖြစ်တောင် - ဒီမိန်းမကိုတော့ တစ်ချီတစ်လော ဖမ်းချုပ်ရင်းက ရင်ခွင်ထဲ ပွေ့ကြည့်လိုက်ရသေးတာပေါ့၊ "ကဲ - မယ်မင်းကြီးမ - ဘယ်လောက်မာန်ကြီးသလဲ၊ ထန်နိုင်ဦးမလဲ - ကဲ - ကဲ"

ဒေါသစိတ်တို့က ငယ်ထိပ်အထိ ဒိုင်းခနဲ ဒိုင်းခနဲ ဝုန်တက်လာ၏၊ ထို့အတူပင် ရမ္မက်ဇောတွေကလည်း ခွေးရောယှက်တင် ဟုန်းဟုန်းတောက်လောင်မြိုက်လျက်၊

သို့တိုင် ...၊

မထင် ... မထင်လိုက်မိ၊


အနားသို့ တိုးကပ်သွားသည့် သူ့တာပည့်ကျော် ငပိန်ကို ထိုင်ခုံပေါ်မှ ဝုန်းခနဲထလာသည့် ဒေါင်းတည်မောင်းတည် တပ်ကြပ်မကြီးက ဖြောင်းခနဲ ဖြောင်းခနဲ ဆောင့်ကန်ပစ်လိုက်သည်၊

စစ်သုံးဘွတ်ဖိနပ်ဦးဖြင့် ကန်ချက်၌ စိုက်၍ပြိုလဲကျသွားသည့် ငပိန်၏ လက်မှ သံတုတ်ကိုလည်း မည်သို့ ဆွဲယူလိုက်လေသည်မသိ၊ မြန်လှဘိ၊ "ဒေါင် - ဒေါင်" ဟူသည့် သံပိုက်လုံးနှင့် ဦးခေါင်းခွံ ပြင်းပြင်းထိသံနှင့်အတူ ငပိန့်ဦးခေါင်းမှ သွေးတွေအိုင်ခနဲဖြာကျ၊ ငပိန်ခမျာ လေးဖက်ပစ်လျက် လဲကျသွား၊

"ဖြောင်း - ဖြောင်း - ဖြောင်း - ဖြောင်း"

ရုတ်တရက် ခေါင်မိုးထက်မှ သွပ်ပြားများကို ဆွဲလှန်ပစ်လိုက်သံတွေကို ကြားသည်၊ ချက်ချင်းပင် သွပ်ပြားနှစ်ချပ်စာ အပေါက်ကြီးဟလာပြီး အလင်းတန်းတွေ ဝင်းခနဲ ထိုးကျ၊ နေရောင်ဝင်းဝင်းတောက်တွေနှင့်အတူ ဝုန်းခနဲ ပြုတ်ကျလာသည့် လူရိပ်မည်းမည်းတွေ၊ "သွားပြီ - တိုယ်ကျိုးတော့ နည်းပြီ၊ ပွဲသိမ်းပြီ"၊

ဆုတ်နစ်သွားသည့် သွေးရူးသွေးတန်း နိမ့်ပါးသိမ်ငယ်စိတ်နှင့်အတူ သူတို့ကြိုတင်ရွေးထားခဲ့ပြီးဖြစ်သည့် နောက်ဆုံးလမ်းကို ရွေးဖို့ သူ ဆုံးဖြတ်လိုက်၏၊ သူ့နောက်ကျောမှာ အရိုးအသွား ရှစ်လက်မခန့် စက္ကူဖြတ်သည့်ဓားတစ်ချောင်းကို ထိုးထားသည်၊



www.burmeseclassic.com

သည့်အားဖြင့် သူ့နောက်ဆုံးခရီးကို သူ့ဘာသာ စီရင်ပစ်လိုက်တော့မည်။ "ပြီးပြီ၊ မရှုမလှနဲ့ ပွဲသိမ်းခဲ့ရပြီ" သူ့ညာလက်က နောက်ကျောမှဓားကိုဆုပ်၍။

ထိုအခိုက်မှာပင် ...။

သူနှင့် ခြေလှမ်း လေးငါးလှမ်းစာ အကွာမှာ သူ့ကျားရဲမသည် မြားတစ်စင်းလို သူ့ထံ တန်းခနဲ ပြေးဝင်ပူးကပ်လာ၏။ "ဟုတ်မှဟုတ်ရဲ့လား၊ ဒီမိန်းမ ဘာလုပ်မလို့ပါလိမ့်" မီးဝင်းဝင်းတောက်နေသည့် မျက်ဝန်းများသည် သူ့လက်တစ်ကမ်းမှာ။

"အို - ကြည့်စမ်း၊ လှလိုက်တဲ့မိန်းမ။ ကျားများဟာ ဒေါသတကြီး ဟိန်းဟောက်မာန်ဖီနေတဲ့အချိန်မျိုးမှာအလှဆုံးပဲ - တဲ့။ ဒီမိန်းမကိုတစ်ခဏလေးပဲ ရင်ခွင်ထဲ ပွေ့ထားလိုက်ရရင် ..." တွေတွေပြားပြား အထိတ်တလန့်ထဲမှာပင် ရမ္မက်မီးတစ်ချက် လက်ခနဲ ထတောက်မိလိုက်သေး၏။

"အား ..."

ရင်ဝ၌ပူခနဲ၊ သွေးတွေ ပွက်ခနဲ စဉ်ကျလာသည်၊ "ဟင်၊ ဒီမိန်းမ၊ ဒီမိန်းမ ငါ့ကို ကတ်ကြေးနဲ့ ဝင်ထိုးပစ်လိုက်တာပါလား။ အား - သေပါပြီ" နောက်တစ်ချက်၊ နောက်တစ်ချက် ဆင့်ကာဆင့်ကာ ပြေးဝင်လာနေသည့် ကတ်ကြေးချွန်တွေကို ရှောင်နိုင်ဖို့ အားအင်မရှိတော့ပြီ၊ သူ့ခန္ဓာကိုယ်မှ သွေးတွေ တရဟော အိုင်ထွန်းစီးထွက်နေပြီ၊

"အမေရေ ..."

"ဖြောင်း ..."

"ဒိုင်း"

"ဝုန်း"

မည်သူ့ရယ်မှန်းလည်းမသိ၊ သူ့နောက်တည့်တည့်မှ ရိုက်ချလိုက်သည့် ရာဘာနံပါတ်တုတ်ချက်က သူ့ခေါင်းကို ချာချာလည်သွားစေတော့သည်၊

အကျဉ်းသား မျိုးမြင့်၏ ခန္ဓာကိုယ်ကြီးသည် ဝုန်းခနဲ အရုပ်ကြိုးပြတ်ပုံ လျက် လဲကျသွားတော့၏။



လှသံတွေ သောသောညံ တွေးရှုပ်နေဆဲ။

သံဘာဂျာတံခါး ပွင့်သွားသည်နှင့် ရုံးအတွင်းသို့ ရေကာတာကျိုးသလို လိမ့်ဝင်လာသည့် လူတွေလူတွေ၊ ခြေသံတွေ၊ စကားသံတွေ၊ ရယ်သံတွေ၊ အားရပါးရ အောင်ပွဲခံသံတွေ၊ သူမတို့အား ဖေးမအားပေးသံတွေ၊ ရှန်းရင်းဆန်ခတ် ဝုန်းဒိုင်းကြဲ ဖြောင်းဆန်နေတော့၏။

တပ်ကြပ် မခင်စိန်၏လက်ချက်ဖြင့် သတိမေ့နေပြီဖြစ်သော ငပိန် (ခ) သိန်းဝင်း၊ သူမ၏ ကတ်ကြေးစာကြောင့် သတိမရတစ်ချက်၊ ရတစ်ချက်ဖြင့် ညည်းညူတွန့်လိမ်နေသည့် အကျဉ်းသားမျိုးမြင့်၊ မသူတော်နှစ်ကောင်တို့အား လူနာထမ်းစင်ဖြင့် ပွေ့တင်ခေါ်ဆောင်သွားခဲ့ကြပြီ၊

သို့တိုင် ထောင်မှူး နန္ဒာသန်းတစ်ယောက် ရွေ့ရွေ့မျှ မလှုပ်မိသေး၊ မှင်တက်မိနေဆဲ၊

သုံးနာရီနီးပါးမျှ အကျဉ်းသား လူမသမာနှစ်ယောက်၏ လက်တွင်း၌ ဓားစာခံအဖြစ် ကျရောက်ခဲ့ရသည့် ငရဲတမျှကာလ၊ ထိုကာလအတွင်း ပြင်းပြင်းထန်ထန် ခံစားခဲ့ရသည့် ကြောက်စိတ်နှင့် ပရိဒေဝအပူမီးများက အရှိန်မပြေချင်သေးဘဲ မိန်းမောနေမိဆဲ၊

သုံးနာရီမျှ ကာလအတွင်း သူမတစ်ကိုယ်လုံး စေ့စေ့ကြည့်လျက် ကိုက်ဖဲ့ဝါးစားတော့မတတ် အာသာငမ်းငမ်း ရမ္မက်သည်းနေခဲ့သည့် မျက်ဝန်းမီးလျှံများက သူမကို သွေးလန့်ချောက်ချားနေစေဆဲဖြစ်သည်၊

ထို့အပြင် သည်အမှု အကျဉ်းသားနှစ်ယောက်အား လျှပ်တစ်ပြက် အလဲထိုးအနိုင်ယူလိုက်နိုင်ခဲ့သည့် အဓိကအချက်သည် အချိန်မီအချိန်ကိုက် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် အရေးပေါ်စစ်ဆင်ရေးကြောင့်ပင်လား၊ သို့တည်း မဟုတ် မသမာအကျဉ်းသားခေါင်းဆောင် ရမ္မက်ရူးကို တစ်ချိန်လုံး ဆွဲဆောင်ဖြားယောင်းနေနိုင်ခဲ့သည့် သူမ၏အလှနှင့် မာယာကြောင့်လေ လား

ဝေခွဲမရနိုင်သေး၊

www.burmeseclassic.com

သူမတစ်ကိုယ်လုံး တဆတ်ဆတ် တုန်ယင်လှိုက်မောနေသည်ကဖြင့် သေချာသည်။

ကိုင်းဗျာ - သိပြီမဟုတ်လား။

နေရင်းထိုင်ရင်း ငြိမ်ငြိမ်ဝပ်ဝပ် အကောင်းသားကြီးအတိုင်းကနေ ရုတ်ခြည်းထ၍ ဖြန်းစားဒိုင်းစား လောင်မီးကျချင် ကျတတ်သည့်အရပ်မျိုးကို ထောင်ဟုခေါ်သတဲ့ ခင်ဗျ။

ထောင် - ထောင် - ဘာမှတ်လို့လဲ။

နေမျိုးမင်းသျှင်

စာမူများ
ပေးပို့လိုပါက
အယ်ဒီတာအဖွဲ့



www.burmeseclassic.com

**အသတ်ခံရသူ၏**
**ဘေးမှ နှင်းဆီပန်း**
**တစ်ပွင့်ကို အခြေခံ၍**
**လူသတ်သမားနောက်ကို**
**လိုက်လံခြေရာ**
**ခံကောက်ရာမှ . .**

"**ကိုသံခိပ်ရေ** - အရေးကြီးတယ်ဗျို့ ကျုပ်နောက်ကို အမြန်ဆုံးလိုက်ခဲ့တော့"

ကျွန်ုပ်သည် ရာဇဝတ်မှုများမရှိ၍ စိတ်အေးလက်အေးဖြင့် ရေနွေးကြမ်းပူပူကိုသောက်ပြီးကမ္ဘာကျော်စုံထောက်ဝတ္ထုစာအုပ်ကြီးကို သဲသဲမဲမဲ ဖတ်ရှုနေမိလေသည်၊ ထိုစဉ် ကိုဘဟိန်းသည် ကျွန်ုပ်နေထိုင်ရာအိမ်ထဲသို့ မဝင်နိုင်ပဲ အရေးတကြီးခေါ်သံကို ကြားလိုက်ရသည်၊ ထို့ကြောင့် တုံ့မဆိုင်းနိုင်ပဲ ကိုဘဟိန်းနောက်သို့ အမြန်ဆုံး လိုက်ခဲ့မိလေသည်၊

ကိုဘဟိန်းသည် ကျွန်ုပ်ကိုပင် စကားမဆိုနိုင်ပဲ သွက်လက်သည့်ခြေလှမ်းဖြင့်သွားနေ၍ ကျွန်ုပ်သည် မကြာမီ ထူးခြားသည့် ရာဇဝတ်မှုတစ်ခုခုဖြင့် တွေ့ကြုံရတော့မည်ဟု အတတ်သိလိုက်လေသည်၊ အတန်ကြာသွားမိလျှင် အလွန်ရှောင်ကျလွန်းသည့် ခြံကြီးတစ်ခြံထဲရှိ ရှေးဟောင်းအိမ်ကြီးတစ်လုံးကို တွေ့လိုက်ရလေသည်၊

"ကိုသံခိပ် - သတိထားတော့ဗျို့ လူသတ်သမားက ရှိချင်ရှိနေ နိုင်တယ်"

ကျွန်ုပ်သည် ကိုဘဟိန်း၏ သတိပေးစကားကြောင့် လူသတ်သမား အလစ်ဝင်တိုက်ခိုက်နိုင်သည်ကို သတိထားပြီး ရှေးဟောင်းအိမ်ကြီးထဲသို့ ဝင်ခဲ့မိလေသည်၊ ထိုစဉ် အပုပ်နံ့စူးစူးကို ရလိုက်ပြီး အခန်းလွတ်တစ်ခုထဲတွင် အသတ်ခံထားရသူ လူရွယ်တစ်ယောက်ကို မမျှော်လင့်ဘဲ တွေ့ရှိလိုက်ရ၍ ကျွန်ုပ် အံ့အားသင့်သွားမိရသည်၊

ကိုဘဟိန်းသည်ကျွန်ုပ်ကိုစကားမဆိုနိုင်ပဲအသတ်ခံထားရသူ လူရွယ်ကို အတန်ကြာသည်အထိ အထပ်ထပ် အခါခါကြည့်ရှုပြီး သေဆုံးသူ လူရွယ်၏မနီးမဝေးတွင် နှင်းဆီပန်းကြွေကို တွေ့လိုက်ရ၍ အတန်ငယ်စဉ်းစားပြီး နှင်းဆီပန်းကြွေများကို ဂရုတစိုက်ဖြင့် ပါလာသည် လက်ကိုင်ပုဝါကိုထုတ်ပြီး သိမ်းဆည်းနေသည်ကို တွေ့လိုက်ရလေသည်၊

"ကိုသံခိပ်ရေ - လူသတ်သမားက မှားမြောင်နဲ့ မသေမချင်း ထိုးသတ်ခဲ့တာဗျ၊ အဲဒါ - ဂါတ်ကိုတော့ ကျုပ် အကြောင်းကြားခဲ့ပြီးပြီဗျ၊ ကျုပ်တို့ မေဘာရဏီဆီကို အရောက်သွားမှဖြစ်မယ်"

ကျွန်ုပ်သည် ကိုဘဟိန်းစကားကြောင့် အံ့အားသင့်သွားမိလေသည်၊ ထို့ကြောင့်ကျွန်ုပ်သည်အသတ်ခံထားရသူလူရွယ်ကိုကြည့်ရှုလိုက်မိသည်၊ လူရွယ်သည် ခန္ဓာကိုယ်တောင့်တင်းသန်မာပြီး ယောကျ်ားညပမိရုပ်ရှိကာ ဘယ်လက်ဖျံတွင် နှင်းဆီပန်းတစ်ပွင့်ပုံကို တက်တူးထိုးထားသည်ကို တွေ့လိုက်ရလေသည်၊

"ဘယ်လိုလဲ - အိုင်ပီရဲ့ မောင်လူချောကို ခုလိုအဖြစ်မျိုးနဲ့တွေ့လိုက်ရတော့ အတော့်ကို နမြောနေပြီနဲ့တူတယ်၊ အင်း - မောင်လူချော - မောင်လူချော - ဖြစ်မှဖြစ်ရလေကွာ"

ကိုဘဟိန်းသည်ကျွန်ုပ်ကိုစကားပြောရင်းတစ်ဆက်တည်းပင်အသတ်ခံရသူမောင်လူချောကိုကြည့်ပြီးကရုဏာစကားပြောရင်းအိမ်ကြီးပေါ်မှဆင်းသွား၍ကျွန်ုပ် လိုက်ခဲ့မိလေသည်၊ ကျွန်ုပ်သည်ဆေးပြင်းလိပ်ကိုဖွာရှိုက်ရင်း

www.burmeseclassic.com

စဉ်းစားနေသည်၊ ကိုဘဟိန်းကိုကြည့်ပြီး ရှေ့ဆက်ကြုံတွေ့ရမည့် လူသတ်တရားခံကို အမြန်ဆုံးဖမ်းဆီးမိနိုင်ရန် စိတ်မောနေမိလေသည်၊

ကိုဘဟိန်းသည် အလွန်အိုဟောင်းနေသည့် တိုက်တန်းလျားရှိအခန်းတစ်ခန်းရှေ့အရောက်တွင် အခန်းတံခါးကို ခေါက်နေသည်ကို တွေ့လိုက်ရလေသည်၊ အတန်ကြာမှ အခန်းတံခါးဖွင့်သံနှင့်အတူ လှပကျော့ရှင်းဖျိုမျစ်သည့် အမျိုးသမီးတစ်ဦးကို တွေ့လိုက်ရလေသည်၊

"ကျုပ်နာမည်က ကိုဘဟိန်းပါ၊ သူက ကျွန်ုပ်မိတ်ဆွေပါ၊ ကိုမိုးခေါင်လွှတ်လိုက်လို့ လာခဲ့တာပါ"

ထိုအမျိုးသမီးသည် ရုတ်တရက်တွေ့နေရသည့် ကိုဘဟိန်းနှင့် ကျွန်ုပ်ကို စကားမဆိုသေးပဲ အတန်ကြာ ကြည့်ရှုအကဲခတ်ပြီး အခန်းထဲသို့ဝင်ရန် ခေါင်းညိတ်ပြ၍ ကျွန်ုပ်နှင့် ကိုဘဟိန်း အခန်းထဲသို့ ဝင်ခဲ့မိလေသည်၊

"ထိုင်ကြပါရှင် – ကျွန်မ ကော်ဖီကောင်းကောင်း ဖျော်တိုက်ပါ့မယ်၊ ကိုမိုးခေါင်က လွှတ်လိုက်တယ်ဆိုတော့ ဧည့်ဝတ်ကျေရမှာပေါ့"

"ခုလို ဧည့်ဝတ်ပြုတာကို ကျေးဇူးတင်ပါတယ်ဗျာ၊ ကျုပ်တို့လည်း ခုလိုလက်ရာကောင်းတဲ့ကော်ဖီမျိုးကို မသောက်ခဲ့ရတာ ကြာခဲ့ပြီဗျ"

ကိုဘဟိန်းစကားကြောင့် ထိုအမျိုးသမီးသည် သဘောကျစွာ ပြုံးလိုက်ပြီး မီးဖိုချောင်ထဲသို့ ထွက်သွားလေသည်၊ ကိုဘဟိန်းသည် ဧည့်ခန်းစားပွဲခုံပေါ်တွင် အလှပြင်ဆင်ထားသည့် နှင်းဆီပန်းများကိုတွေ့လိုက်၍ နှင်းဆီပန်းတစ်ပွင့်ကိုယူပြီး အိတ်ထဲသို့ ထည့်လိုက်လေသည်၊ ကျွန်ုပ်သည် ကိုဘဟိန်း၏အပြုအမူကို တွေ့လိုက်ရ၍ နားမလည်နိုင်အောင် ဖြစ်သွားမိလေသည်၊ မကြာမီ အမျိုးသမီးသည် မီးဖိုချောင်ထဲမှ ပြန်ထွက်လာပြီး ကော်ဖီဖြင့် ဧည့်ခံလေသည်၊

"ကိုမိုးခေါင်က ဘာကိစ္စများရှိလို့ ကျွန်မဆီ လွှတ်လိုက်တာလဲ ရှင်"



"ဪ – ဒီလိုပါ – ကိုမိုးခေါင်က သူ အရေးတကြီးရှာနေတဲ့လူတစ်ယောက်တွေ့လို့ ကျုပ်တို့ကို သတင်းစကားပြောဖို့ လွှတ်လိုက်လို့ပါ"

ကိုဘဟိန်းစကားကြောင့် ထိုအမျိုးသမီးမျက်နှာပေါ်တွင် ရုတ်ခြည်းကုန်မြေမဆယ်နိုင်ပဲ ကြည်လင်သွားသည်ကို တွေ့လိုက်ရလေသည်၊ အတန်ကြာမှ ကျွန်ုပ်တို့နှစ်ဦး ရှိနေသည်ကို သတိရသွားပြီး ကုန်မြေပြန်ဆယ်သည်ကို တွေ့လိုက်ရလေသည်၊

"ဒါဆို – ကျွန်မ – ဘာများအကူအညီပေးရမလဲဆိုတာ ပြောပါ"

"ဘာမှအကူအညီမှ ပေးစရာမလိုပါဘူးဗျာ၊ ကဲ – ကျုပ်တို့ ခရီးဆက်စရာရှိသေးလို့ ခွင့်ပြုပါ"

ကိုဘဟိန်းက ထိုအမျိုးသမီးကို နှုတ်ဆက်စကားဆိုပြီး အခန်းထဲမှ ထွက်ခဲ့လေသည်၊ အမျိုးသမီးသည် ကျွန်ုပ်တို့နှစ်ဦး အခန်းအပြင်ဘက်သို့ ရောက်လျှင် အခန်းတံခါးကို လျင်မြန်စွာ ပိတ်လိုက်သည်နှင့်အတူ ရှိုးကူသကို ထူးထူးခြားခြား ကြားလိုက်မိလေသည်၊

"ကျုပ်တို့တွေ့ခဲ့တဲ့ အမျိုးသမီးနာမည်က မေဘရက်ဂျီဗျ၊ ခု – အသတ်ခံထားရတဲ့ မောင်လှချော နဲ့ တစ်ချိန်က ပတ်သက်ခဲ့တာ အမှန်ပဲ – အိုင်ပီ"

"ဒါဆို – မောင်လှချော အသတ်ခံခဲ့ရတာ မေဘရက်ဂျီနဲ့ သက်ဆိုင်နေပြီလား – ကိုဘဟိန်း"

"ခိုင်လုံတဲ့အထောက်အထားမရှိသေးလို့ ကျုပ်စိတ်ထဲမှာ သံသယသားကောင်အဖြစ်ပဲ ထားရဦးမှာ၊ ဟောဒီမှာကြည့် – အိုင်ပီ"

ကိုဘဟိန်းသည် မောင်လှချောအနီးတွင် တွေ့ရှိခဲ့သည့် နှင်းဆီပန်းခြောက်များကိုစားပွဲပေါ်သို့တင်လိုက်ပြီး မေဘရက်ဂျီစားပွဲခုံပေါ်တွင် အလှထိုးထားသည့် နှင်းဆီပန်းနှင့် ယှဉ်ကာ စေ့စေ့စပ်စပ် ကြည့်ရှုလေသည်၊ ကျွန်ုပ်သည် လူစွမ်းစားဘဟိန်းနှင့် လက်တွဲပြီး ခက်ခဲရှုပ်ထွေးသည့် အမှုပေါင်းများစွာကိုပင် ဖြေရှင်းနိုင်ခဲ့ပြီဖြစ်သည်၊ ယခုအသတ်ခံထားရသော မောင်လှချော

www.burmeseclassic.com

အဖြစ်ကိုတွေ့ပြီး မကြာခင် လူသတ်တရားခံကို ဖမ်းဆီးနိုင်မည်ဟု ကျွန်ုပ် ယုံကြည်မိလေသည်။

"မောင်လူချော - အသတ်ခံရတဲ့အမှုက အလွယ်လေးပါ - ကိုဘဟိန်း ရယ်၊ မောင်လူချောနဲ့ ဆက်နွယ်နိုင်တဲ့သူတွေကို ဖမ်းပြီးစစ်ဆေးလိုက်ရင် အမှု အမြန်ဆုံးပေါ်သွားမှာမဟုတ်လား"

"ကိုသံခိပ်အတွေးက မှန်ပါတယ်ဗျာ၊ ဒါပေမဲ့ - ဒီအမှုက ရိုးရိုးလေးနဲ့ အတော်ရှုပ်ထွေးတဲ့အမှုဖြစ်နေတာဗျ"

"ဗျာ - ကိုဘဟိန်း - ရှုပ်ထွေးတဲ့အမှု - ဟုတ်လား"

"ဟုတ်ပါ့ဗျ - ဟုတ်ပါ့ - မောင်လူချောအနီးမှာတွေ့ရတဲ့ ပေဟာဒီနှင်းဆီ ပန်းနဲ့ ကျုပ် မေဘာရက်ဆီက ယူလာတဲ့ နှင်းဆီပန်းကြောင့် ကျုပ်နဲ့ ကိုသံခိပ် နှင်းဆီခြေရာကို ရှာနိုင်မှ လူသတ်တရားခံကို အမြန်ဆုံးဖမ်းဆီးနိုင်မှာ ..."

ကိုဘဟိန်းပြောမှ ကျွန်ုပ်ပို၍ဦးခေါင်းရှာရှာလည်သွားမိရင်း စားပွဲခုံပေါ် မှ နှင်းဆီပန်းခြောက်နှင့် နှင်းဆီပန်းကို ကြည့်မိလျက်သား ဖြစ်မိသည်။ ကိုဘဟိန်းက နှင်းဆီပန်းခြောက်ကို ကြည့်လိုက်၊ ရှုလိုက်လုပ်ပြီး စေ့စေ့စပ် စပ်ကြည့်ကာ -

"ကျုပ်အထင်တော့ - ခုအသတ်ခံလိုက်ရတဲ့မောင်လူချောနဲ့ မေဘာရက်ကို က တစ်ချိန်က သိပ်ချစ်ကြတဲ့ လင်မယားတွေဖြစ်ခဲ့ကြတာ သေချာတယ် ကိုသံခိပ်"

"ဘယ်လို - ကိုဘဟိန်း - အသတ်ခံရတဲ့ မောင်လူချောနဲ့ မေဘာရက်ကို လင်မယား - မဟုတ်လား"

"ဟုတ်တယ်လို့ - ကျုပ်ကောက်ချက်ဆွဲရမှာပဲ - ကိုသံခိပ်၊ အခင်း မေဘာရက်ကို ကြည့်ရတာ နှင်းဆီပန်းကို အတော်ကြီး စွဲလမ်းနှစ်ခြိုက်ပုံရ တယ်ဗျ၊ စားပွဲပေါ်မှာ အလှပြင်ထားတဲ့နှင်းဆီပန်းကို အမြဲတမ်းမညှိုးအောင် ဂရုစိုက်ပုံရတယ်ဗျ၊ ပိုပြီးထူးခြားတာက စားပွဲပေါ်က နှင်းဆီပန်းက ကိုးပွင့် တိတိထားတာ၊ ခုလောက်ဆို - မေဘာရက်က ကျုပ် ပေဟာဒီနှင်းဆီပန်းတစ် ပွင့်ယူခဲ့တာကိုသိပြီး ကိုမိုးခေါင်ကို အမြန်ဆုံးဆက်သွယ်ကာ ကျုပ်တို့ခြေရာ



ခံလိုက်နေတယ်ဆိုတာ သတင်းပို့လောက်ပြီးပြီ - ကိုသံခိပ်ရေ"

ကျွန်ုပ်သည် ကိုဘဟိန်းကို မချီးကျူးပဲ မနေနိုင်ချေ။ အသေးအမွှားမှအစ အလေးထားပြီး စေ့စပ်သေချာမှုကြောင့် ကိုဘဟိန်း လိုက်ခဲ့သမျှအမှုများကို တိကျစွာ ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။

"ဒါဆို - ကျုပ်တို့က နှင်းဆီခြေရာ ရှိနိုင်တဲ့နေရာကို ရှာရမှာပေါ့"

"ကျုပ်တို့ လောလောဆယ်ရှာလည်း မတွေ့ရတော့ဘူး - ကိုသံခိပ်၊ တရားခံက နေရာပြောင်းသွားပြီ၊ ကျုပ်တို့တွေ့ဆုံခဲ့တဲ့ မေဘာရက်ကိုလည်း မရှိ တော့ဘူး"

ကျွန်ုပ်သည် ကိုဘဟိန်းစကားကြောင့် လူသတ်တရားခံကို ရှာမတွေ့ နိုင်သည်ကို စိတ်မောသွားမိလေသည်။

"ကျုပ်တော့ - မေဘာရက်ကို မတွေ့ ,တွေ့အောင်ရှာပြီး ဖမ်းမယ် ကိုဘဟိန်း"

"မေဘာရက်ကိုဖမ်းလည်း အလကားပဲ - ကိုသံခိပ်၊ အဓိကမြှုပ်ကွက်ဖြစ် နေတဲ့ ကိုမိုးခေါင်ဆိုတဲ့လူပဲဗျ၊ ခက်နေတာက ကိုမိုးခေါင် ဘယ်မှာနေတယ်၊ ထိုင်တယ်ဆိုတာ စုံစမ်းဖို့က မလွယ်ဘူး၊ ကိုမိုးခေါင်လို့ နာမည်ပြောင်းထား တဲ့လူက အင်မတန်လျှို့ဝှက်ပြီး ပါးနပ်တဲ့လူဗျ၊ ကျုပ်တို့က ကိုမိုးခေါင်ဆိုတဲ့ နာမည်ကိုသိပေမယ့် လူချင်း တစ်ခါမှ မတွေ့ဘူး၊ မမြင်ဘူးတာ အမှန်ပဲ"

ကိုဘဟိန်းစကားကြောင့် ကျွန်ုပ်အတွေး ရှာရှာလည်သွားမိလေသည်၊ ကိုဘဟိန်းပြောသလို ကိုမိုးခေါင်အစစ်က ဘယ်မှာလည်း၊ ဘယ်သူလည်းဆို သည့် ပဟေဠိတစ်ပုဒ်က ကျွန်ုပ်စိတ်ကို ပိုမိုလေးလံထုံမှိုင်းသွားလေသည်။

ကျွန်ုပ်နှင့် ကိုဘဟိန်းသည် နှင်းဆီခြေရာကောက် ရှာဖွေခဲ့ရာ နောက် ပေါင်းအတန်ကြာသည်အထိ သတင်းအစအနပင် မရရှိချေ၊ ကျွန်ုပ်သည် ကိုဘဟိန်းကိုကြည့်ပြီး အားမလို၊ အားမရဖြစ်မိချေသည်။

www.burmeseclassic.com

"ဘယ်လိုလဲ - ကိုသံခိပ်ရဲ့ နင်းဆီခြေရာကောက် ရှာမတွေ့နိုင်လို့ အတော်ကြီးစိတ်ပျက်လက်ပျက် ဖြစ်နေပုံရတယ်"

"ဟုတ်တယ် - ကိုဘဟိန်းရေ - ဟုတ်တယ်၊ ဒီအမှုက ကိုဘဟိန်းပြောသလို ရှုံးရှုံးလေးနဲ့ အတော့်ကို ရှုပ်ထွေးနေလို့ ကျုပ်တောင် စိတ်ပျက်လာမိတာ - အမှန်ပဲဗျ"

"စိတ်မပျက်စမ်းပါနဲ့ - ကိုသံခိပ်ရယ်၊ အောင့်နိုင်လျှင် အကျိုးရှိ၊ စောင့်နိုင်လျှင် သူခိုးမိဆိုတဲ့စကားလို - ဟာ - ဟိုမှာ - သူခိုး - သူခိုး"

ကိုဘဟိန်းသည် ကျွန်ုပ်ကိုပင် စကားအဆုံးမသတ်နိုင်ပဲ လမ်းမပေါ်တွင် အဝတ်အစားစုတ်ပြတ်ပြီး ဦးထုပ်ပျော့ကို ငိုက်ဆောင်းကာ ချိုင်းထောက်နှင့် တရွေ့ရွေ့သွားနေသူကို တွေ့လိုက်ရ၍ အပြေးလိုက်သွားသည်ကို တွေ့လိုက်ရလေသည်၊

"ဟေ့ - လူ - မပြေးနဲ့ - မပြေးနဲ့"

ကိုဘဟိန်း၏ လှမ်းခေါ်သံနှင့်အတူ ရှေ့မှ ချိုင်းထောက်နှင့် သွားနေသူသည် ရုတ်တရက် ချိုင်းထောက်ကို ပစ်ချပြီး အားသွန်ပြေးနေသူကို တွေ့လိုက်ရသည်၊ ကျွန်ုပ်သည် ထိုမြင်ကွင်းကို တွေ့လိုက်ရ၍ ချိုင်းထောက်ဖြင့် ဟန်ဆောင်ထားသည့်လူမှန်း သိလိုက်ရလေသည်၊

ကိုဘဟိန်းသည် ရှေ့မှပြေးနေသူ ခြံကြီးအတွင်းသို့ ဝင်ပြေးသွား၍ အမီလိုက်ပြီး လက်သီးဖြင့် ထိုးကြိတ်ရာ ထိုလူက ခုခံပြီး ထိုးကြိတ်နေသည်၊ မကြာမီ ထိုသူသည် ပစ်လဲကျသွားလေသည်၊ ကျွန်ုပ်သည် ကိုဘဟိန်း၏ အပြုအမူကို မယုံနိုင်အောင် ဖြစ်သွားမိလေသည်၊

"ခင် - ခင်ဗျား - ဘာဖြစ်လို့ထိုးရတာလဲ"

"ကျုပ်ခေါ်တာကို ခင်ဗျားထွက်ပြေးလို့ ...၊ ကျုပ် ဘာကြောင့်ထိုးရတယ်ဆိုတာ သဘောပေါက်စမ်းပါ - ကိုမိုးခေါင်အတုရယ်"

"ဗျာ - ကျုပ် - ကျုပ်က ကိုမိုးခေါင် - အတု - ဟုတ်လား"

"ဟုတ်တယ်လေ - ကျုပ်က မသေချာပဲ ဘယ်တော့မှ လက်လွှတ်စပယ် မတရားမလုပ်ပါဘူးဗျာ"



"ကျုပ်က မိုးခေါင်အတု မဟုတ်ဘူး"

ထိုလူက မိုးခေါင်အတု မဟုတ်ကြောင်း ငြင်းဆိုပြီး ကိုဘဟိန်းလက်မှ လွတ်မြောက်ရန် ရုန်းကန်နေရသည်၊ ကိုဘဟိန်းသည် အခြေအနေကို ရိပ်စားမိဟန်ဖြင့် လက်ဝါးဖောင်းဖြင့် ထိုလူဇက်ကို ခုတ်ချလိုက်ရာ ပစ်လဲပြီး မေ့သွားလေသည်၊

"ကိုဘဟိန်း - ဘယ်လိုလုပ်လိုက်တာလဲ"

"ဒီလိုလုပ်မှ ကျုပ်တို့ တရားခံကို ခြေရာခံမိပြီး ဖမ်းနိုင်မှာ - ကိုသံခိပ်၊ ဒီလူကို ကျုပ်အိမ် ခေါ်သွားမယ်၊ မကြာခင် ပြန်ပြီးသတိရလာမှာ"

ကိုဘဟိန်းသည် ကျွန်ုပ်ကို ပြောဆိုပြီး ကားတစ်စီးငှားကာ အိမ်သို့ ခေါ်လာခဲ့သည်၊ ကိုဘဟိန်းအိမ်သို့ရောက်ပြီး ရေမိုးချိုးကာ ဆေးပြင်းလိပ်သောက်ရင်း သတိမေ့နေသည့်လူကို ကြည့်နေသည်၊

"ကိုသံခိပ် - ဒီလူရဲ့ ဘယ်လက်ဖျံမှာ နင်းဆီပန်းတစ်ပွင့် တက်တူးထိုးထားတာ - တွေ့လား"

ကိုဘဟိန်းပြောမှ ကျွန်ုပ်သည် သတိမေ့နေသူ၏လက်ဖျံတွင် နင်းဆီပန်း တက်တူးထိုးထားသည်ကို တွေ့လိုက်ရလေသည်၊ ကျွန်ုပ်ကြည့်ရင်း အသတ်ခံရသူ မောင်လှရွှေ၏ ဘယ်လက်ဖျံတွင် ရေထိုးထားသည့် နင်းဆီပန်းနှင့် တစ်ပုံစံတည်း ခွဲခြားမရအောင် တွေ့ရှိလိုက်ရလေသည်၊

"ကိုဘဟိန်း - ဒီလူလက်ဖျံက နင်းဆီပန်းထိုးထားတာတွေ့လို့ ကျုပ်တို့ လိုက်နေတဲ့ နင်းဆီခြေရာကို ကောက်လို့ရပြီလား"

"ကျုပ်က မသေချာပဲနဲ့ လုပ်ပါ့မလား - ကိုသံခိပ်ရယ်၊ ဒီလူ သတိရလာရင် အဖြေတစ်ခုတော့ ကျိန်းသေရမှာ သေချာတယ်"

မကြာမီ သတိမေ့နေသူ သတိရလာပြီး ကျွန်ုပ်နှင့် ကိုဘဟိန်းကို တွေ့လိုက်ရ၍ မကျေနပ်သည့်အမူအရာဖြင့် တုံ့ပြန်ကြည့်နေသည်ကို တွေ့လိုက်ရလေသည်၊

"ကျုပ် - ဘယ်ရောက်နေတာလဲ - ပြန်လွှတ်ပေး"



www.burmeseclassic.com

www.burmeseclassic.com

"ကျုပ်မေးတာကိုဖြေရင် ကျုပ် ပြန်လွှတ်မယ်၊ အမှန်အတိုင်းမဖြေရင် ကျုပ် ခင်ဗျားကို လူသတ်မှုနဲ့ ဂါတ်ထဲကို ပို့ရမှာပဲ"

"ဗျာ - ကျုပ် - ကျုပ် - လူသတ်မှု - ဟုတ်လား"

ထိုလူသည် ကိုဘဟိန်းစကားကြောင့် တုန်လှုပ်သွားဟန်တူသည်၊ ကိုဘဟိန်းက ဆေးပြင်းလိပ်ကို အားရပါးရ ဖွာရှိုက်ပြီးမှ -

"ခင်ဗျားလက်ဖျံမှာထိုးထားတဲ့ နှင်းဆီပန်းက ကိုလူရှော်နဲ့ အတူထိုးခဲ့တာမဟုတ်လား"

"ကျုပ်လက်ဖျံက နှင်းဆီပန်း - ဟုတ်လား၊ လူ - လူရှော် - ဘာဖြစ်လို့လဲ"

"လူရှော် - ဘာမှမဖြစ်ပါဘူးဗျာ၊ ကျုပ်နဲ့တွေ့ခဲ့တုန်းက ခင်ဗျားကို သတိရတယ်လို့ ပြောရှာပါတယ်၊ စုလည်း ခင်ဗျားကိုတွေ့ရင်ပြလိုက်ပါဆိုလို့ ကျုပ်ယူလာခဲ့ရတာ"

ကိုဘဟိန်းက လက်ကိုင်ပုဝါလေးဖြင့် ထုပ်ထားသည့် နှင်းဆီပန်းခြောက်လေးကို ဖွင့်ပြီးပြလိုက်လေသည်၊ ထိုလူသည် နှင်းဆီပန်းခြောက်ကို တွေ့လိုက်ရ၍ အံ့အားသင့်သွားပြီး -

"ကျုပ် - လူရှော်ကို မသတ်ဘူး - မသတ်ဘူး"

"ခင်ဗျားမသတ်ပဲ သတ်တဲ့သူကို သိမှာပေါ့ဗျာ၊ အဲဒီတော့ - ခင်ဗျား မောင်လူရှော်နဲ့ တွေ့ခဲ့တုန်းကအဖြစ်ကို ပြောဗျာ"

ကိုဘဟိန်းစကားကြောင့် ထိုလူသည် အတန်ငယ် တွေဝေသွားပြီး အတန်ကြာမှ စကားစသည်၊

"အမှန်ပြောရရင် - သူဌေးတစ်ယောက်က ကျုပ်ကို လူတစ်ယောက်သတ်ဖို့ ငွေပုံပေးခဲ့ပါတယ်၊ ဒါနဲ့ - ကျုပ် စုံစမ်းကြည့်တော့ ကျုပ်သတ်ရမယ့်သူက ကျုပ်သူငယ်ချင်း မောင်လူရှော်ဖြစ်နေလို့ ကျုပ် လက်မခံခဲ့ဘူး၊ အဲဒါကြောင့် - သူဌေးက ကျုပ်ကိုသတ်ဖို့ လိုက်ရှာနေတာ၊ ကျုပ် ခုလိုရုပ်ပြောင်းပြီးနေခဲ့ရတာပါ၊ အဲဒါ - ခင်ဗျားတို့က - ကျုပ်ကို"

"ဘာမှစိတ်မပူပါနဲ့ - ကိုမဲညိုရယ်"

"ဗျာ - ခင်ဗျားက ကျုပ်နာမည်ကို သိ - သိနေပါလား"



"ကျုပ် မသိဘဲရှိပါ့မလားဗျာ၊ မောင်လူရှော်ရေးခဲ့တဲ့ ဟောဒီဒိုင်ယာရီစာအုပ်လေးထဲမှာ သူသိပ်ချစ်ခဲ့တဲ့ ငယ်သူငယ်ချင်း မဲညိုဆိုတာ ခင်ဗျားပဲဆိုတာ ကျုပ်သိတယ်၊ သက်သေခံကတော့ ခင်ဗျားနဲ့မောင်လူရှော်တောဘုရားပွဲသွားရင်း အမှတ်တရအဖြစ် နှင်းဆီပန်းတစ်ပွင့်ဆီ တက်တူးထိုးခဲ့ကြတယ်မဟုတ်လား"

"ဟုတ် - ဟုတ်ပါတယ်ဗျာ၊ အဲဒီကစပြီး ကျုပ်လည်း စီးပွားရှာရင်း မောင်လူရှော်နဲ့ မတွေ့ဆုံခဲ့တာ နှစ်အတန်ကြာခဲ့ရတာပါ"

"အေးဗျာ - ခင်ဗျားကို ကျုပ် ခုလိုလုပ်ခဲ့မိတာကို ခွင့်လွှတ်ပါလို့ ကျုပ်တောင်းပန်ပါတယ်"

"ကျုပ် ခွင့်လွှတ်ပါတယ်ဗျာ၊ ကျုပ်သူငယ်ချင်း ခုလိုအသတ်ခံခဲ့ရတာ သိလို့ ကျုပ်ခံစားရတယ်ဗျာ"

"ခင်ဗျားခံစားရသလို ကျုပ်လည်း ခံစားရပါတယ်ဗျာ၊ ကဲ - ခင်ဗျားသွားလိုရာ သွားလို့ရပါပြီ၊ နောင် - ကျုပ်တို့ကို သတိရတယ်ဆိုရင် ဝင်ခဲ့ဗျာ၊ ကျုပ်ကြိုဆိုပါတယ်"

"စိတ်ချပါဗျာ - ကျုပ် နောက်တစ်ခါ ခင်ဗျားဆီရောက်အောင် လာခဲ့ပါ့မယ်"

ကိုမဲညိုသည် ကျွန်ုပ်နှင့် ကိုဘဟိန်းကို နှုတ်ဆက်ပြီး လျင်မြန်စွာ ထွက်သွားလေသည်၊

"ကိုဘဟိန်း - နှင်းဆီခြေရာ ပျောက်နေပါလား"

"မပျောက်ပါဘူး - ကိုသံခိပ်ရယ်၊ ကျုပ်တို့ မေဘရဏီနောက်ကို လိုက်မှဖြစ်တော့မယ်ဗျို့"

"မေဘရဏီက ပုန်းနေတာမဟုတ်လား - ကိုဘဟိန်း"

"မပုန်းတော့ပါဘူးဗျာ၊ ခုလောက်ဆို - သူချစ်သူနဲ့ ဆုံတွေ့ပြီး တစ်နေရာရာမှာ အချစ်ကမ္ဘာသစ် တည်ဆောက်ဖို့ ကြံစည်နေပြီဗျ၊ အဲဒါကြောင့် ကျုပ်တို့ မီအောင်အမြန်ဆုံးလိုက်မှဖြစ်မယ် - ကိုသံခိပ်ရေ"



www.burmeseclassic.com

www.burmeseclassic.com

ကိုဘဟိန်းသည် ကျွန်ုပ်ကို ပြောဆိုပြီး လျင်မြန်စွာ သွားနေ၍ ကျွန်ုပ် လိုက်ခဲ့မိလေသည်။ ကိုဘဟိန်းသည် အလွန်ကျယ်ဝန်းပြီး တိတ်ဆိတ်သည့် ခြံကြီးအလယ်ရှိ အိမ်ကြီးအနီးသို့ရောက်လျှင် ကျွန်ုပ်ကိုကြည့်ကာ -

"ကိုသံခိပ် - ကျုပ် အိမ်ကြီးအထဲကိုဝင်မယ်၊ ခင်ဗျားက အိမ်ကြီးဘေးမှာ စောင့်ပြီးနေ၊ ထူးခြားမှုရှိရင် အိမ်ထဲဝင်ပြီး တရားခံဖမ်းဖို့သာ ပြင်တော့ဗျို့"

ကိုဘဟိန်းသည် ကျွန်ုပ်ကို တိုးညင်းစွာပြောဆိုပြီး မည်းမှောင်တိတ်ဆိတ်သည့် အိမ်ကြီးအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။ ကျွန်ုပ်သည် အိမ်ကြီးအနီးသို့ ချဉ်းကပ်ပြီး ငြိမ်သက်စွာ နားစွင့်လိုက်မိလေသည်။



ကိုဘဟိန်းစကားကြောင့် ကိုမိုးခေါင်သည် မတတ်သာတော့ပဲ မားမြှောင်ကို ထုတ်ပေးလိုက်၍ ကျွန်ုပ်သည် လျင်မြန်စွာပင် ကိုမိုးခေါင်လက်ကို လက်ထိတ်ခတ်လိုက်လေသည်။ ကိုမိုးခေါင်အဖြစ်ကို တွေ့မြင်လိုက်ရ၍ မေဘရက်သည် အံကို တင်းတင်းကြိတ်ပြီး မျက်ရည်ဝဲနေသည်ကို တွေ့လိုက်ရလေသည်။

"ကိုမိုးခေါင်ရယ် - ခုမှပဲ ပေါ်လာတော့တယ်၊ ဘရက်မျှော်နေတာ ရက်ကြာခဲ့ပြီ"

"ကိုမိုးခေါင် လာချင်ပါတယ် - ဘရက်ရယ်၊ အခွင့်အရေးမသာသေးလို့ မလာနိုင်တာပါ၊ ပြီးတော့ - အန္တရာယ်တွေက နီးကပ်နေပြီမဟုတ်လား"

"ဒါဆို - ဘယ်လိုစီစဉ်ထားလဲ - ကိုမိုးခေါင်၊ ဘရက်တော့ ရင်ထိတ်နေပြီ - သိလား"

"ရင်မထိတ်ပါနဲ့တော့ - ဘရက်ရယ်၊ ကိုမိုးခေါင်က ဟောဒီဘရက် အချောအလှလေးကို မခွဲနိုင်လို့ စွန့်စားလိုက်ရတာ၊ ဘရက် ကျေနပ်တယ် မဟုတ်လား"

"ကျေနပ်ပါတယ် - ကိုမိုးခေါင်ရယ်၊ ဘရက်က ကိုမိုးခေါင်ကို မခွဲနိုင် အကြံပေးလိုက်ရတာ"

ကျွန်ုပ်သည် ရုတ်တရက်ကြားလိုက်ရသည်၊ ကိုမိုးခေါင်နှင့် မေဘရက် အဖြစ်ကို မယုံနိုင်အောင် ဖြစ်သွားမိလေသည်။ ကျွန်ုပ်သည် ကိုမိုးခေါင်နှင့် မေဘရက် အသံတိတ်သွား၍ ကိုဘဟိန်းအတွက် စိုးရိမ်သွားမိလေသည်၊ ထိုစဉ် မည်းမှောင်နေသည့် အိမ်ကြီးတစ်ခုလုံး မီးများ လင်းထိန်သွားလေသည်၊

"ဘယ်လိုလဲ - ကိုမိုးခေါင်အတုရဲ့ ခုတော့ - အစစ်ဖြစ်နေပါလား၊ ဘာလဲ ချစ်ရမယ့်သူနဲ့ ထာဝရနေရတော့မယ်ဆိုလို့ သိပ်ပျော်နေကြပြီ ထင်ပါရဲ့"

"ခင် - ခင်ဗျား"

"ကိုမိုးခေါင်က ကျုပ်ကို မှတ်မိသားပဲ၊ ကိုမိုးခေါင်ပြောခဲ့သလို ကျုပ်ဆီ နောက်တစ်ခါလာဖို့ မလိုတော့ပါဘူးဗျာ၊ ကျုပ်ကပဲ ခင်ဗျားနောက်ကို လိုက်ခဲ့ရတာပါ၊ ကိုမိုးခေါင် - ငြိမ်ငြိမ်လေးနေပါ၊ ခင်ဗျားခုခံဖို့ ခါးကြားမှာ အမြဲဆောင်ပြီး ဓားမိုးခေါင်ဆိုတဲ့ဂုဏ်ပုဒ်ကို ထုတ်ပြလို့မရတော့ပါဘူး၊ ကိုမိုးခေါင် လို့ခေါ်တဲ့ ကိုမဲညို - ခင်ဗျားနောက်မှာ ဘယ်သူလဲဆိုတာ ပြန်ကြည့်ပါဦး"

ကိုဘဟိန်းက ကျွန်ုပ်ကို အရိပ်ပြပြီး ပြောလိုက်သည့်စကားကြောင့် ကိုမိုးခေါင် လှည့်ကြည့်လိုက်ရာ ကျွန်ုပ်ကို တွေ့လိုက်ရ၍ အံ့အားသင့်သွားလေသည်၊





www.burmeseclassic.com

www.burmeseclassic.com

"ကိုသံခိပ် – ဂါတ်ကို အကြောင်းကြားခဲ့ပြီးပြီလား"

"အကြောင်းကြားခဲ့ပြီးပြီ – ကိုဘဟိန်း၊ အိမ်ကြီးကိုလည်း ဝိုင်းထားပြီးပါပြီ"

ကိုဘဟိန်း၏ ဟန်ပါပါအမေးစကားကြောင့် ကျွန်ုပ်သည် အလိုက်သင့်ဖြေလိုက်ရာ ကိုမိုးခေါင်နှင့် မေဘရင်ကျီတို့နှစ်ဦးစလုံး မျက်စိမျက်နှာ ပျက်သွားကြလေသည်။

"စိတ်တော့ မရှိပါနဲ့ – ကိုမိုးခေါင်၊ ခင်ဗျား – မောင်လူချောကို ထိုးသတ်ခဲ့တဲ့ဓားမြှောင် ကျုပ်ကိုပေးပါ"

ကိုဘဟိန်းစကားကြောင့် ကိုမိုးခေါင်သည် မတတ်သာတော့ပဲ ဓားမြှောင်ကို ထုတ်ပေးလိုက်၍ ကျွန်ုပ်သည် လျင်မြန်စွာပင် ကိုမိုးခေါင်လက်ကို လက်ထိတ်ခတ်လိုက်လေသည်။ ကိုမိုးခေါင်အဖြစ်ကို တွေ့မြင်လိုက်ရ၍ မေဘရင်ကျီသည် အံကိုတင်းတင်းကြိတ်ပြီး မျက်ရည်ဝဲနေသည်ကို တွေ့လိုက်ရလေသည်။

"စိတ်လျှော့ပါတော့ – မေဘရင်ကျီရယ်၊ သေတဲ့လူလည်း သေခဲ့ပြီမဟုတ်လား"

ကိုဘဟိန်းက မေဘရင်ကျီကိုကြည့်ပြီး ပြောလိုက်စဉ် မေဘရင်ကျီသည် ငိုရှိုက်ရင်း သူ့အမှားကို နောင်တရနေဟန်တူသည်။

"ကဲ – ဂါတ်မှာပဲ စာရင်းရှင်းကြစို့"

ကိုဘဟိန်းက အိမ်ကြီးအပြင်ဖက်သို့ ရှေ့ရှုထွက်လာ၍ ကျွန်ုပ်သည် ကိုမိုးခေါင်နှင့် မေဘရင်ကျီကိုခေါ်ကာ ဂါတ်ကို ပို့ဆောင်လိုက်လေသည်။

ကျွန်ုပ်သည် နင်းဆီခြေရာအမှုအတွက် တရားခံများကို ဖမ်းဆီးပြီးခဲ့သော်လည်း မပြီးစီးသေးသည့်ပဟေဠိများကြောင့် ကိုဘဟိန်းအိမ်သို့ရောက်ရှိခဲ့လေသည်။ ကိုဘဟိန်းက နင်းဆီခြေရာအမှုပြီးစီးသော်လည်း အနားမယူနိုင်သေးပဲ စာအုပ်တစ်အုပ်ကို စိတ်ပါဝင်စားစွာ ဖတ်ရှုနေသည်ကို တွေ့ရှိလိုက်ရလေသည်။



"ကိုဘဟိန်း – ဘာတွေများ စာအုပ်ထဲမှာ ထူးထူးခြားခြားပါလို့ စိတ်ဝင်တစား ဖတ်နေရတာလဲဗျို့"

"ကျုပ် စာဖတ်ရင်း နင်းဆီခြေရာအမှုကို ပြန်စဉ်းစားမိပြီး လူ့ဘဝရဲ့သင်ခန်းစာတွေ တွေ့ခဲ့ရလို့ပဲ – ကိုသံခိပ်ရေ"

ကျွန်ုပ် သိလိုသည့် နင်းဆီခြေရာအမှုကို ကိုဘဟိန်းထံမှ ပြန်ကြားလိုက်ရ၍ ကျွန်ုပ် ပို၍စိတ်ဝင်စားသွားမိလေသည်။

"ဘဝင်ခန်းစာက ဘာတွေများရခဲ့လို့လဲ – ကိုဘဟိန်းရယ်၊ လူသတ်တဲ့သူကိုလည်း မိတယ်၊ ကြံစည်တဲ့သူကိုလည်း မိခဲ့ပြီမဟုတ်လား။ ဒါပေမဲ့ ကျုပ်မရှင်းတာက ကိုမိုးခေါင်က သူငယ်ချင်းအရင်းဖြစ်တဲ့ ကိုလူချောကို ဘာကြောင့် သတ်ခဲ့တယ် ဆိုတာ ကျုပ်ဖြင့် စဉ်းစားလို့မရနိုင်အောင်ပဲ ကိုဘဟိန်း"

"ကိုသံခိပ်ပြောတာမှန်ပါတယ်ဗျာ၊ ဒါပေမဲ့ – ဒီအမှုရဲ့အဓိကတရားခံက ကာမအမှောင်ဗျ"

"ဘယ်လို – ကာမအမှောင် – ဟုတ်လား။ ထူးထူးဆန်းဆန်းပါလား ကိုဘဟိန်းရယ်"

ကျွန်ုပ်သည် ကိုဘဟိန်းစကားကို ရုတ်တရက် နားမဝင်နိုင်ပဲ အခါခါတွေးနေမိသော်လည်း အဖြေက မပေါ်ချေ။ ကိုဘဟိန်းက ကျွန်ုပ်ကို အ.ရန်ကော၊ န.ရန်ကောဟူသောအကြည့်များဖြင့် အခါခါကြည့်ကာ ဆေးပြင်းလိပ်ကို အားရပါးရ ဖွာရှိုက်ပြီးမှ –

"ပြောရရင်တော့ – ကိုသံခိပ်ရယ် – ကျုပ် အမှုစလိုက်တုန်းက ပြောခဲ့သလို ရိုးရိုးလေးနဲ့ ရှုပ်ထွေးတဲ့အမှုဆိုတာလေ"

ကိုဘဟိန်းစကားအစ ပြန်ဖော်ပြောမှ ကျွန်ုပ် သတိရသွားမိလေသည်။

"ကိုမိုးခေါင်နဲ့ မောင်လူချောက ငယ်သူငယ်ချင်းတွေဗျ၊ အဲ – မောင်လူချောက အချောအလှဖြစ်တဲ့ မေဘရင်ကျီနဲ့ အိမ်ထောင်ကျပြီးမှ နယ်ကိုစီးပွားရှာနေတဲ့ ကိုမိုးခေါင်က မောင်လူချောအိမ်ကို ဝင်ထွက်ရင်း မေဘရင်ကျီကို အသည်းစွဲအောင် ကြိုက်သွားခဲ့တာဗျ"



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို – ကိုမိုးခေါင်က သူငယ်ချင်းဖနီးတောင် စည်းမထားပဲ ကျူးလွန်ရတယ်လို့ဗျာ"

"ကိုမိုးခေါင်ကိုပဲ အပြစ်မတင်ပါနဲ့ – ကိုသံခိပ်ရယ်။ မေဘာရက်ကီကလည်း ကိုမိုးခေါင်ကို စွဲလမ်းခဲ့တာဗျ"

"ဗျာ – ဒါ – ဒါဆို – မောင်လူရှော့က မသိဘူးလား"

"သိတာပေါ့ဗျာ – ဒါကြောင့်လည်း – ဖနီးဖြစ်တဲ့ မေဘာရက်ကီကို သူ့သူငယ်ချင်းနဲ့ အဆက်အသွယ်မလုပ်ဖို့ အမျိုးမျိုးတားမြစ်ခဲ့တယ်။ ဒါကို မေဘာရက်ကီက အချစ်ဆိပ်တက်ပြီး လက်မခံပဲ ကိုမိုးခေါင်နဲ့ ကွယ်ရာမှာတွေ့တွေ့ပြီး သူနဲ့ ကိုမိုးခေါင် လုံးဝမပတ်သက်ဘူးလို့ငြင်းချက်ထုတ်ခဲ့တာ။ အဲဒီကစပြီး မောင်လူရှော့နဲ့ မေဘာရက်ကီတို့လင်မယား တကျက်ကျက် ရန်ဖြစ်ခဲ့တာ။ နောက်ဆုံး မေဘာရက်ကီက ကိုမိုးခေါင်နဲ့ ဆက်သွယ်ပြီး မောင်လူရှော့ကို သတ်ခိုင်းခဲ့တာပဲ ကိုသံခိပ်ရေ"

"အင်း – သူ့မိန်းမလိုချင်ရင် သူ့လင်ကို လုံနဲ့မထိုးပဲ ဓားမြှောင်နဲ့ထိုးခဲ့တဲ့ ဇာတ်လမ်းပါလား – ကိုဘဟိန်း"

"ဟုတ်တယ် – ကိုသံခိပ်ရေ။ အချစ်ဆိုတဲ့တဏှာရမ္မက်ဇောတွေ နှလုံးသားမှာ ဖုံးလွှမ်းလာမိရင် လင်ရယ် မယားရယ်၊ မိတ်ဆွေရယ်၊ သူငယ်ချင်းရယ်လို့ ဆင်ခြင်တဲ့တရားမရှိကြတော့ဘူး ကိုသံခိပ်ရေ။ ဒါကြောင့် အမှောင်တကာ အမှောင်ထဲမှာ ကာမအမှောင်စိတ်ရိုင်းတွေကြောင့် ခုလိုမောင်လူရှော့ အဖြစ်ဆိုးနဲ့ ကြုံတွေ့ခဲ့ရတာ မဟုတ်လား – ကိုသံခိပ်ရေ"

ကျွန်ုပ်သည် ကိုဘဟိန်းကို နှုတ်ဆက်ပြီး ပြန်လာခဲ့သော်လည်း ကိုမိုးခေါင်၊ မောင်လူရှော့၊ မေဘာရက်ကီတို့၏အမှုကိုဖတ်ပြီး ဘဝသင်ခန်းစာ ယူနိုင်ကြရန် ကျွန်ုပ်စာအုပ်ထဲတွင် လူစွန့်စားဘဟိန်းနှင့် နှင်းဆီခြေရာဇာတ်လမ်းကို ရေးသားမှတ်တမ်းပြုလိုက်မိလေတော့သတည်း။

⇨ ကျွန်ကျော်ဦး



www.burmeseclassic.com

## အင်းထဲတွင် ငါးများ ဖောက်ရာဖြင့် သေဆုံးနေရာ တစ်နေ့တွင် ချောင်းမြောင်း ဖမ်းဆီးကြသောအခါ တွေ့ကား ..

**ကျွန်တော်တို့** ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်တတိယနှစ်တက်စဉ် မိုးရာသီကျောင်းပိတ်ရက်မှာပေါ့ဗျာ။ ကျွန်တော်၏မေဂျာတူ၊ စက်ရှင်တူသူငယ်ချင်းက စောဂျော့လေ။ သူက ကရင်လူမျိုး၊ ခရစ်ယန်ဘာသာဝင်၊ သူ့အဖေက ဦးစောဆမ်းမားဒုရဲအုပ်စခန်းမှူး။ သူ့အစ်ကိုကြီး ဦးစောဝီလျံက မြို့နယ်တရားသူကြီး အဖွဲ့ဝင်တိုက်ကြီးနဲ့ဥက္ကံကြား၊ ပြည်ကားလမ်းဘေးက "အင်ကုန်း" ဆိုတဲ့ရွာမှာ နေကြတာ၊ အင်ကုန်းဆိုတာက ကရင်ရွာကြီး၊ ခရစ်ယန်ဘာသာဝင်ကရင်လူမျိုးတွေ အများစုနေထိုင်ကြသည်။ လုပ်ငန်းကတော့ ဆန်စပါးနဲ့ ပဲမျိုးစုံ စိုက်ကြတာ၊ အင်းလုပ်ငန်းနဲ့တခြားလုပ်ငန်းတွေ လည်း ရှိပါသည်။

ကျွန်တော့်သူငယ်ချင်းက ဖိတ်တာကြာပါပြီ။ ကျွန်တော်မအားတာနဲ့ မလိုက်ဖြစ်တာပါ။ ဒီတစ်ခါတော့ - သူ့အစ်ကိုဦးစောဝီလျံကပါ တကူးတက ဖိတ်တာကြောင့် ကျွန်တော် သွားဖြစ်တာပါ။ တိုက်ကြီးကားစီးပြီး တိုက်ကြီးမှာ နေ့လယ်စာစား၊ ဥက္ကံကားနဲ့ အင်ကုန်းရွာကို သွားရတာပါ။ ရွာရောက်တော့ သူငယ်ချင်းမိသားစုက ဆီးကြိုနေပါသည်၊ ညနေခင်းအချိန်ဖြစ်ပါသည်။ သူငယ်ချင်းမိသားစုကတော့ ညနေစာအတွက် စီစဉ်နေကြပါသည်၊ သူတို့ရွာက ကားလမ်းဘေးက ရွာတန်းရှည်ရွာကြီး။ခြံဝိုင်းကြီးတွေကအလွန်ကျယ်သည်၊ အိမ်ဝိုင်းတွေကို ထီးရိုးဝါး၊ ဝါးနက်ဝါး၊ ဝါးဘိုးချုံကြီးတွေနဲ့ စည်းရိုးလုပ်ထားတာ၊ ရွာအနောက်ဘက်မှာတော့ စိမ်းစိုနေတဲ့ စပါးခင်း၊ မြေပဲခင်းနဲ့ မတ်ပဲခင်းတွေတစ်မျှော်ကြီးပါပဲ၊ ကျွန်တော် ခရီးရောက်မဆိုက်ခွေ့သွားပြီး ဝါးဘိုးရုံဘေးက အုတ်စီရေတွင်းမှာရေချိုးရသည်၊ ရေချိုးပြီးလို့အဝတ်အစားလဲနေတုန်း မြွေဟောက်တွန်သံကို တရှီးရှီးနဲ့ ဝါးရုံတွေဘက်က ကြားရသည်၊

အဲဒီ့အခါမှ သူငယ်ချင်း စောဂျော့လေက -

"သူငယ်ချင်း - အိမ်ပေါ်တက်တော့၊ ကိုယ်တို့အမြည်းတစ်ခု ထပ်တိုးပြီး ဖမ်းလိုက်ဦးမယ်၊ မြွေဟောက်ဆိုတော့ ဟိုမြေ၊ ဒီမြေနဲ့ အန္တရာယ်ရှိတယ်၊ အိမ်ပေါ်တက်နေ"

ကျွန်တော် အိမ်ကပြင်ပေါ်ရောက်တော့ သူတို့ တုတ်များ၊ ဓားများဖြင့်ဝိုင်းဖမ်းကြသည်၊ မြွေဟောက်ကြီးအား လူဝိုင်းထားလိုက်ပြီး ထွက်ပေါက်ပေးထားသောနေရာမှ ရှောင်ခဲ့အတွက် သူငယ်ချင်း စောဂျော့လေက မြန်မြန်လက်မြန် ဦးခေါင်းအား ငှက်ကြီးတောင်ဓားဖြင့် ပိုင်းလိုက်ခြင်းဖြစ်သည်၊ မြွေဟောက်ကြီးမှာ ပါးပျဉ်းပင် မထောင်နိုင်၊ ခေါင်းပြတ်ကြီးက သွေးသံရဲရဲဖြင့် အမြီးပိုင်းက ထွန့်ထွန့်လူး လှုပ်ရှားနေဆဲပင်ဖြစ်သည်၊ သူတို့အဖွဲ့က အလွန်မြန်လှသည်၊ လူ(၄)ဦး ဘက်ညီသည်၊ တစ်ဦးက ဝါးရွက်ခြောက်၊ သစ်ကိုင်းခြောက်များဖြင့် မီးဖိုသည်၊ တစ်ဦးက ခေါင်းပြတ်ကြီးကို မြေတွင်းတူး၍မြှုပ်သည်၊ ကျန်နှစ်ဦးက မြွေကိုယ်ထည်ကြီးအား ကြိုးချည်၍ မီးကင်သည်၊ အသားညှော်နံ့မှာ အလွန်မွှေးသည်၊ ကျက်သလောက်ရှိမှ အိမ်ပေါ်သို့ယူခဲ့ကြသည်၊ ကရင်မကြီးတစ်ဦးက မြွေကင်ကြီးအားအရေဆုတ်ပြီး ဗိုက်ခွဲ၍ အူအသည်းများ ခုတ်သည်၊ ပြီးနောက် - ဇလုံတစ်လုံးထဲသို့ အသားမျှင်များအား ဓားဖြင့် ခြစ်ချသည်၊ ပြီးနောက် - ငရုတ်သီးစိမ်း၊ ကြက်သွန်နီဖြူဆီဆားထည့်၍သုပ်ခြင်းဖြစ်သည်၊

ညနေဝိုင်းအား မြွေဖမ်းမိသည့် ဝါးဘိုးဝါးရုံကြီးအနီး၌ပင် စားပွဲခုံများခင်း၍ စားသောက်ဝိုင်းဖွဲ့ကြခြင်းဖြစ်သည်၊ ကျွန်တော် ထိုအချိန်က အရက်

www.burmeseclassic.com

မသောက်တတ်ပါ။ အမြည်းများစားရင်း မြွေဟောက်သားဟင်းအား စားဖူးသည်ရှိစေရန် မြည်းကြည့်ရာ လွန်စွာဆိမ့်၍ ချိုသည်။ ဘယ်အသားဖြင့်မှမတူ၊ အတော်စားကောင်းသည်။

သူတို့ကတော့ ဒေသထွက်၊ တောအရက်ဖြင့် မြည်းကြခြင်းဖြစ်သည်။ ညစာထမင်းစားတော့ လယ်ငါးကလေးများ အိုးကပ်ဟင်း၊ ဘဲငန်းသားဟင်း၊ ကျော်စံကေးခေါ် ဖားကလေးများနှင့် မန်ကျည်းရွက်ချဉ်ရည်ဟင်း၊ မြေပဲပင် ပေါက်ကြော်၊ မှိုနှင့် ကန်စွန်းရွက်ကြော်ဟင်းများ၊ ငါးပိရည်တို့စရာဖြင့် မြိုင်ဆိုင်လှသည်။ ကရင်လယ်သမားဟင်းဖြစ်သော်လည်း အစပ်အဟပ်တည့်သောကြောင့် အလွန်စားကောင်းသည်။ ညစာစားပြီး ဝိုင်းသိမ်းတော့ ည(၉) နာရီထိုးချေပြီ။ အစ်ကိုကြီးဦးစောဝီလျံက မနက်ဖြန်ခရီးထွက်မည့်အစီအစဉ်ကို ပြောပြသည်။

ကျွန်တော်တို့ မနက်(၆)နာရီခန့် ထကြသည်။ ကိုယ်စီကိုယ်ငသုံးလွယ်အိတ်များလွယ်၍ရွာအနောက်ဘက်လယ်ကွင်းများကိုဖြတ်ပြီးလမ်းလျှောက်ရ ခင်းဖြစ်သည်။ ပဲခူးရိုးမတောင်တန်းကြီးက အနောက်ဘက်အဝေးတွင် ညို့ညိုမှိုင်းမှိုင်း လှမ်းမြင်နေရသည်။ လယ်ကွင်းများဆုံးတော့ တောင်ခြေတောစပ်။ တောစပ်ဆုံးတော့ကိုင်းတောကြီး၊ ရေနက်ကွင်းဒေသ၊ အင်းရွာသို့ ရောက်လုနီးချေပြီ။ တောင်ခြေနှင့်ကိုင်းတောကြီးမှာ တစ်မျှော်တစ်ခေါ်ဆက် စပ်နေပါသည်။ ကိုင်းတောကြီး ထွက်ပေါက်သို့ရောက်မှ အင်းကန်ရေပြင်ကျယ်ကြီးနှင့် အင်းရွာဟု ခေါ်ဆိုသော တဲအလုံး(၂၀)ခန့် စုဝေးနေရာကို ရောက်ရှိပါတော့သည်။ အင်းကန်ကြီးမှာအလွန်ကျယ်ပြန့်သည်။ ကိုင်းတောများဖြင့် အနားသပ်ထားပြီး ရေပြင်ကျယ်စိမ်းစိမ်းကြီးမှာ ရိုးမတောင်ပြာတန်း နောက်ခံပြီး အလွန်သာယာလှပသည်။

"ကဲ - ညီလေးတို့ - ရေပြာအင်းရွာရောက်ပြီ။ ဟိုး - အလယ်ကတဲကြီးက အင်းသူကြီး ကိုလှမောင်ရဲ့တဲကြီးပဲ။ တို့တစ်တွေ - အဲဒီ့မှာ ညအိပ်စတည်းချရမှာ။ ကိုလှမောင်က ဆက်ဆံရေးအလွန်ကောင်းတယ်။ ငါးနှစ်ဆက်တိုက် ဒီအင်းကြီးလေလံကို ရထားတာ။ တို့တရားသူကြီးအဖွဲ့ဝင်တွေက လာဘ်စားပြီး သူ့ကို မျက်နှာလိုက် အနိုင်ပေးတာမဟုတ်ဘူး။ သူက အများဆုံးလည်း



လေလံတင်နိုင်တယ်၊ လုပ်ငန်းလည်း ကျွမ်း၊ အပေါင်းအသင်းလည်း ဆန့်တယ်"

"နေ့လယ်စာတော့ သူစီစဉ်ထားတာနဲ့ စားကြမယ်။ ညနေစာကို သူက ဘာနဲ့စားချင်သလဲမေးရင်တော့ ပုစွန်တုပ်စားမယ်လို့သာဖြေ - ကြားကြသလား"

"ဟုတ်ကဲ့ပါ - ကိုကြီးစော။ ထမင်းစားတာပဲ - ဟင်းစုံစုံစားရမှာမဟုတ်လား။ အင်းထဲကထွက်တဲ့ သားငါးဟင်းအစုံနဲ့ မဟုတ်ဘူးလား"

"အဲ့လိုမဟုတ်ဘူး၊ ပုစွန်တုပ်ကြီးတွေကို ဖုတ်၊ ကင်၊ ကြော်လှော်ပြီး ထမင်းလွတ်စားမှာ၊ တခြားသားငါးနဲ့ ထမင်းမပါဘူး။ ပုစွန်တုပ်ချည်းစားမှာလို့ ပြောခိုင်းတာ"

ကျွန်တော်တို့ စကားပြောဆိုကြရင်း ဦးလှမောင်၏ တဲဝိုင်းကြီးရှေ့သို့ ရောက်လာကြသည်။ အခြားတဲများ၌ မိန်းမနှင့်ကလေးများ ချက်ပြုတ်ကြော်လှော်နေကြသော်လည်း ဦးလှမောင်၏တဲကြီးအတွင်း၌ လှုပ်ရှားလှုပ်ယောင်မျှ မမြင်ရပါ။ ထို့ကြောင့် အစ်ကိုကြီးစောက -

"ကိုလှမောင် - ကိုလှမောင်" ဟု အသံပြုလိုက်တော့မှ တဲအတွင်းက လူတစ်ဦး အိပ်မှုန်စုံမွှားဖြင့် ထွက်လာသည်။ ခေါင်းတုံးဆံတောက်ဆံပင်၊ နေလောင်ထားသဖြင့် အသားနီစပ်စပ်၊ တောင့်တင်းသောခန္ဓာကိုယ်အချိုးအစား၊ ကရင် - မြန်မာကပြား ဖြစ်ပုံရသည်။

"ဟာ - ဆရာကြီးတို့ ရောက်လာကြပြီပဲ၊ လာထိုင်ကြပါ။ စားစရာတွေ အသင့်စီစဉ်ခိုင်းထားပြီးပါပြီ၊ ညက ကျွန်တော်တို့အင်းထဲ လေ့နဲ့လှည့်တာ၊ သန်းခေါင်ကျော်သွားတယ်။ အဲ့ဒါကြောင့် အိပ်ရေးပျက်ပြီး အိပ်နေတာပါ"

"ဘာဖြစ်လို့လဲ - ကိုလှမောင်၊ ငါးခိုးဖမ်းကြလို့လား"

"မဟုတ်ဘူး - ဆရာကြီး၊ ငါးတွေကို စားနေတဲ့ အကောင်တစ်ကောင်၊ ဒါမှမဟုတ် သတ္တဝါတစ်အုပ် ကန်ထဲရောက်နေပုံရတယ်၊ ကန်ထဲမှာ ငါးသေတွေနဲ့ အပိုင်းအစတွေ တွေ့နေရလို့ကင်းလှည့်စစ်ဆေးတာပါ။ ဘာကောင်မှ မတွေ့ခဲ့ရပါဘူး"

"သားစားငါးတွေများလား - မြွေကြီးတွေလည်းဖြစ်နိုင်တယ်၊ [illegible]တော နဲ့အင်းကြီးတရေဝင်၊ ရေလဲချောင်းမြောင်းတွေ ဆက်နေတော့ [illegible]ချောင်းတွေလည်းဖြစ်နိုင်တာပဲ"

www.burmeseclassic.com

"တစ်ခုခုတော့ အနှောင့်အယှက်ပေးနေတာ အမှန်ပဲ - ဆရာ၊ တရားခံကို ရှာမတွေ့ဘူး၊ အရင်က ကျွန်တော့်မှာ ဘဲအုပ်အကောင်(၂၀)လောက်ရှိတယ်၊ အခုတော့ - လက်သည်မပေါ်ဘဲ ပျောက်,ပျောက်သွားလို့ လေးငါးကောင်ပဲ ရှိတော့တယ်၊ မျိုးပြုတ်မသွားရအောင် အခုတော့ - ကန်ထဲမဆင်းစေတော့ဘဲ ခြံလှောင် မွေးထားရတော့တယ် - ဆရာရေ့၊ အရင်နှစ်တွေက မဖြစ်ဖူးဘူး - ဆရာ၊ ကျွန်တော်လည်းအတွေ့အကြုံရှိုပါတယ်၊ ငါးလေးတွေကိုစားတဲ့ သားစားငါး၊ ငါးရံ့နဲ့ ငါးပတ်ကြီးတွေတော့ ရှိတာပေါ့၊ အခုဟာက ငါးကြီးတွေကိုပါ စားတာ၊ တစ်ပိုင်းတစ်စတွေ ကျန်နေတတ်တယ်၊ စပါးကြီးမြွေတွေဆိုရင်တော့ တစ်ပိုင်းတစ်စ မစားတတ်ဘူး၊ အကောင်လိုက်မျိုတာ၊ အဲ့ဒါကြောင့် ထူးဆန်းနေတာ - ဆရာရဲ့၊ ကျွန်တော်တို့ လုပ်ထုံးလုပ်နည်းအတိုင်း အင်းစောင့်တွေကိုလည်း ပွဲပေးပြီးပါပြီ၊ ရပ်မသွားဘူး - ဆရာ၊ ဒါကြောင့် - အခုနှစ်ယင်းတွေအထဲကို ငါးအဆင်းနည်းတယ်"

"ကဲ - ဆရာတို့ - ခေတ္တနားကြပြီးနေ့လယ်စာ စားကြတာပေါ့၊ (၁၁)နာရီလောက် ရှိပြီထင်ပါရဲ့"

ကျွန်တော်တို့ဦးလှမောင်၏တဲပိုင်းကြီးအတွင်းရှိဝါးပက်လက်ကုလားထိုင်များပေါ်၌ အနားယူရင်း ထိုင်ကြစဉ် ဦးလှမောင်က သူ့တပည့်များအားခေါ်၍ ထမင်းဝိုင်းကြီးကို ပြင်ဆင်နေပါတော့သည်၊


ᜀ

အင်းသူကြီး ထမင်းဝိုင်းပီပီ ဟင်းအမည်တစုံလင်လှသည်၊ ငဖန်ဝိုင်းခေါ်လက်ဝါးခန့်ရှိပြီး အဆီများ ဝင်းနေသည့် ငါးဖန်းမမီးကင်၊ ပုစွန်တုပ်ဆီပြန်ဟင်း၊ ငါးရံ့ခေါင်းနှင့် ဒန့်သလွန်သီးချဉ်ရည်ဟင်း၊ ငါးခူကြော်နှပ်၊ ငါးရှဉ့်ဆီပြန်ဟင်း၊ ငါးကလေးအိုးကပ်နှင့် ငါးဘတ်မွှေဟင်းများဖြစ်သည်၊ မြန်မာ့ရိုးရာငါးပိရည်နှင့် တို့စရာများကလည်းအတော်စုံလင်ပါသည်၊ ကျွန်တော်တို့အဖွဲ့ထမင်းအလွန်မြိန်ကြပါသည်၊

နေ့လယ်စာ စားသောက်ကြပြီးနောက်ဦးလှမောင်၏တဲဝိုင်းကြီးအတွင်းစကားပြောကြပြီး တစ်ရေးတစ်မော နပ်ကြပါသေးသည်၊ အိပ်ရာကနိုးတော့



# ၆၆



ကန်အတွင်းမှ လှေတစ်စင်း အပြေးလှော်ခတ်၍ လှနှစ်ဦး ကမ်းပေါ်သို့ အပြေးတက်လာကြသည်။ နောက်ဘက်မှလည်း ရေပန်းဖွေးဖွေးက တစ်ဟုန်ထိုး အပြေးကြီးစွာ လိုက်လာသည်။ ကမ်းစပ်ရောက်မှ အသေအချာ မြင်ရသည်မှာ ငွေရောင်အကြေးခွံများဖြင့် ရေမမြွေကြီးဖြစ်နေလေသည်။ မျက်လုံးတစ်စုံက နီရဲနေသည်။

ဦးလှမောင်က လက်ဖက်အချိုခြောက်နပ်ထားသော လက်ဖက်ရည်အချို၊ လက်ဖက်အစုံသုပ်၊ မုန့်မျိုးစုံဖြင့် ဧည့်ခံပြန်သည်၊ ညနေခင်းတွင် အင်းကန်ကြီးအတွင်း၌ လက်လှော်လှေစီးရင်း ပတ်ကြသည်၊ တကယ်တမ်း ကန်အတွင်းဆင်းကြည့်မှ အင်းကန်ကြီးမှာ တစ်မျှော်တစ်ခေါ်ကျယ်ဝန်းလှသည်၊ ဦးလှမောင်က ညနေ ချမ်းမြည်းရန်ဟုဆိုကာ ကန်စပ်က ကိုင်းပင်များတွင် တွဲခိုနေသည့် ကိုင်းဥများအား ရှာဖွေ၍ ခူးဆွတ်သည်၊ ကိုင်းဥဆိုသည်မှာ ကိုင်းပင်၏အဆစ်များတွင် တွယ်ကပ်နေသော ဥပုံစံ၊ မှိုလို အလုံးမှိုများ ဖြစ်သည်၊ မီးဖုတ်၊ ကြော်လှော်စားပါက နို့ရည်များ ထွက်လာပြီး အလွန်ဆိမ့်သည်၊ ကန်စပ်၌ပင် ကနဖော့၊ ရေထိကရုန်း၊ တရုတ်ကန်စွန်းပင်ကလည်း သန်စွမ်းလှသဖြင့် ခူးခဲ့ကြသေးသည်၊ အချို့ကိုင်းပင်ခြေရေစပ်၌ဦးလှမောင်အစောပိုင်းက ပြောခဲ့သလို ငါးအသေကောင်များနှင့် တစ်ဝက်တစ်ပျက်စားထားသော ငါးသေဖားသေ တစ်ပိုင်းတစ်စများကို တွေ့ရသည်၊ အစ်ကိုကြီးစောက အသေကောင်များကို ဆယ်ကြည့်ပြီး -



www.burmeseclassic.com

www.burmeseclassic.com

"ကိုလှမောင်ရေ့-သွားပါတဲ့သတ္တဝါက ကိုက်ထားတာတော့ သေချာတယ်ဗျ။ ဘယ်လိုအကောင်မျိုးမှန်းတော့ မသိဘူး။ အကုန်မစားတာတော့ သားငါးတွေ ပေါလို့နေလိမ့်မယ်။ ရေထဲမှာ အရိပ်အယောင်တောင် မတွေ့ရတော့ ရေထဲနဲ့ ကုန်းပေါ်နေတတ်တဲ့သတ္တဝါမျိုး ဖြစ်လိမ့်မယ်။ ဒါကြောင့် ကိုလှမောင်တို့ရှာတာ၊ မတွေ့ရတာဖြစ်မယ်။ အစာဆာမှ ရေထဲဆင်းပြီးရှာပုံရတယ်"

"ဟုတ်ပ့ါ - ဆရာကြီးရယ်။ ဒါကြောင့် - ကျွန်တော်တို့ရှာတာ နေရာနဲ့ပေမယ့် မျက်လှည့်အပြစ်နေရတာ"

ထိုနေ့ညနေက ကျွန်တော်တို့ အင်းကန်ကြီးအတွင်း လှည့်ပတ်ကြည့်ရှုကြပြီး အပြန်တွင် ဦးမောင်၏ ရာဝင်စဉ်ကြီးများအတွင်းရှိကန်ရေကို အားပါးတရချိုးကြသည်။ သူတို့စည်းကမ်းက အင်းကန်ကြီးများအတွင်း၌ ရေဆင်းမချိုးရပါ။ အလုပ်သဘောဆင်းလျှင်တောင် အဝတ်မပါဘဲ အင်းကန်ထဲ မဆင်းရပါ၊ အင်းကန်ရေကို သန့်ရှင်းအောင်ထားသည့်သဘောပင်။ အင်းခေါင်းနတ် မကြိုက်ဟူ၍လည်း အယူရှိကြပါသည်။ မည်သို့ပင်ဆိုစေ၊ အင်းအလုပ်မှ အကုသိုလ်အလုပ်ဖြစ်ပြီး နတ်ကြီးသည်ကတော့ အမှန်ပင်ဖြစ်သည်။

ညချမ်းတွင် ဦးလှမောင်က အရက်ဝိုင်းလုပ်ပေးရာ ပုစွန်တုပ်ကင်၊ ပုစွန်တုပ်ပြုတ်၊ ပုစွန်အသားအစိမ်းသုပ် (ပုစွန်ထုပ်အသားအား ရောက်ရည်ညှစ်ပြီး ရောက်ရွက်ဖြူးထားခြင်းဖြစ်သည်) ကိုင်းဥမီးကင်၊ တရုတ်ကန်စွန်းရွက်ကြော်၊ ငါးဘဲဖြူကြော်ရွရွကလေးများ၊ ငါးရံ့ခြမ်းမီးဖုတ်၊ ငါးရည့်ချဉ်စပ်ဟင်းများဖြစ်ကြသည်၊ ကျွန်တော်တို့ ထမင်းလွတ်စားကြရခြင်းဖြစ်ပါသည်။ စားသောက်ပြီးတော့ လက်ဖက်ရည်ချမ်းဝိုင်းဖွဲ့ရင်း စကားပြောကြသည်၊ ကျန်အချိန်မှာ ယင်းအတွင်း ငါး၊ ဇား၊ ပုစွန်ကျသောအချိန်ဖြစ်သောကြောင့် ဦးလှမောင်မှာမအားရပါ၊ အလုပ်သမားများနှင့်ပြေးလွှားစစ်ဆေးနေပါသည်၊ ထို့ကြောင့်ကျွန်တော်တို့ဧည့်သည်များက အလိုက်သိစွာဖြင့်စားသောက်ပြီး အိပ်ရာဝင်ခဲ့ကြပါသည်၊ အပြင်တွင်မီးဖိုထားသော်လည်း ခြင်ကအလွန်ကိုက်သည်၊ အင်းခြင်ကြားကြီးများမှာ လူကို အသေခံ၍ ကိုက်ကြခြင်းဖြစ်သည်၊



ကျွန်တော်တို့ နှစ်ခြိုက်စွာ အိပ်ပျော်နေကြစဉ် အင်းကန်အတွင်းမှ အော်သံနှင့် အင်းတဲများမှ လူသူစုရုံးသံများကြောင့် အိပ်ရာက လန့်နိုးကြပါသည်၊ အင်းစပ်တွင် မီးတုတ်မီးတိုင်၊ လက်နက်ကိုယ်စီဖြင့် အင်းလုပ်သားများ စုဝေးနေကြသည်၊ လပြည့်ခါနီးဖြစ်၍ လမင်းကြီးမှာ ထိန်ထိန်သာနေသည်၊ ကန်အတွင်းမှ လှေတစ်စင်းအပြေးလှော်ခတ်၍ လူနှစ်ဦး ကမ်းပေါ်သို့အပြေးတက်လာကြသည်၊ နောက်ဘက်မှလည်း ရေပန်းဖွေးဖွေးက တစ်ဟုန်ထိုး အပြေးကြီးစွာ လိုက်လာသည်၊ ကမ်းစပ်ရောက်မှ အသေအချာ မြင်ရသည်မှာ ငွေရောင်အကြေးခွံများဖြင့် ရေမမြွေကြီးဖြစ်နေလေသည်၊ မျက်လုံးတစ်စုံက နီရဲနေသည်၊

ဦးလှမောင်က - "အနီးမကပ်ကြနဲ့ဟေ့၊ အဝေးက မှိန်းနဲ့ပစ်၊ ခေါင်းပိုင်းကို ဦးစားပေးပြီးပစ်ကြ"

ထို့ကြောင့် အင်းလုပ်သားများ၏ မှိန်းများ၊ ဓားများ၊ လှံဖျားများက ပလူပျံသွားတော့သည်၊ မြွေကြီးမှာ ကမ်းပေါ်အထိ တက်လာပြီး ပါးပျဉ်းထောင်ထားရာ လူတစ်ရပ်ခန့်ရှိသည်၊ အင်းလုပ်သားတစ်ဦး၏ ကြိုးတပ်မှိန်းတစ်ချောင်းက စူးဝင်တော့ မြွေကြီးယိုင်သွားသည်၊ အခြားမှိန်းများက ယိမ်းထိုးလှုပ်ရှားနေသော မြွေကြီးကို မထိ၊ မှိန်းများ၊ လှံများ အင်းထဲသို့ ကျသွားကြသည်၊ ထိုအချိန်တွင် အင်းလုပ်သားတစ်ဦးက မြွေကြီးအား ဓားနှင့်ဝင်ခုတ်သလို၊ မြွေကြီးကလည်း ထိုလုပ်သားအား အမိအရ လှမ်းပေါက်၍ ခဲထားသည်၊ ထို့ကြောင့် ဦးလှမောင်က မြွေကြီး၏ဇက်ကို ငှက်ကြီးတောင်ဓားဖြင့် ဝင်ပိုင်းသလို၊ အင်းလုပ်သားများကလည်း ရရာဓားတုတ်များဖြင့် ဝင်ရိုက်ကြရာ မြွေကြီးပါးပျဉ်းကျပြီး အပိုင်းပိုင်းပြတ်သွားသည်၊ မြွေကြီးမှာ လူကြီးပေါင်လုံးခန့်ရှိပြီး အရှည်ပေ (၂၀) ခန့်ရှိသော တောကြီးမြွေဟောက်ဖြစ်သည်၊ အပိုင်းပိုင်းဖြစ်နေသော ခန္ဓာကိုယ်အတွင်းမှ မြွေဥများ ထွက်ကျလာသဖြင့် မြွေမကြီးဖြစ်မှန်း သိရတော့သည်၊

တောကြီးမြွေဟောက် အကိုက်ခံရသူမှာ စောရွှေမောင်ဟုခေါ်သော တရုတ်လူငယ်တစ်ဦးဖြစ်သည်၊ စခန်းတွင် မိသားစုမရှိ၊ လူပျိုလူလွတ်ဖြစ်သော

www.burmeseclassic.com

ကြောင့် ဦးလှမောင်နှင့် အတူနေထိုင်သော တပည့်ရင်းတစ်ဦးလည်း ဖြစ်ပါသည်။ ဦးလှမောင်မှာ တဖျစ်တောက်တောက် ယူကြုံးမရဖြစ်နေရှာသည်။

"စောရွှေမောင်ကွာ - သတိထားဖို့ပြောနေရင်းနဲ့ အရဲကိုးလွန်းတယ်။ ကြိုးတပ်မိုန်းစူးနေပြီပဲ။ မြွေမကြီးကို မရစရာအကြောင်း မရှိတော့ဘူး။ ဒီကောင်လေးက ကရင်လူမျိုးပီပီ မြွေသားအလွန်ကြိုက်တာ။ အခုတော့ကွာ မဖြစ်သင့်ဘဲ ဖြစ်ရရှာတာ"

ထိုအခါမှ အစ်ကိုကြီး ဦးစောက -

"ကဲ - ကိုလှမောင်ရေ - ဖြစ်ပြီးတာလည်းဖြစ်ပြီးသွားပြီ။ ဆက်လုပ်ရမယ့်တာဝန်တွေပဲ ကျန်တော့တယ်။ အလောင်းကို အဆင်ပြေအောင် ကြည့်ပြင်ဆင်ထား။ မြို့နယ်တရားသူကြီးအဖွဲ့ဝင် ကျွန်တော်တစ်ယောက်လုံး သက်သေရှိနေတဲ့အတွက် မတော်တဆ လူသေမှုတော့ ဖွင့်ရမှာပေါ့။ တပည့်တချို့ကို နီးစပ်ရာစခန်းလွှတ်ပါ။ ကျန်တဲ့လူတွေကလည်း ပေါ့ဆဆမနေကြနဲ့။ မြွေမကြီးသေသွားတော့ မြွေထီးကြီးက ကလဲ့စားချေဖို့ အသေအရှာလိုက်လာမှာပဲ။ အသင့်ပြင်ထားကြပါ။ ဒါတော့ - တောကြီးမြွေဟောက်မျိုးနွယ်တွေရဲ့အလေ့အကျင့်တွေပဲ"

"ဟုတ်ကဲ့ - စိတ်ချပါ - ဆရာ။ ကျွန်တော့်လူတွေ ညီပါတယ်။ အတွေ့အကြုံလည်း ရှိကြပါတယ်။ အသင့်လည်း ပြင်ထားပြီးပါပြီ"

မကြာပါ၊ နာရီဝက်ခန့်ပဲ ကြာမည်ထင်ပါသည်။ အင်းကန်ကြီးအတွင်းမှ ရေသံနှင့် လရောင်ဖွေးဖွေးအောက်၌ အကောင်ကြီးတစ်ကောင် ရေပြင်ပေါ်ကို ဒရောသောပါး ကူးခပ်လာသည်ကို တွေ့မြင်ကြပါတော့သည်။

"ကဲ - ဟိုမှာလာပြီဟေ့။ အသင့်ပြင်ထားကြ၊ အနီးမကပ်နဲ့၊ အဝေးကနေမိုန်းနဲ့ လှံနဲ့ ပစ်ကြ"

အင်းသားများက ကမ်းစပ်တွင် အရိပ်အယောင်မပြ၊ ပုန်းကွယ်၍စောင့်ကြည့်နေကြသည်။ ကျွန်တော်တို့လည်း အကာအကွယ်ယူ၍ပုန်းအောင်းပြီး စောင့်ကြည့်နေကြပါသည်။ မြွေထီးကြီးမှာ သွေးနံ့ခံ၍လာဟန်ဖြင့် ကမ်းစပ်မြွေမကြီးအား သတ်ဖြတ်သောနေရာတွင် တရှုံရှုံအနံ့ခံ၍ ဒေါသတကြီးနာမှုတ်နေသည်။ မြွေထီးကြီးက မြွေမကြီးထက် ပိုမို၍လုံးပတ်ကြီးဟန်တူသည်။ မျက်လုံးများ နီရဲနေသည်ကတော့ အတူတူပင်ဖြစ်သည်။

မြွေဖိုကြီး ဒေါမာန်ဖြင့် ပါးပျဉ်းထောင်လိုက်စဉ်ဦးလှမောင်ကြိုတင်စီစဉ်ထားသည့်အတိုင်း အလုပ်သမားနှစ်ဦးက သရိုးကိုင်ထားသော ပုတ်တောင်းအသစ်ကြီးအားပြိုင်တူလိုမ့်၍မြွေကြီးဆီသို့တွန်းချလိုက်ရာ ပုတ်တောင်းကြီးမှာလိမ့်၍ဆင်းသွားစဉ်မြွေထီးကြီးက လှုပ်ရှားရန်သူအဖြစ် ဆီး၍ပေါက်လိုက်တော့သည်။ နဂါးနိုင်မင်း မောင်ပေါက်ကျိုင်းရာဇဝင်ကို သင်ဖူးထားဟန်တူသော ဦးလှဝင်းအကြံအစည်မှာ ထိရောက်လှပါသည်။ မြွေဖိုကြီးမှာ ပုတ်တောင်းကြီးနှင့် အစွယ်ငြိနေစဉ် ပုန်းအောင်းနေသော အလုပ်သမားများက အပိုင်ထိုးခုတ်လိုက်ကြတော့သည်။ မြွေမကြီးလို အန္တရာယ်မများ။ မြွေဖိုကြီးလည်စင်းခံပြီး ကိုစွပြတ်တော့သည်။

ကိစ္စဝိစ္စတွေပြီးတော့ ညဥ့်သန်းခေါင်ပင် ကျော်ပါပြီ။ မြွေပေါက်၍ သေဆုံးရသူ စောရွှေမောင်အလောင်းကို ကမ်းစပ်တွင် ပြင်ဆင်ထားသော်လည်း မမှေနေကြဟန်တူသည်။ အင်းသူကြီး ဦးလှမောင်က အရက်ဖြူပုံးများ ထုတ်ပေးပြီး တောကြီးမြွေဟောက်သားအား ရျက်ပြုတ်ကြော်လှော်၍ အောင်သေအောင်သား စားကြတော့သည်။ ကျွန်တော်ကတော့ ရင်တုန်၊ ပန်းတုန်ဖြစ်ပြီး အိပ်ရာထဲ ဝင်ခဲ့သော်လည်း အိပ်မပျော်ပါ။ အစ်ကိုကြီးစောတို့ညီအစ်ကိုတတော့ ကရင်လူမျိုးများပီပီ တစ်ကြော့ပြန် ဝင်နွှဲကြတော့သည်။

မနက်မိုးလင်းမှ ဝိုင်းသိမ်းကြစဉ် ရဲများ ရောက်လာကြသည်။ တရားသူကြီးအဖွဲ့ဝင်ဦးစောဝီလျံတစ်ယောက်လုံး သက်သေခံရှိနေသဖြင့် မရှုပ်ကြပါ။ စားသောက်ခာတ်ပုံရိုက်ပြီး အမှုဖြစ်စဉ်ကို မှတ်တမ်းတင်၍အလောင်းကို သယ်ယူပြီး ပြန်ကြတော့သည်။

ကျွန်တော်တို့အဖွဲ့လည်း မနက်စောစောစားပြီးပြန်ရန်ပြင်တော့ အင်းသူကြီးဦးလှမောင်က ကျေးဇူးတင်လွန်းသဖြင့် ပုစွန်တုပ်စိမ်းစိမ်း လတ်လတ်ဆတ်ဆတ်ကြီးများ တစ်ယောက်လျှင် တစ်ပိဿာခန့်စီ လက်ဆောင်ပြန်ပေးလိုက်ပြန်ပါသေးသည်။ ဤသည်မှာ ကျွန်တော် ကြုံဆုံခဲ့ရသော ဦးလှမောင်၏ရိုးမတောင်ခြေက "ရေပြာအင်း" ပုံပြင်ပင် ဖြစ်ပါတော့သတည်း။

ထောက်ရှုးကြီး သိန်းဝင်း

www.burmeseclassic.com



နေဝန်းနီ

**သေမင်းကို**

**တွေ့နိုးနိုးဖြင့် သေမင်းကို**

**ရှာဖွေနေကြသူများ**

**သေမင်းကို ရှာမတွေ့ခင်**

**မိမိတို့ကိုယ်တိုင် သေမင်း၏**

**သတ်ဖြတ်ခြင်းကို**

**ခံလိုက်ရပုံ ..**

**သူတို့**ထိုင်နေကြသည့်နေရာက အဆင့်မြင့်ဟိုတယ်ကြီးတစ်ခု၏ တတိယထပ်ရှိမြင်ကွင်းအားလုံးကို အပေါ်စီးမှ အထင်းသားမြင်တွေ့နိုင်သော အခန်းတစ်ခန်း ဖြစ်သည်။

သူတို့က ဒီအခန်းကို အမြဲယူထားကြသည်။ ညနေရောက်တိုင်း သူတို့ ဒီအခန်းကို ရောက်နေကျ။ ဟိုတယ်ပိုင်ရှင်နှင့် မန်နေဂျာက ဒီအခန်းကို သူတို့သုံးယောက်အတွက် သီးသန့်ထားသည်။

ဒီအခန်းက သူတို့နှင့် အဆင်ပြေသည်။ ပတ်ဝန်းကျင်အနေအထားအယှက်ကင်းစွာဖြင့် တစ်ညနေအတွက် အချိန်ကို အမြဲတမ်းကုန်လွန်စေသည်။ ရမ်တစ်ပြားနှင့် ဘီယာ(၃)ဘူးကို ဖောက်ကာ အခေါက်ကင်၊ ဝက်အူချောင်း၊ ဘဲကင်၊ ပင်လယ်ရေစာသုပ်တို့ဖြင့် မြိမ်ခံ၍ ကောင်းသောနေရာဖြစ်၏။

သူတို့သုံးယောက်ဆိုသည်က နံပါတ် – ၁၊ နံပါတ် – ၂နှင့် နံပါတ် – ၃ တို့ ဖြစ်သည်။ သုံးယောက်စလုံးက အပျော်အပါးအသောက်အစား မက်မောကြသူတွေချည်းဖြစ်၏။ အထူးသဖြင့် အရက်ကို မက်မောကြသူတွေ၊ အရက်မသောက်ရလျှင် မနေနိုင်ကြသူတွေ၊ -

www.burmeseclassic.com

အခန်းကိုတော့ သူတို့သုံးယောက်လုံး ပြိုင်တူရောက်လေ့မရှိတတ်။ တစ်ယောက်ရောက်ပြီးမှ နောက်တစ်ယောက်က ထပ်ရောက်လေ့ရှိသည်။ အရင်ရောက်သူကနောက်ရောက်လာမည့်သူများကိုစောင့်ရင်းမှာစရာရှိတာ မှာထားလေ့ရှိသည်။ ပြီးမှ - အားလုံးစကားတပြောပြောနှင့် ပြိုင်တူစား သောက်တတ်ကြ၏။

တစ်နေ့ အချိန်ကုန်လှသည့်တိုင် နံပါတ် - ၃ က ရောက်မလာ။ ခါတိုင်း ပြိုင်တူရောက်မလာတတ်ကြသည်မှလွဲ၍ ဒီလောက်ကြာကြာမစောင့်ရ။ တစ်ယောက်နှင့်တစ်ယောက်ကြာလှအဆုံးမှ ဆယ်မိနစ် ဆယ့်ငါးမိနစ်သာ။ ယခုတော့ တစ်ညနေအတွက် အချိန်က ကုန်လှပြီ။

နံပါတ် - ၃ ရောက်မလာနိုင်သည့်အဆုံး နံပါတ် - ၁ နှင့် ၂ တို့က နံပါတ် - ၃ကိုစောင့်ရင်း ရမ်တစ်ပြားနှင့် ဘီယာ(၃)ဘူး ကုန်လှ၊ ကုန်ခါနီးအထိ သောက်နေလိုက်ကြသည်။ နံပါတ် - ၃ ရောက်လာမှ ထပ်မှာမည်ဟု နံပါတ် - ၁ က ပြောသည်။ သို့သော် နီယွန်းမီးရောင်တွေ ထိန်ထိန်လင်းလာသည့် တိုင် နံပါတ် - ၃ က ရောက်မလာ။

နံပါတ် - ၁ က လက်မှနာရီလေးကို ကြည့်လိုက်ရင်း -

"နံပါတ် - ၃ ဘာဖြစ်လို့ ရောက်မလာတာပါလိမ့်"

ဟု ပြောလိုက်သည်။

"ခရီးများ ထွက်သွားလို့လား"

နံပါတ် - ၂ က ဝေဖန်လိုက်သည်။ နံပါတ် - ၁ က ခေါင်းခါလိုက်ရင်း -

"မဖြစ်နိုင်ဘူးဗျ။ ကျုပ်တို့သုံးယောက်က တခြားခရီးသွားစရာရှိရင် တစ်ယောက်နဲ့တစ်ယောက် အသိပေးပြီးမှ သွားကြရမယ်လို့ ကတိကဝတ် ပြုထားကြတယ်မဟုတ်လား။ ကျုပ်တို့ကို အကြောင်းမကြားပဲ ဘယ်မှသွား မှာတော့မဟုတ်ပါဘူး" ဟု ပြောလိုက်ပြန်သည်။

"အေးဗျ - အဲဒါလည်း ဟုတ်တာပဲ"

ထိုအချိန် ဝိတ်တာလေးတစ်ယောက် သူတို့အခန်းထဲ ဝင်လာသည်။

☠☠☠



ဝိတ်တာကောင်လေးက သူတို့နှစ်ယောက်ရှေ့ကြိုကြိုလေး ရပ်လိုက် သည်။

နံပါတ် - ၁ က ထိုဝိတ်တာလေးကိုကြည့်ရင်း -

"ကလေး - မင်းကို ဘယ်သူခေါ်လို့လဲ" ဟု မေးလိုက်၏။

"ဟုတ်ပါတယ်၊ ကျွန်တော့်ကို ဘယ်သူမှမခေါ်ပါဘူး။ ဒါပေမဲ့ - ဆရာတို့ နှစ်ယောက်ကို သတင်းပို့စရာရှိလို့ပါ"

ဝိတ်တာလေးက ကိုယ်လေးကို ညွတ်ပြောလိုက်၏။

"ဟေ - ဘာများ သတင်းပို့စရာရှိလို့လဲကွ"

နံပါတ် - ၁ က နားမလည်နိုင်စွာ မေးလိုက်သည်။ ထိုအခါ ဝိတ်တာလေး က စိတ်မကောင်းစွာဖြင့် -

"ဆရာတို့လူတစ်ယောက် ဟိုတယ်ရှေ့က မြက်ခင်းပြင်ထဲမှာ သေနေပါ တယ်" ဟု ပြောလိုက်သည်။

"ဘာ - ဘာပြောတယ်ကွ။ ငါတို့လူတစ်ယောက် - ဟုတ်လား"

နံပါတ် - ၁ နှင့် ၂ က တအံ့တသြမေးရင်း ဟိုတယ်ရှေ့ရှိ မြက်ခင်းပြင်ဆီ လှမ်းကြည့်လိုက်ကြ၏။ မြက်ခင်းထဲ၌ လူတစ်ယောက် လဲနေသည်ကို မြင် လိုက်ရသည်။ အနီး၌လည်း လူတွေ လှုပ်လှုပ်ရွရွဖြစ်နေကြသည်။ သူတို့နှစ် ယောက် အောက်ရောက်တော့ အမှန်တကယ် နံပါတ် - ၃ ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

"အင်း - သူသေရှာပြီကိုး။ သူ့ကို ဘယ်သူသတ်တာပါလိမ့်"

နံပါတ် - ၂ က ညည်းသလိုလိုနှင့် မေးခွန်းတစ်ခုကို ထုတ်လိုက်သည်။

ထိုအချိန် သူတို့အနီး၌ ရပ်နေသူတစ်ဦးက ဟိုတယ်ကြီးကို မော်ကြည့် ရင်း -

"သေမင်းက သတ်လိုက်တာလေ။ သေမင်းက လာသတ်သွားတာ။ မင်းတို့နှစ်ယောက်လည်း မကြာတော့ဘူး။ သေမင်းက သတ်ဖို့ [illegible] ဒီဟိုတယ်ကြီးကို ရောက်လာကြသူ အတော်များများ သေမင်းလက်ချက်နဲ့

www.burmeseclassic.com

www.burmeseclassic.com

မမှားပါဘူး–ရှင်ရသေ့။ အဲဒီသေမင်းက တပည့်တော်တို့ရဲ့
မိတ်ဆွေ နံပါတ်–၁ ကို မကြာခင်လေးကမှ သတ်ပစ်လိုက်ပါတယ်။
နောက်ပြီး နာမည်ကြီးဟိုတယ်ကြီးမှာ သောက်စားပျော်ပါးနေကြတဲ့သူ
တွေကိုလည်း ချောင်းပြီး တဖျတ်ဖျတ်သတ်နေတာ မနည်းတော့ပါဘူး။
တပည့်တော်ကိုလည်း သတ်ဖို့ချောင်းနေတယ်။ သူသေမှ
အားလုံးအေးမှာပါ။ သူ့ကို သတ်ကိုသတ်မှဖြစ်မယ်။



သေကုန်ကြပြီ၊ မင်းတို့ သတိမမူမိလို့သာ ...” ဟု ပြောပြီး သူတို့အနီးမှ လှည့်ထွက်သွားသည်၊

သည်တော့မှ – သူတို့နှစ်ယောက်လည်းဟိုတယ်လာရာလမ်းမှာကောင်တာမှာ၊ စက်လှေကားအဆင်းအတက်လမ်းမှာမကြာမကြာ ဆုံတွေ့ဖူးသူများ ပျောက်မှန်းမသိ ပျောက်ပျောက်သွားကြသည်ကို သတိထားလိုက်မိကြ၏၊ သို့သော် ဟိုတယ်သို့ ဝင်သူထွက်သူတွေ များလွန်းသဖြင့်သာ မသိလိုက်ကြခြင်းဖြစ်လေ၏၊

☠☠☠



“တောက် – တော်တော်ရက်စက်ယုတ်မာတဲ့သေမင်း၊ နင်မသတ်ခင် နင့်ကို တို့က ဦးအောင်ရှာသတ်မယ်၊ နင့်ကို မတွေ့တွေ့အောင်ရှာမယ်၊ နင်သေမှ တို့တစ်တွေအားလုံး နေချင်သလို နေရမယ်”

နံပါတ် – ၁ က သေမင်းကို ကြိမ်းမောင်းလိုက်၏၊

“ဟုတ်တယ် – သေမင်းကို ခင်ဗျားနဲ့ကျုပ် ကမ္ဘာလောကအနှံ့ လိုက်ရှာမယ်၊ သင်းက ကျုပ်တို့ကိုကွယ်ရာထောင့်ရာကနေ အလစ်ချောင်းချောင်းပြီး သတ်နေတာ၊ သင်းသေမှ အေးမှာ ...”

နံပါတ် – ၂ ကလည်း ထောက်ခံလိုက်သည်၊ ထို့နောက် သူ့တွင် အသင့်ပါလာသည့် မောင်းချဓားလေးကိုလည်း ထုတ်ပြလိုက်သည်၊

“ဒီဓားနဲ့ ထိုးသတ်မယ်”

“ကျုပ်ကလည်း ဒီလက်သီးနဲ့ ထိုးသတ်မယ်”

နှစ်ယောက်သား သေမင်းကို ကြိမ်းဝါးရင်း နံပါတ် – ၁ နှင့် ၂ တို့ သေမင်းရှာထွက်ခဲ့ကြသည်၊ မြို့တွေရွာတွေ၊ သုသာန်တွေ၊ ကျောင်းကန်တွေ၊ စေတီပုထိုးတွေ၊ တောတွေ တောင်တွေ အနှံ့လိုက်ရှာကြသည်၊

“ဟေ့ သေမင်း – သတ္တိရှိရင် ထွက်ခဲ့ကွ၊ သတ္တိရှိရင် ပုန်းမနေနဲ့၊ လစ်မှ ချောင်းသတ်တယ်ဆိုတာ သူရဲဘောကြောင်တဲ့သူတွေအလုပ်ကွ၊ တကယ် သတ္တိရှိရင် ရင်ဆိုင်ချရဲရတယ်”

“ဟုတ်တယ် – နံပါတ် ၁ ပြောတာ မှန်တယ်၊ ဒို့ – မင်းကို လိုက်ရှာနေတာ၊ လာ ထွက်ခဲ့ – ထွက်ခဲ့ဟေ့”

ရောက်လေရာအရပ်တိုင်း၊ ရောက်လေရာဒေသတိုင်း၌လည်း သေမင်းကို တကြော်ကြော်အော်၍ “စိန်” ခေါ်ကြသည်၊

သည်လိုနှင့် နံပါတ် – ၁ နှင့် ၂ တို့ တောကြီးတစ်တောထဲ ရောက်လာကြ၏၊ သူတို့နှစ်ယောက် သေမင်းကို တကြော်ကြော်အော်ခေါ်ရင်း ဆင်ပုံမြက်တလေးတွေ အုပ်မိုးနေကြသည့် လူတစ်ယောက်သွားသာ လမ်းလေး



www.burmeseclassic.com

www.burmeseclassic.com

အတိုင်းလျှောက်ခဲ့ကြသည်၊ တစ်ခေါ်သာသာလောက်လျှောက်မိတော့သစ်ပုပ်တောကြီးတစ်တောကို သွားတွေ့သည်။ ထိုတောကြီးက ခပ်မှိုင်းမှိုင်းသစ်ပုပ်ပင်တို့ဖြင့် ပြည့်နေ၏၊ ထိုနေရာအရောက်၌ -

"အဇ္ဈတ္တဝ ကိစ္စံ ကာတဗ္ဗံ၊ ကောဇဒော မရဏံ သုဝေ" ဟူသော ရွတ်ဆိုသံကို သူတို့ ကြားလိုက်ရသည်၊

အသံက သစ်ပုပ်တောကြီး၏ အထက်ဆီမှ လာခြင်းဖြစ်၏၊ အသံလာရာဆီကြည့်လိုက်တော့ ဒေါက်ခြာကြီးနှင့်ရသေ့ကြီးတစ်ပါးကိုတွေ့လိုက်ရ၏။ တောင်ဝှေးကို အားပြုလျက် သပိတ်လွယ်ထားသောရသေ့ကြီးက သူတို့သက်ဆင်းလာနေသည်၊

"ပြုဖွယ်အမှုတို့ကို ယနေ့သာပင် ပြုအပ်ကြပါပေတယ်၊ သေခြင်းတရားဆိုတာ မနက်ဖြန် သန်ဘက်နေ့ရက်မရှိ၊ ဘယ်နေ့ဘယ်ရက် သေမယ်လို့ဘယ်သူမှ မပြောနိုင်ဘူး။ သေမင်းရဲ့စစ်သည်တွေက များလှပေတယ်"

ရသေ့ကြီးက ဓမ္မတေးကို ဆက်၍ရွတ်ဆိုလာသည်၊

ရသေ့ကြီး၏အသံကိုကြားတော့ နံပါတ် - ၁ နှင့် ၂ တို့ တွေသွားသည်၊

"ဟေ့ - နံပါတ် ၂ - ဒီရသေ့ကြီးပြောသံ ကြားရဲ့လား"

"ဟုတ် - ကြားတယ် - နံပါတ် ၁၊ ဒီရသေ့ကြီးရဲ့စကားအရဆိုရင် ဘယ်နည်းနဲ့မဆို သေမင်းကို ဒီရသေ့ကြီး သိလောက်တယ်၊ ရသေ့ကြီးကိုသေမင်းဘယ်မှာရှိတယ်ဆိုတာ မေးကြည့်ရရင် မကောင်းဘူးလား"

"ကောင်းတယ်ဗျို့ - မေးကြရအောင်"

နံပါတ် - ၁ နှင့် နံပါတ် - ၂ သည် အချင်းချင်းတိုင်ပင်ပြီး ရသေ့ကြီးရှိရာသို့ လျှောက်သွားကြလေ၏၊

ရသေ့ကြီးကို တွေ့သည်နှင့် နံပါတ် - ၁ က -

"ရှင်ရသေ့ - သေမင်း ဘယ်မှာရှိပါလဲ၊ တပည့်တော်တို့ သေမင်းကိုလိုက်ရှာနေကြတာပါ၊ လူတွေကို ဒုက္ခပေးလှတဲ့သေမင်းကို သတ်ချင်လို့ပါ" ဟု လျှောက်မေးလိုက်၏၊

"ဘုရား - ဘုရား - ဒကာတို့ တစ်ခုခုတော့ မှားနေကြပြီနဲ့တူတယ်"

"မမှားပါဘူး - ရှင်ရသေ့၊ အဲဒီသေမင်းက တပည့်တော်တို့ရဲ့မိတ်ဆွေနံပါတ် - ၃ ကို မကြာခင်လေးကမှ သတ်ပစ်လိုက်ပါတယ်၊ နောက်ပြီး နာမည်ကြီးဟိုတယ်ကြီးမှာ သောက်စားပျော်ပါးနေကြတဲ့သူတွေကိုလည်း ချောင်းပြီး တဖျတ်ဖျတ် သတ်နေတာ မနည်းတော့ပါဘူး၊ တပည့်တော်ကိုလည်းသတ်ဖို့ချောင်းနေတယ်၊ သူသေမှ အားလုံးအေးမှာပါ၊ သူ့ကို သတ်ကိုသတ်မှဖြစ်မယ်၊ သေမင်း ဘယ်မှာရှိတယ်ဆိုတာ တပည့်တော်တို့ကို ပြောပြပါ၊ နို့မဟုတ်လို့ သူမသေရင် တပည့်တော်တို့အားလုံး သေကြရလိမ့်မယ်"

"သေမင်းကို အဲဒီလိုသတ်လို့မရဘူး။ သေမင်းကို သတ်ချင်ရင် သေမင်းကို နိုင်ချင်ရင်တော့ ဆရာရသေ့ကျောင်း လိုက်ခဲ့ပေရော့" ဟု ရသေ့ကြီးက ခေါ်လိုက်၏၊

"နောက်မှ ဆရာရသေ့ကျောင်း လာခဲ့ပါ့မယ်၊ လောလောဆယ်တော့ တပည့်တော်တို့မှာ သေမင်းကို နိုင်အောင်တိုက်နိုင်၊ သတ်နိုင်တဲ့လက်နက်တွေ ပါပြီးဖြစ်လို့ မလိုက်သေးပါဘူး၊ တပည့်တော်က ကိုယ်ခံပညာကောင်းကောင်းတတ်ပါတယ်၊ နံပါတ် - ၂ လည်း ဓားပါ‌ပါတယ်၊ သေမင်း ဘယ်မှာရှိတယ်သာ ပြောပြပါ၊ သေမင်းကို ရှင်ရသေ့ရှေ့မှာတင် သတ်ပြလိုက်ပါ့မယ်"

ရသေ့ကြီးက နံပါတ် - ၁ နှင့် ၂ စကားကြားတော့ တွေသွားသည်၊ ထို့နောက် တစ်စုံတစ်ရာ နှလုံးသွင်းလိုက်၏၊ အတန်ကြာမှ -

"အိမ်း - ဒါဆိုလည်း - ဆရာရသေ့ ပြောခဲ့မယ် - မှတ်ထားကြ၊ နေရာတိုင်းမှာ သေမင်းရှိတယ်၊ ဘုရား၊ ဘုရား၊ မရဏံမေ ဘဝိဿတိ" ဟု ပြောဆိုမိန့်ကြားကာ နံပါတ် - ၁ နှင့် နံပါတ် - ၂ အနီးမှ တစ်ဖက်တောဆီသို့ ဆက်လက်ထွက်ခွာသွားလေတော့သည်၊

"နေရာတိုင်းမှာ သေမင်းရှိတယ်" တဲ့၊ သူတို့နှစ်ယောက်က လိုက်ရွတ်ကြည့်လိုက်ကြ၏၊

www.burmeseclassic.com

နံပါတ် - ၁ နှင့် ၂ တို့လည်းရသေ့ကြီးကိုမျက်စိတစ်ဆုံးကြည့်ကျန်ခဲ့ရင်း လုံးဝမမြင်တော့မှ တစ်ယောက်ဘက် တစ်ယောက်လှည့်ကာ -

"ရသေ့ကြီးရဲ့ပြောစကားအရဆိုရင် သေမင်းဟာ ဒီနေရာနဲ့ သိပ်မဝေးတော့ဘူး၊ ဒီအနီးအနားမှာပဲ ရှိနိုင်တယ်၊ ဒီနေရာ ပိုက်စိပ်တိုက် ရှာကြစို့" ဟု ပြောဆိုတိုင်ပင်လိုက်ကြလေ၏။

☠☠☠

"ဟေ့ - သေမင်း - မင်း ဒီတောထဲမှာရှိမှန်း ငါတို့သိပြီးပြီ၊ မင်း မကြာခင် သေရလိမ့်မယ်ဟေ့"

ထို့နောက် နှစ်ယောက်သား အထက်ပါအတိုင်း ပြိုင်တူအော်လိုက်ကြရင်း ရှေ့သို့ ခရီးဆက်ခဲ့ကြသည်။

တစ်နာရီနီးပါးလောက် လျှောက်လိုက်မိတော့ သစ်ပုပ်တောကိုလွန်ပြီး ဝါးဖြူတောကြီးကိုရောက်လာသည်။ ဝါးဖြူဝါးရုံကြီးတွေက အမိုကကြီးတွေ၊ နေပြောက်မထိုးနိုင်လောက်အောင်လည်းပွတ်သိပ်ပြည့်ကျပ်နေကြသည်။ သို့သော် တစ်နေရာမှာတော့ ဝါးဖြူဝါးရုံကြီးတွေ ဖြံရံပေါက်နေကြသော ဆယ့်ငါးပေပတ်လည်ခန့် ငှက်ခါးရောင်ထ ကြည်လင်နေသည့် အိုင်လေး တစ်အိုင်ကို တွေ့လိုက်ကြရ၏။

အိုင်ဆီမှ အနံ့သင်းသင်းလေးကိုလည်း သူတို့ ရှူရှိုက်မိကြ၏၊ နံပါတ် - ၁ က အနံ့သင်းသင်းလေးကို နှာခေါင်းတရှုပ်ရှုပ်နှင့် ရှူရှိုက်ရင်း -

"နံပါတ် - ၂ ရေ - ဒီအိုင်က ထွက်လာတဲ့အနံ့လေးက တယ်မွှေးပါလား၊ ရမ်ပြားလေး ဖောက်လိုက်တော့ ထွက်လာတဲ့အနံ့လေးအတိုင်းပဲ" ဟု ပြောလိုက်သည်။

နံပါတ် - ၂ ကလည်း -



"ဟုတ်တယ် - နံပါတ် ၁၊ ဒါ - ရမ်နံ့လေးပဲဗျ" ဟု ထောက်ခံလိုက်သည်။

သူတို့နှစ်ယောက် အိုင်လေးဆီ ရောက်အောင်လျှောက်လာခဲ့ကြ၏။ အိုင်လေးထဲက အရောင်က အနီးကပ်ကြည့်တော့ ရမ်ရောင်လေးအတိုင်း ရမ်ဆိုတာ ဟိုတယ်မှာ သူတို့ အမြဲသောက်နေကျ၊ သူတို့အကြိုက်၊ ရမ်ဆိုတာ က "အရက်"၊ အရက်ကို အရောင်အဆင်း အနံ့အရသာကို ပြုပြင်ထားတဲ့ အမည်။

အိုင်လေး၏ထိပ်မှာ စာတန်းလေးတစ်ခု ကျောက်သားပြင်ကို ထွင်းထားသော စာတန်းလေးဖြစ်သည်။

"ယစ်ရွှေရည် - မအိုဆေးရည်" ဟု ရေးထားသည်။

"မအိုဆေးရည် ဆိုပါလား"

နံပါတ် - ၁ က စာဖတ်ပြီး ပြောလိုက်၏၊ နံပါတ် - ၂ က ခေါင်းညိတ်လိုက်သည်။

"ကဲ - ဒါဆို - ဒီမအိုဆေးရည်လေးကို အရသာခံရင်း ခဏနားကြရရင် မကောင်းဘူးလား"

"ကောင်းတယ် - နံပါတ် ၂"

နှစ်ယောက်သားတိုင်ပင်ပြီးကြသည်နှင့် ယစ်ရွှေရည်အမည်ရှိမအိုဆေးရည်ကို တစ်ယောက်တစ်ခွက်ခပ်ကာ ဝါးဖြူဝါးရုံကြီးတစ်ရုံအောက်၌ အေးအေးဆေးဆေးနားရင်း အရသာခံ သောက်လိုက်ကြသည်။

"အား - ကောင်းလိုက်တာ၊ လည်ချောင်းထဲကို ခါးရှုပူဆင်းသွားတာပဲ"

နံပါတ် - ၁ က ယစ်ရွှေရည် တစ်ကျိုက်စုပ်လိုက်ရင်း ရှီးကျူးထောပနာ ပြုလိုက်သည်။

"ဒီဆေးရည်က မအိုဆေးရည်ဆို မဟုတ်လားဗျ - နံပါတ် ၁ ရဲ့"

ထို့နောက် နှစ်ယောက်သား သောက်ရင်းသောက်ရင်း ရေချိန်ကျွေလွန်ပြီး မူးလဲသွားကြ၏၊ သူတို့ရှာနေကြသည့် သေမင်းကိုလည်း မေ့သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ညနေစောင်းမှ သူတို့ပြန်သတိရလာကြသည်။

သတိရရချင်း နံပါတ် ၁ က -

"ဒီယစ်ရွှေရည် မအိုဆေးက တယ်ကောင်းတာပဲ။ ဒီမှာပဲ မအိုဆေးလေးမှီဝဲရင်း သေမင်းကို ရှာကြရင် မကောင်းဘူးလား" ဟု နံပါတ် - ၂ ကို မေးလိုက်၏။

နံပါတ် - ၂ က ခေါင်းညိတ်ရင်း -

"ကောင်းတယ် - နံပါတ် ၁၊ သူလည်း ဒီယစ်ရွှေရည် မအိုဆေး လာမှီဝဲရင် မှီဝဲတန်ကောင်းပါရဲ့၊ ပိုသေချာတာက မရေမရာလိုက်ရှာနေမယ့်အစား ဒီကပဲစောင့်ရင် ပိုကောင်းမယ်ထင်တယ်" ဟု အကြံပေးလိုက်သည်။

"အိုကေ - သိပ်ကောင်းတဲ့အကြံပဲ"

သူတို့နှစ်ယောက် ထိုယစ်ရွှေရည်မအိုဆေးအမည်ရှိ အိုင်အနီးတွင်ပင် သေမင်းကိုရှာရင်း သေမင်းအလာစောင့်ရင်း စခန်းချလိုက်ကြသည်။ ထို့နောက် ယစ်ရွှေရည်မအိုဆေးကိုလည်း နေ့ရောညပါ အကြိုက်သောက်နေလိုက်ကြပေ၏။

သည်သို့နှင့် ရက်ကလေးကြာလာသည်။ သူတို့၏အခြေအနေတွေလည်း ပြောင်းလဲလာကြသည်။

ကြာတော့ - သူတို့နှစ်ယောက်စလုံး မလှုပ်ချင် မကိုင်ချင်ဖြစ်၊ အားအင်တွေ ကုန်ခန်းလာသည်။ နှစ်ဦးစလုံး၏မျက်နှာနှင့် ခန္ဓာကိုယ်တွေကလည်း လှုဘီလူးကြီးတွေလို ပွရောင်းဖောင်းတက်နေကြပြီး ပါးစပ်မှ သွေးတွေက တဗွက်ဗွက် အန်ထွက်လာကြသည်။

နောက် - မြေပေါ်သို့ နှစ်ယောက်စလုံး ဗုန်းခနဲ ပစ်ကျသွားကြလေတော့၏။

ထိုအချိန် သူတို့နှင့် တွေ့ခဲ့ရသည့် ရဟန်းကြီးက -

"အဖွေ့ဝကိစ္စံတာ တဗ္ဗံ - ကောဇညော မရဏံ သုဝေ" ဟု ရွတ်ဆိုပွားများနေကျ ဓမ္မတေးကို ဟစ်ကြွေးရင်း ရောက်လာသည်။ သူတို့နှစ်ယောက်ကို တွေ့တော့ -



"အင်း - ဘုရား - ဘုရား - ဒါ - သေမင်းကို သတ်ဖို့လိုက်ရှာနေကြတဲ့ ဒကာလေးနှစ်ယောက်ပဲ။ ခုတော့ - သေမင်းကို သူတို့က မသတ်ရပဲ မအိုဆေးရည်ကို သောက်နေကြတဲ့ သူတို့ကို သေမင်းက သတ်သွားပြီတော။ သူတို့ ခများတွေ အိုအောင်တောင် မနေလိုက်ကြရပါကလား။ သင်္ခါရ အနိစ္စ၊ သင်္ခါရဒုက္ခာ၊ သင်္ခါရအနတ္တာပါကလား" ဟု သံဝေဂသံဖြင့် ညည်းတွားလိုက်လေသည်။

(ကဗျာဆရာ မောင်လက်ာနှင့် စာရေးဆရာ မြင့်မောင်တို့သို့ သတိရ လွမ်းဆွတ်စွာဖြင့်)

နေဝင်းနီ

စာမူရှင်များသို့

မရွေးချယ်သောစာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ၍ မိတ္တူ ပွားထားကြပါရန်။

အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com


# မြင့်စေတနာ ဆေးတိုက်

(အရေပြားရောဂါမှန်သမျှ ဒိဋ္ဌပျောက်ကင်းစေရမည်။)

## ခရုသင်း(သမင်ဖြူ)

LEUCODERMA

ခရုထင်း(ထမင်ဖြူ)၊ ဖြူ၊ နီ၊ နုတ်ထွက်များ၊
အနာကြီးရောဂါ၊ ယားနာ၊ ဝွေး၊ ဝဲ၊ နှင်းခူနှင့်
အရေပြားရောဂါ အမျိုးမျိုးတို့ အာမခံနှင့် ကုသပေးသည်။

LEUCODERMA, LEPROSY, YAWS, FUNGUS,
PINTA, ECZEMA, RING WORM,
DERMATITIS,etc.

ဆရာဦးခင်မောင်မြင့်(မြင့်စေတနာဆေးတိုက်)
အမှတ်(၃)၊ ပိတောက်ရိပ်မြိမ်၊ ရန်ကုန် - အင်းစိန်လမ်းမကြီး၊
ကုလားကျောင်းမှတ်တိုင်၊ သမိုင်း၊ ရန်ကုန်မြို့

ဌာနခွဲ
အမှတ်(၂၂)၊ ၆၂-လမ်း၊ ၂၈ × ၂၉ လမ်းကြား၊ အောင်တော်မူရပ်၊ မန္တလေးမြို့
ဖုန်း - ၀၂ ၂၂၅၁၅၊ ၀၉ ၂၀၀၂၈၄၃




www.burmeseclassic.com

ကျွန်းကိုသတ်လျှင်
ဒုက္ခရောက်တတ်ပြီး
စိုက်ပျိုးလုပ်ကိုင်စားရေ
ဆိုသော ရပ်ရွာဓလေ့ဆန်း
ကျွန်းကန်ဟုသောစကား
ဖြစ်ပေါ်လာပုံ ဗဟုသုတ
မှတ်ဖွယ် ဖတ်ရှုရည် ..

**နယ်ချဲ့များက** သီပေါမင်းနှင့် စုဖုရားလတ်တို့ကို ဖမ်းဆီးခေါ်ဆောင်သွားရှိန်။

"သတင်းကတော့ မင်္ဂလာသတင်းမဟုတ်ဘူး – စအိုင်စူး"

"သီပေါမင်းနဲ့ စုဖုရားလတ်တို့ ဖမ်းဆီးခေါ်ဆောင်ခံရတာ မင်္ဂလာသတင်း ဘယ်ဟုတ်မလဲ – စိုင်းလူရ"

"ဒီသတင်းဆိုးက ကျုပ်တို့အားလုံးအတွက် အမင်္ဂလာ သတင်းဆိုးပဲဗျို့"

"စဒေးဇစ်ပြောတာ မှန်တယ်၊ ကျုပ်တို့ ဘာလုပ်ကြမလဲ"

"ဘာလုပ်ရမလဲ – ဟုတ်လား၊ ဒီမှာ စိုင်းဆမ်တစ် – နယ်ချဲ့ လက်အောက်မှာ ခေါင်းငုံ့ကျွန်ခံပြီးနေရစ်မလား"

"မနေဘူး"

မနေဘူးဆိုသော စိုင်းဆမ်တစ်၏ စကားအဆုံးတွင် နော်အေမီ၊ နော်မူပလန်း၊ နမ့်ဇဂါင်း စသောအမျိုးသမီးများကလည်း တို့လည်းမနေဘူးဟု ပြိုင်တူပြောလိုက်ကြသည်။

"ဒါဆို – ဒီမှာ မနေချင်ရင် ဘယ်ကိုပြောင်းမလဲ"

စိုင်းဖ၏အမေးကို စောဂျိုးက –

"မျက်နှာဖြူတွေ မလိုက်နိုင်တဲ့နေရာကို ပြောင်းမယ်"

နမ့်ရေကြက်က –

"အဲဒါ ဘယ်နေရာလဲ" ဆိုတော့ စဖေသာက –

"ငွေတောင်ပြည်ရဲ့အရှေ့မြောက်ဘက်ကတောင်" ဟု ဖြေသည်။

သည်တောင်သည် တောင်စဉ်တောင်းတန်းများရှိသောတောင်ဖြစ်သည်၊ သည်တောင်သို့ နယ်ချဲ့မျက်နှာဖြူများ ရုတ်တရက် လိုက်လာနိုင်ရန် မလွယ်ကူ၊ တောအလွန်ထူသည်၊ ကျွန်း၊ ဆင်၊ မြွေ၊ ကျားသစ် စသောသားရဲများ အလွန်ပေါသည်၊ ချုံနွယ်များ ထူထပ်သည်၊ ဆူးပင်မျိုးစုံ ရောပြွမ်းစွာပေါက်ရောက်သည်၊ တော်ရုံတန်ရုံသတ္တိဖြင့် ထိုတောင်ပေါ်ရောက်အောင် မတက်နိုင်၊

စောစရိုးတို့အဖွဲ့က နေရင်းဒေသသို့ စွန့်ခွာပြီး သည်တောင်ရှိရာသို့ ထွက်ခဲ့ကြသည်၊ သူတို့၏ အဖော်မွန်သည် သတ္တိ၊ သူ၏ချစ်ဖော်သည် ဓား၊ လှံ၊ လေး၊ မြား၊

သွားတုန်းက အတူတူ၊ လမ်းထွင်တုန်းက အတူတူ၊ နေရာရွေးတော့ အတူတူ၊ သို့သော် သူတို့အားလုံးက တစ်နေရာတည်းမှာ အတူတူမနေကြ၊

"စိုင်းဖနဲ့ နမ့်ဇဂါင်း – နင်တို့လင်မယားက တစ်အိမ်၊ စောစရိုးနဲ့ စောဂျိုးမင်းတို့ညီအစ်ကိုက တစ်အိမ်၊ အိမ်နှစ်အိမ်တစ်စုနေ"

"စိုင်းလုံနဲ့ နော်မူပလန်း – နင်တို့လင်မယားက တစ်အိမ်၊ စအိုင်စူးက တစ်အိမ်၊ စိုင်းလူနဲ့ နန်းပုံတို့မောင်နှမက တစ်အိမ်၊ စလှဝေက တစ်အိမ်၊ မင်းတို့လေးအိမ်က တစ်စုနေပါ"

"စောမြအေးက တစ်အိမ်၊ စိုင်းထွန်းကြည်က တစ်အိမ်၊ စချစ်တိုးနဲ့ နော်မူကီးတို့လင်မယားက တစ်အိမ်၊ မင်းတို့သုံးအိမ်က တစ်စုနေ"

"ငါတို့ စအောင်မိုးတို့၊ နမ့်ဂီးသိန်းတို့၊ နမ့်ပွားတို့က အိမ်သုံးအိမ်တစ်စု နေမယ်"

www.burmeseclassic.com

www.burmeseclassic.com

"ကျန်တဲ့လင်မယားနှစ်တွဲနဲ့ လူပျိုကြီး၊ အပျိုကြီးမောင်နှမ၊ မုဆိုးမ နော်ဂေးဘယ်တို့လေးအိမ်က တစ်စု၊ တစ်စုနဲ့တစ်စု သိပ်အဝေးကြီးမနေနဲ့၊ နီးနီးလေးလည်း မနေနဲ့၊ တစ်ခေါ်လောက်မှာ နေကြပါ"

အသက်အကြီးဆုံးဖြစ်သော ဖထီးသာစွသည်ပင် စီမံစန့်ခွဲတတ်သည့် စိုင်းလင်းယုန်၏အစီအစဉ်ကို နာခံခဲ့သည်၊ သူတို့အားလုံးက တစ်စိတ်တစ်ဝမ်း၊ တစ်လက်ညီ၊ မြေပြင်ညီဖြစ်အောင် ခုတ်ထွင်ရှင်းလင်းကြသောအခါတွင်လည်း မရိုမကပ်ကြ၊ အိမ်ဆောက်ကြတော့လည်း ဝိုင်းဝန်းကူညီကြ၊ ဝင်းခြံခတ်ကြတော့လည်း ရွှေးရွဲရွဲကြားမှာ အတူတူအလုပ်လုပ်ကြ၊ စိုက်ပျိုးကြတော့လည်း တစ်ဦး၏အလုပ်ကို တစ်ဦးက ဆောင်ရွက်ပေးကြ၊ ကျွဲ၊ နွား၊ ဝက်များ မွေးမြူတော့လည်း တစ်မိသားစုကို တစ်မိသားစုက ရိုင်းပင်းကြ၊ ဤသို့ဖြင့် စည်းလုံးညီညွတ်စွာဖြင့် သည်တောင်တန်းပေါ်တွင် စိုင်းဖတို့လူစု နေထိုင်ခဲ့ကြသည်၊

ထိုစဉ်က သည်တောင်တန်းတွင် သည်တောင်တွင် နာမည်မရှိ၊

စိုင်းကျောက်၊ စိုင်းပီနူး၊ စောအားဒါးနှင့် စလိပ်သိုတို့လေးယောက်၏ လက်ထဲတွင် လေး၊ မြား၊ လှံနှင့် ဓားရှည်တို့ ရှိနေသည်၊ သူတို့လေးယောက်က ယခင်အခေါက်များကကဲ့သို့ အမဲလိုက်ထွက်လာခြင်းဖြစ်သည်၊ သူတို့ အမဲလိုက်အဖွဲ့၏ခေါင်းဆောင်က စိုင်းပီနူး၊ စိုင်းပီနူး၏ မုဆိုးသက်တမ်းက ကြာပြီ၊

"ဆရာနူး - ဟိုတစ်ခေါက်ကလို သမင်သားစားရရင်ကောင်းမယ်"

စိုင်းပီနူးက စလိပ်သို၏အမေးကို မဖြေ၊

"ယုန်သားစားရလည်း မဆိုးပါဘူးကွ"

စောအားဒါး၏စကားကို စိုင်းကျောက်က -

"ဟုတ်တယ်ကွ - ယုန်သားစားရရင်လည်းရှိုတာပဲ" ဟုထောက်ခံစကား ပြောသည်တွင် စိုင်းပီနူးက တိတ်တိတ်နေရန် လက်ဝါးဖြန့်ပြပြီးတားသည်၊



အားလုံးက စိုင်းပီနူး၏စကားကြောင့် ငြိမ်ကျသွားသည်၊ သူတို့က ခေါင်းဆောင်ဖြစ်သူ၏အရိပ်အခြေကို ကြည့်နေကြသည်၊ ခပ်လှမ်းလှမ်းရှိ ချုံပုတ်သည် အနည်းငယ်လှုပ်သယောင်ယောင်၊ မျက်တောင်မခတ်ကြ၊ စိုင်းပီနူးက သူ့လူသုံးယောက်ကို အနီးရှိ သစ်ပင်ကြီးများနောက်သို့ ပုန်းကွယ်ကြရန် လက်ဟန်ပြသည်၊

စောအားဒါးတို့ကလည်း လျင်မြန်စွာ၊ အနီးရှိ သစ်ပင်ကြီးများနောက်သို့ ခြေသံလုံလုံဖြင့် ဝင်ရောက်ကြသည်၊ ထို့နောက် လှုပ်သည်ဟုထင်သော စိုင်းပီနူးကြည့်သည့် ချုံပုတ်ကို စူးစိုက်ကြည့်သည်၊ မျက်စိက ကြည့်သော်လည်း လက်ထဲက လက်နက်ကို သတိလက်လွှတ်မထား၊ စောအားဒါးက လှံရှည်တစ်ချောင်းကိုကိုင်ထားသည်၊ လက်နှစ်ဖက်ဖြင့်အသင့်အနေအထား ကိုင်ထားခြင်းဖြစ်သည်၊

စိုင်းကျောက်၏လက်ထဲတွင် ချိန်ရွယ်ပြီးထားသည့် အဆိပ်လူးသော မြား၊ မြားအိမ်ထဲရှိမြားတံအပိုများက စိုင်းကျောက်၏နောက်ကျောအိတ်ထဲ ထိုးထိုးထောင်ထောင်၊ စလိပ်သိုက လက်နှစ်ဖက်ဖြင့် ဓားရှည်ကို ခုတ်ပိုင်းရန် အသင့်အနေအထား ပြုလုပ်နေသည်၊

ခေါင်းဆောင်ဖြစ်သူ စိုင်းပီနူး၏လက်ထဲတွင် လက်နက်နှစ်မျိုး၊ တစ်မျိုးက မောင်းတင်ပြီးသားဒူးလေး၊ တစ်မျိုးက စောအားဒါးကိုင်ထားသည့် လှံရှည်မျိုး၊ လှံရှည်ကို အသွားထောင်ပြီး ကျောလွယ်ထားသည်၊ အရေးကြုံလျှင် ယူနိုင်ရန် အဆင်သင့်၊

လေတစ်ချက် ဝင်ပင့်တိုက်သကဲ့သို့ ချုံပုတ်လှုပ်ရှားသွားသည်၊ ရုတ်တရက်လှုပ်ရှားမှုက မြန်၏၊ လှုပ်ရှားမှုမြန်သော သားကောင်က တောကျွဲ့သည့်ကျား၊

ကျားကတော့ ကျွမ်းသကဲ့သို့မုဆိုးစိုင်းပီနူးကလည်း တောကျွမ်းသည်၊ ခုန်အုပ်လာသော ကျားပါးစပ်ထဲ စူးဝင်အောင် မြားတံကိုလွှတ်ပြီးသည်နှင့် ကျောပိုးထားသည့်လှံက လက်ထဲမှာစွဲစွဲမြဲမြဲကိုင်ပြီးသား၊ စိုင်းပီနူးမထွက်မပြေး၊ လှံကိုင်ထားသောပုံစံက မုဆိုးဒူးထောက်၊



www.burmeseclassic.com

www.burmeseclassic.com

ကြောက်စရာအသံပေး၍ ခုန်အုပ်သောကျားက ပါးစပ်ထဲ မြားတံအစူး ခံရသောကြောင့် နောက်လန်ထွက်သွားသည်၊ သို့သော် ကျားကလည်း သတ္တိမခေ၊ တောဘုရင်ဘွဲ့ရထားသူဖြစ်၍ မုဆိုးကြီး စိုင်းပီနူးကို ခုန်အုပ် လိုက်သည်၊

ထိုအကွက်ကို စောင့်နေသော မုဆိုးကြီး စိုင်းပီနူး၏ မုဆိုးဒူးထောက် ကိုင်ထားသည့်လှံက ကျား၏အာခေါင်ကို ထုတ်ချင်းပေါက် စူးဝင်သွား သည်၊

"ဝုန်း ..."

ကျားကြီး မည်သို့မျှ မတတ်နိုင်၊ ဝုန်းခနဲ လဲကျသွားချိန်တွင် အချိန် ကောင်း၊ အခွင့်အရေးကောင်းကို စောင့်နေကြသော စိုင်းကျောက်၊ စောအား ဒါးနှင့် စလိပ်သိုတို့၏ လက်နက်ဒဏ်ရာဖြင့် ကျားကြီး သွေးရဲရဲထွက်ကျကာ ဟိန်းဟောက်ညည်းညူရင်း သေဆုံးသွားတော့သည်၊

"ဟေး - ဟေး - ဟေး"

"ကျားကြီး - သေပြီကွ"

"ကျားသားစားမယ်ဟေ့"

အမဲလိုက်သမားလေးယောက်က ကျားသေကြီးကို ခြေလက်ကြိုးချည် တား တုတ်လျှို၍ ထမ်းပြီး မိသားစုများရှိရာ နေအိမ်များဆီသို့ ပျော်ရွှင်စွာ ပြန်လာခဲ့ကြပါသည်၊

* * *

သို့သော် စိုင်းကျောက်တို့ ကျားသားချက်ပြုတ်စားသောက်ပြီး တစ်ည လုံး မပျော်နိုင်၊ ပျော်ခွင့်မရခဲ့၊

သန်းခေါင်ကျော် လူခြေတိတ်အိပ်ချိန်တွင် သူတို့လေးအိမ်စုသို့ ကျား များ ဝင်ရောက်ခဲ့ကြသည်၊

"ဝေါင်း - ဝေါင်း - ဝေါင်း - ဝေါင်း"

ကျားများက တဝေါင်းဝေါင်းအသံပေး၍ ဝင်ရောက်လာကြပြီး စိုင်းပီနူး တို့၏အိမ်များကို ချွန်ထက်စူးရှသောလက်သည်းရှည်ကြီးများဖြင့် ခုတ်ဆွဲ၊ ခုတ်ဖြဲ၊ ခုတ်ဖြိုဖြိုလုပ်ကြပါသည်၊

"ဝုန်း - ဝုန်း - ဝုန်း"



"ဘုန်း - ဝရုန်း - ဘုန်း"

အိမ်များက လွှန်စွာခိုင်ခံ့အောင် ဆောက်လုပ်ထားကြသောအိမ်များ မဟုတ်ကြ၊ မိုးလုံ၊ လေလုံလျှင် ပြီးရောသဘောထားကာ ဆောက်လုပ်ထား သည့် တဲသာသာအိမ်ငယ်များဖြစ်၍ ပြိုကျပျက်စီးလွယ်ကူခဲ့သည်၊

ကျားများက အိမ်သူအိမ်သားများကို အသက်ချမ်းသာခွင့် မပေး၊ ကလေးငယ်များကအစ ကိုက်သတ်ပြီး တောထဲသို့ကိုက်ချီယူသွားကြသည်၊ တစ်ရွာလုံး ဆူညံပွက်လောရိုက်သွားသည်၊

မချီယူနိုင်ဘဲ ကိုက်ဖြတ်၍ မသေမရှင်ထားခဲ့ကြသော လူလေးယောက် ကို ထိုအိမ်ဝန်းကျင်၌ပင် ချထားခဲ့သည်၊ ထိုမသေမရှင်ကျန်ခဲ့သူလေး ယောက်မှာ စိုင်းကျောက်၊ စိုင်းပီနူး၊ စောအားဒါးနှင့် စလိပ်သိုတို့ဖြစ်သည်၊

ကျားသံများ တိတ်သွားပြီး အချိန်အတော်ကြာသောအခါမှ အနီးအနား ရှိ အိမ်စုငါးစုမှ လူကြီးငါးယောက် စုဝေးရောက်လာကြသည်၊ တုတ်၊ ဓား လက်နက်များ၊ မီးတုတ်များကိုယ်စီဖြင့် ရောက်လာခြင်းဖြစ်သည်၊ ရောက် လာသူများတွင် စိုင်းကြာဖမ်းက ခေါင်းဆောင်၊

စိုင်းကြာဖမ်းက စိုင်းကျောက်ကို မေးသည်၊ စိုင်းရှုကူးနှင့် စောဝါးဝေ့တ စိုင်းပီနူးကို မေးသည်၊ စောရီးရှယ်က စောအားဒါးကို မေးသည်၊ စိုင်းဒီပိုးတ ဒဏ်ရာများဖြင့် စလိပ်သိုကို မေးသည်၊

"ဘာပြောမလဲ" ဟု ဘာမှာချင်လဲဆိုသည့်သဘော၊

မသေမရှင်ဖြစ်နေကြသော လူလေးယောက်၏ပြောပုံ တစ်ထပ်တည်း တစ်သံတည်းပင်၊ စိုင်းဒီပိုးက ဆက်၍ပြောသည်၊

"မင်းတို့က တို့ပိုင်တဲ့နတ်ကျားတောင်ပေါ်ကို တို့နတ်ကျားတွေ မခေါ်ဘဲ လာတက်နေကြတယ်၊ နောက်ပြီး တို့ပိုင်တဲ့ သစ်ပင်တွေ၊ ဝါးပင်တွေကို ခုတ်တယ်၊ တို့တောင်ပေါ်မှာ အိမ်ဆောက်တယ်၊ သစ်ပင်စိုက်တယ်၊ ကျွဲ၊ နွား ဝက်တွေ မွေးတယ်၊ ပြီးတော့ - တောထဲက သတ္တဝါငယ်လေးတွေကို ဖမ်းတယ်၊ သတ်တယ်၊ စားတယ်၊ ဒီအထိ တို့ခွင့်ပြုခဲ့တယ်၊ အခု - တို့နတ် ကျားတွေက မင်းတို့ကိုလည်း ရန်မလုပ်ဘူး၊ သစ်ပင်တွေလည်း မဖျက်ဆီး ဘူး၊ မင်းတို့မွေးထားတဲ့သတ္တဝါတွေကိုလည်း မသတ်ဘူး၊ မိလောက်အထိ

www.burmeseclassic.com

ခွင့်ပြုသည်းခံနေတာတောင်မှ တို့နတ်ကျားထဲက နတ်ကျားတစ်ကောင်ကို သတ်တယ်၊ စားတယ်။ ဒါကြောင့် – တို့နတ်ကျားကိုသတ်တဲ့၊ စားတဲ့လူတွေကို တို့ပြန်သတ်တယ်။ မင်းတို့ တို့နတ်ကျားတွေနေတဲ့တောင်မှာ နောက်ထပ်အေးအေးဆေးဆေး နေထိုင်လုပ်ကိုင် စားသောက်ချင်ရင် နောက်ထပ် တို့နတ်ကျားတွေကို အန္တရာယ်မပေးနဲ့၊ မသတ်နဲ့၊ မစားနဲ့။ တို့နတ်ကျား တစ်ကောင်ကို သတ်ပြီးစားမိတဲ့အပြစ်ကျေအောင်နဲ့ ဒီနတ်ကျားတွေနေတဲ့ တောင်ပေါ်မှာ နေနိုင်ဖို့၊ လုပ်ကိုင်နိုင်ဖို့ နတ်ကျားကို ပစ်စတ်သတ်မိတဲ့ ချုံပုတ်နားမှာ မင်းတို့မွေးထားတဲ့ ကျွဲ၊ နွား၊ ဝက် သတ္တဝါကြီးတစ်ကောင်ကို ကြိုးချည်ပြီး တစ်နှစ်တစ်ကြိမ် အစာကျွေးပါ။ မကျွေးရင် နေခွင့်မရဘူး၊ သေမယ်။ နေချင်ရင် စိုက်ပျိုးမွေးမြူစားသောက်ချင်ရင် တစ်နှစ်တစ်ကြိမ် တစ်ကောင်အစာကျွေး။ ကျွေးရမယ့်အချိန်က အခုလို နွေဦးပေါက်" ဆိုတဲ့ အဓိပ္ပာယ်သက်ရောက်တဲ့စကား။ အသက်ဝင်နေရာမှ ပြောလိုက်ခြင်းဖြစ်သည်၊ ထို့နောက် စလိပ်သို သေဆုံးသွားသည်။

"အလကားကွာ – မယုံဘူးဟေ့"

"တို့လည်းမယုံဘူး"

"လာကိုက်တဲ့ကျားတွေကိုကြောက်ပြီး ကယောင်ကတမ်းပြောတဲ့ စကား ဘာမှယုံစရာမရှိဘူး"

"ဘာနတ်ကျားလဲ – အလကားနတ်ကျား"

သေခါနီးပြောသွားခဲ့ကြသော လူလေးယောက်၏စကားကို မယုံသူက ငါးယောက်။ နတ်ကျားကို မယုံသူ လူငါးယောက်က ပုံမှန်နေမြဲအတိုင်း နေခဲ့ကြသည်။ သစ်ပင်များ စိုက်မြဲအတိုင်း စိုက်ခဲ့ကြသည်။ ကျွဲ၊ နွား စသော တိရစ္ဆာန်များ မွေးမြူမြဲ မွေးမြူခဲ့ကြသည်။ ယုန်၊ ဒရယ်၊ သမင် စသော တိရစ္ဆာန်များ ရရှိအောင် အမဲလိုက်မြဲ လိုက်ခဲ့ကြသည်။

ထိုလူငါးယောက်က နေမြဲအတိုင်း နေသော်လည်း မည်သို့မျှမဖြစ်။ စိုက်မြဲအတိုင်းစိုက်၊ မွေးမြူမြဲ မွေးမြူပြီး တိရစ္ဆာန်ငယ်များ ရအောင် အမဲလိုက်သော်လည်း ထူးခြားမှုမဖြစ်။



ထူးခြားမှုဖြစ်သည်မှာ ကျားတစ်ကောင်ကိုမြင်ပြီး ထိုကျားကို ရအောင် လိုက်သောအချိန်။

"တောကောင်နံ့ နံတယ် – စိုင်းမြော"

ကျားကို တောကောင်ဟုခေါ်ပြီး စပေါက်ကျော်က ပြောခြင်းဖြစ်သည်။ စိုင်းမြောတို့ငါးယောက်က လေအောက်မှာ တောကောင်ဆိုသော ကျားက လေတင်မှာ။

"စောဖိုးပိုက် သတိထား"

စိုင်းပါခုပ်က သူ့အဖော်ကို သတိပေးသည်။ သူတို့လက်ထဲတွင် သေအောင်သတ်နိုင်သော လေးမြား၊ လှံ၊ စသည့်ပစ္စည်းများ အသင့်ရှိနေသည်။ စိုင်းထီးဆာ၏ မျက်လုံးတစ်စုံက တောကောင်ကို မြင်သည်။ မြင်သောကြောင့် သူ့အဖော်များကို လက်ကာပြပြီး ရှေ့ဆက်မသွားရန်တားသည်။ အားလုံးက တောကြောင်ကြီးတစ်ကောင်ကို ခုတ်သတ်ရန်ကြိုးစားနေသော ကျားကို မြင်သည်။

တောကြောင်ကြီးက ကျားကို အလစ်မပေး၊ ကျား၏ အလစ်ချောင်းပြီး ပြေးနိုင်ရန်အတွက် ချောင်းနေသည်၊ ကျားက တောကြောင်ကို ခုတ်သတ်နိုင်ရန် အလစ်မပေးဘဲ ချောင်းနေဆဲ။

ဘာလုပ်ရရင် ကောင်းမလဲ။ ကျားရော၊ တောကြောင်ရော နှစ်ကောင်စလုံးကို သတ်ရရင်ကောင်းမလား၊ တို့ငါးယောက်က နှစ်ကောင်လုံးကို တစ်ပြိုင်တည်း သတ်နိုင်ပါ့မလား။ မထူးပါဘူး၊ ကျားနဲ့ တောကြောင်ဆို တောကြောင်ကိုမသတ်ဘဲ ကျားကိုသတ်တာပဲ ကောင်းမယ်ဟု စိုင်းပါခုပ် ကတွေးကာ ဆုံးဖြတ်ချက်ဖြင့် သူ့လူလေးယောက်အား ကျားကိုသာသတ်ရန် လက်ဟန်ပြသည်။ စိုင်းပါခုပ်သည် ထိုအဖွဲ့၏ခေါင်းဆောင်။

တောင်ပေါ်နေသူများဖြစ်၍ တစ်စိတ်တစ်ဝမ်း တစ်လက်ညီသည်၊ သူတို့၏ပစ်ခတ်မှုကြောင့် ကျားက အထိနာပြီး တောထဲ ဝင်ပြေးသွားသည်။ ထိုအခွင့်အရေးကိုယူကာ တောကြောင်လည်း ထွက်ပြေးသွားတော့သည်။

မုဆိုးနှင့်သားကောင်ဆိုသည်မှာ တစ်ခါတစ်ရံတွင် သားကောင်သည် မုဆိုးကြောင့် အသက်ဆုံးရှုံးရသကဲ့သို့ မုဆိုးသည်လည်း တစ်ခါတစ်ရံတွင် သားကောင်ကြောင့် အသက်ဆုံးရှုံးရတတ်ပါသည်။

www.burmeseclassic.com

"ကျားကြီးလွတ်သွားတာ နှာတယ်ကွာ"


"ကျားက ဒဏ်ရာတွေ ပြင်းပြင်းထန်ထန်ရထားတော့ ဝေးဝေးပြေးနိုင်မယ်မထင်ဘူး"

"မထင်ပေမဲ့ မနေ့က နေဝင်လို့ မှောင်ခါနီးအထိ ကျားကို တို့မိလို့လား"

"မနေ့က မမိရင် ဒီနေ့မိရမယ်"

ကျားနှင့်ပတ်သက်၍ မကျေမနပ်ဖြစ်နေသော စောဖိုးပိုက်၊ စိုင်းမြာ၊ စပေါက်ကျော်နှင့် စိုင်းထီးဆာတို့ကို စိုင်းပါကုပ်က -

"ငြိမ်ကြ - အမြီးပုတ်သံကြားတယ်" ဟုတိုးတိုးသတိပေးလိုက်သည်နှင့် အားလုံးငြိမ်သွားသည်၊ သတိပိုဝင်လာသည်၊ လက်နက်များကို နိုင်မြဲ



# ၁၁

သည်နှတ်ကျားတွေနေသောတောင်တွင် နေချင်လျှင်၊
လုပ်ကိုင်စားသောက်ချင်လျှင်၊ တိရစ္ဆာန်များ မွေးမြူချင်လျှင်၊
အန္တရာယ်ကင်းစွာ သွားလာချင်လျှင် နွှေဦးပေါက်ရာသီရောက်တိုင်း
ကျားကို သတ်မိသော တောင်စောင်းတွင် သားကောင်ကြီး
တစ်ကောင်ကို ကြိုးချည်ထားကာ နှတ်ကျားကို အစာကျွေးရမည်၊
ပူဇော်ရမည်ဆိုသော အကြောင်းအရာပါဝင်ကားဖြစ်သည်။



သည်ထက် နိုင်မြဲအောင် ကျစ်ကျစ်လျစ်လျစ် ဆုပ်ကိုင်ရင်း ခြေသံလုံလုံဖြင့် တောနင်းကြသည်၊

ခြေလှမ်းဆယ်လှမ်းပင် မရောက်သေး၊ ဒဏ်ရာရထားသောကျားက သမင်ပေါက်ကလေးကို ခုတ်သတ်နိုင်ရန် ချောင်းနေသည်ကို မြင်ကြရသည်ကိုမြင်ကြရသည်၊ သမင်ပေါက်ကလေးက မနေ့ကတွေ့ခဲ့သော တောကြောင်ကဲ့သို့ ပြေးပေါက်ရှာနေဆဲ၊

ဒဏ်ရာရထားသောကျားက ခုန်အုပ်ကိုက်ဖြတ်သတ်လိုက်သည် ထိုအခွင့်ကောင်းကိုယူ၍ စိုင်းပါခုပ်တို့က မြားဖြင့်ပစ်သည်၊ လှံဖြင့်ထိုးသည်၊ ဓားဖြင့် ခုတ်သည်၊ နောက်ဆုံးတွင် ကျား စင်းစင်းသေတော့သည်၊

"နတ်ကျားဆိုကွ - ဘာနတ်ကျားလဲ"

စိုင်းပါခုပ်က ကျားသေ၏ဦးခေါင်းကို ခြေဖြင့်နင်းပြီးပြောသည်၊

"ဟော့ကောင် - မင်းက နတ်ကျားလား၊ ကိုယ်လုံးကို လှုပ်ပြပါဦးကွ"

စပေါက်ကျော်က ကျားသေ၏ကိုယ်လုံးကို ခြေဖြင့်နင်းပြီး အော်ပြောသည်၊ သူ့အသံက ကျယ်ကျယ်၊

"နတ်ကျားကြီး - အမြီးတောင် မလှုပ်နိုင်တော့ပါလားကွ - ဟား - ဟား ဟား - ဟား"

စိုင်းထီးဆာက တဟားဟားရယ်ရင်း ကျားသေ၏အမြီးကို ခြေဖြင့်ကန်သည်၊ စိုင်းမြာနှင့် စောဖိုးပိုက်က ကျားသေကို ဟန်ပါပါ လက်ပိုက်ကြည့်နေကြရင်း ပြုံးလိုက်ကြသည်၊

သည်ပွဲသည် မုဆိုးငါးယောက်၏အောင်ပွဲ၊

ညရောက်လာပြန်ပြီ၊ ထိုညသည် လကွယ်ည၊ အချိန်က သန်းခေါင် ကောင်းကင်ယံတွင် မှိတ်တုတ်မှိတ်တုတ် လင်းနေသော ကြယ်လေးများမှ လွဲ၍ အခြားဘာမှမရှိ၊

ထိုညက စိုင်းထီးဆာတို့အိမ်ငါးအိမ်ရှိ မိသားစုအားလုံး သေသည်၊ ကျားကိုက်၍ သေဆုံးကြခြင်းဖြစ်သည်၊ မသေမရှင်ကျန်ရစ်သော စပေါက်



www.burmeseclassic.com

www.burmeseclassic.com

ကျော်၊ စိုင်းမြာ၊ စောဖိုးပိုက်၊ စိုင်းထီးဆာနှင့် စိုင်းပါခုပ်တို့ငါးယောက်က စကားပြောပြီးမှသေသည်။

သူတို့ငါးယောက်ပြောသောစကားသည်လည်း အတူတူ၊ အကြောင်းအရာတူသည်။ သေပြီးခဲ့သော လူလေးယောက်မသေမီ ပြောခဲ့သောအကြောင်းအရာနှင့် ထပ်တူကျသည်။

နတ်ကျားကိစ္စ၊ နတ်ကျားကို စော်ကား၍၊ နတ်ကျားကိုသတ်၍၊ နတ်ကျားကို စား၍သေရသည်ဟု၊ ပြီးတော့ - သည်နတ်ကျားတွေနေသောတောင်တွင် နေချင်လျှင်၊ လုပ်ကိုင်စားသောက်ချင်လျှင်၊ တိရစ္ဆာန်များ မွေးမြူချင်လျှင်၊ အနီးရွာယ်ကင်းစွာ သွားလာချင်လျှင် နွေဦးပေါက်ရာသီရောက်တိုင်း ကျားကို သတ်မိသော တောင်စောင်းတွင် သားကောင်ကြီးတစ်ကောင်ကို ကြိုးချည်ထားကာ နတ်ကျားကို အစာကျွေးရမည်၊ ပူဇော်ရမည်ဆိုသောအကြောင်းအရာပါစကားဖြစ်သည်။

ထိုတောင်တန်းပေါ်တွင် နေထိုင်သူများက ထိုအချိန်မှစ၍ နတ်ကျားကို ယုံကြည်ခဲ့ကြတော့သည်၊ ယခင်ကကဲ့သို့ ဟိုတစ်စု သည်တစ်စု မနေရဲကြတော့။ ယခင်ကနေခဲ့သော နေအိမ်စုတစ်စုကို ရွာငယ်ဇနပုဒ်ဟုပင် ခေါ်၍ရမည်မထင်။ သုံးအိမ်စု၊ ငါးအိမ်စု၊ လေးအိမ်စု စသည်ဖြင့် နေခဲ့သောကြောင့်ဖြစ်သည်။ တစ်စုနှင့်တစ်စု မနီးလွန်း မဝေးလွန်းသောနေရာများ၌ နေထိုင်ခဲ့ကြသောကြောင့် ရွာငယ်ဇနပုဒ်ဟု ခေါ်၍ရမည်မထင်။

သို့သော် ထိုတောင်တန်းပေါ်တွင် နတ်ကျားများနေသည်ဟု ယုံကြည်သူများက အိမ်ငယ်စုများကို စုစည်းနီးကပ်အောင် နေလာကြသည်မှစပြီး ရွာငယ်ဇနပုဒ်ဖြစ်ခဲ့သည်၊ ယခုဆိုလျှင် ရွာငယ်ဇနပုဒ်ဟုပင် ပြော၍မရတော့၊ ရွာကြီးဖြစ်နေပေပြီ။

နွေဦးပေါက်တိုင်းနတ်ကျားအတွက်တောင်စောင်းတွင်ကျွဲ၊ နွား စသော သားကောင်တစ်ကောင်ကိုကြိုးချည်ထားပြီး ကျွေးမွေးခဲ့သည်၊ နတ်ကျားကို ပူဇော်ကန်တော့ခဲ့သည်။



ပြောမယုံကြုံဖူးမှသိဆိုသကဲ့သို့ ထိုသို့နတ်ကျားကို ပူဇော်ခြင်းကြောင့် အန္တရာယ်ကင်းခဲ့သည်မှာ ထိုဒေသနေ တောင်ပေါ်သားအားလုံးသာ သိသည်။ အစပထမက အန္တရာယ်ကင်းစွာ နေထိုင်မွေးမြူ စားသောက်သွားလာနိုင်အောင်သာ နတ်ကျားကို အစာကျွေးခဲ့ရာမှ ရွာသူရွာသား ကလေးသူငယ်များရော၊ ရွာသူရွာသားများပါ အနာရောဂါ စွဲကပ်သောအခါ နေထိုင်မကောင်းသောအခါတွင်လည်း နတ်ကျားအတွက် သားကောင်တစ်ကောင်ကို ကျွေးမွေးသောအခါ ပူဇော်သောအခါ ထူးခြားတိုက်ဆိုင်စွာ အနာရောဂါများ ပျောက်ကင်းခြင်း၊ ကျန်းမာရေး ပြန်လည်ကောင်းမွန်ခြင်းတို့ ဖြစ်လာသောကြောင့် ယခင်က နွေဦးပေါက်တွင်သာ ကျွဲ၊ နွား စသော သားကောင်တစ်ကောင်ကို တစ်နှစ်လျှင် တစ်ကြိမ် ကျားစာကျွေးခဲ့ရာမှ ယခုအခါ အကြိမ်ပေါင်းများစွာ ကျားစာကျွေးနေသည်မှာ ကြာပါပြီ။


ထိုတောင်ကို "နတ်ကျားတွေနေသောတောင်" ဟု ယူဆကြသော ရိုးသားသည့် တောင်ပေါ်သားများ၏ အစွဲတစ်ခု ရှိသည်၊ ထိုအစွဲမှာ နတ်ကျားများက သူတို့အတွက် အရာရာကို အထောက်အကူပေးသည်၊ ကူညီနေသည်ဟု ယူဆပြီး အိမ်တိုင်းအိမ်တိုင်း၌ ကျားကန်ထားခြင်းတည်း။

အိမ်များကို ဝါးဖြင့်ဆောက်ဆောက်၊ သစ်ဖြင့်ဆောက်ဆောက် နောက်ဆုံးအုတ်များ၊ ကျောက်တုံးကျောက်ခဲများဖြင့် ဆောက်ဆောက် ဝါးထောက်သို့မဟုတ် သစ်ထောက်၊ သံထောက် စသည့် ထောက်တစ်ခုဖြင့် ကျားကန်ထားသောဓလေ့အစွဲ ဖြစ်ပါသည်။

ထိုဓလေ့အစွဲကြောင့် အိမ်များကို ကျားကန်ထားသောဓလေ့အစွဲကြောင့် ထိုရွာကို "ကျားကန်ရွာ" ဟု ခေါ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ခွန်း
ဓားပြဗိုလ်တစ်ယောက်ကို
ဆားပုလင်းနေမင်းခေါင်က
ပညာသားပါပါဖြင့်
ဖမ်းဆီးလိုက်ပုံကို
ဖတ်ရှုရမည် ..

**ဘဝဆိုတာ** သူ့ဘာသာဖြစ်ချင်သလိုဖြစ်နေတတ်တယ်ဆိုတာ လူပေါ်သွမ်းတွေအကာကွယ်ယူတဲ့ဆင်ခြေစကားပဲ၊ ဒါကိုတချို့ကလည်း ကိုယ်ပိုင်ဦးနှောက်နဲ့ ချင့်ချိန်မှု ဘာမှမရှိပဲ ခေါင်းညိတ်နေကြသည်၊ ဒီလူတွေ သနားဖို့ကောင်းတယ်၊ ကိုယ်ပိုင်ဦးနှောက်တွေကို အသုံးမချတတ်ကြဘူး၊ ဦးနှောက်ဆိုတာ ဓားသွားတစ်ခုပဲ၊ အမြဲတမ်းအသုံးပြုနေရမယ်၊ အခါအခွင့်ကြုံတိုင်းလည်း သွေးထားရမယ်၊ ဒါမှ အသုံးပြုတိုင်း ထက်မြနေမှာပေါ့၊ ခုတ်ဖို့ထစ်ဖို့ အသုံးချခံပစ္စည်းဟာ ဓားပဲမို့လား၊ အဲလိုမဟုတ်ပဲ ထက်မြနေတဲ့ဓားတစ်ချောင်းဖြစ်ပါလျက် အသုံးမချပဲ ချောင်တစ်နေရာမှာ ထိုးထား၊ သိမ်းထားလိုက်မယ်ဆိုရင် အဲဒီထက်မြနေပါတယ်ဆိုတဲ့ဓားတစ်ချောင်းဟာ သံချေးတက်ပျက်စီးသွားမှာပဲ၊ ဒီတော့ - ဓားရဲ့တန်ဖိုး ဘယ်မှာအသုံးတည့်ခွင့် ရတော့မှာလဲ၊ ဒီလိုပဲ - ဦးနှောက်ဆိုတာ လူတစ်ယောက်အတွက်အမှန်အမှားကို စဉ်းစားဖို့၊ ချင့်ချိန်ဖို့၊ တွေးတောဆုံးဖြတ်ဖို့၊ အသုံးချဖို့ပါပဲ၊

www.burmeseclassic.com

www.burmeseclassic.com

အဲလိုအသုံးချရမယ့် ဦးနှောက်တစ်ခုစီ လူတိုင်းရှိပါလျက်နဲ့ ကိုယ်ပိုင်ဦးနှောက်ကိုအသုံးချရမှန်းမသိတာ၊ သူများနောက်လိုက် ခေါင်းညိတ်ရေသာ ခိုနေတာ သံချေးတက်ခံနေတဲ့ဦးနှောက်စားတစ်ချောင်းပိုင်ရှင်ပဲ၊ မောင်စံပြဆိုတာ အဲလိုလူ၊ ကိုယ်ပိုင်ဦးနှောက်စားကို အကျိုးမဲ့ပျက်စီးခံတဲ့သူ မဟာနွယ်ဦးတင်ဆိုတဲ့လူကြီးကလည်း အတ္တမာနတွေ အဆိပ်တက်ပြီး အသုံးချစားတစ်ချောင်းရဲ့တန်ဖိုးကို အလေးမမူသူ၊ ကိုယ့်မျိုးနွယ်ကို ထိန်းသိမ်းစောင့်ရှောက်ဖို့ ဝန်လေးခဲ့လို့ မဖြစ်သင့်တာတွေဖြစ်ပြီ၊

အတိတ်ကလုပ်ရပ်နဲ့ ပစ္စုပ္ပန်မှာ ကျူးလွန်ခဲ့မှုတွေရဲ့ဆိုးကျိုးတွေဖြစ်စေ၊ ကောင်းကျိုးတွေဖြစ်စေ အနာဂတ်ကာလမှာ ခံစားစံစားရတာတွေဟာ ဆက်စပ်မှုတွေနဲ့ဖြစ်ရတာ ကိုယ်တိုင်ပြုလုပ်ခဲ့တဲ့အကျိုးဆက်တွေပဲပေါ့၊ ဆက်စပ်မှုမရှိပဲ ဘာမှမဖြစ်ဘူး၊

ဒီအမှုကြီးမှာ သူဌေးကြီး မဟာနွယ် ဦးတင်၊

မောင်စံပြနဲ့ မဒါန်းလှ၊

မင်းဝံတောင်တန်း မောင်စိန်ပန်း – သူတို့တွေ သနားဖို့ကောင်းတယ်၊ အတ္တတွေ – အတ္တတွေ ဟု တာတီးတွေးပြီး အုတ်ဂူပုပုပြာပြာကလေးပေါ်မှာ တင်ပျဉ်ချိတ်ထိုင်နေရာက ပက်လက်လန်ချ ကျောခင်းလိုက်လေသည်၊ ဖက်ဖြူ(ပြောင်းဖူးဖက်)ဆေးလိပ်ကြီးကို ရှိုက်ဖွာလေ၏၊ သေသူနှင့်သက်ဆိုင်သော ကမ္ပည်းစာတန်းများ ရေးထိုးထားသည့် စကျင်ကျောက်ပြားအားခေါင်းအုံးတစ်လုံးအသွင် စမတ်ကျကျ ခေါင်းတင်လိုက်လေ၏၊ ပြီးနောက် တာတီးက ကျောက်ပြားမျက်နှာပြင်ကို လက်ဝါးဖြင့် ပွတ်သပ်ပြီး –

"လူ့လောကမှာ နှစ်ကာလတွေ အကြာချည်း နေသွားပြီးသေတော့ လူတွေ အသိအမှတ်ပြု ရေးနိုင်တဲ့စာဆိုလို့ ဒါပဲရှိတယ်၊ ဒီလူ မနိပ်လိုက်တာ"

ဟု ပြောလေ၏၊ ထိုကမ္ပည်းစာတန်းကား –



ကွယ်လွန်သူ

မောင်စံပြ (၃၀)နှစ်

၁၈၉၈ – ခုနှစ်၊ ဧပြီလ(၁၃)ရက်နေ့တွင် ကွယ်လွန်သည်၊

ဟု ဖြစ်လေ၏၊ တာတီးက –

"လူတွေ လူတွေ – ခုတော့ – ငါ့ကို ဘာမှပြန်လှန်ဝေဖန်ပြောဆိုခြင်း မရှိတော့ပဲကိုး၊ သက်ရှိလူတွေဘဝတုန်းက ငါ့ကို ကဲ့ရဲ့ပြစ်တင် ရှုတ်ချပြောကြတယ်၊ လူချင်းအတူတူ ငါ့ကို လူရာမသွင်းကြဘူး၊ ခုလို လူသေကောင်တွေ ဖြစ်တော့ ငါထားရာမှာ ကျောတစ်နေရာကလေးနဲ့ ငြိမ်သက်နေရပြီမို့လား၊ မှတ်ရော၊ ခြေဖဝါးအောက်ထား၊ နင်းချင်သလိုနင်း၊ ငြိမ်နေကြရပြီလေ၊ ငါဟာ ဒီသချိုင်းမှာတော့ ဘုရင်ပဲ၊ သာလွန်မြို့က သချိုင်းစောင့်ကြီး သုဘရာဇာ တာတီးတဲ့ – ဟား – ဟား – ဟား – ဟား"

ဟု အောင်ပွဲရ စစ်သူကြီးတစ်ဦးလို ဝမ်းခေါင်းသံကြီးနှင့် ကျေနပ်စွာ ရယ်မောလေ၏၊ မုတ်ဆိတ်မွေး ဗရပျစ်တို့ကို လက်နှင့် အသာသပ်ကိုင်ရင်း –

"အဟေး – ဟေး – ဟေး – မဟာနွယ်မြို့ကြီးက သူဌေးကြီး ဦးတင်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးရေ – ခင်ဗျားရဲ့အတ္တမာနကြီးမှု လုပ်ရပ်များကြောင့် မကြာမီ ကြေကွဲမှုတွေနဲ့ ကြုံတွေ့ရတော့မယ် – သိလား၊ အဟေး – ဟေး – ဟေး"

ဟု ကြောက်မက်ဖွယ် ဝမ်းခေါင်းသံကြီးနှင့် ထပ်မံကြုံးဝါး ရယ်မောလေ၏တည်း၊

မောင်စိန်ပန်းမှာ ထောင်ကျသွားပြီ ဖြစ်လေ၏၊

အဝေမ်းဘက်တိုက်၏လုယက်မှုပင်မကငွေအိတ်သယ်လာသောတားမောင်းသမားကို သေနတ်နှင့် ပစ်လေသောကြောင့် ထောင်ဆယ်နှစ် ကျ၏၊ မောင်စိန်ပန်းမှာမူ မြင်းခြံထောင်တွင် နေရ၏၊ ၎င်း၏ဆရာကြီး သုဘရာဇာ တာတီး သာလွန်မြို့၏ သချိုင်းဝင်းကြီးအတွင်း၌ပင် တစ်ဦးတည်း ဆက်လက် နေထိုင်လေ၏၊

www.burmeseclassic.com

သုဘရာဇာတာတီးသည် ၎င်း၏တပည့်ထံသို့ တစ်နှစ်လျှင် တစ်ကြိမ် ကျတောင်ဝင်စာလာတွေ့လေ၏။ သို့သော်လည်း မောင်စိန်ပန်းမှာ နှစ်နှစ်နှင့် ပင် ထောင်က ထွက်ရလေ၏၊ ထောင်က ထွက်ရသည်ဆိုသော်လည်း လျော့ ရက်ဖြင့် လွတ်လာခြင်းမဟုတ်၊ ထောင်ကိုဖောက်၍ ထွက်ပြေးခြင်းဖြစ်၏။

ထို့နောက် မောင်စိန်ပန်းသည် သာလွန်မြို့အနောက်ဘက်၊ စမုံမြစ်တစ် ဖက်ကမ်းရှိ မင်းဝံတောင်တန်းတစ်လျှောက်နှင့် တောအုပ်များ၌ ခိုအောင်း ကာ လူဆိုးလူမိုက်များကို စုစည်းခေါ်ယူ တပည့်မွေးပြီး အစွမ်းကုန် ဆိုးသွမ်း လေတော့၏၊ အင်္ဂလိပ်အစိုးရသည် မောင်စိန်ပန်းအတွက် ဝရမ်းထုတ်ထား ၏၊ အထူးစုံထောက်များလွှတ်၍ မောင်စိန်ပန်း၏သတင်းအား စုံစမ်းခဲ့လေ၏၊

မောင်စိန်ပန်းသည် တစ်စတစ်စ ဆိုးသွမ်းမှု အတင့်ရဲလာကာ ဓားပြ တိုက်သည့်အခါများ၌ ခါတိုင်းကဲ့သို့ အလစ်ဝင်၍ တိုက်ခိုက်ခြင်းပင် မဟုတ် တော့ပဲ ပြည်သူလူထု အသက်အိုးအိမ် စည်းစိမ်ဥစ္စာကို လုံခြုံရေးတာဝန် ထမ်းဆောင်နေကြသော ပုလိပ်ဌာနဂါတ်များသို့ ပမာမခန့် အကြောင်းကြား စာများ ပို့ပြီးမှ ဝင်ရောက်တိုက်ခိုက် လုယက်ကြလေ၏၊

အစပထမပိုင်းတွင် နယ်မြေပိုင်ပုလိပ်များသည် လူပျော်လူနောက်တို့ ပစ်စာဟု ထင်မှတ်ပြီး ခပ်ပေါ့ပေါ့ပဲ သဘောထားကြလေ၏၊ မောင်စိန်ပန်း သည် အကြောင်းကြားစာများ ကြိုတင် ရေးသားပေးပို့သည့်အတိုင်းပင် တကယ်ဝင်ရောက်၍ဓားပြတိုက်လေသောအခါ၌ မောင်စိန်ပန်းတို့လူစုအား ပုလိပ်တို့ဖမ်းဆီးခြင်း မပြုနိုင်ခဲ့ပေ၊ နောင်အခါတွင်မူ မောင်စိန်ပန်းထံမှ ကြို တင်အကြောင်းကြားစာ အပို့ခံရလေလျှင် နယ်မြေပိုင်ဂါတ်မှ ပုလိပ်များသည် ပေါ့ပေါ့တန်တန် သဘောမထားဝံ့တော့ပဲ အထူးအလုပ်ရှုပ်ကုန်ကြလေ၏၊

ထို့ထက်ပို၍ကား ချစ်တီးကုလားများ၊ ဘိန်းခန်းထောင်သော ပေါက် ဖော်များနှင့် အထွာကြီးသော မနေရှင် မြေပိုင်၊ ယာပိုင်ပုဂ္ဂိုလ်ကြီးများသည် မောင်စိန်ပန်း၏ရန်ကို လွန်စွာစိုးရိမ်ထိတ်လန့်နေကြလေ၏၊




ထိုသို့ကြောက်လန့်နေသူများတွင် သာလွန်မြို့ပေါ်မှ ရပ်ကွက်ကြီးတစ်ခု ဖြစ်သော ကုန်းတော်ကြီးအရပ်တွင် နေထိုင်သည့် မဟာနွယ်ဦးတင်ဟူသော သူဌေးကြီးတစ်ဦးလည်း ပါလေ၏၊ ထိုသူဌေးကြီးသည် ရပ်ကွက်အရှေ့ မြောက်ဖျားတွင် မဟာနွယ်ဟူသော ခြံကျယ်ကြီးနှင့် စမတ်ကျကျ နေထိုင် လေ၏၊ ဆီစက်၊ ဆန်စက်ကြီးများ ထောင်၍လည်းကောင်း၊ လယ်ယာမြေ များလည်း ဧကအတော်များများ ပိုင်ဆိုင်၍ လူတာရင်းငှားများနှင့် လုပ်ငန်း အဝဝ လွှဲထားလေသည်၊ စည်းတမ်းကြီးသူတစ်ဦးဖြစ်သလို အတ္တလောဘ လည်းကြီး၏၊ ပဒေသရာဇ်စနစ်ကို ဖက်တွယ်၍အဆင့်အတန်းလူတန်းစား လည်း လွန်စွာခွဲခြားလေ၏၊ သူဌေးကြီး၏ဖခင်သည် မင်းတုန်းမင်းကြီး၏ မြေးတစ်ဦးဖြစ်သည်ဟုပြောသော်လည်းဘယ်မိဖုရားကမွေးသည်ဟူ၍ကား မပြော၊ ရိုးရိုးသာမန်ကိုယ်လုပ်တော်တစ်ဦးသာဖြစ်နိုင်လေ၏၊ မည်သို့ဆိုစေ၊ မဟာနွယ်ဦးတင်မှာကား ထိုနယ်မြေတစ်ဝိုက်နှင့် သာလွန်မြို့မျက်နှာကြီး ပိုင်းများနှင့် အစိုးရအုပ်ချုပ်ရေးပိုင်း၊ အရေးပိုင်မင်းများကြားတွင်လည်း အထူး ဝင်ဆန့်သူတစ်ဦး ဖြစ်လေ၏တည်း။

သုံးနှစ်လျှင် တစ်ခါဆိုသလို မင်္ဂလာပ်ကြီးဟည်းနေအောင်ထိုးလို့ အလှူပွဲ ကြီးတစ်ခုတော့ အစဉ်အလာမပျက် ကျင်းပလေ့ ရှိ၏။

တစ်နေ့သ၌ ...။

မောင်စိန်ပန်းသည် ကျွဲတပ်ကျေးရွာမှ ဆန်စက်ပိုင် ခင်မိတင်အိမ်ကို ဓားပြတိုက်မည်ဟု ဂါတ်သို့ စာပို့လေ၏၊ ထိုဂါတ်မှ ဌာနာအုပ်ဖိုးထူးလည်း ချက်ချင်းဆိုသလို အလုပ်ရှုပ်ရလေတော့၏။ တစ်ညလုံး စောင့်ကြည့်ရလေ ၏၊ သို့ရာတွင် မည်သည့်ဓားပြအဖွဲ့မှမလာပဲ ပုလိပ်တပ်ဖွဲ့များသာ အိပ်ရေး ပျက်စွာဖြင့် ပြန်လာခဲ့ကြလေ၏၊ များစွာဒေါသဖြစ်ကြလေ၏၊ ကြောက်လန့် ၍ မလာဝံ့သလောဟုတွေး၍လည်း ပုလိပ်တို့ ပြက်ရယ်စကားတွေ ပြောကြ လေ၏၊ တစ်ဖန် နောက်တစ်နေ့၌လည်း ဆိပ်ကမ်းဂါတ်ကို စာတစ်စောင်

www.burmeseclassic.com




ရောက်ပြန်လေ၏။ ညောင်ပင်သာရပ်မှ အင်ကြင်းမြိုင်အိမ်ကြီးကို ဓားပြတိုက်မည်ဟူ၍ဖြစ်လေ၏။ ဆားပုလင်းမောင်စိန်နှင့် အဖွဲ့များလည်း သွား၍စောင့်ကြရပြန်လေ၏။ ဓားပြများ မလာသောကြောင့် အိပ်ရေးပျက်၍ ပြန်ခဲ့ကြရလေပြန်၏။

ဤသို့လျှင် မောင်စိန်ပန်းသည် ဂါတ်တိုင်းသို့ အလုညဲ့ကျ စာတစ်စောင်ကျပို့၍ ပုလိပ်တပ်ဖွဲ့ဝင်တို့အား တစ်လတိတိ ညှဉ်းဆဲလေရာ ပုလိပ်တို့သည်လည်း မောင်စိန်ပန်းပို့သည်ဆိုသော ကြိုတင်အသိပေးစာများအပေါ်၌ ဂရုမပြုမှုမရှိဖြစ်၍ နေကြလေ၏။ ထိုအခါ၌ မောင်စိန်ပန်းသည် နယ်မြေပိုင်ဂါတ်သို့ အောက်ပါအတိုင်း စာတစ်စောင်ရေး၍ပို့ပြန်လေ၏။ ထိုနေ့သည် မဟာနွယ်ဦးတင်၏ သုံးနှစ်တစ်ကြိမ်ကျပြုလုပ်သော အလှူပွဲကြီးအကြို့နေ့လည်း ဖြစ်လေ၏။ ထိုစာမှာ -



*ဒီနေ့ည ...*

*ကုန်းတော်ကြီးအရပ်က မဟာနွယ်ဦးတင်အိမ်ကို*

*ဓားပြတိုက်မယ် - စောင့်ပါ။*

*မင်းဝံတောင်တန်း မောင်စိန်ပန်း*

ဟူ၍ဖြစ်လေ၏။

နယ်မြေပိုင်ဂါတ်မှ ပုလိပ်များသည်လည်း တစ်လပတ်လုံး အလှည့်ကျ အိပ်ရေးပျက်ခဲ့ပြီးဖြစ်လေသောကြောင့်လည်းကောင်း၊ မောင်စိန်ပန်းပို့သော စာကို အလေးဂရုမူစရာမလိုတော့ဟူသော ခပ်ပေါ့ပေါ့ သဘောထားကြပြီမို့လည်းကောင်း မဟာနွယ်ဦးတင်အိမ်၌ ဒီနေ့သည် အလှူနှင့်ပတ်သက်ဆက်နွယ်ရောက်နေကြပြီဖြစ်သော ဧည့်သည်များ၊ အရပ်ထဲမှ ဝိုင်းဝန်းကူညီ လုပ်ကိုင်ချက်ပြုတ် ဧည့်ခံနေကြသူများနှင့် နေ့နေ့ညည စည်ကားနေသည်ဖြစ်ရာကြောင့်လည်း တသီးတခြား ပုလိပ်များ စောင့်ကြပ်ခြင်း၊ ကင်းပုန်းဝပ်ခြင်း မလုပ်ကြတော့ပေ။

ထိုညက မောင်စိန်ပန်းဦးဆောင်သော မင်းဝံတောင်တန်းပေါ်မှ ဓားပြအဖွဲ့ကြီးသည် ညဉ့်အချိန် နစ်နာရီတိတိ၌ မဟာနွယ်ဦးတင်အိမ်သို့ မြင်းများကိုယ်စီနှင့် အမှန်တကယ် ရောက်လာကြပြီး ဓားပြတိုက်လေ၏။

"ဟေ့ - မဆိုင်သူတွေတစ်ယောက်မှမကပ်ကြနဲ့။ ငါတို့မင်းဝံတောင်တန်း မောင်စိန်ပန်းအဖွဲ့ပဲ"

"ဒိုင်း"

"ဒိုင်း"

"ဒိုင်း"

မဟာနွယ်ဦးတင်၏ တစ်သက်တာပတ်လုံး စုဆောင်းပိုင်ဆိုင်ခဲ့သည့် အိမ်ရှိ စိန်၊ ရွှေ၊ ငွေ ပစ္စည်းအားလုံးကို တစ်ခုမကျန် ယူငင်သွားရုံမက မဟာနွယ်ဦးတင်ကိုလည်း ညှဉ်းပန်းနှိပ်စက်သွားသေး၏။ ထို့ကြောင့် မဟာနွယ်

www.burmeseclassic.com

ဦးတင်သည် စိတ်ဆင်းရဲခြင်းတို့ လွန်စွာခံစားရလေ၏။ သူဌေးကြီးမဟာနွယ် ဦးတင်အိမ်၌ အလှူကြီးပေးမည့် အကြိုညှ၌ ဓားပြတိုက်ခံရသောသတင်းကား သာလွန်တစ်မြို့နယ်လုံးသို့တိုင် တောမီးပမာ ပြန့်နှံ့သွားလေ၏။

ထိုသတင်းသည် နောက်တစ်နေ့နံနက် မိုးလင်းသည်နှင့် သာလွန်မြို့ အနောက်ပိုင်း စမုံဆိပ်ကမ်းကူးတို့ဆိပ်၊ ကိုမှုံကြီးလက်ဖက်ရည်ဆိုင်၌ တစ်ဦးကိုတစ်ဦး တစ်ဆင့်စကား ဖယ်ဆက်သလို ပေါက်ကြားသွားလေတော့၏။ ထိုအခါ သုဘရာဇာကြီးတာတီးသည် ဆိုင်ထဲမှလူများကြားအောင် အသံ ဩဩကြီးနှင့် အောက်ပါအတိုင်း အော်ပြောလေ၏။

"မိတ်ဆွေကြီးတို့ခင်ဗျား - အချိန်ရမယ်ဆိုရင်ဖြင့် ကျုပ်က အင်မတန်မှ စိတ်ဝင်စားဖို့ကောင်းတဲ့ ရာဇဝင်တစ်ခု ပြောချင်ပါတယ်။ ခုလို ကျုပ်ရဲ့စကားကို နားထောင်ပေးကြတဲ့အတွက်လည်း ကျေးဇူးပြုတဲ့အနေနဲ့ မုန့်နဲ့လက်ဖက်ရည် အဝစားသောက်ကြပါ။ ပိုက်ဆံအားလုံးကျသလောက် ကျုပ် ရှင်းပါ့မယ်။ ရာဇဝင်ရဲ့အစကတော့ ဒီလိုပါခင်ဗျား။ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်လောက်တုန်းက တစ်နေ့မှာ အခု ဓားပြတိုက်ခံရတဲ့ မဟာနွယ်ဦးတင်ဆိုတဲ့ သူဌေးကြီးဦးတင်ဟာ အိမ်ရှေ့မှာ မဏ္ဍပ်ကြီး ဟည်းနေအောင်ထိုးပြီး အလှူကြီးကျင်းပခဲ့တာကို မှတ်မိပါလိမ့်မယ်။ အဲဒီအလှူပွဲနဲ့အတူ တိုက်ဆိုင်စွာ ရောက်လာတာကတော့ အောက်ပြည်အောက်ရွာ ဥသာမြို့ (ပဲခူး) က သူဌေးကြီးရဲ့ မြေးတော်စပ်သူ သုံးနှစ်အရွယ် မောင်စိန်ပန်းဆိုတဲ့ ကလေးငယ်နဲ့ သူ့အဖေဖြစ်တဲ့ မောင်စံပြ တို့ပါပဲ၊ သူဌေးကြီးရဲ့သမီးချော မဒါန်းလှဆိုတဲ့မိန်းမငယ်ဟာ လူငယ်တို့ သဘာဝ သူတို့အိမ်ရဲ့လယ်စာရင်းငှားမောင်စံပြနဲ့ ရည်ငံမိကြပြီး အောက်ပြည် အောက်ရွာဆီ နိုးရာလိုက်ပြေးရာက ဥသာမြို့မှာ ဆင်းဆင်းရဲရဲနေထိုင်ကြ ရင်း မောင်စိန်ပန်းကလေးကို မွေးတယ်။

ဥသာတစ်မြို့လုံး ကာလဝမ်းရောဂါတွေဖြစ်လို့ မဒါန်းလှလည်း သေ တာပေါ့။ ဒီတော့ - ဆင်းရဲဒုက္ခတွေ ပင်လယ်ဝေနေတဲ့မောင်စံပြဟာ ရှေ့မျက်နှာနောက်ထားလို့ အရွယ်ငယ်ငယ် သူ့သားကလေး မောင်စိန်ပန်းအ ကောင်းစားရေးမျှော်လင့်လို့ သူဌေးကြီးအိမ်ကို ရောက်လာတာပေါ့။ အဲဒီ အချိန်မှာ အလှူကြီးပေးနေတဲ့ သူဌေးကြီးကလည်း သူ့ကို အရှက်တွဲအောင် လုပ်တယ်ဆိုပြီး မောင်စံပြကို ရိုက်မောင်းထုတ်ပြီး နှင်ထုတ်လိုက်ကြတယ်။ နိုကိုးရာမဲ့တဲ့ မောင်စံပြဟာ ကလေးငယ်ကို လက်မှာဆွဲလို့ ကျုပ်နေတဲ့ သာလွန်မြို့အနောက်ပိုင်း၊ သချိုင်းဝင်းကြီးထဲ ရောက်လာပြီး သုံးရက်မြောက် တဲ့နေ့မှာ သေပါလေရော။ ကျန်ရစ်ခဲ့တဲ့လူမည်အရွယ်ကလေးငယ်ကိုတော့ ကျုပ်လက်ထဲမှာ အပ်နှံခဲ့တယ်။ အဲဒီကလေးဟာ အခု မဟာနွယ်ဦးတင်အိမ် ကို တိုက်သွားတဲ့ ဓားပြဂိုဏ်းကြီးရဲ့ခေါင်းဆောင် မင်းဝံတောင်တန်း မောင်စိန်ပန်းပါပဲခင်ဗျာ ..."

"အိုး ..."

"ဟင် ..."

"ဟယ် ..."

"ဖြစ်ရလေ ..."

"ဒါဆို - ဓားပြဂိုဏ်းခေါင်းဆောင်ဟာ သူဌေးကြီးရဲ့မြေးအရင်းပဲပေါ့"

ဟု အံ့ဩဘနန်း ရေရွတ်ပြောဆိုသံများ တစ်ဆိုင်လုံး ပွက်လောရိုက် အောင် တစ်ယောက်တစ်ပေါက် ပြောဆိုကုန်ကြလေ၏။ ပြီးနောက် ဆက်၍ သုဘရာဇာကြီးတာတီးက -

"ကျုပ် နောက်ဆုံးပြောချင်တာကတော့ လူဆိုးလူမိုက်ဆိုတာဟာ ဆွေ မျိုးအနွယ်တော်နဲ့မဆိုင်ပဲ ကြီးပြင်းကျင်လည်ရာ ရပ်ဝန်းနဲ့သာဆိုင်တယ်ဆို တဲ့အကြောင်းပါပဲခင်ဗျား။ မှဆိုးနားနီးမုဆိုး၊ တံငါနားနီးတံငါပေါ့ ခင်ဗျား။ အခု ဖြစ်ရပ်မှာ မဟာနွယ်သူဌေးကြီးရဲ့ လူ့အတန်းအစားခွဲခြားခဲ့မှုကြောင့် မဖြစ် သင့်တဲ့အဖြစ်တွေဖြစ်ကုန်ရတာပါ။ လောကကြီးမှာ ဝဋ်ကြွေးတစ်ပတ်လည် တယ်ဆိုတာ မိတ်ဆွေကြီးတို့လည်း မမေ့ကြနဲ့ဗျို့..."





www.burmeseclassic.com

www.burmeseclassic.com

ဟုပြောဆိုကာ သုဘရာဇာကြီးတာတီးသည် ဆိုင်ရှင်ကိုမှုံကြီးအား ရှပ်ီး ငွေတစ်ဆယ်တန်တစ်ထပ်ကို အိတ်ထောင်ထဲမှထုတ်ပေးပြီး တစ်ဆိုင်လုံးရှိ လူကုန် စားသောက်နေကြသော ကျသင့်ငွေများကိုရှင်း၍ ပျော်ရွှင်စွာဖြင့် ဆိုင်ထဲမှ ပြန်လည်ထွက်ခွာသွားလေတော့သည်။

ထိုသို့ဖြစ်ပျက်ခဲ့ပြီး နောက်သုံးနှစ်ခန့် ကြာသောအခါ ...။

မြန်မာပြည်အလယ်ပိုင်းဒေသ သာလွန်မြို့ကြီးမှသည် ရှမ်းပြည်နယ်တောင်ပိုင်း ရွာငံရေဦးမြို့များသို့ ဆက်သွယ်ထားသော နတ်ထိပ်တောင်၊ ပြကွရွေတောင်၊ နတ်သမီးတောင်တန်း လမ်းခုလတ်တွင် ခရီးသွားတို့ ခေတ္တခရီးတစ်ထောင်နားခိုရာ စခန်းကလေးတစ်ခု ရှိလေ၏။ ထမင်းဆိုင်တန်းကလေးလည်း ရှိ၏။ ထိုစခန်းကလေးသို့ အဝေးပြေးမော်တော်ကားများ၊ ခြေကျင်ခရီးသွားများ၊ လားများနှင့် ကုန်သည်များ ရောက်လာသူတိုင်း ရပ်နားလေ့ ရှိကြ၏။ ကားသမားများ၊ ခရီးသွားများ၊ ကုန်သည်များအားလုံးသည် ထမင်းဆိုင်တန်းကလေးအဆောင်အသီးသီး၌ညအိပ်ရပ်နား၍လည်းတည်းခိုကြလေ၏။ ထိုထမင်းဆိုင်တန်းကလေးတို့၏ အစွန်ဆုံး ထမင်းဆိုင်ကြီးမှာ အနွယ်တော်ထမင်းဆိုင် ဖြစ်၏။ ထိုဆိုင်၌ ထမင်း၊ လက်ဖက်ရည်၊ မုန့်မျိုးစုံ၊ ဘိလပ်ရည်သာမက အရက်လည်း ရှိ၏။ အပျော်အပါးဝါသနာပါလျှင် ညအိပ်ညဖော်ကိုလည်း ရှာပေးနိုင်လေ၏။ ဆိုင်ကြီး၏နောက်ပိုင်းတွင် ခရီးသည်ရောက်လာသူတိုင်း အိပ်စက်ရန်အတွက် အိပ်ခန်းများလည်း ဆောက်လုပ်ထားလေ၏။

တစ်ညတွင် ထိုဆိုင်ကြီးသို့ လူတစ်ယောက် ရောက်ရှိလာလေ၏။ ထိုလူ၏အသက်မှာ (၃၅)ဝန်းကျင်ခန့်ပင် ရှိသေး၏။ ထိုသူ၏အသားအရောင်မှာ ညို၏။ အရုပ်အမောင်းမှာမူ မြန်မာလူမျိုးထဲတွင် အတော်အတန်မြင့်သည်ဟု ဆိုရမည်ဖြစ်၏။ ထိုသူရောက်သောအချိန်၌ ဆိုင်တံခါးများပင် ပိတ်ထားပြီဖြစ်လေ၏။ ဆိုင်အတွင်း၌မူ အောက်လင်းမီးအိမ်ကြီး ချိတ်ဆွဲထွန်းညှိထားသလို အရက်သောက်သူသောက်၍ ထမင်းစားသူစား၍နေကြလေ၏။ ဆိုင်ကြီး၏နောက်ဘက် အိပ်ခန်းများ၌မူ ညအိပ်တည်းခိုသူတချို့သည် တောင်၌ အိပ်စက်နေကြပြီဖြစ်၏။ မိုးကလည်း ဖွဲဖွဲစွေ ရွာနေလေ၏။

ထိုသူသည် ဆိုင်ရှေ့ပိုင်းအပြင်ဘက်မှ ယတ်တတ်ရပ်၍ ဆိုင်တံခါးမျဉ်ပြားချပ်ကြီးကို တဒေါက်ဒေါက် ဆက်ကာဆက်ကာ ခေါက်လေ၏။ ထို့ကြောင့် ဆိုင်တွင်းမှ စားပွဲခုံတချို့ကို လိုက်လံစီထပ် သိမ်းဆည်းနေသော အကြော်ဆရာ တရုတ်ကြီးက -

"ဘယ်သူလဲ ..."

ဟု စပ်ငေါက်ငေါက် မေးလေ၏။

"ငါ ခရီးသွားဧည့်သည်တစ်ယောက်ပါပဲ၊ အပြင်မှာ မှောင်ကလည်းမှောင်၊ မိုးတွေလည်း ဖွဲဖွဲစွေလို့ရွာနေတယ်၊ မင်းတို့ဆိုင်ကို အခုရောက်လာတာ ငါကံကောင်းတယ်"

"ဒီဆိုင်မှာ ဧည့်သည်လက်မခံတော့ဘူး၊ တခြားဆိုင်မှာသွားတော့ ..."

"ဒီမှာကိုယ့်လူရဲ့- လူမှုရေးအသိ ခေါင်းပါးလှချေလား။ မင်းတို့ဆိုင်ရှင်လော်ပန်ကို သာလွန်မြို့က မောင်အုန်းဆိုတဲ့လူက တံတောင်လောက်ရှိတဲ့ ကျွန်းသေတ္တာကလေးတစ်လုံး ပေးခိုင်းလိုက်လို့ လာမို့တာ၊ ငါပြန်ယူသွားရမလား"

ဟုထိုသူကပြောလိုက်လျှင် ဆိုင်အတွင်းမှအကြော်ဆရာတရုတ်လည်း တံခါးမင်းတုပ်တန်းရှည်ကြီးကိုဖြုတ်၍ဖွင့်ပေးလေတော့၏။ ထိုသူကလည်း ဆိုင်အတွင်းသို့ လုစ်ခနဲတိုးဝင်ပြီး ကိုယ်ပေါ်မှ မိုးရေစက်တို့ကို လက်နှင့်ခါချနေလေ၏။

"သေတ္တာ ဘယ်မှာလဲ"

"ရော့"

"ခွပ်"

www.burmeseclassic.com

ထိုလူသည် အကြော်ဆရာတရုတ်၏မျက်နှာဆီသို့ တစ်ချက် ခွပ်ခနဲ ဝင်ထိုးလိုက်ရာ အကြော်ဆရာတရုတ်လည်း နောက်သို့ ဖင်ထိုင်လဲကျသွားလေ၏။

"ကျေးဇူးပြုပြီး အေးအေးသက်သာ အဖမ်းခံပါ - မောင်စိန်ပန်း။ မင်းလူတွေကိုလည်း တစ်ယောက်မှ မလှုပ်ပါစေနဲ့။ အပြင်မှာ တို့ပုလိပ်တပ်ဖွဲ့တွေလည်း ဝိုင်းထားပြီးပြီ"

ဟု ဆိုကာ ထိုသူက ခါးကြားမှ လက်ထိတ်ကို ထုတ်ပြပြီး ခတ်လေ၏။ အကြော်ဆရာ တရုတ်ဟန်ဆောင်ထားသော မောင်စိန်ပန်းအား လက်ထိတ်ခတ် ဖမ်းဆီးလေသောအခါ ဆိုင်အတွင်းရှိ လူအားလုံးသည် ကြက်သေသေ၍ အံ့သြငြိမ်သက်လေကြသည်။ ထိုသူကမူ ဆိုင်အတွင်းပိုင်းရှိလူအားလုံးကို မျက်လုံးတစ်ဝေ့ကြည့်လိုက်ပြီးလျှင် အောင်မြင်စန့်ညားသောအသံနှင့် -

"ကျုပ်နာမည် ဆားပုလင်းနေမင်းခေါင်ပါပဲ"

ဟု ပြောလိုက်လေတော့၏။ တစ်ခဏအတွင်း ဆိုင်အပြင်မှသည် ပုလိပ်တို့သည်လည်း အလျှိုလျှိုဝင်ရောက်လာကြလေတော့သတည်း။

ဝိနောမယံ၊ ဖယ်ဒေတု

နိုး ([illegible])




www.burmeseclassic.com

www.burmeseclassic.com



ရဲဘော်မိုက်ခ်တစ်ယောက်
မျှော်လင့်ပါလျက် တပ်ကြပ်
အဆင့်သို့ တိုးမြှင့်ခြင်း ခံလိုက်ရ
သည်၊ သည်လို အဆင့်မြှင့်ရာထူး
တိုးလာခြင်းမှာ အကြောင်းမဲ့တော့
မဟုတ်ပါ၊ သူ၏လုပ်ရပ်တစ်ခု၏
တန်ပြန်အကျိုးသက်ရောက်စေခြင်းလည်း
ဖြစ်ပါသည်၊ စစ်တပ်ဆိုသည်က နေရင်းထိုင်ရင်း
အကြောင်းမဲ့ရာထူးတိုးမှုကို မစဉ်းစားတတ်ကြပါ၊
ည်းနည်းများလျှင် နည်းနည်းအပြစ်ပေးခံရမည်၊
များကြီးမှားလျှင် ထောင်ကျမည်က သေချာမည်၊ ရာထူးတိုးတက်ပေးရန်
စ်သက်တမ်းပြည့်သော်မှ နောက်ကြောင်းပြန်ပြီး ကိုယ်ရေးရာဇဝင် (personal file)
ကြည့်သည်၊ မင်နီ ဘယ်နချက်တားခံရသည်၊ ရဲဘော်တစ်ယောက် ပြစ်မှုဖြစ်၍
ပြစ်ပေးခံရလျှင် မှတ်တမ်းတွင် မင်နီတစ်ခု ရေးသားခံရသည်၊ အချက်အလက်တွေ
ည့်စုံမှ ရာထူးတက်ပေးသည်၊ ဒါတောင်မှ ချက်ချင်းမဖြစ်သေးပါ၊
ကြပ်သင်တန်းကျောင်းသို့ သွားရောက်ပြီး သင်တန်းတက်ရသေးသည်၊



အမိုးရှစ်စင်တပ်နှင့် ရန်သူများ
ယှဉ်ပြိုင်တိုက်ခိုက်ကြရာ ရန်သူဘက်မှ
ဗိုလ်ကို ကျည်ဆန်ထိမှန်သော်လည်း
မသော်တာမြိုင် ●●

www.burmeseclassic.com

www.burmeseclassic.com

သင်တန်းကျောင်းတွင် ပြဿနာဖြစ်လျှင် သင်တန်းမလိုက်နာနိုင်လျှင်တော့ (R.T.U)မိခင်တပ်ရင်းကို ပြန်ပို့ခြင်း ခံရပါတော့သည်။ သင်တန်းအောင်မြင်မှသာ (STANDING ORDER)တည်မြဲအမိန့်ထွက်ပြီး ရာထူးအဆင့် တပ်ဆင်ရပါသည်။

ရဲဘော်မိုက်ခဲလည်း ထို့အတူ သင်တန်းကျောင်းသို့ သွားရောက်တက်ရောက် သင်ကြားရပါသည်။ သင်တန်းမှ ဆင်းလာသည့်အခါတွင်တော့ သူ၏မူလတပ်ရင်း တောင်ငူ တပ်မဟာ(၂)လက်အောက်ခံကို ပြန်မရောက်ပါတော့၊ မော်ဘီရှိ ခြေလျင်တပ်ရင်းသို့ ပြောင်းရွှေ့ခဲ့ရသည်၊ မော်ဘီမြို့မှာ ရဲဘော်မိုက်ခဲနှင့် ရေစက်တင်မဟုတ်တော့၊ ရေပိုက်သွယ်ထားသလိုဖြစ်နေသည်၊ မော်ဘီမြို့ကို ငါးနှစ်တစ်ကြိမ် ပြန်ရောက်နေသည်၊

"အော် - အော် - မင်း ရောက်လာပြီကိုး။ ငါတို့ကတော့ မင်းရောက်လာမယ်ဆိုကတည်းက မျှော်နေတာ - လာကွာ"

ရဲဘော်မိုက်ခဲက သူ၏အထုပ်အပိုးများနှင့်အတူ ကားပေါ်မှ ဆင်းလိုက်သည်တွင် ဒုတပ်ကြပ်တစ်ယောက် ရောက်လာကာ သူ့ကို ဆီးကြိုသည်၊ သူနှင့်အတူ သင်တန်းဆင်းခဲ့ကြသူ အပတ်စဉ်တူ သန်းမောင်ဖြစ်သည်၊

"အောင်မာ - ဟေ့ကောင် - မင်း စစ်တပ်ထုံးစံအတိုင်းလုပ်ရမှာကို မေ့နေပြီလား၊ ငါဟာ မင်းထက် ရာထူးတစ်ဆင့်မြင့်နေတယ်ဆိုတာ မြင်လား"

ရဲဘော်မိုက်ခဲက သန်းမောင်ကို ခပ်တည်တည်မျက်နှာထားတင်းတင်းနှင့် ဟောက်ပစ်လိုက်သည်၊ ထိုအခါ သန်းမောင်မှာ မျက်နှာပျက်သွားပြီးမှ တောင်းပန်ရှာသည်၊

"ဟုတ် - ဟုတ်ကဲ့၊ ကျွန်တော်က ရုတ်တရက်တွေ့လိုက်ရတော့ဝမ်းသာအားရဖြစ်တာရော၊ တပ်ထဲ အတူဝင်ခဲ့ကြပြီး သင်တန်းဆင်းထဲက ကွဲသွားခဲ့တာ၊ ပြန်တွေ့ရတော့ အရင်လိုမှတ်ပြီး ခေါ်မိတာပါ - ဆရာဇော်မြင့်"

သန်းမောင်မှာ ရဲဘော်မိုက်ခဲက တမင်ဟန်ဆောင်ပြီး နောက်ပြောင်ပြောနေခြင်းကို တကယ်ထင်နေသောကြောင့် ရဲဘော်မိုက်ခဲမှာ ရာထူးမာန်တက်ကာ ဘဝမေ့သွားပြီထင်ခဲ့သည်၊ စိတ်ထဲက သိပ်မကျေနပ်လှသော်လည်း တပ်ဖွဲ့စည်းကမ်းအရမိမိထက် ရာထူးတစ်ဆင့်မြင့်သူ မဆိုထားနှင့်၊ အတူတူ တစ်နေ့တည်း သင်တန်းတက်သူချင်းပင် ကိုယ်ပိုင်နံပါတ်အမှတ်စဉ်အရ မိမိအထက်မှ လူဖြစ်နေပါက သံတိဆွဲရပ်ပြီး ရှိသေစွာ ပြောရသည်ကိုး၊ သန်းမောင်ဖြစ်နေပုံကိုကြည့်ပြီး ရဲဘော်မိုက်ခဲမှာ ဆက်လက်ဟန်ဆောင်နိုင်ခြင်းမရှိတော့ပါ၊ အားရပါးရရယ်ပြီး သန်းမောင်ကို ဖက်လိုက်သည်၊

"သူငယ်ချင်းရာ - မင်းကို တမင်သက်သက်လုပ်နေတာပါကွ၊ ဘာလဲမင်းက ငါ့ကို ဘဝမေ့သွားတဲ့ကောင်လို့ ထင်နေတာမဟုတ်လား - ဟဲ - ဟဲ - ဟဲ"

"ခွေးမသား - ဘယ်သိမလဲကွ၊ မင်းက ငါးရှူကျော်လေး တစ်ရစ်တိုးတာနဲ့ ဘဝမေ့သွားပြီလားဆိုပြီးတော့ ..."

"အေးပါ - ဘဝမေ့သွားပြီဆိုပြီး ငါ့ကို မကျေနပ်လို့ စိတ်ထဲကနေ ဆဲနေတာ ငါသိပါတယ်"

"ဟာကွာ - မင်းကလဲ"

"ဟေ့ကောင် - သန်းမောင် - ဟာကွာတွေနဲ့ ငါ့ကို လိမ်ဦးမလို့လားဟင်း"

"ကဲ - ကဲ - ထားပါတော့၊ လာ - အာရ်အက်စ်ဆိုင်ကြီးကို အရင်သတင်းပို့ရအောင်"

သန်းမောင်မှာ ရဲဘော်မိုက်ခဲ စိတ်မပြောင်း၊ ယခင်ကလိုပင် ပြောင်ချော်ချော်ရှိနေသဖြင့် အခင်မင်တွေ တိုးလာသည်၊ နှစ်ယောက်သား တပ်ရင်းအရာရှိခံဗိုလ် (R.S.M)ရုံးခန်းသို့ ဝင်လာကြသည်၊

"ဟာ - သန်းမောင် - မင်းကွာ - ဘယ်က ကျီးကန်းသိုက်ကို ယူလာခဲ့တာလဲကွ၊ ငါ့တပ်ရင်းမှာ အမှိုက်တွေ ပွလာမှာ မြင်မိသေးတယ်၊ ဘုရားတယ်တော်မူပါ"

ရင်း..အရာခံဗိုလ်ရုံးခန်းထဲဝင်လိုက်လျှင် ခြေသံများကြောင့် မော့ကြည့်လိုက်သော ရင်း..အရာခံဗိုလ်ကြီးမှာ ရဲဘော်မိုက်ခဲကို တွေ့လိုက်ရသည်နှင့် မျက်လုံးပြူး ပါးစပ်ပြဲသွားသည်၊ ပြီးတော့မှ ခပ်ညည်းညည်း ပြောတော့သည်၊ ထိုနည်းတူစွာပင်၊



www.burmeseclassic.com

www.burmeseclassic.com

"ဟာ - ဆရာကြီး - ဦးအောင်မင်း"

ရဲဘော်မိုက်ခဲ ဝမ်းပန်းတသာ အားရပါးရခေါ်လိုက်မိသည်၊ ရင်း..အရာခံဗိုလ်ကြီးမှာ မိုက်ခဲတို့ ရဲဘော်သစ်များ သင်တန်းတက်ရန် မေမြို့အမှတ်(၂) လေ့ကျင့်ရေးတပ်သို့ ရောက်လာစဉ်အခါက မေမြို့ဘူတာရုံသို့ လာရောက်ကြိုဆိုခေါ်ခဲ့သူ၊ ပဲပေါ်တင်အောင်ကို ရှေ့ဦးပေါက် နားရင်းအုပ်ခဲ့သူ၊ စိန်ဗေဒါအမည်ခံ၊ တပ်ကြပ်ကြီး အောင်မင်း ဖြစ်နေပါသည်၊ ယခု ရင်း..အရာခံဗိုလ် (R.S.M)ဖြစ်နေပါပြီ၊

"ဆရာကြီးကိုမြင်တော့ ပဲပေါ်တင်အောင်ကို သတိရမိတယ်၊ ဘူတာရုံမှာ ဆရာကြီးကို ဆိုင်းတီးတဲ့စိန်ဗေဒါလား မေးတဲ့ကောင်လေ"

"အေး - မှတ်မိပြီ၊ ဒါနဲ့ - ဒီကောင်ကို နားရင်းတစ်ချက်အုပ်ပြီး ဆိုင်းမတီးဘူး လူကိုတီးတာလို့ ပြောခဲ့သေးတယ်လေ"

"ဟုတ်တယ် - ဒီကောင် - ကရင်ပြည်နယ်လေး ကေ - တိုက်ပွဲမှာ ကျသွားတယ်"

"အေး - အဲဒီအကြောင်းကို ဒီသန်းမောင်တို့ပြောပြလို့ ငါသိပြီးပြီ၊ တစ်ခါတစ်ခါ ငါလည်း သတိရပါတယ်၊ သူလည်း မင်းလိုပဲ ပြောင်ချော်ချော်နဲ့၊ သူကသည်းခံနိုင်တဲ့နေရာမှာတော့ သူ့လိုကောင်ကို မတွေ့ဖူးဘူးကွာ"

"ကျွန်တော်နဲ့ကတော့ တွဲဖက်လေ ..."

"တွဲဖက်ဖြစ်မှာပေါ့၊ မင်းဆီက ပေါ့ပြက်ပြက် ပြောင်ချော်ချော် အကျင့်တွေ ကူးစက်သွားတာကိုး"

ဆရာကြီးအောင်မင်းစကားကြောင့် ရဲဘော်မိုက်ခဲ ဘာမှပြန်ပြီးမပြောနိုင်တော့၊ စပ်ဖြဲဖြဲလုပ်နေသည်၊

"ဟော - ကြည့် - အခုအကြပ်တစ်ယောက်၊ ဆရာတစ်ယောက်ဖြစ်နေတာတောင် ပြောင်ချော်ချော်လုပ်နေသေးတယ်၊ အရင်အကျင့်တွေ မပျောက်သေးဘူး၊ မင်းလိုကောင်ကို ဘာကြောင့်များ တပ်ကြပ်ဖြစ်သလဲ မသိဘူး အံ့ပါရဲ့"

"ဟာ - မတိုးပေးလို့ ဘယ်ရမလဲ၊ ကျွန်တော်က ဘုန်းနဲ့ ကံနဲ့လေ ဆရာကြီးရဲ့ - ဟဲ - ဟဲ - ဟဲ"

ရဲဘော်မိုက်ခဲစကားကြောင့် ဆရာကြီးအောင်မင်းက သူ့ရှေ့စားပွဲပေါ်မှ စာရွက်ထပ်ကို ငုံ့ဖတ်နေသည်၊ ပြီးမှ - မေးလာပြန်သည်၊

"နေပါဦး - မင်းကို အခု တိုက်ရိုက်တပ်ကြပ်အဆင့်ပေးပြီး သင်တန်းလွှတ်တာက FIELD PROMOTION အနေနဲ့ပေးတာဆိုတော့ မင်း ဘယ်လိုတိုက်ပွဲမှာ ရခဲ့တာလဲ"

"တိုက်ပွဲမှာရတာမဟုတ်ပါဘူး၊ တိုက်ပွဲမဖြစ်ရဘဲရတာ"

"ဟာ - မဟုတ်သေးပါဘူးကွာ"

"ဟုတ်ပါတယ် - ဆရာကြီးရဲ့"

"ဟေ့ကောင် - မင်း - ငါ့ကို ပြောင်ချော်ချော စလုပ်လာပြန်ပြီလား၊ စိန်ဗေဒါနော် - မေ့သွားပြီလား - ဟင်း၊ မင်းတပ်ကြပ်ဖြစ်နေလည်း ငါကတော့ ဆော်မှာနော်"

ဆရာကြီးအောင်မင်းက သင်တန်းငယ်ဆရာဖြစ်သည်၊ နောက်ပြီး စိန်ဗေဒါအကျင့်က ပျောက်ပုံမရသေး၊ စားပွဲပေါ်တွင် ကိုင်နေကျ ကြိမ်တုတ်အနက်ကလေးကို တွေ့နေရသေးသည်၊ ငယ်တပည့်ဆိုတော့လည်း တပ်ကြပ်ဖြစ်နေပေမယ့် တကယ်တွယ်ချင် တွယ်နေပေမည်၊ ယုံရခက်ခက် မဟုတ်လား၊

"ကဲ - ပြောစမ်း၊ မင်းနဲ့အတူတူကောင်တွေ အားလုံး ဒုတပ်ကြပ်ဖြစ်နေတာ နစ်နှစ်ကျော်နေပြီးမှ မင်းက ရဲဘော်ရှိသေးတာဆို ..."

"ဟုတ်တယ်လေ - ဆရာကြီးရဲ့"

"အေး - အဲဒီလိုကနေ ဘာကြောင့် အခုမှ ချက်ချင်းစစ်မြေပြင်ရာထူးတိုးပေးခြင်းနဲ့ တစ်ခါထဲ တပ်ကြပ်ဖြစ်လာရတာလဲ"

"အဟဲ - ဒါက - ဒီလိုလေ - ဆရာကြီးရဲ့"

"ဘာက - ဘယ်လိုလဲ - ပြောလေ"

"ဟို - အဲဒါက - အင်း"

"ဟေ့ကောင် - မိုက်ခဲ"

"နေ - နေပါဦး - ဆရာကြီး၊ ကျွန်တော် ပြောပါမယ်"

www.burmeseclassic.com

www.burmeseclassic.com

မိုက်ခဲလုပ်နေပုံကိုစိတ်မရှည်တော့သောအရာခံဗိုလ်ကြီးလက်ကကြိမ်လုံးဆီ ရောက်သွားသည်။ ဒါကိုမြင်လိုက်သော ရဲဘော်မိုက်ခဲက လှမ်းတားသည်။

"မြန်မြန်ပြောနော် – ငါ့စိတ်ကို သိတယ်မဟုတ်လား"

"ဒီလို ဆရာကြီးရဲ့၊ ကျွန်တော် တပ်မဟာ(၂)လက်အောက်ခံတပ်မှာ နေတုန်းကပေါ့။ KNDO အဖွဲ့က ဗိုလ်မိုက်ကယ်တို့အဖွဲ့ကို ရှင်းဖို့ ထွက်လာတာကနေ ..."

ရဲဘော်မိုက်ခဲက သူတွေ့ကြုံခဲ့ရသောရန်သူအဖွဲ့က ရန်ကုန် – မော်လမြိုင်ရထားကို မိုင်းခွဲတိုက်ခိုက်မည့်အကြံအစည်နှင့် မိုင်းဗုံးမြှုပ်နေသူရန်သူကို မိုင်းဗုံး မမြှုပ်နိုင်ရန် တားဆီးနိုင်ပုံ၊ မိုင်းမြှုပ်သူနှစ်ယောက်တွင် တစ်ယောက်ကို အရှင်ဖမ်းမိ၍ တစ်ယောက်ကို အသေဖမ်းမိပုံ၊ မိုင်းဗုံးနှင့် လက်နက်တို့ကိုပါ သိမ်းဆည်းရရှိခဲ့ပုံတို့ကိုပါ ပြောပြလိုက်ပါတော့သည်။

သူပြောပြသည်ကို အရာခံဗိုလ်ကြီးနှင့် သန်းမောင်အပြင် ရုံးခန်းထဲရှိ နားထောင်နေကြသူများပါ တအံ့တဩဖြစ်သွားကြသည်။ သို့သော် အရာခံဗိုလ်ကြီးက မဲ့ရွဲ့ကာ ပြောတော့သည်။

"အင်း – ကြက်ကန်းဆန်အိုး တိုးတယ်ဆိုတာ ဒီကောင်လိုကောင်မျိုးကို ပြောတာကွ – မှတ်ထားကြ"

"ဘယ်ဟုတ်မလဲ – ဆရာကြီးရဲ့၊ သမင်က ကျားရှေ့လာလည်စင်းပေးတာဆိုမှ မှန်မှာ"

"ထားပါတော့ကွာ – ထွက်ပြေးတဲ့ကောင်က မင်းကို စတင်းနဲ့ပစ်တာ ကျည်ဆန်ဂျမ်းမဖြစ်ဘဲ မင်းကို အတွဲလိုက်မှန်သွားရင် ကောင်းမှာ"

"ဗျာ – ဆရာကြီးကလည်း – ကိုယ့်တပည့်ရင်းကြီးကိုတောင် ဒီလောက်မေတ္တာထားတယ်လား"

"အေးလေကွာ – ဒါဆို – တစ်လောကလုံး အေးချမ်းသွားမှာ"

ရင်း…အရာခံဗိုလ်ကြီးစကားကြောင့် သန်းမောင်ရော ကျန်လူများပါ တစ်ခန်းလုံး သိမ့်သိမ့်တုန်အောင် ရယ်မောကြပါလေတော့သည်။



"တပ်ရင်းမှူးကို နောက်မှ ငါပဲ သတင်းပို့တော့မယ်။ မင်းကို သန်းမောင်တို့တပ်ခွဲကို ပို့ရမယ်။ ဟိုမှာ မင်းလွင်တစ်ကောင် ရှိသေးတယ်"

"သန်းမောင် – မင်းလွင်ဆိုတာ ငါတို့ ဝက်ခြံမင်းလွင်ကိုပြောတာလား"

ဆရာကြီးအောင်မင်းပြောသော မင်းလွင်မှာ သူတို့ သူငယ်ချင်းဖြစ်သူ ဟုတ်,မဟုတ် မေးလိုက်ခြင်းဖြစ်သည်။ နာမည်ရင်းက မင်းလွင်ဖြစ်သော်လည်း မျက်နှာတစ်ပြင်လုံး ဝက်ခြံတွေ ပေါက်နေသူဖြစ်၍ မင်းလွင်နာမည် ပျောက်ကာ အားလုံးက ဝက်ခြံဟူ၍သာ ခေါ်တော့သည်။

"အေး – ဝက်ခြံကို ပြောတာပေါ့၊ သူလည်း မင်းရောက်လာမယ်ဆိုတာကို သိနေတယ်"

"ကဲ – ဟော့ကောင် – သန်းမောင်နဲ့ လိုက်သွား"

"ဟုတ်ကဲ့ – ဆရာကြီး"

ရင်း…အရာခံဗိုလ်ရုံးခန်းမှ သူနေရမည့် သန်းမောင်တို့တပ်ခွဲကို လိုက်လာခဲ့သည်။ ရဲဘော်မိုက်ခဲက လျှောက်လာရင်း အတိတ်ကာလပုံရိပ်တို့ကို ပြန်လည်သတိရသွားသည်။

"သန်းမောင် – မော်ဘီဈေးရှေ့ထမင်းဆိုင်က တရုတ်မ ရှိသေးသလားကွ"

"ဟား – ရောက်ခါရှိသေး၊ သူငယ်ချင်းတွေကိုတော့ သတိမရဘူး၊ နှာဘူးကျဖို့က အရင်ပါလားကွ"

သန်းမောင်က မျက်စောင်းထိုးကာ ပြောတော့သည်။

"အေး – ဟုတ်တယ် – သူက အရေးကြီးတယ်လေ၊ ကဲပါ – ငါမေးတာ ဖြေပါဦး"

"မင်း စိတ်ကောင်းကောင်းထားကွာ၊ တရုတ်မလေးက ယောက်ျားရလို့ ကလေးတောင်မှ နှစ်ယောက်ရှိနေပြီ"

"တောက် – သွားပါပြီကွာ – ဟင်း"

"သိပ်လည်း မပူပါနဲ့ကွာ၊ အလားအလာရှိပါသေးတယ်။ တ[illegible]ယောက်တောင်မှ ..."

www.burmeseclassic.com

"ဟေ - ဘယ်သူ့ကိုပြောတာလဲ၊ သူမှာ ညီမတွေ အစ်မတွေ ရှိသေးလို့လား"

ရဲဘော်မိုက်ခဲက ပျာပျာသလဲ မေးမိသည်။

"တခြားတော့ မဟုတ်ဘူး၊ တရုတ်မကမွေးတာ အားလုံးနှစ်ယောက်လုံး မိန်းကလေးတွေချည်းကွ၊ မင်း နည်းနည်းတော့ စောင့်ရမှာပေါ့လေ"

"ခွေးမသား - မင်းသာ စောင့်နေ"

မိုက်ခဲ ဆက်မပြောတော့ပါ၊ ဆက်မေး ဆက်ပြောနေပါက သည်ကောင် မဟုတ်တာတွေ ပြောနေမည်က သေချာသည်၊ တပ်ခွဲကို ရောက်သည့်အခါ တပ်ခွဲမှူးထံသို့ရောက်ရှိကြောင်း သတင်းပို့ပြန်ပါသည်၊ တပ်ခွဲမှူးက ရဲဘော်မိုက်ခဲကို တပ်စု(၃)တွင် တာဝန်ချပေးခဲ့သည်၊ သန်းမောင်နှင့် မင်းလွင်တို့ တပ်စုတွင် ဖြစ်သည်၊

ခွဲ..အရာခံဗိုလ်ထွန်းမင်း၊ ခွဲ..တပ်ကြပ်ကြီးအေးမောင်နှင့် အကြပ်ဆရာတွေကို လူပျိုအိပ်ဆောင်ဘားတိုက်မှာပင် တွေ့ရပါသည်၊ အားလုံးက ရဲဘော်မိုက်ခဲကို လိုလိုလားလား ခင်မင်စွာ မိတ်ဆက်ကြသည်မို့ အနေချောင် စိတ်သက်သာသွားရသည်၊ အိပ်ဆောင်အဝင်အထွက် တံခါးနားရှိ အခန်းတွင် သူ့ပစ္စည်းများကို ထားလိုက်သည်၊ သူနေရမည့်အခန်းဖြစ်သည်၊ မင်းလွင် တခြားအိပ်ဆောင်တွင်နေသည်၊ သန်းမောင်ရော မင်းလွင်ပါ လူပျိုအဖြစ် ရှိနေကြသေးသည်၊ တပ်စုတပ်ကြပ်ကြီးက မိန်းမနှင့် ကလေးနှင့်မို့ လိုင်းခန်းတွင်နေသည်၊ တပ်ခွဲ(၅)တွင် တပ်စုသုံးစုရှိရာတွင် မိုက်ခဲက တပ်စု (၃)၏ တပ်စုတပ်ကြပ်ဖြစ်သည်၊ သန်းမောင်က သူ့တပ်စုတွင်ပါ၍ တပ်စိပ်မှူးဖြစ်သည်၊

* * *

ခွဲ..အရာခံဗိုလ်မှာ ချင်းအမျိုးသား နေဇာဂန်းဖြစ်သည်၊ အသက်ငါးဆယ် ကျော်မည်ထင်သည်၊ သို့သော် အရပ်ပု၍လားမသိပါ၊ အရွယ်တင်သည်၊ သန်မာကြံ့ခိုင်နေဆဲဖြစ်သည်၊ သဘောကောင်းသူဖြစ်ပြီး ယနေ့တိုင် အရက်သောက်နေသူလည်းဖြစ်သည်၊ ထူးထူးခြားခြား ဗုဒ္ဓဘာသာဝင်ဖြစ်သည်၊ နာမည်ရင်း နေဇာဂန်းကို သူက ထွန်းမင်းဆိုပြီး ပြောင်းလဲထားသည်၊ သူ့သား သုံးယောက်လုံးကိုလည်းမြန်မာနာမည်ပင် ပေးထားသည်၊ စကားပြောသည့် အခါ ကျွန်တော်နှင့် ခင်ဗျားနှင့်ဟူ၍ ပြောဆိုသည်၊ တခြားသူမဆိုထားနှင့် သူ့သားတွေနှင့် စကားပြောရာတွင်ပါ "ကျွန်တော်" နှင့် "ခင်ဗျား" ပြောလေ့ရှိသည်၊

ဆရာနှင့် သူ့သားတွေ စကားပြောလျှင် ကျွန်တော်တို့မှာ အမြဲတမ်း ရယ်မောနေကြရသည်၊ ဆရာယူထားသည်က မြန်မာအမျိုးသမီးဖြစ်ပါသည်၊ အကြောင်းသိနေသော ကျွန်တော်တို့က ရယ်မောကြသော်လည်း အပြင် အရပ်ထဲမှလူတွေက ဆရာ့ကို ကိုယ့်သားတွေကို ပြောမှန်းမသိကြတော့ ဆရာ့ကို လူကြောင်လူပေါ်ဟု၍ထင်ကြကြောင်း ဆရာ့မိန်းမက ပြော၍ရယ် ကြရသည်၊ ဆရာ့မိန်းမက သင်ပေးသော်လည်း ရပါ၊ အလွန်မြန်မာဆန်ချင် သောဆရာ ဖြစ်ပါသည်၊ မြန်မာစကားကို ပီပီသသ ပြောနိုင်သော်လည်း "ပ" "ခ" တို့နှင့် ပြောစကား(ပြေး)ဆိုပါက (ပီး)၊ (ခွေး)ဆိုလျှင် (ခွီး)ဖြစ်တတ် သောကြောင့် ကြားရသူတွေ မရယ်ဘဲ မနေနိုင်တော့ပါ၊

ရဲဘော်မိုက်ခဲ၊ သန်းမောင်နှင့် မင်းလွင်တို့ကတော့ လေ့ကျင့်ရေးတွင် နေခဲ့ရစဉ်က ဆရာကြီးရာလိပ်နှင့် အတူနေခဲ့ရသဖြင့် အခက်အခဲ သိပ်မရှိပါ၊ အဆင်ပြေသည်၊ ပို၍အဆင်ပြေသည်က ဆရာ့မိန်းမက မြန်မာဖြစ်နေ၍ပင်၊ စနေ၊ တနင်္ဂနွေအားလပ်ရက်များတွင် ဆရာကြီးအိမ်သို့ အလည်သွားလျှင် မြန်မာစားစရာသာမက ချင်းထမင်းဟင်းနှင့် ချင်းစားစရာတွေကိုပါ စားရပါ သည်၊ ဆရာ့မိန်းမကို ဆရာက သင်ပြပေး၍ ချင်းစားစရာထွေထွေကို ချက် တတ်နေခြင်း ဖြစ်ပါသည်၊

ရဲဘော်မိုက်ခဲအနေနှင့် တပ်အသစ်ဖြစ်သော်လည်း နေရာဒေသ[illegible] ဖြင့် ရင်းနှီးပြီးဖြစ်၍ ပျင်းရိမှု မဖြစ်ပါ၊ တပ်ကြီးကုန်းရွာသား မိတ်ဆွေ[illegible] များ၊ မော်ဘီမြို့မှ မိတ်ဆွေဟောင်းများကိုပြန်လည်တွေ့ဆုံရသ[illegible] လိုပင်ပေါင်းသင်းသွားလာခဲ့သည်၊ တပ်ထဲမှရဲဘော်များအ[illegible]





www.burmeseclassic.com

www.burmeseclassic.com

သန်းမောင်နှင့်မင်းလွင်တို့သတင်းဖြန့်ဝေပေးမှုကြောင့်ရော၊ မိုက်ခဲ၏ပင်ကို စိတ်ရင်းသဘောထားကို သိသွားခြင်းကြောင့် ငယ်ပေါင်းများကဲ့သို့ ရင်းနှီးချစ်ခင်သွားခဲ့ကြပါသည်။ မိုက်ခဲကလည်း သူ့စိတ်ရင်းအတိုင်း ပေးသည်၊ ကျွေးသည်၊ ကူညီဆောင်ရွက်သည်ဆိုတော့ တပ်ရင်းတစ်ခုလုံး ကောင်းသတင်း ပျံ့နှံ့သွားသည်။

ဒါတွေထက်ပိုပြီး မိုက်ခဲကို လူတွေ စိတ်ဝင်စားမှုဖြစ်စေသည်ကတော့ အမှတ်မထင်ဖြစ်ပေါ်တတ်သော ထူးခြားဖြစ်ရပ်များနှင့် ပတ်သက်ပြီးဖြစ်ပါသည်။

"ဆရာ ဇော်မြင့်က မိုင်းဗုံးတွေနဲ့တွေ့ရင် ဗုံးမကွဲဘူးလို့ ကြားရတယ်။ အဲဒါ အမှန်ပါ"




အရာရှိများစွာ ကိုယ်တိုင်က တအံ့တသြစူးစမ်းလာသည်ကိုလည်း တွေ့ကြုံနေရသည်။ မိုက်ခဲ အဖြေရခက်နေသည်။ တတ်နိုင်သလောက် အဆင်ပြေအောင် ဖြေရသည်။

"ဆရာက ကျည်လွဲတွေရှိတယ်ဆိုတာ ဘယ်လိုလက်ဖွဲ့မျိုးလဲဆိုတာ ပြပါဦး"

"ဆရာ့မှာ မိုင်းမကွဲတတ်အောင် စွမ်းတဲ့ဂါထာကို ကျွန်တော်တို့ကို ပေးလို့ရရင် ပေးစမ်းပါဗျာ"

"ဟုတ်တယ်ဗျာ။ စိတ်တော့မရှိပါနဲ့ – ကျွန်တော်တို့ကို ရောင်းနိုင်ရင်လည်း ရောင်းပါဗျာ"

သည်လိုမကြာခဏ အမေးခံရသည်။ အပြောခံရသည်။ သူက ဘာမှမရှိ၊ ဘာမှမဆောင်ပါပြောသည်ကို သူတို့အားလုံးက မယုံကြည်ခဲ့ကြပါ။

"ကျွန်တော့်မှာ ဘာတစ်ခုမှမရှိပါဘူး။ ရှိရင် ပေးမှာပေါ့ဗျာ။ ရဲဘော်ရဲဘက်ဆိုတာ သေတူရှင်ဘက်တွေမဟုတ်လား"

"ကျွန်တော်တို့ကြားတာတော့ တိုက်ပွဲတွေမှာတောင် ကျည်လွဲတယ်ဆိုတာ၊ ရင်ဆိုင်တော့ပစ်တာတောင် ကျည်ဆန်မထွက်ဘူးတဲ့။ အဲဒါကြောင့် ကျွန်တော်တို့ကို ဂါထာရေးပေးဖို့ ပြောတာပါ"

ရဲဘော်မိုက်ခဲမှာ အတော်ပင် အကြပ်အတည်းဖြစ်ခဲ့ရသည်။ သူ့တစ်ကိုယ်လုံး ချွေးပြန်သည်။ မတတ်သာတော့သဖြင့် ကြားဖူးသမျှတွေနှင့် လိမ်လည်ပြောဆိုရတော့သည်။

"ကျွန်တော် – အမှန်အတိုင်းပြောရင်လည်း ခင်ဗျားတို့က ယုံချင်မှယုံကြမှာ"

"ခင်ဗျား – အဲဒီလိုဖြစ်နေတာတွေက ဘယ်သူကမှ လုပ်ပေးတာမဟုတ်ဘူးပေါ့။ အဲဒီလိုပြောချင်တာလား"

"ဟုတ်တယ် – ကျွန်တော် မွေးစဉ်ကတည်းက အဲဒီလိုအစွမ်းတွေ ဒါတော့တာ။ ကျွန်တော့်ကို မမွေးခင် ကိုယ်ဝန်ရှိတုန်းက ပုဏ္ဏားကြီးတစ်ယောက်ထဲ အိမ်မက်ထဲမှာ ပြောသွားခဲ့တယ်။ ကျွန်တော်ဟာ လူထူးလူဆန်းတစ်ယောက် ဖြစ်တယ်။ ဘာတွေ၊ ဘာတွေကို ရှိနိုးပါပေါ့ဗျာ"

"ဟုတ်လား – ကျွန်တော်တို့ကို ပြောပါဦး"

www.burmeseclassic.com

"ဆေးလုံးတွေ၊ ဘာတွေရော မပေးဘူးလား"

တချို့ကလည်း တစ်ဆင့်ကြားဖူးသည်တို့နှင့်ပတ်သက်၍ မေးကြ ပြောကြသည်။ မထူးတော့၍ရဲဘော်မိုက်ခဲ လံကြုတ်တွေ ဆက်လက်ရှိုးပေးလိုက်တော့သည်။

"ဆေးလုံးပေးတာမျိုးတော့ မရှိဘူးတဲ့၊ ကျွန်တော် သုံးနှစ်အရွယ်လောက်မှာ ရသေ့ကြီးတစ်ပါး ရောက်လာပြီး ကျွန်တော့်ခေါင်းကို သုံးချက်ပုတ်ပြီး ဆုပေးစကား ပြောသွားတာ တစ်ခုတော့ ရှိခဲ့တယ်လို့ အမေက ပြောဖူးတာ၊ တစ်ခုတော့ ရှိတယ်ဗျာ"

"အင်း - ဒါကြောင့်လည်း ခုလိုအစွမ်းထက်နေတာဖြစ်မှာ"

"ဆရာဇော်နဲ့ ကံစပ်လို့ လာပေးတာပေါ့"

နားထောင်သူအားလုံး ထောက်ခံမဲပေးကြတော့သည်။ သူတို့ကိုကြည့်ပြီးရဲဘော်မိုက်ခဲရယ်ချင်နေသည်၊ လူတွေကတော်တော်ကိုရယ်စရာလည်းကောင်းသည်။ သနားစရာလည်း ကောင်းသည်၊ လောကကြီးတွင်ရှိသော သတ္တဝါအားလုံးတွင် လူသည် ဦးနှောက်ဉာဏ်ရည် အမြင့်မားဆုံး၊ အတော်ဆုံးဟူ၍ သတ်မှတ်ထားခဲ့ကြသည်မှာ မည်သည့်အကြောင်းအချက်တွေကြည့်ပြီး သတ်မှတ်ကြပါလိမ့် ... ဆိုသောအတွေးကိုပါ တွေးနေမိသည်၊

တစ်ယောက်ကိုတစ်ယောက် ဆက်ဆံကြရာတွင် အမှန်ကို အမှန်၊ အရှိကို အရှိအတိုင်းပြောလျှင် လက်မခံကြပါ၊ မယုံကြည်ကြပါ၊ ခပ်တည်တည်လိမ်လည်ပြောဆိုလျှင်တော့ ယုံကြည်လိုက်သည်မှာ ပြားပြားဝပ်၊ ပုတ်သင်ညိုနှင့် ပြိုင်နိုင်အောင် ခေါင်းညိတ်ပါတော့သည်၊

ယခုလည်း မိုက်ခဲက ခပ်တည်တည်နှင့် လံကြုတ်တွေနှင့် ရှိုးလိုက်၊ အာလိုက်သမျှ ခေါင်းညိတ်ထောက်ခံသွားကြပါလေတော့၏၊ ရဲဘော်မိုက်ခဲမှာ သူတို့တစ်တွေ ပြန်သွားကြမှ အားရပါးရ ရယ်လိုက်မိပါသည်၊ လောလောဆယ် စိတ်ညစ်နားပူမှုဒုက္ခကတော့ ကင်းဝေးသွားသည်မှာ သေချာပါသည်၊ သူပြောသမျှတွေအားလုံး မကြာမီအချိန်အတွင်း လူပျိုလိုင်းမှ မိန်းမလိုင်းအထိ တပ်ရင်းတစ်ခုလုံး ဖြန့်ဝေ ပျံ့နှံ့သွားပေတော့မည်၊

မိုက်ခဲ - သူ့ကိုယ်သူလည်း အတော်ကို အထင်တကြီး ဖြစ်သွားမိပြန်သည်၊ "တော်တော်ဟုတ်တဲ့ငါပါလား၊ ခပ်တည်တည် ယုတ္တိရှိရှိ ပြောလိုက်

တာ အားလုံး ပုတ်သင်ညိုလေးတွေဘဝ ပြောင်းကုန်သွားရော - ဟား - ဟား - ဟား၊ ငါ့လိုလူမျိုးကို ပြန်ကြားရေးဝန်ကြီးဌာနနဲ့ ဝါဒဖြန့်ချိရေးဌာနမှာ ခန့်ဖို့ကောင်းတာ"

"အေး - အဲဒါမှ မင်းပဲ လူတွေ ခဲနဲ့ပေါက်လို့ မသာဖြစ်ပြီး ခုတ်ဝှလုပ်
တောင် မလိုတော့ဘူး"

သူတစ်ယောက်တည်းမို့ အားရပါးရရယ်ရင်းမှ အသံထွက်သွားအော
ပြောမိနေစဉ် နောက်ဘက်မှနေ၍ ဂုဏ်ပြုစကားသံ ထွက်လာလေသည်
မိုက်ခဲလှည့်ကြည့်လိုက်ရာ သန်းမောင်နှင့် မင်းလွင်တို့ကို တွေ့လိုက်ရသည်

"ဟင် - ခွေးမသား မျောက်လောင်းနှစ်ကောင်"

"ဟေ့ကောင် မိုက်ခဲ - မင်းက တို့ကို ခွေးပြောလိုက်၊ မျောက်ပြောလိုက်
နဲ့၊ မင်းကရော ဘာကောင်လဲ"

မင်းလွင်က ရဲဘော်မိုက်ခဲကို ဆောင့်ကန်လိုက်သည်၊ အငိုက်မိသွား
သော မိုက်ခဲမှာ ရှေ့သို့ လေးဖက်ထောက်ဖြစ်သွားသည်၊ သူ့အဖြစ်ကိုကြည့်
ပြီး သန်းမောင်က အားရပါးရ ရယ်တော့သည်၊

"အဲဒါပေါ့ကွ - ဒေဝဒတ်မြေမျိုခန်းဆိုတာလေ"

သူတို့အသံတွေကြောင့် ဘားတိုက်ထဲမှ ရဲဘော်တွေ ထွက်လာကြ
သည်၊ သုံးယောက်လုံးက အကြပ်ဆရာတွေဖြစ်ကြ၍ အားရပါးရ မရယ်
ကြ၊ ပြုံးစေ့စေ့နှင့်သာ ကြည့်နေကြသည်၊

"ဟင်း - သူ့ကိုယ်သူ ဘာများထင်နေသလဲမသိဘူး၊ မနေ့တစ်နေ့တ
ငရုတ်သီးနှစ်ဖတ်ကပ်တာနဲ့ ဘဝင်လေဟပ်၊ သွေးနားထင်ရောက်၊ မိုးမမြ
လေမမြင်၊ လေထဲ တိုက်အိမ်ဆောက်၊ ကျိုးကန်းသူကောင်းမြှောက်၊
မြှောက်တောက်စား၊ ဘဝမေ့ လက်မထောင်"

"ဟေ့ကောင် ကပွလီ - တော်တော့၊ မင်းက မြန်မာစတားဝုံ
အလွတ်ရွတ်ပြနေတာလား၊ တန်ရာ တန်ရာလုပ်"

ရဲဘော်မိုက်ခဲက သန်းမောင်ပါးစပ်ကို လက်နှင့်ပိတ်
သည်၊ သန်းမောင် မရပ်ချင်ပါ၊ ရှုန်းကန်ရင်း ဆက်ပြော
မထွက်နိုင်၍ ဝူးဝူးဝါးဝါးဖြစ်နေသည်၊

www.burmeseclassic.com

"ရဲဘော်တွေ ကြည့်ထားကြ၊ ခွေးအ.လှည်းနင်းဆိုတာ ဒါမျိုးကိုပြော တာကွ"

ရဲဘော်တွေကိုမိုက်ခဲက လှမ်းပြောလိုက်သည့်အခါတွင်တော့ စောစော တည်းက ရယ်ချင်နေကြပြီး အောင့်ထားကြရသော ရဲဘော်တွေမှာ အားရ ပါးရ ရယ်ကြပါလေတော့သည်။

ရှိနေကြသော ရဲဘော်တွေမှာ တပ်အသီးသီး ရောက်ရှိနေထိုင်ခဲ့ကြသူ များဖြစ်ကြ၍ အတွေ့အကြုံများခဲ့တွေ့ခဲ့သော်လည်း ယခုကဲ့သို့ ရဲဘော်မိုက်ခဲ၊ မင်းလွင်၊ သန်းမောင်တို့လို အကြပ်များကို မတွေ့မကြုံခဲ့ပါ။ ရာထူးအဆင့်တွေ မေ့ထားပြီး ပျော်ပျော်ရွှင်ရွှင်၊ ပြောမနာ ဆိုမနာ၊ ဆဲမနာ ချစ်ခင်စွာ ရှိကြသည် ကို အံ့သြကြသည်။ ပိုပြီးလေးစားချစ်ခင်မှုတွေ တိုးလာကြတော့သည်။

★★★

ရဲဘော်မိုက်ခဲမှာ မကြာသေးသောကာလမှ သူရောက်ရှိခဲ့ရာ ဒေသဖြစ် သောကြောင့် သေချာကြည့်ရှုနေသည်။

စစ်တောင်းမြစ်အနောက်ဘက်ကမ်းမှ အရှေ့ဘက်ကမ်းသို့ မော်တော် ယာဉ်များ၊ ဂျက်ရေယာဉ်များနှင့် ကူးသန်းနေကြသူတွေမှာ ပင်ပန်းတကြီးဖြစ် နေကြသည်။ မသွားမဖြစ်သော ခရီး၊ မယူမဖြစ်သော ပစ္စည်းနှင့် မခေါ်၍မဖြစ် သော ကလေးများနှင့် သွားနေကြရသည်။ ရန်ကုန်မှ ခုတ်မောင်းလာခဲ့သော ထားတွင် လိုက်ပါလာသော ခရီးသည်များက အရှေ့ဘက်ကမ်းတွင် စောင့် နေသော မော်လမြိုင်သို့ သွားမည့် ရထားကို အလုအယက်တက်နေကြ သည်။

ရဲဘော်မိုက်ခဲက သူတို့အတွက် သီးသန့်ပေးထားသောတွဲများတွင် နေရာရ၍ သက်သာနေသည်။ အကြပ်အတည်းဖြစ်နေကြသူတွေကို နေရာ ချင်ပေးမည့် စစ်ရေးတာဝန်ရှိနေသောကြောင့် မကူညီနိုင်ဖြစ်ရသည်ကို မကောင်းသလို ခံစားနေရသည်။

သို့သော်လည်း ရထားထွက်ချိန်ရောက်၍ ထွက်လာသည့်အခါတွင် သည်အားလုံး ပါလာခဲ့ပေသည်။

သထုံဘူတာရောက်လျှင် တပ်ရင်းမှူးနှင့် စစ်ကြောင်း(၁)က ဆင်းနေ ရစ်သည်။ ရဲဘော်မိုက်ခဲတို့ စစ်ကြောင်း(၂)က မုတ္တမဘူတာအထိ လိုက်ပါ ခဲ့ပါသည်။

မုတ္တမရောက်လျှင် ကားဖြင့် သတ်မှတ်နေရာသို့ ဆက်ထွက်ခဲ့ပြန်သည်။ ယာယီစခန်းရောက်လျှင် ဆက်လုပ်ရမည့်တာဝန်များအတွက် တပ်ခွဲလိုက် တပ်စိပ်လိုက် တာဝန်များ ခွဲဝေသည်။ နှစ်ရက်စာအတွက် ထမင်းချက်ကြ သည်။ စစ်ကြောင်း(၁)မှာ အမိန့်ကို စောင့်နေရသည်။ ဆက်ထွက်ရန်အမိန့် ရောက်လာသည်။ မိုက်ခဲတို့တပ်ခွဲက မီးရထားလမ်းဘက်မှ ပတ်၍သွားရပြီး တပ်ခွဲ(၄)နှင့် တပ်ခွဲ(၃)က အတွင်းမှ သွားရမည်ဖြစ်ပါသည်။

မိုက်ခဲ ဦးဆောင်သောတပ်စု(၃)က ပွိုင့်အဖြစ် ရှေ့မှ ထွက်ရသည်။ ဘာ ကြောင့်လည်းဆိုသော် သည်ဒေသကို မိုက်ခဲက ကျွမ်းကျင်နှံ့စပ်သောသူဖြစ် သောကြောင့်ပါ။ စစ်ကြောင်း(၁)က သထုံမှ စပြီးတက်လာမည်ဖြစ်၍ စုန် ဆင်းလာသော မိုက်ခဲတို့ စစ်ကြောင်း(၂)နှင့် ဆုံသောအခါမှ တာဝန်ပြီးဆုံး မည်ဖြစ်ပါသည်။ သည်ရှင်းလင်းရေးတာဝန် ပြီးဆုံးလျှင် မည်သည့်တာဝန် ထပ်ပေးဦးမည်မသိပါ။ ယခုတာဝန်၏ရည်ရွယ်ချက်မှာ ရန်ကုန် - မော်လမြိုင် မီးရထားလမ်းတစ်လျှောက် မိုင်းထောင် ဖောက်ခွဲ လုယက်နေကြသော သောင်းကျန်းသူများကို ရှင်းလင်းရန် ဖြစ်သည်။

လွန်ခဲ့သောနှစ်ကပင် သည်လိုတာဝန်မျိုးနှင့် ထွက်လာခဲ့ဖူးခြင်းကို မိုက်ခဲ ပြန်လည်သတိရလာသည်။ သထုံမရောက်မီ မိုင်းဗုံးမြှုပ်ရန် ကြိုးစား နေသော ရန်သူနှစ်ယောက်ကို မိုင်းဗုံးများ လက်နက်များနှင့်တကွ ဖမ်းဆီးရ မိခဲ့သည်ကိုပါ ပြန်လည်မြင်ယောင်လာသည်။ ထိုစဉ်က ရန်သူပစ်ခတ်ခဲ့သော သေနတ်မှာ ကျည်ဆန်ညပ်ခြင်းမရှိဘဲ ကျည်ဆန်တွေ အတွဲလိုက်ထွက် လာခဲ့ပါက မိုက်ခဲတစ်ယောက် မည်သည့်ဘဝ ရောက်နေမည်မသိတော့။

အပေါင် .. မရောက်မီ တစ်ဘူတာဖြစ်သော ကျွဲခြံသို့ ရောက်သောအခါ စစ်ကြောင်းမှူးလွှတ်လိုက်သော ဆက်သား ရောက်လာသည်။ ဆက်သား နှင့်အတူ ညွှန်ကြားချက်အမိန့်ကြောင့် ခဏနားလိုက်ကြသည်။ ... သစ်ပင်ရိပ်အောက်တွင် ဆက်သွယ်ရေးစက်နှင့် အတူရှိနေသည်။ ...

www.burmeseclassic.com

တစ်ခုတော့ ရှိနေကြောင်း မိုက်ခဲ ရိပ်မိလိုက်သည်၊ မည်သည့်အကြောင်းဆိုသည်ကိုသာ မသိရပေ၊ ဆယ့်ငါးမိနစ်မျှကြာတော့မှ အားလုံးကို တပ်ခွဲမှူးက ခေါ်လိုက်သည်၊

"ကဲ - အခု ကျွန်တော်တို့ပထမအစီအစဉ်ကို ဖျက်လိုက်တယ်၊ စောစောကပဲ သတင်းတစ်ခု ရောက်လာလို့ KNDO အဖွဲ့နာမည်ကြီး ဗိုလ်မိုက်ကယ်ဆိုတာ အလယ်ရွာရောက်နေတယ်၊ သူ့ဒုတိယမယားအိမ်မှာတဲ့"

"ဗျာ - ဗိုလ်မိုက်ကယ် - ဟုတ်လား - ဗိုလ်ကြီး"

"ဟုတ်တယ် - သူက KNDO တပ်မဟာ(၅)က ဗိုလ်လင်းထင်ရဲ့လက်ရုံးတစ်ယောက်တဲ့၊ ဘာလဲဗျ - ခင်ဗျားနဲ့ နာမည်ချင်းတူနေလို့ စိတ်ဝင်စားသွားတာထင်တယ်"

"အရင်တပ်မှာတုန်းကလည်း သူ့ကိုရှင်းဖို့ ကျွန်တော်တို့ကြိုးစားခဲ့သေးတယ်၊ အခုလိုပဲ ရထားနဲ့ လာခဲ့ကြတာ - အပိုင်ကြိုးစားခဲ့တာ၊ တပ်ရင်းကတခြားကိစ္စပေါ်လို့ ရပ်သွားခဲ့ရတယ်၊ အင်း - သူ့ကြောင့်လည်း ကျွန်တော်တပ်ကြပ်အဖြစ် ရာထူးတက်ခဲ့ရတာလို့ ပြောရမှာပဲ"

ရဲဘော်မိုက်ခဲက ခပ်တိုတိုပင် သူတွေ့ကြုံခဲ့ရသည်တို့ကို ပြောပြလိုက်သည်၊

"ကဲ - ဒီလိုဆိုရင် အခုတစ်ခါတော့ တွေ့ကြရပြီပေါ့၊ သူ့ကိုရရင် ခင်ဗျားနောက်တစ်ဆင့် တိုးစေရမယ်၊ ရအောင်လုပ်ကြဗျာ"

တပ်ခွဲမှူးက တိုက်စိုက်ရေးစီမံချက်ကို ပြောပြခဲ့သည်၊ မရှင်းလင်းသောအချက်များကိုလည်း သေချာရှင်းပြလေသည်၊

"တပ်ခွဲလေးနဲ့ သုံးက အပေါ်ဘက်ကနေ ပိတ်ဆို့ပေးထားလိမ့်မယ်ကျွန်တော်တို့က ကျွဲခြံဘူတာက အုန်းခြံတွေဘက်ကနေ ဝင်ကြမယ်"

"ဟုတ်ကဲ့ - ဗိုလ်ကြီး"

"တပ်စုတစ်က ဘယ်၊ တပ်စုနှစ်က ညာ၊ တပ်စုသုံးက အလယ်က ဝင်မယ်၊ တပ်စုသုံးနောက်က ကျွန်တော်နဲ့ ရုံးအဖွဲ့လိုက်လာခဲ့မယ် - ရှင်းကြလား"

"ရှင်းပါတယ် - ဗိုလ်ကြီး"

"ရှင်းရင် ဆက်လုပ်"

သည်နောက် တပ်ခွဲအရာရှိ၊ တပ်စုမှူးများက ကိုယ်စီတာဝန်ယူတာဆက်လက်ချီတက်ခဲ့ကြတော့သည်၊

အုန်းခြံဘေးမှ လမ်းက နွားလှည်းတစ်စီး မောင်းနိုင်ရုံသာရှိပြီး တောင်ကြားလမ်းငယ်လေးတစ်ခုနယ် ဖြစ်နေသည်၊ သစ်ပင်ကြီးများ မရှိပါ၊ ချုံပင်နှင့် သစ်ပင်ငယ်များသာရှိသည်၊ မျက်ကွယ်အနေအထားသာရှိသော်လည်း (AMBUSH)ချုံခိုပြီး တိုက်ခိုက်ရန်တော့ မရနိုင်ပါ၊ သို့သော် ရန်သူနယ်မြေဆိုသောအသိနှင့် သတိထားလာခဲ့ကြရသည်၊ နာရီဝက်ကျော်သွားခဲ့ပြီးမှ ရှေ့ကိုက်နှစ်ရာခန့်တွင် ရွာတစ်ရွာကို မြင်ရသည်၊ ညနေစောင်းချိန်မို့ တောင်နီးမြူငွေ့များကြောင့် ရွာကြီးတစ်ရွာဖြစ်သည်မှလွဲ၍ သဲသဲကွဲကွဲ မမြင်ရပါ၊

တပ်စုတစ်နှင့် တပ်စုနှစ်တို့က ဘယ်ညာဖြန့်ကာ ထွက်သွားကြသည်၊ ရဲဘော်မိုက်ခဲက တပ်စုမှူးနောက်မှ ကပ်လိုက်လာသည်၊ ရွာက သေချာစနစ်တကျ ဆောက်လုပ်ထားခြင်းမဟုတ်၊ မြေအနေအထားအရ ဆောက်လုပ်နေထိုင်ကြခြင်းဖြစ်ပုံရသည်၊ ရွာလမ်းကလည်း တစ်ဖြောင့်တည်းမဟုတ်ကွေ့ကောက်နေသည်၊ သူတို့က တစ်လှမ်းချင်း ရှေ့ဘယ်ညာ အပေါ်အောက်မလွှတ်တမ်းကြည့်ပြီးမှ လာခဲ့သည်၊ သတင်းရသောအိမ်က ရွာအနောက်ဘက်ဝင်လမ်းနှင့်နီးကြောင်း သိထားရသည်၊

ထိုစဉ် တိတ်ဆိတ်သောပတ်ဝန်းကျင်တွင် ရုတ်တရက်ပေါ်ထွက်လာသော သေနတ်သံများက စိုးမိုးသွားသည်၊ ချီတက်လာကြသူများကလည်း လမ်းဘေး တစ်ဖက်တစ်ချက်စီတွင် လျင်မြန်စွာ နေရာယူလိုက်ကြသည်၊ ပစ်ခတ်သံများကိုသာကြားရပြီး ကျည်ဆန်တွေကတော့ သူတို့ဆီကို ရောက်မလာကြ၊ သူတို့ ဘာဆက်လုပ်ရမှန်းမသိကြပါ၊ သူ့ဘေးမှ တပ်စုမှူးက ရှေ့ကို ကြည့်နေရာမှ လေသံတိုးတိုးနှင့် ပြောလာသည်၊

"အခြေအနေကြည့်ရတာ တပ်စုတစ်နဲ့လား၊ တပ်စုနှစ်နဲ့လား တွေ့သွားကြပုံရတယ်"

"ဗိုလ်ကြီး - ဒါဆိုရင် - တပ်စိပ်တစ်စိပ်နှင့် ရှေ့ကို ကျွန်တော် ထိုးကြည့်လိုက်မယ်"

ရဲဘော်မိုက်ခဲက သေနတ်သံများကြောင့် စောင့်ကြည့်ရသည်ကို အားမလို အားမရ၊ မရှင့်မရဲဖြစ်ကာ သွားချင်နေ၍ တပ်စုမှူးကို ခွင့်တောင်းလိုက်သည်၊

www.burmeseclassic.com

"နေပါဦး – ဆရာဇော်မြင့်၊ အခြေအနေကို စောင့်ဦးလေ၊ တော်ကြာ ပိုပြီးရှုပ်ကုန်ဦးမယ်"

တပ်စုမှူးက သူ့လူကိုယ့်လူ ရှပ်ထွေးပြီး မှားယွင်းပစ်ခတ်မိမည်စိုး၍ တားလိုက်ခြင်းဖြစ်သည်၊

အဆက်မပြတ် ပေါ်ထွက်နေသော သေနတ်သံများကို ကြားရလေ မိုက်ခဲတို့မှာ မရိုးမရွဖြစ်လေပင်၊ ရွာအနောက်ဘက်မှ ဝင်လာကြသူတွေကို တော့ ရေးရေးရိပ်ရိပ် မြင်ရသည်၊ တပ်စုတစ်လား၊ တပ်စုနှစ်လားမသိပါ၊ သူတို့ ရှေ့ခပ်လှမ်းလှမ်းတွင် သံရေးများ တက်နေသော သွပ်ပြားများနှင့် အိမ်မြင့်မြင့်ကြီးတစ်လုံး ရှိနေ၍ ထိုအိမ်ကြီးအပေါ်ထပ်မှရော အောက်ဘက်မှပါ ပစ်ခတ်နေခြင်းကိုလည်း မြင်နေရသည်၊ စကားအော်ပြောသံများကိုလည်း ကြားနေရသည်၊ ကရင်လိုပြောနေခြင်းဖြစ်သောကြောင့် ရဲဘော်မိုက်ခဲ နား မလည်ပါ၊ ထို့ကြောင့် နောက်ဘက်ခပ်လှမ်းလှမ်းတွင် ရှိနေသော ရဲဘော် တေဆာဂေးကို လက်ယပ်လှမ်းခေါ်လိုက်သည်၊

"ဆာဂေး – သူတို့ပြောတာတွေ နားထောင်ပြီး တို့ကို ဘာတွေပြောသလဲ ဆိုတာ ပြန်ပြောပေးကွာ၊ တို့ ဘာလုပ်ရမှန်းမသိအောင်ဖြစ်နေလို့ ..."

"ဟုတ်ကဲ့ – ဆရာဇော်မြင့်"

ရဲဘော် စောဆာဂေးက မိုက်ခဲဘေးတွင် မှောက်လျက်နေရာယူပြီး နား ထောင်နေသည်၊ နားထောင်နေရင်းမှ ရဲဘော်စောဆာဂေးက ပြုံးနေသည်၊

"ဟေ့ကောင် – ဘာသာပြန်ပေးပါဆိုတာ နင်ကတော့ နားထောင်ပြီးပြုံး နေ၊ တို့က ဘာမှန်းမသိဘူး"

"သူတို့ပြောတာက စစ်ရေးကိစ္စမဟုတ်ပါဘူး၊ အိမ်မှာ ခေါင်းဆောင်က ဆုတ်ပြေးဖို့ လုပ်နေတာ၊ သူ့မိန်းမကပါ လိုက်မယ်ပြောလို့ မလိုက်နဲ့၊ ဟိုက မိန်းမနဲ့လည်း တည့်မှာမဟုတ်ဘူး၊ အခုသွားရမှာက ပစ်ခတ်ရင်း ပြေးရမှာ ဖြစ်လို့ မလိုက်နဲ့ ပြောနေတာ၊ ဟော – ခဏနေပါဦး ဆရာ"

ရဲဘော်စောဆာဂေးက ပြောလက်စကို ရပ်ပြီးနားထောင်နေလိုက်ပြန် သည်၊ နားထောင်ရင်း ပြုံးနေပြန်သည်၊

"ဟာ – ဟေ့ကောင် ပြောလေကွာ"

"ဟဲ – ဟဲ – ဟိုသူပုန်ခေါင်းဆောင်မယားက ဘာပြောသလဲဆိုတာ ဒါ ဒီမှာနေခဲ့ရင် ဗမာစစ်သားတွေက သူတို့မယားလုပ်မှာပေါ့လို့ ပြောတာကို သူ့ယောကျ်ား သူပုန်ခေါင်းဆောင်က ဘာပြောသလဲဆိုတော့ အဟီး – ဟီး – ဟီး"

ရဲဘော်တေဆာဂေးက ပြောရင်းရယ်နေရာ မိုက်ခဲမှာ စိတ်မရှည်တော့၊ စောဆာဂေးခေါင်းကို ရိုက်လိုက်သည်၊

"ပြောပါဟ – ခွေးမသားရဲ့ – နင်တစ်ယောက်တည်း သဘောကျနေရ အောင် ဟိုငနောကောင်က ဘာပြောလို့လဲ"

"အဟဲ – ဟဲ – ဟိုသူပုန်ခေါင်းဆောင်က နင့်ကိုလည်း ဗမာစစ်သားက သူပုန်ခေါင်းဆောင်မိန်းမမှန်းသိလို့ ဘာမှလုပ်မှာမဟုတ်ပါဘူး၊ အေးလေ လုပ်တယ်ထားတော့ ငါလာတဲ့အခါမှာ ငါ့မယားအဖြစ်ပေါ့ဟ၊ နင်ကလည်း ဟင်းနှစ်မျိုးစားရတော့ ပိုမကောင်းဘူးလားတဲ့ – ဟား – ဟား – ဟား"

ပြောပြီးရဲဘော်စောဆာဂေးက ရယ်နေပါတော့သည်၊ ဘေးမှ နားထောင် နေသော တပ်စုမှူး ဗိုလ်မျိုးဝင်းပင် ပါးစပ်ပိတ်ကာ ရယ်နေလေသည်၊

"တောက် – သေရေးရှင်ရေးမှာ ဒီကိစ္စကို ဆွေးနွေးနေရသေးတယ်ကွာ၊ နမူနာပါပဲ"

ရဲဘော်မိုက်ခဲက ပြောသာပြောပေမယ့် သူပုန်ခေါင်းဆောင်မှာ မိန်းမ ကိစ္စကို သိပ်အလေးထားပုံမရသည်ကို အံ့ဩနေသည်၊ တပ်စုမှူးက မိုက်ခဲ ကို ညွှန်ကြားတော့သည်၊

"ဆရာဇော်မြင့် တက်ကြမယ်၊ ခင်များက နောက်ဘက်က ဝင်၊ ကျွန် တော်က ရှေ့ဘက်ဝင်မယ်"

"ဟုတ်ကဲ့ – ဗိုလ်ကြီး"

ရဲဘော်မိုက်ခဲက သူ့တပ်စိတ်ကိုခေါ်ကာ အိမ်ခေါင်ရင်းဘက်မှ ပတ်ပြီး နောက်ဘက်သို့ လာခဲ့သည်၊ နောက်ဘက်ကို ပစ်ခတ်နေကြသော ရန်သူ တွေက သူတို့ကိုမတွေ့မိ ငုက်ပျောတောထဲသို့ တိုးဝင်ခဲ့ကြသည်၊ ထိုအခိုက် အိမ်အပေါ်ထပ်မှ ပစ်ခတ်သံများ ထွက်လာသည်၊ သူတို့ အနောက်ဘက်ကို ပစ်နေသည်ကို မြင်ရသည်၊ တပ်ခွဲမှူးတို့ လိုက်လာသည်ကို ... ခြင်းဖြစ်ပုံရသည်၊

www.burmeseclassic.com

"ဆရာ - နောက်က တပ်ခွဲမှူးတို့ကို မြင်သွားလို့ ပစ်ကြတာ၊ ခေါင်းဆောင်က ဗိုလ်မိုက်ကယ်တဲ့၊ သူ့လူတွေက ခေါ်သံကြားရတယ်"

"ဟင် - ဗိုလ်မိုက်ကယ် - ဟုတ်လား၊ ဟော့ကောင်တွေ - နေရာယူကြ၊ နောက်ဘက်တံခါးမကြီးနဲ့ ဘေးတံခါးတွေကိုပါကြည့်၊ ထွက်လာသမျှအကုန်ပစ်သာပစ်တော့"

ရဲဘော်မိုက်ခဲပြောနေစဉ်မှာပင် အိမ်နောက်ဘက်တံခါးမှ ပွင့်လာ၍ လူနှစ်ယောက် ထွက်လာသည်၊ ရှေ့ဆုံးမှ ကာဘိုင်သေနတ်နှင့်လူမှာ ထွက်လာလာချင်း မိုက်ခဲတို့ပစ်ခတ်မှုကြောင့် မြေပေါ် လဲကျသွားသည်၊ ပြတင်းပေါက်မှ စုန်ရှုသူတွေလည်း မလွတ်ကြပါ၊ နောက်ဘက်တံခါးမကြီးမှ ဒုတိယထွက်လာသူက လက်ထဲကိုင်ထားသည့် ကာဘိုင်သေနတ်နှင့် ပစ်ခတ်လာသည်၊

ရဲဘော်မိုက်ခဲက သူ့လက်ထဲမှ ကာဘိုင်သေနတ်နှင့် ဆက်တိုက်ပစ်ခတ်လိုက်သည်၊ သူပစ်ခတ်သမျှ ထိုသူကို ထိမှန်သွားကြောင်းကို သေသေချာချာ မြင်ရသည်၊ တဖောက်ဖောက်အသံကိုပါကြားလိုက်ရပါသေးသည်၊ သို့သော် ထိုသူက အံ့ဩစရာ ကောင်းလှသည်၊ ကျည်ဆန်တွေ တစ်တန်းကြီးထိပါလျက် ဘာမှမဖြစ်ပါ၊ မတ်တတ်ရပ်ပြေးရင်းမှ ရဲဘော်မိုက်ခဲကိုပင် ပြန်လည်ပစ်ခတ်သွားပါသည်၊

ထိုသူပစ်ခတ်မှုကြောင့် ရဲဘော်မိုက်ခဲမှာ ဘယ်ဘက်ရင်ဘတ်တွင် ထိမှန်ခံလိုက်ရသဖြင့် နာကျင်အောင့်သွားသလို ခံစားလိုက်ရကာ အနောက်ဘက် ငှက်ပျောပင်များကြားထဲ ပက်လက်လန် လဲကျသွားခဲ့ရသည်၊ သည်တစ်ခါတော့ ဘဝဆုံးပြီထင်လိုက်မိသည်၊

"ဟာ - ဆရာဖော်မြင့် ထိသွားပြီ"

ရဲဘော်တစ်ယောက်အော်သံကြားလိုက်ရသည်၊ ရဲဘော်မိုက်ခဲက ချက်ချင်းအားယူပြီး ပြန်ထလိုက်သည်၊ ဘေးဝန်းကျင်ကို လျင်မြန်စွာ ကြည့်လိုက်သည်၊ ရဲဘော်တေဆာဂေးနှင့် သန်းမောင်ကို တွေ့ရသည်၊

"ဟော့ကောင် မိုက်ခဲ - မင်း ဘယ်နေရာထိသွားတာလဲ - ပြစမ်း"

သူတို့မေးတော့မှ မိုက်ခဲက သူ့ကိုယ်သူ စစ်ဆေးကြည့်မိသည်၊ သူ ဘယ်ဘက်ရင်ဘတ်အကျီအိတ်မှာ စုတ်ပြဲနေသည်၊ ဘယ်ဘက်စစ်ချပ်တန်ဆာ (EQUIPMENT)သိုင်းကြိုးပါ ပြတ်နေသည်ကို တွေ့ရသည်၊ သေချာစစ်



ကြည့်လေမှ အိတ်ထဲတွင်ရှိသော ဇလရှင်ဆေးသံဘူးပြားလေးမှာ ပိန်ခွက်နေသည်ကို တွေ့ရသည်၊ ပြီးတော့ - ကာဘိုင်သေနတ်ကျည်ဆန်ထိပ်ဖူးနှစ်ခုကိုပါ တွေ့ရပြန်သည်၊

"ဟာ - ဟော့ကောင် မိုက်ခဲ - မင်းအသက်ကို ဒါတွေက ကယ်ပေးလိုက်တာကွ၊ သူတို့ကို မင်း နေ့တိုင်းရှိခိုးကွ"

သန်းမောင်က ထုံးစံအတိုင်း အော်ကျယ်ဟစ်ကျယ်ပြောနေစဉ် အေးစေခရာမှုတ်သံ ကြားလိုက်ရသည်၊ တိုက်ပွဲပြီးဆုံးသွားပြီဖြစ်ကြောင်း အချက်ပေးခြင်းဖြစ်သည်၊

တပ်စုလိုက် တပ်စိပ်လိုက် လူစစ်ဆေးကြသည်၊ မိမိဘက်မှ ကျဆုံးသူမရှိပါ၊ ထွန်းမောင်နှင့် သန်းညွန့်တို့ ကျည်ဆန်ရှပ်ထိမှန်ခြင်းသာရှိသည်၊ ရန်သူသုံးယောက်အလောင်းနှင့် လက်နက်ကျည်ဆန်များကို သိမ်းဆည်းနိုင်ခဲ့သည်၊ သူတို့စစ်ကြောင်း(၂)အနေနှင့် အောင်မြင်ရခဲ့သည်ဆိုသော်လည်း ရာခိုင်နှုန်းပြည့်တော့ မဖြစ်ခဲ့ပါချေ၊

★ ★ ★

တပ်ခွဲမှူးက အစီရင်ခံစာအကျဉ်းကို ရေးသားပြီး ထိုင်ရာမှ ထလိုက်သည်၊ ထိုနောက် ဆက်သွယ်ရေး ဝါယာလက်အော်ပရေတာကို ပေးလိုက်ရင်း မချင့်မရဲဖြစ်ဟန်နှင့် ပြောလာသည်၊

"တောက် - ဟိုကောင်ကိုသာ ရလိုက်ရင် စီမံချက်က အဆုံးသတ်မှာ၊ ခုတော့ - ဘယ်လိုမှ မယုံနိုင်စရာတွေနဲ့ ဆုံရတယ်လို့ကွာ"

"မယုံနိုင်စရာကတော့ တကယ်ပါပဲဗျာ၊ ကျွန်တော်ကိုယ်တိုင် လှမ်းမြင်လိုက်ရတာမို့ပေါ့၊ တခြားသူကပြောရင် ကျွန်တော် ယုံမှာမဟုတ်ဘူးဗျာ"

"ကျွန်တော်တို့လူတွေ အများကြီး မျက်မြင်တွေ့ကြရတာဆိုတော့ ဘယ်တတ်နိုင်မလဲ၊ အစီရင်ခံစာထဲမှာ ထည့်ရေးလိုက်ရတာပဲ၊ ဂျီသုံးကိုတော့ ဖတ်ပီးဘာတွေ မှတ်ချက်ပေးမလဲမသိဘူးဗျို့"

"ဟာ - ဒါကို မယုံဘူး၊ ဘာညာပြောလာမယ်ဆိုရင် လွယ်ပါသယ် ဗိုလ်ကြီးရဲ့"

"ခင်ဗျားက ဘယ်လိုလုပ်ချင်လို့လဲ"

www.burmeseclassic.com

"ဟောဒီက – ဆရာဇော်မြင့်ကိုပါ ထည့်ပို့လိုက်တာပေါ့"

သည်အခါ အရာရှိတွေသာမက ကြားကြရသူတွေပါ ရယ်မောမဆုံးအောင် ဖြစ်ကြသည်။

"ကျွန်တော် အရင်က မတွေ့မမြင်ခဲ့ရလို့ ကြားဖူးနေခဲ့တာ ကြာတော့ ကြာပြီ။ မယုံခဲ့ဘူးဗျာ။ ဒီဗိုလ်မိုက်ကယ်က သူ့ကိုယ်မှာ အမြဲလက်ဖွဲ့စလွယ်ဆောင်ထားလို့ ကျည်လွဲတယ်။ ကျည်မထွက်ဘူးဆိုတာရယ်၊ ဆရာဇော်မြင့်ဆိုတာကလည်း ကျည်လွဲ ကျည်မထွက်၊ ဗုံးမကွဲဘူးဆိုတာ အခုတော့ နည်းနည်းယုံလာပြီ"

"ဟင် – ဗိုလ်ကြီးက ယုံတာတောင် အရစ်ကျစနစ်နဲ့ ယုံသလိုမျိုးဖြစ်နေပြီ"

ဗိုလ်မျိုးဝင်းက ရယ်မောကာ ပြောလိုက်သည်။

"အခုဖြစ်သွားတာကို ကြည့်လေဗျာ။ ဆရာဇော်မြင့် ကျည်မလွဲဘူး၊ ကျည်ထွက်တယ်။ ဒါပေမဲ့ – မသေဘူးလို့ ပြောင်းပြီးပြောရမယ်။ ကဲ – ကျွန်တော်ပြော မှန်တယ်မဟုတ်လား"

"ဒီလိုပြောမယ်ဆိုရင်လည်း မှန်တာပေါ့လေ"

"အေးလေ – မှန်တာမှ ရင်ဘတ်ကို မှန်တာ"

သူတို့အားလုံးရဲဘော်မိုက်ခဲ အမည်ရှင်း တပ်ကြပ်ဇော်မြင့်ကို ဝိုင်းကြည့်ပြီး ရယ်နေကြပါတော့သည်။

ရဲဘော်မိုက်ခဲကတော့ သူ့ကိုယ်ပိုင်ပုံစံအတိုင်း ပြောင်ချော်ချော် ပြုံးစေ့စေ့နှင့် ရှိနေပါလေသည်။

(၁၉၅၉ – ခုနှစ်အတွင်း မွန်ပြည်နယ်၊ ပေါင်မြို့နယ်အတွင်း တွေ့ကြုံခဲ့သော တိုက်ပွဲငယ်တစ်ခုအား အခြေခံရေးသားပါသည်။)

ပြီး

– ဖေတ်နှင့်ရျော်ညီသော ကလေးတို့ ထိထိုက်သည့် စာ့ထုတာများဆို ...
နှစ်မြို့ထိစေ့ သာတွန်းအာတ်လေမ်း ပုံဖြစ်တို့ဖြင့် ဖေါ်ဖွဲးစဝ်တစ်ဆထ်ထားသည့်
– ကလေးများထိုထ်တိုင် ဝါဝင်ဆင်နွဲနိုင်သော ဉာဏ်စမ်းပြိုင်ပွဲများစွာပါသည် –

Happy Time
ကလေးရုပ်ပုံစာစောင်

ငွေကြိုသွင်း (၆) လစာ နှုန်းထား — တစ်အုပ်တန်ဖိုး — ၂၂၀၀ × ၆(လ)
ငွေကြိုသွင်း (၁၂) လစာနှုန်းထား — တစ်အုပ်တန်ဖိုး — ၂၂၀၀ × ၁၂(လ)

ဆုပြည့်စုံထွန်းစာပေ
အမှတ် – ၅၀၈/၅၁၂ (၂–ခ) လွှာ (ပထမထပ်)
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (ဒုတိယကွန်ဒို)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း – ၃၀၆၈၃၃၃၊ ၃၈၃၆၆၄

ပုံပြင်မပြောအားသော မိဘများနှင့် ပုံပြင်ဖတ်ချင်သော ကလေးငယ်များအတွက်

ပုံပြင်ကမ္ဘာ
ကလေးရုပ်ပုံစာစောင်

ကလေးများအတွက် အသိဉာဏ်၊ အသိမှာ၊ ဆင်ခြင်ဉာဏ်တိုးပွားစေသည့်
ပုံပြင်များစွာကို ထမြှင်ဖော်လင်ရာတော်းတို့ဖြင့် ဖြည့်ဆွဲထားသော –

ပုံပြင်ကမ္ဘာ
ကလေးရုပ်ပုံစာစောင်

တန်ဖိုး (၁၂၀၀) ဖြင့်
လစဉ် (၂၅) ရက်နေ့တိုင်း ထွက်ရှိနေပါပြီ

ဆုပြည့်စုံထွန်းစာပေ ⇨ အမှတ် (၅၀၈/၅၁၂)၊ ၂–ခ (ပထမထပ်)
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (ဒုတိယကွန်ဒို)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း – ၃၈၃၆၆၄၊ ၃၀၆၈၃၃၃

www.burmeseclassic.com